


# ကြိုးကြာတစ်ထောင်

ရဲမြလွင်

ဂျပန်ဘာသာ မှ တိုက်ရိုက်မြန်မာပြန်သည်

အလွန် လှပဆန်းကြယ်သော ပန်းချီကားလေးများကို တစ်ချပ်ပြီး တစ်ချပ် လှပ်ကြည့်ရသလို၊ အလွန် အရသာရှိလှသည့် ဟိုက္ကူ ကဗျာလေးများကို ရွတ်ဆိုနေရသလို… ခံစားရမည့် ဂျပန်ရိုးရာ လက်ဖက်ရည်ပွဲသို့ လာရောက်ကြသော မိန်းကလေးများ၏ အချစ်ကို ဖွဲ့ဆိုသည့် စာပေဆိုင်ရာ နိုဘယ်လ်ဆုရ ဂျပန် စာရေးဆရာကြီး ယာဆုနာရီ ကာဝါဘတ ၏ ကမ္ဘာ့ ဂန္ထဝင် ဝတ္ထု။

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

# ရဲမြလွင်

ပဲခူးတိုင်း ရေတာရှည်မြို့နယ် မြို့လှမြို့တွင် အဖ ဦးကံမြ၊ အမိ ဒေါ်စိန်းလှတို့က ၁၉၄၉ ခုနှစ်တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးရဲလွင် ဖြစ်သည်။

ရန်ကုန် ပညာရေးတက္ကသိုလ်မှ ဘီအီးဒီဘွဲ့ကို ၁၉၇၂ ခုနှစ်တွင် ရရှိသည်။ စစ်ကိုင်းတိုင်း ဆားလင်းကြီး အထက်တန်းကျောင်းနှင့် ဟုမ္မလင်းမြို့နယ် ကက်သာ အလယ်တန်းကျောင်းတို့တွင် အထက်တန်းပြ ဆရာ အဖြစ်လည်းကောင်း၊ မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ၊ ရန်ကုန် ဆရာအတတ်သင်သိပ္ပံတို့တွင် လက်ထောက်ကထိက အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ကျောင်းဆရာဘဝတွင် ပညာတန်ဆောင်၊ ပညာလောကတို့၌ "ဆရာရဲ" ကလောင်အမည်ဖြင့် ပညာရေး ဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၈၁ ခုနှစ်တွင် ဂျပန်နိုင်ငံ အိုကာယားမား တက္ကသိုလ်သို့ လည်းကောင်း၊ ၁၉၉၀ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ INNO TECH သို့ လည်းကောင်း ပညာတော်သင်အဖြစ် သွားရောက်ခဲ့သည်။ ပညာရေးဌာနမှ အငြိမ်းစားယူပြီးနောက် ယခုအခါ ဂျပန်သံရုံး ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာနတွင် အမှုထမ်းလျက် ရှိသည်။

ဂျပန်ပြည် ပညာတော်သင်မှ ပြန်လည်ရောက်ရှိသောအခါ ဂျပန်စာပေနှင့် ဟိုက္ကူ ကဗျာ ဆောင်းပါးများကို သပြေ၊ ဖက်ရှင်၊ ဟန်သစ်၊ ကြော်ငြာ၊ စိန်ခြယ်၊ စတိုင်သစ်၊ မဟေသီ၊ ရုပ်ရှင်တေးကဗျာ၊ ပြစ်မှု၊ သုတစွယ်စုံ၊ သင့်ဘဝ၊ စံပယ်ဖြူ စသည့် မဂ္ဂဇင်းများတွင် ရေးသားသည်။

ထုတ်ဝေပြီးသော စာအုပ်များမှာ ဘောကျန်၊ ဂျပန်အုံ့ဖွယ်ပုံပြင်များ၊ မဟူရာ နှလုံးသား၊ ဂန္ဓမာနှင့်စား၊ အိုရှင်း၊ ဟိုက္ကူကဗျာ ချစ်စရာ၊ ထမင်းစားရေသောက် ဂျပန်စကားပြော၊ အဖော်မွန်၊ တော့တိုကျန်၊ ခြေမဲ့ လက်မဲ့ ကျွန်တော့်ဘဝ အတွေ့အကြုံ၊ ရက် ၂၀၀ စစ်ပွဲနှင့် ကျွန်ုပ်သည် ကြောင်တစ်ကောင် ဖြစ်သည် တို့ ဖြစ်ကြသည်။

၁၉၉၄ ခုနှစ်တွင် 'ဘောကျန်' စာအုပ်ဖြင့် အမျိုးသားစာပေဆု (ဘာသာပြန်–ရသ) ကို ဂျပန်ဘာသာမှ တိုက်ရိုက်ပြန်ဆို ရရှိခဲ့သည်။

**၂၀၀၁ ထုတ်**
**ရာပြည့်စာအုပ်များ**

၁၃၈။ ဗိုလ်အေးမောင်၏ လူလော နာနာဘာဝလော (Invisible Man by H.G. Wells)
၁၃၉။ တင်မောင်မြင့်၏ မဒမ်ကျူရီ (Madame Curie by Eve Curie)
၁၄၀။ ဒေါက်တာခင်လေးမြင့်၏ မင်းသားလေး
၁၄၁။ ရွှေဥဒေါင်း၏ ဝသုံးလုံး
၁၄၂။ မြတ်ငြိမ်း၏ တီထွင်တွေး (Creative Thinking by Michael Le Boeuf)
၁၄၃။ မောင်ပေါ်ထွန်း၏ ယက်ဗ်တူရှင်ကို [ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ]
၁၄၄။ ရွှေဥဒေါင်း၏ ရုပ်ခွဲနာမ်ခွဲ နှင့် အခြားဝတ္ထုတိုများ
၁၄၅။ ခင်မျိုးချစ်၏ မိုင်ကယ်အိန်ဂျယ်လို
၁၄၆။ ကျော်အောင်၏ ဆမ်းမားဆက်မွမ်၏ ဝတ္ထုတိုများ
၁၄၇။ တင်မောင်မြင့်၏ လက်ထပ်ထိမ်းမြားခြင်း အနုပညာ
၁၄၈။ ဦးရွှေအောင်၏ ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း
၁၄၉။ မြင့်သန်း၏ ဖရန့်(ဇ) ကာ(ဖ)ကာ၏ စာ [ ဘဝ၊ ဝတ္ထုတိုနှင့် အပိုင်းအစများ ]
၁၅၀။ ကြယ်နီ၏ ဝတ္ထုတိုပေါင်းချုပ်
၁၅၁။ မြသန်းတင့်၏ လွမ်းမောဖွယ် ကမ္ဘောဇ
၁၅၂။ မောင်သိန်းအောင်(နိုင်ငံခြားငွေ)၏ ဟစ်တလာ၏ အမှာခံလက်ရုံး ဒေါက်တာဂိုးဘဲလ်
၁၅၃။ မောင်ရဲခိုင်၏ ဆည်းဆာ (The Age of Discretion by Simone de Beauvoir)
၁၅၄။ ဂျာနယ်ကျော်မမလေး၏ ရင်နှင့်အောင်မွေး
၁၅၅။ မောင်သန်းဆွေ(ထားဝယ်)၏ ကုန်းဘောင်ရှင်းတမ်း
၁၅၆။ မောင်ထင်၏ ဂါလီဗာ၏ ခရီးစဉ်
၁၅၇။ ရွှေဥဒေါင်း၏ ကိုယ်ရံတော်
၁၅၈။ ကြည်အေး၏ အိပ်မက်နှင်းမြူ ဝတ္ထုတိုစု
၁၅၉။ သခင်ဘသောင်း၏ တစ်ထောင့်တစ်ည ပုံပြင်များ

**၂၀၀၂ ခုနှစ် ဖေဖော်ဝါရီတွင် ထုတ်ဝေမည့် စာအုပ်များ**

၁၆၁။ စာရေးဆရာများ၏ ဂေဘရီယယ် ဂါစီယာ မားကွက်စ်၏ လက်ရွေးစင် ဝတ္ထုတိုများ
၁၆၂။ မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ (မောင်ခင်မင်–တည်းဖြတ်)
၁၆၃။ ကမ္ဘာ့အကြီးကျယ်ဆုံး သိပ္ပံပညာရှင်များနှင့် တီထွင်သူများ
၁၆၄။ လင်းယုန်မောင်မောင်၏ ထောင်ပြေးစပိုင်
၁၆၅။ မောင်ခင်မင်(ဓနုဖြူ)၏ နှစ်လေးဆယ် ဘဝမှတ်တိုင်များ
၁၆၆။ ရွှေဥဒေါင်း၏ သုံးပေါက်ချွန်းနှင့် အခြားဝတ္ထုတိုများ
၁၆၇။ စိုးမြင့်(မြန်မာပြန်) မရဏတောင်ကြား(ရှားလော့ဟုမ်း ဝတ္ထုရှည်)

ရာပြည့်စာအုပ် ၁၆၀

ရဲမြလွင် *

# ကြိုးကြာတစ်ထောင်

## THOUSAND CRANES

by Yasunari Kawabata

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁(အိမ်)၊ ၂၅၂၇၉၈(ဆိုင်)

[ ၁၊ ဇန်နဝါရီ၊ ၂၀၀၂ ]

စာမူခွင့်ပြုချက်အမှတ် [ ၇၂၆/၂၀၀၀ (၉) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၇၉၃/၂၀၀၁ (၁၀) ]

□

ပုံနှိပ်ခြင်း
ပထမအကြိမ်
အုပ်ရေ [၁၀၀၀]

□

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

□

ထုတ်ဝေသူ
ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

□

အတွင်းဖလင်
အေဇက်

□

စာအုပ်ချုပ်
ကိုမြင့်

□

မျက်နှာဖုံး ပန်းချီ
ဂျပန် ပို့စကတ် တစ်ခုကို
ဒီဇိုင်းဖွဲ့စည်းသည်။

□

တန်ဖိုး
[redacted]ကျပ်

## မာတိကာ


- ဘာသာပြန်သူ၏ အမှာ ၉
၁။ ကြိုးကြာတစ်ထောင် ၁၃
၂။ မြိုင်တောခြေမှ ဆည်းဆာအလှ ၅၅
၃။ အမှတ်တရ ကြွေပန်းအိုး ၈၆
၄။ အမေ၏ နှုတ်ခမ်းနီ ၁၀၉
၅။ ကြွေလွင့်သွားသော ကြယ်နှစ်ပွင့် ၁၄၁



ယာဆုနာရီ ကာဝါဘတ [ Yasunari Kawabata (1899-1972) ]

## ဘာသာပြန်သူ၏ အမှာ

ကျွန်တော်သည် ၁၉၉၄ ခုနှစ်တွင် စာပေလောကအတွင်းသို့ "ဘော့ကျန်" ကို ဘာသာပြန်၍ စတင် ခြေချခဲ့ပါသည်။ "ဘော့ကျန်" ကို ရေးသားသော ဂျပန် စာရေးဆရာကြီး နာစုမဲ့ ဆောဆဲကီသည် ကျွန်တော့် အသည်းစွဲ ဖြစ်လေသောကြောင့် သူ ရေးသော KOKORO ကို "မဟူရာ နှလုံးသား" ဟူ၍ လည်းကောင်း၊ WAGAHAI WA NEKO DE ARU ကို "ကျွန်ုပ်သည် ကြောင်တစ်ကောင် ဖြစ်သည်" ဟူ၍ လည်းကောင်း၊ YUME JUYA ကို "ဆယ်ညအိပ်မက်" ဟူ၍ လည်းကောင်း ဆက်တိုက် ဘာသာပြန်ခဲ့ပါသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဆရာကြီး ဆောဆဲကီ၏ စာပေကို နှစ်သက်စွဲလမ်းခဲ့သည့်အားလျော်စွာ ကျွန်တော်သည် သူ့စာများကို ဘာသာပြန်ရာ၌ လက်သွက်ခဲ့ပါသည်။

သို့ပါသော်လည်း ကျွန်တော်တို့ မြန်မာစာဖတ် ပရိသတ်သည် နာစုမဲ့ ဆောဆဲကီထက် နိုဘယ်လ်ဆုရ စာရေးဆရာကြီး ယာဆုနာရီ ကာဝါဘာတ [YASUNARI KAWABATA (1899-1972)] ကို ပိုပြီး အသိများကြသည်ဟု ထင်ပါသည်။ ဂျပန် စာရေးဆရာများ အထဲမှ ပထမဆုံးအကြိမ် နိုဘယ်လ်ဆု ရရှိခဲ့သူ ဖြစ်သည်။ သူ ရရှိခဲ့သော ကာလမှာ ၁၉၆၈ ခုနှစ် ဖြစ်သည့်အတွက် ဂျပန်လူမျိုးများအဖို့ မေဂျီခေတ် ပြုပြင်ပြောင်းလဲရေး

စတင်ပြီးနောက် နှစ်ပေါင်း ၁၀၀ ကြာမှ နိုဘယ်လ်ဆုကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ကာဝါဘာတကို ၁၈၉၉ ခုနှစ်တွင် အိုဆာကာမြို့၌ မွေးဖွားခဲ့သည်။ အထက်တန်းကျောင်းသား ဘဝကပင် ဝတ္ထုတို များကို စတင် ရေးသားခဲ့သည်။ သူ ပထမဆုံး ရေးသားခဲ့သော ဝတ္ထုမှာ "၁၆ နှစ်သား၏ နေ့စဉ်မှတ်တမ်း" ဖြစ်ပြီး သူ ငယ်ရွယ်စဉ်က မိဘများ စောစီးစွာ ဆုံးပါးသွားခဲ့သောကြောင့် အဘိုး၊ အဘွားများ၏ လက်တွင် ကြီးပြင်းခဲ့ရပုံများကို လွမ်းဆွေးကြေကွဲဖွယ် ရေးသားတင်ပြခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် တိုကျို တော်ဝင်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့ပြီး ၁၉၂၅ ခုနှစ်တွင် "အိဇု ကချေသည်"(The Izu Dancer) ကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် "အာဆာကုဆ ရပ်ကွက်မှ လူတစ်သိုက်" (ASAKUSA KURENAIDAN)ကို လည်းကောင်း၊ ၁၉၃၅ ခုနှစ်တွင် "နှင်းပွင့်တိုင်းပြည်"[YUKI KUNI (Snow Country)] ကိုလည်းကောင်း ရေးသားခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် "ကြိုးကြာတစ်ထောင်" [SENBA TSURU(THOUSAND CRANES)] ကိုလည်းကောင်း ရေးသားခဲ့ပါသည်။ သူ၏ အခြားကျော်ကြားသော ဝတ္ထုများမှာ YAMA NO OTO (The Sound of the Mountain) နှင့် NEMURERU BIJO(The House of the Sleeping Beauties)တို့ ဖြစ်ကြသည်။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသည့်နောက် ဂျပန်စာရေးဆရာများအသင်း(Japan Pen Club) ၏ ဥက္ကဋ္ဌအဖြစ် ၁၇ နှစ်တိုင်တိုင် အမှုထမ်းသွားခဲ့သည်။

၁၉၇၂ ခုနှစ် ဧပြီလ ၁၆ ရက်နေ့ ညနေစောင်း အချိန်တွင် ကမားကူးရားမြို့ရှိ သူ၏ နေအိမ်ခန်းထဲတွင် ဂက်စ်ဓာတ်ငွေ့များ အပြည့် ဖွင့်ထားသော အခန်းထဲ၌ ဆရာကြီး ကာဝါဘာတ သေဆုံးနေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရပေသည်။ အများက မိမိကိုယ်ကို အဆုံးစီရင်သွားသည်ဟု ယူဆကြသော်လည်း

အဘယ်ကြောင့် ဤကဲ့သို့ သတ်သေသွားရသည်ကိုမူ မည်သူမျှ မသိကြရဘဲ ယနေ့တိုင် ပဟေဠိသဖွယ် ဖြစ်နေခဲ့ပေသည်။

ဆရာကြီး ကာဝါဘာတ၏ "ကြိုးကြာတစ်ထောင်" ဝတ္ထုနှင့် ကျွန်တော် ဆုံဖြစ်ခဲ့သည်မှာ ဤသို့ ဖြစ်ပါသည်။ ကျွန်တော် အလုပ် လုပ်နေသော ဂျပန် သံရုံးနှင့် ဆရာကြီး ပါရဂူ၏ အိမ်မှာ သိပ်မဝေးလှပါ။ သို့ဖြင့် နေ့လယ်ခင်း ထမင်းစားချိန်တိုင်းတွင် ကျွန်တော်သည် ဆရာပါရဂူ၏ အိမ်သို့ ရောက်ဖြစ်ခဲ့ပါသည်။ တစ်နေ့တွင် ဆရာပါရဂူ အိမ်သို့ ကိုရဲထွတ် ဆိုသူ ဧည့်သည် တစ်ယောက် လာရောက်လည်ပတ်ရာ ကျွန်တော်နှင့် ဆုံဖြစ်ခဲ့ကြပါသည်။ ကိုရဲထွတ်မှာ စာ အတော်ဖတ်သူ ဖြစ်ကြောင်း သူနှင့် စကားစမြည် ပြောကြည့်မှ ကျွန်တော် သဘောပေါက်လာခဲ့ရပါသည်။ ယုတ်စွအဆုံး ကျွန်တော် ရေးသမျှ စာအုပ်အားလုံး သူ့အိမ်ရှိ စာအုပ်စင်၌ သိမ်းဆည်းထားကြောင်းကို သိရသော အခါ ကျွန်တော် အံ့သြ၍ မဆုံးအောင် ဖြစ်ရပါတော့သည်။ သို့နှင့် ကျွန်တော်တို့ ဂျပန်စာပေအကြောင်း ဆွေးနွေးကြရာမှ ကိုရဲထွတ်က ကာဝါဘာတ၏ "ကြိုးကြာတစ်ထောင်" ဝတ္ထုကို ပြန်ဆိုဖို့ တိုက်တွန်းလာပါတော့သည်။ စင်စစ် "ကြိုးကြာတစ်ထောင်"ကို မြန်မာစာရေးဆရာ တစ်ယောက်ယောက်က ပြန်ဆိုပြီး ဖြစ်သော်လည်း ထို လက်ရေးစာမူမှာ ပျောက်ခြင်းမလှ ပျောက်နေကြောင်း ပြောလာပါသည်။ စာရေးဆရာ စာမူပျောက် သည့်ကိစ္စ ဆန်းတော့ မဆန်းလှ။ ကျွန်တော်သည်ပင်လျှင် ရေးပြီးသား ဝတ္ထုစာမူ သုံး လေးအုပ်ထက်မနည်း ပျောက်ခဲ့ဖူး ပါသည်။ သို့နှင့် ကျွန်တော့် စာအုပ်စင်မှ ကာဝါဘာတ၏ SENBA TSURU ဟု ဂျပန်ဘာသာဖြင့် ရေးထားသော "ကြိုးကြာ တစ်ထောင်" ကို ဘာသာပြန်ဖြစ်ခဲ့ရပါသည်။

"ကြိုးကြာတစ်ထောင်"သည် ဂျပန်ရိုးရာ လက်ဖက်ရည်

ရာပြည့်စာအုပ်တိုက်

ပွဲသို့ လာရောက်ကြသော မိန်းကလေးများ၏ အချစ်ရေးကို ဖွဲ့နွဲ့ထားသော ဝတ္ထု ဖြစ်ပါသည်။ သို့သော်လည်း ဆရာကြီး ကာဝါဘတ၏ အရေးအသားက ကောင်းလွန်း၍လား မသိ၊ ဘာသာပြန်သူ ကျွန်တော်သည်ပင်လျှင် ဝတ္ထုထဲသို့ မျောပါသွားခဲ့ရပေသည်။ ဝတ္ထုကို ဘာသာပြန်ရင်းက ကျွန်တော့်ကိုယ် ကျွန်တော်စာရေးနေသည်ဟု မထင်၊ အလွန် လှပဆန်းကြယ်သော ပန်းချီကားကလေးများကို တစ်ချပ်ပြီးတစ်ချပ် လှပ်ကြည့်နေရသည်ဟု ထင်လာပါသည်။ တစ်ခါတစ်ရံတွင်မူ အလွန် အရသာရှိလှသည့် ဟိုက္ကူ ကဗျာကလေးများကို ရွတ်ဆိုနေရသည့်အလား ခံစားလာရပါသည်။

ဝတ္ထုတစ်ပုဒ်လုံး ဘာသာပြန်ပြီးသွားသော အချိန်တွင်ကား ကျွန်တော်သည် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ကာ ဤသို့ ကောက်ချက်ချလိုက်မိပါသည်။

"အင်း.... ဒါကြောင့်လည်း ကာဝါဘတဟာ စာပေနိုဘယ်လ်ဆု ရသွားတာကိုး" ဟူ၍။

ရဲမြင့်လွင်
၂-၅-၂၀၀၁

# ကြိုးကြာတစ်ထောင်

[၁]

ကမားကူးရားအင်းဒိုးဂျီ ဘုရားကျောင်း ပရိဝုဏ်အတွင်းသို့ ဝင်လာခဲ့သည့်တိုင် ကီကုဂျီသည် လက်ဖက်ရည်ပွဲသို့ သွားရလျှင် ကောင်းမလားဟု တွေဝေနေဆဲပင် ဖြစ်လေသည်။ အချိန်ကလည်း နောက်ကျနေခဲ့ပေပြီ။

ဘုရားကျောင်းပရိဝုဏ်၏ အတွင်းဘက်တွင်ရှိသော လက်ဖက်ရည်ဆိုင်တွင် ခူရိမိုတိုကျိကကို လက်ဖက်ရည်ပွဲ တည်ခင်းဧည့်ခံဖြစ်လေတိုင်း ကီကုဂျီထံသို့ မိတ်ဆက်စာက အမြဲရောက်လာခဲ့သော်လည်း အဖေ ဆုံးပြီးကတည်းက တစ်ကြိမ်မျှ မရောက်ဖြစ်တော့။ သွားလေသူ အဖေ့အား ရိုသေသမှုပြုသည့် သဘောမျှသာ ဖြစ်သည်ဟု ယူဆကာ ထိုမိတ်ဆက်စာများကို ဘာသိဘာသာ ပစ်ထားမိခဲ့ပေသည်။

သို့သော်လည်း ယခုအကြိမ် ရောက်ရှိလာသော ဖိတ်စာထဲတွင် အမျိုးသမီးငယ် တစ်ယောက်နှင့် မိတ်ဆက်ပေးလိုသောကြောင့် ဆက်ဆက်ကြွခဲ့ပါဟု ရေးသားထားပေသည်။

ထိုစာကို ဖတ်မိသည့်အချိန်တွင် ကီကုဂျီသည် ကျိကကို၏ အမှတ်ကြီးကို မျက်စိထဲတွင် မြင်ယောင်လာမိလေတော့သည်။

ကီကုဂျီ ၈ နှစ်၊ ၉ နှစ်သား အရွယ်ခန့်က ထင်သည်။ အဖေက ခေါ်သွားသဖြင့် ကျိကကို၏ အိမ်သို့ အရောက်တွင် လက်ဖက်ရည်ခန်းထဲ၌

ကျီကကိုသည် ရင်ဘတ်ကို ဟင်းလင်းဖွင့်၍ အမှတ်ကြီးပေါ်၌ ပေါက်နေသော အမွေးများကို စာဂနာဖြင့် တစ်ပင်ချင်း နုတ်နေခဲ့လေသည်။ ထိုအမှတ်ကြီးမှာ ဘယ်ဘက်ရင်သား ထက်ဝက်ကျော်ကို ဖုံးအုပ်လျက် ရင်ညွန့်အထိ ချဲ့ကားလျက်ရှိသည့် လက်ဝါးတစ်အုပ်စာမျှပင် ရှိလေသည်။ ထိုအမည်းရောင် အမှတ်ကြီးပေါ်တွင် အမွေးကြမ်းများ ပေါက်နေသောကြောင့် ကျီကကိုက ထိုအမွေးများကို စိတ်ရှည်လက်ရှည် တစ်ပင်ချင်း နုတ်နေခဲ့ခြင်း ဖြစ်ပေသည်။

'ဟယ် ... သားလေးပါ အတူ ခေါ်လာတာကိုး'

ကျီကကိုသည် ရုတ်တရက် လန့်ဖျပ်သွားပြီး အကျီရင်စ နှစ်ဖက်ကို ဖုံးလိုက်ရန် ကြံပြီးခါမှ မသင့်ဟု ယူဆ၍လား မပြောတတ်၊ ဒူးကို လှည့်လိုက်ပြီး ရင်ဘတ်ကို ဖြည်းဖြည်းချင်း ဖုံးအုပ်၍ အကျီစများကို ခါးပတ်ကြိုးထဲသို့ ထိုးသိပ်လိုက်လေသည်။

စင်စစ် အဖေ့အား ထိတ်လန့်ခြင်း မဟုတ်ဘဲ ကိုကုဂျိုကို မြင်လိုက်ရသဖြင့် ထိတ်လန့်သွားပုံ ရလေသည်။ အိမ်ဖော်မလေးက ဆင်ဝင်ပေါက်အထိ ထွက်ကြိုခဲ့သောကြောင့် ကျီကကိုသည် ကိုကုဂျို၏အဖေ ရောက်လာမှန်း သိထားပုံ ရလေသည်။

အဖေက လက်ဖက်ရည်ခန်းထဲအထိ ဝင်မသွားပေ၊ ဘေးဘက်ရှိ အခန်းတစ်ခု၌ ဝင်ထိုင်သည်။ လက်ဖက်ရည်ခန်းထဲ၌ အလုပ်သင်ခန်းအဖြစ် အသုံးပြုလျက် ရှိပေသည်။

အဖေသည် ဘုရားစင်တွင် ချိတ်ဆွဲထားသော ပစ္စည်းများကို ငေးကြည့်ရင်း–

'တစ်ပွဲလောက် သောက်ဦးမှပဲ' ဟု လေးတွဲ့စွာ ပြောလိုက်သည်။

'ဟုတ်ကဲ့ပါရှင်'

အသံသာ ထွက်လာသည်။ ကျီကကိုသည် ရုတ်တရက် ထ၍မလာသေးပေ။ ကျီကကို၏ ဒူးဆစ်ရှေ့တွင် ခင်းထားသော သတင်းစာစက္ကူပေါ်

တွင် ယောက်ျားများ၏ မှတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့နှင့် အလားသဏ္ဍာန်တူသော အမွေးများ ပြန့်ကျဲနေသည်ကို ကိကုဂျိက ထင်ထင်ရှားရှား တွေ့လိုက်ရသည်။

နေ့ခင်းကြောင်တောင်ပင် ဖြစ်သော်လည်း မျက်နှာကြက်၏ အပေါ်တွင် ကြွက်သတ္တဝါများက ပွက်လောရိုက်နေကြသည်။ ခြံစည်းရိုး၏ အနီး၌ကား မက်မုံပန်းပွင့်တို့က ဝေဆာအောင် ပွင့်နေကြသည်။

မီးလင်းဖို၏ဘေးတွင် ထိုင်လျက် ကျိုကကိုသည် စိတ်မပါတပါ ပုံစံမျိုးဖြင့် လက်ဖက်ရည်ပွဲကို ပြင်ဆင်နေခဲ့သည်။

ဆယ်ရက်မျှ ကြာသောအခါ ကိကုဂျိသည် အမေက အဖေ့အား ကျိုကကို၏ ထိပ်တန်းလျှို့ဝှက်ချက်ကို အထုပ်ဖြေပြသကဲ့သို့ သူမတွင် အမှတ်ကြီးရှိသဖြင့် အိမ်ထောင်ပြု၍ မဖြစ်ကြောင်း ရှင်းပြနေသည်ကို နားနှင့်ဆတ်ဆတ် ကြားလိုက်ရပေသည်။ အမေက အ လွန်းသည်။ အဖေ့အနေနှင့် ထိုအကြောင်းကို လုံးဝ မသိဟု ထင်ထားပုံ ရသည်။ အမေသည် ကျိုကကိုအား သနားသည့် စိတ်ကြောင့်ပင် မျက်နှာ မသာမယာ ရှိခဲ့ပေသည်။

'ဩော် ... ဩော်'

အဖေက အံ့အားသင့်သည့် ပုံစံမျိုးဖြင့် နားထောင်နေရင်းမှ–

'ဒါကတော့ကွာ သူယူမယ့် ယောက်ျားကို ပွင့်ပွင့်လင်းလင်း ရှင်းပြထားလိုက်ရုံပဲပေါ့။ ကိုယ့်လင်သားက နားလည်ထားပေးရင် ပြီးတာပဲပေါ့'

'ကျွန်မကလည်း အဲဒီအတိုင်းပဲ ရှင်းပြပါတယ်၊ ဒါပေမဲ့ရှင် မိန်းမတစ်ယောက်အနေနဲ့ ကျွန်မရဲ့ ရင်သားမှာ အမည်းရောင်အမှတ်ကြီး ရှိတယ်လို့ ဘယ်လို ပြောထွက်ပါ့မလဲ'

'ဒါပေမဲ့ သူက အသက်အရွယ် ငယ်တော့တာမှ မဟုတ်ဘဲ'

'ဒါတော့ ဒါပေါ့ရှင်၊ ပြောလို့မထွက်တာတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ယောက်ျားတွေ အနေနဲ့ကတော့ မင်္ဂလာဆောင်ပြီး ဒါကို တွေ့သွား

တဲ့အခါ ကြော် ... ဒါလားလို့ ရယ်ရုံလောက်ပဲ ရယ်ပြီး ဘာမှ မဖြစ်သလို နေသွားမှာပေါ့၊ ဒါပေမဲ့...'

'ဒါနဲ့ မင်းကို အဲဒီ အမှတ်ကြီးကို လှန်ပြခဲ့ရောလား'

'အို ... ရှင်ကလဲ မဟုတ်မဟတ် ပြောရှေ့မယ်'

'ဒါဆိုရင် ပြောပြရုံသက်သက်ပဲလား'

'ဒီနေ့ လက်ဖက်ရည်ပွဲ သင်တန်းလာပေးတုန်းကပေါ့၊ ထွေရာလေးပါး စကားပြောကြရင်းက နောက်ဆုံး သူ့အဖြစ်မှန်ကို ဖွင့်ဟ ပြောချင်လာတယ်နဲ့ တူပါတယ်'

အဖေ ငြိမ်ကျသွားပါသည်။

'ဒါနဲ့ အိမ်ထောင်ကျပြီပဲ ထားလိုက်ပါတော့၊ သူ့အပေါ်မှာ ယောကျ်ားဖြစ်သူက ဘယ်လို သဘောထားမှာတဲ့လဲ'

'ဘယ်တတ်နိုင်ပါ့မလဲ၊ တစ်ခါတည်း စိတ်ပျက်သွားမှာပေါ့။ ဒါပေမဲ့ လူဆိုတာက အခက်သားလား၊ အဲဒီ လျှို့ဝှက်ချက်ကလေးကိုပဲ သဘောကျပြီး ချစ်ချင် ချစ်နေတတ်မှာပေါ့။ မဖြစ်စလောက် အစွန်းအထင်းကလေးကြောင့် ကောင်းတဲ့ အရည်အချင်းတွေလည်း အများကြီး ထွက်ပေါ်လာနိုင်တာပဲ။ တကယ်တော့ မွေးကတည်းက ပါလာတဲ့အမှတ်ပဲ၊ ဘာ အပြစ်ရှိတာ မှတ်လို့'

'ကျွန်မလည်း အပြစ်မှ မဟုတ်ဘဲကွယ်လို့ အားပေးပါတယ်၊ ခက်နေတာက အဲဒီအမှတ်ကြီးက ရင်သားတည့်တည့်အပေါ်မှာ ရောက်နေတာရှင့်'

'အွန်း ... ဟုတ်ပါရဲ့'

'ကလေးရလာလို့ နို့တိုက်ရမယ့် အရေးကို တွေးမိလိုက်တဲ့ အခါမျိုးမှာ အခံရအခက်ဆုံး ဖြစ်နေရုံပဲ။ အဖေဖြစ်သူကတော့ ထားလိုက်ပါတော့၊ သူ့ရင်သွေးလေးအတွက် ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ'

'နို့မထွက်မှာ စိုးလို့လား'

'ဘယ်က ဟုတ်ရမှာလဲ၊ သူ့ရင်သွေးကလေး နို့စို့ရင်းက အဲဒီအမှတ်

ကြီးကို မြင်သွားမှာ စိုးလို့တဲ့ရှင့်။ ကျွန်မကတော့ အဲဒီအထိ မတွေးမိခဲ့ပါဘူး၊ ကာယကံရှင်က တောင်တွေးမြောက်တွေး တွေးရင်း ရင်လေးနေမှာပေါ့ရှင်။ ကလေးဆိုတာက မွေးကတည်းက နို့စို့တာပဲ။ အဲ ... မျက်စိအမြင်ဓာတ် ရလာတဲ့ အခါကျတော့ ဟယ် ... ငါ့အမေမှာ အတော် အကြည့်ရဆိုးတဲ့ အမှတ်ကြီး ပါနေတာပဲလို့ သဘောပေါက်သွားမှာပေါ့။ ဟောဒီကမ္ဘာကြီးမှာ အရေးအကြီးဆုံး အမှတ်လက္ခဏာ၊ မိခင်ဖြစ်သူရဲ့ တန်ဖိုးအထားဆုံး အရာ က အလွန် အကျည်းတန်လှတဲ့ အမှတ်ကြီးပဲလို့ အဲဒီကလေးရဲ့ စိတ်ထဲမှာ စွဲသွားမှာပေါ့'

'ဒါ အတွေးလွန်တာပါကွာ၊ ဥပါဒါန်ကြောင့် ဥပဒ်ရောက် ဆိုတဲ့ စကားလိုပေါ့'

'ဒါဆိုလဲ နို့မှုန့်ပဲ တိုက်ပေါ့၊ မိခင်နို့ရည် မတိုက်လည်း အရသားနဲ့'

'အမှတ်ကြီး ပါလို့ နို့မထွက်ဘူးလို့ ဘယ်ပြောလို့ ရမှာလဲကွ၊ နို့ထွက် ရင် ပြီးတာပဲပေါ့'

'ဒါပေမဲ့ အဲဒီလို အကြံပေးတဲ့ အဆင့်အထိ မရောက်ခဲ့ပါဘူး။ ကျွန်မ က နို့ထွက်ရင် ပြီးတာပဲပေါ့လို့ ပြောတော့ သူက ငိုတယ်လေ၊ ကျွန်မလည်း ကိုယ်ချင်းစာပါတယ်လေ။ ကျွန်မတို့ သားလေး ကိကုဂျိကိုတောင် ဘယ် နို့မည်းမည်းကြီးနဲ့ တိုက်ရက်ပါ့မလဲ'

'ဒါတော့ ဒါပေါ့ကွာ'

ကိကုဂျိသည် အမှန်တရားကို ဖုံးကွယ်နေသော အဖေ့အား သိပ်ပြီး မကျေနပ်ချင်လှပေ။ မိမိတောင် ထိုအမှတ်ကြီးကို မြင်ခဲ့သေးသည် မဟုတ်ပါ လား။ ဤသည်ကို မသိကျိုးကျွန်ပြုနေသော အဖေ့အား မုန်းတီးသလို ဖြစ်လာ မိလေသည်။

ယခု နှစ်ပေါင်း ၂၀ မျှ ကြာညောင်းလာသော အချိန်တွင်ကား ကိကုဂျိသည် ထိုစဉ်က အဖေ ဇဝေဇဝါ ဖြစ်နေခဲ့သည်ကို ကိုယ်ချင်းစာ သလိုလို ဖြစ်ကာ မဲ့ပြုံးတစ်ချက် ပြုံးလိုက်မိသည်။ သို့ပါသော်လည်း ထိုစဉ်က

၁၀ နှစ်သားသာ ရှိသေးသော ကိုကုဂျီသည် အမေ့စကားကို ခေါင်းထဲတွင် စွဲနေပြီး ထိုအမှတ်ကြီး ပါသော အဖေတူ အမေကွဲ ညီလေး၊ ညီမလေးများ မွေးလာမည်ကို စိုးရိမ်ထိတ်လန့် နေခဲ့မိလေသည်။

ကိုကုဂျီက သူ့အဖေ အခြားမိန်းမနှင့် ကလေး ရမည်ကိုသာ စိုးရိမ်သည် မဟုတ်ဘဲ ထိုအမွေးကြမ်းကြီးများ ပေါက်နေသော အမှတ်ကြီးပါသည့် နို့ကိုစို့ပြီး ကြီးထွားလာသော ကလေးအား သရဲတစ္ဆေအလား ကြိုတင် တွေးတော ကြောက်လန့်နေခဲ့ခြင်းသာ ဖြစ်ပေသည်။

ကံကောင်း ထောက်မစွာပင် ကျီကကို၌ ကလေးရှိခဲ့ပုံ မရပေ။ သံသယတွေး တွေးကြည့်မည်ဆိုပါက အဖေ့အနေနှင့် ကျီကကိုအား ကလေး မွေးခွင့် မပေးခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ မျက်ရည်တတွေတွေ စီးဆင်းလျက် သားငယ်အား အမှတ်ပါသောနို့ဖြင့် မတိုက်ကျွေးလိုသော ကျီကကို၏ ဆန္ဒကို လိုက်လျောခဲ့သည်လည်း ဖြစ်နိုင်ပါသည်။ မည်သို့ဆိုစေကာမူ အဖေ မသေခင်က ဖြစ်စေ၊ သေပြီးသည့် နောက်ပိုင်း၌ဖြစ်စေ ကျီကကိုတွင် ကလေး တစ်ယောက်မျှ မရရှိခဲ့ပေ။

အဖေနှင့်အတူ ကိုကုဂျီက ထိုအမှတ်ကြီးအား တွေ့လိုက်ရပြီး ဘာမျှ မကြာသေး။ ကျီကကိုက အိမ်သို့ ပေါက်လာပြီး ထိုအမှတ်ကြီးအကြောင်း အမေ့အား ဖွင့်ဟ ပြောကြားသွားခြင်းမှာ ကိုကုဂျီက အမေ့အား ပြောပြခဲ့လေ မလား ဟူသော စိုးရိမ်စိတ်နှင့် ဖြစ်လေသည်။ အတော် အကင်းပါးသည့် မိန်းမပင် ဖြစ်သည်။

ကျီကကိုသည် လုံးဝ အိမ်ထောင်မပြုခဲ့တော့ပေ။ ထိုအမည်းရောင် အမှတ်ကြီးက သူ့ဘဝတစ်လျှောက်လုံး အရိပ်မည်းဖြင့် ဖုံးနေခဲ့သည်လား မပြောတတ်ပေ။

သို့ပါသော်လည်း ကိုကုဂျီ၏ မျက်စိထဲတွင် ထိုအမှတ်ကြီးမှာ ပျောက်ဖျက်၍ မရအောင် စွဲကျန်နေဆဲပင် ဖြစ်ပေသည်။ ထိုအမှတ်ကြီးနှင့်

မိမိ၏ ကံကြမ္မာသည် တစ်နေရာရာ၌ ဆက်စပ်လာမည့် အရေးကို တွေးပူနေခဲ့မိပေသည်။

လက်ဖက်ရည်ပွဲကို အကြောင်းပြု၍ မိန်းကလေးတစ်ယောက်နှင့် မိတ်ဆက်ပေးလိုကြောင်း ကျီကကိုက ရေးသားလာသဖြင့် ရောက်လာရသည့်တိုင်၊ ကိကုဂျီ၏ မျက်စိထဲတွင် ထိုအမှတ်ကြီးကို မြင်ယောင်လျက်ရှိပြီးပြန်လှည့်ရတော့မလိုလို။ သို့ပါသော်လည်း ကျီကကိုက မိတ်ဆက်ပေးမည့် မိန်းကလေးမှာ အစွန်းအထင်းဟူ၍ ဆံခြည်တစ်မျှင်မျှ ကင်းသော ရွှေလိုဝင်းသည့် မိန်းမချောကလေး ဖြစ်နေမှာပဲဟု တွေးမိပြန်သောအခါ ဆက်သွားရတော့မလိုလို ယောင်တောင်တောင် ဖြစ်နေလေသည်။

အဖေသည် ကျီကကို၏ ထိုအမှတ်ကြီးအား လက်ချောင်းများဖြင့် ညှပ်ကြည့်ဖူးပေလိမ့်မည်။ ထို့အပြင် အဖေသည် ထိုအမှတ်ကြီးအား ကိုက်ခဲ၍ပင် ကြည့်ခဲ့ဖူးပေလိမ့်မည်။ ကိကုဂျီက ထိုသို့ စိတ်ကူးယဉ်ကြည့်လိုက်မိသည်။

ဘုရားကျောင်း ပတ်ဝန်းကျင်ရှိ သစ်ပင်များ အထက်ဆီမှ ငှက်ကလေးများ၏ တေးဆိုသံကို နားခံရင်း ကိကုဂျီသည် တဖြည်းဖြည်းချင်း လျှောက်လှမ်းလာမိခဲ့လေသည်။ ထိုသို့ လျှောက်လှမ်းလာနေစဉ်မှာပင် ထိုစိတ်ကူးများက ခေါင်းထဲသို့ အတင်း ဝင်ရောက်လာကြတော့သည်။

ယနေ့ လက်ဖက်ရည်ပွဲတွင် ကျီကကိုတစ်ယောက် ဟိုစပ်စပ် သည်စပ်စပ် အလုပ်များနေမည်ဖြစ်ပြီး ထိုအမှတ်ကြီးမှာ ခြောက်သွေ့သွားခဲ့ပြီလော မပြောတတ်တော့ပေ။ ထိုအတွေးများကြောင့် ကိကုဂျီက တစ်ယောက်တည်း ပြုံးလိုက်သည့်အချိန်တွင် သူ၏နောက်ဘက်ဆီမှ မိန်းမပျိုကလေးနှစ်ဦး အလျင်စလို လျှောက်လှမ်းလာကြသည်ကို တွေ့လိုက်ရသည်။

'ခူရိမိုတိုကျီကကိုရဲ့ လက်ဖက်ရည်ပွဲက ဒီလမ်းရဲ့ အတွင်းဘက်ဆီမှာလား ဟင်' ဟု ကိကုဂျီက မေးလိုက်သည်။

'ဟုတ်ကဲ့ပါရှင်'

မိန်းမပျို့နှစ်ယောက်က သံပြိုင်ဖြေလိုက်ကြသည်။

ထိုမေးခွန်းကို မေးစရာ မလိုခဲ့ပေ။ ကျီကကိုး၏ဆိုင်က မိမိ နဂို ကတည်းက သိထားပြီး ဖြစ်ပေသည်။ သိမထားသည့်တိုင် ကီမိုနို၀တ်စားလာသော မိန်းကလေးများနောက်သို့ အသာလိုက်သွားလိုက်ရုံသာ ရှိပေသည်။ အမှန်တော့ ကိကုဂျီသည် မိမိကိုယ်ကို ထိုလက်ဖက်ရည်ပွဲသို့ သွားစေလိုသည့်အတွက် ရဲဆေးတင်ပြီး မေးခဲ့ခြင်းသာ ဖြစ်ပေသည်။

ပန်းနုရောင် ခရစ်ပိတ်ပါးစတွင် ဖြူဖွေးနေသော ကြိုးကြာတစ်ထောင်ပါသည့် အထုပ်ကလေးကို ပိုက်သွားသည့် မိန်းကလေးမှာ အလွန် လှပနေခဲ့ပေသည်။

[၂]

ထိုမိန်းကလေးနှစ်ယောက် လက်ဖက်ရည်ဆိုင်ထဲသို့ အ၀င် အိမ်တွင်းစီးသည့် ဖိနပ်များ လဲလှယ်နေစဉ် ကိကုဂျီလည်း ရောက်လာခဲ့ပေသည်။ ထိုမိန်းကလေးများ၏ နောက်မှကျော်၍ အတွင်းဘက်ဆီသို့ ကြည့်လိုက်သောအခါ ဖျာရှစ်ချပ်ခင်း အခန်းထဲတွင် ရှိုးကျကျ ၀တ်စားထားသော ဧည့်သည်များ ဒူးချင်းဆက်နေအောင် တိုးဝှေ့ထိုင်နေကြသည်ကို တွေ့လိုက်ရပေသည်။

ကျီကကိုက ကိကုဂျီအား လှစ်ခနဲ မြင်လိုက်ချိန်တွင် ချက်ချင်းထလာပြီး–

'ဟယ် ... ကြွပါ၊ ရောက်လာခဲတဲ့ ဧည့်သည်ကြီးကို ၀မ်းသာလိုက်တာရှင်၊ ကဲ ... ကဲ အဲဒီဘက်က တက်ခဲ့ပါ'

ဟု ပြောကာ ဘုရားစင်ဘက်မှ လျှောတံခါးကို ညွှန်ပြလိုက်သည်။

အတွင်းမှ မိန်းမတစ်သိုက်က တစ်ပြိုင်တည်း လှည့်ကြည့်လိုက်ရုံဖြင့်ပင် ကိကုဂျီမှာ မျက်နှာကြီး နီမြန်းသွားပြီး–

'ဟယ် ... အမျိုးသမီးတွေချည်းပါလား'

'ဟုတ်တယ်လေ၊ အမျိုးသားတွေက ပြန်သွားနှင့်ကြပြီ။ အခုတော့ ကိကုဂျီ တစ်ယောက်တည်းဆိုတော့ တစ်ပင်တိုင်မင်းသားနဲ့ မင်းသမီးတွေ အများကြီး တွဲရပြီပေါ့'

'ဟာ ... ဘယ်ကလာ မင်းသားရမှာလဲ'

'ရပါတယ်၊ ကိကုဂျီစံက မင်းသားနဲ့ တူပါတယ်၊ စိတ်မပူပါနဲ့'

ကိကုဂျီက လက်ကို ဖေ့ယမ်းပြရင်း တစ်ဖက်အပေါက်မှ ဝင်လာမည့် အကြောင်း အသိပေးလေသည်။ ဤနေရာအထိ ဝင်လာပြီးဖြစ်သော၊ ကြိုးကြာတစ်ထောင် ပဝါစနှင့် တာဘီဖိနပ်ကလေးကို ထုပ်ပြီး ပိုက်ထားသော မိန်းကလေးမှာ ကိကုဂျီအား အလျင်ဝင်ပါဆိုသည့် သဘောမျိုးဖြင့် ကျို့ကျို့ ကလေး ရပ်နေလေသည်။

ကိကုဂျီက ဘေးရှိ နေရာလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ဘေးပတ်ဝန်းကျင်တွင်ကား မုန့်ဘူးများ၊ ပန်းကန်ခွက်ယောက်ထည့်သည့် ဘူးများ၊ ဧည့်သည်များ၏ ပစ္စည်းများဖြင့် ပြန့်ကျဲနေပြီး အတွင်းဘက် မီးဖိုခန်းတွင်ကား အိမ်ဖော်မလေး၏ ပန်းကန်ဆေးနေသံကို ကြားနေရပေသည်။

ကျိကကိုက အခန်းထဲသို့ ဝင်လာပြီးနောက် ကိကုဂျီ၏ ရှေ့တွင် ဒူးထောက်၍ ခပ်မတ်မတ် ထိုင်လိုက်ပြီး–

'ဘယ်လိုလဲ ... သဘောကျရဲ့လား၊ လှတယ် မဟုတ်လား'

'ဟို ...ကြိုးကြာတစ်ထောင် အထုပ်ကလေးကို ပိုက်ထားတဲ့သူလေး ကို ပြောတာလား'

'ကြိုးကြာတစ်ထောင်အထုပ် ဟုတ်လား၊ ဘာအထုပ် ပိုက်ထားတယ် ဆိုတာတော့ မသိဘူး၊ ဟိုမှာ ရပ်နေတဲ့ ခပ်ချောချောမိန်းကလေးကို ပြောတာ။ အိနမုရစံရဲ့ သမီးပေါ့'

ကိကုဂျီက ရောယောင်ပြီး ခေါင်းညိတ်လိုက်သည်။

'ငါ့မောင်ကလည်း ဘာမဆိုင် ညာမဆိုင် ကြိုးကြာတစ်ထောင် အထုပ်ကိုပဲ မျက်စိကျခဲ့ရသလား၊ အတူတူ တွဲဝင်လာတော့ ဘာဖြစ်သလဲ။

အင်း... သေသေချာချာ စိစဉ်ထားတာတောင် လွဲခဲ့ရသေးတယ်လို့၊ အံ့ပါရဲ့ရှင်'

'ဘာပြောတယ်'

'လမ်းမှာကတည်းက တွေ့လာကြတာ မဟုတ်လား၊ အဲဒီကတည်းက အသိအကျွမ်း ဖြစ်လာသင့်တာပေါ့။ အိနမုရစံကို ငါ့မောင်ရဲ့အဖေကောင်းကောင်းသိတယ်'

'ဟုတ်လား'

'ယိုကိုဟားမားမြို့က ချည်ထည်ကုန်သည်ကြီးပေါ့၊ သူ့သမီးကလေးကိုတော့ ဒီနေ့အစီအစဉ်ကို ဘာမှ အသိပေးမထားသေးဘူး။ ဒီတော့ ကိုယ့်ဘက်က လွတ်လွတ်လပ်လပ် အကဲခတ်လို့ ရတာပေါ့'

ကျိုကကို၏ အသံမှာ အတန်ငယ် ကျယ်သောကြောင့် စက္ကူနံရံကို ဖောက်ထွက်၍ တစ်ဖက်ရှိ လက်ဖက်ရည်ပွဲက ကြားနိုင်သဖြင့် ကိကုဂျိက ပါးစပ်ကို ပိတ်ပြလိုက်သည်။ ထိုစဉ် ကျိုကကိုက ကိကုဂျိနားသို့ မျက်နှာကို ကပ်လိုက်ပြီး–

'ဒါပေမဲ့ နည်းနည်းတော့ အဆင်မပြေတာ ရှိတယ်' ဟု အသံကို နှိမ့်၍ ပြောလိုက်လေသည်။

'ဖူတိုဒါရဲ့ဇနီး ရောက်လာတယ်၊ သူ့သမီးလည်း ပါလာတယ်'

ထို့နောက် ကိကုဂျိ၏ မျက်နှာကို အကဲခတ်ရင်း–

'အမှန်တော့ မမလည်း သူ့ကိုဖိတ်တာ မဟုတ်ဘူး၊ ဒီလို လက်ဖက်ရည်ပွဲမျိုး ဆိုတာကလည်း လမ်းမှာ ဖြတ်သွားသူ ဘယ်သူမဆို တက်လို့ရတာကိုး။ စောစောက အမေရိကန်လူမျိုး စုံတွဲတွေတောင် ဒီကို ပွဲလာတက်သွားသေးတယ်။ ဖူတိုဒါစံက ဟိုမေးဒီမေး လုပ်ရင် ဘာမှ မသိသလို ငြိမ်နေနော်၊ မမလည်း ဘာမှ မသိသလို နေမယ်'

"ကျွန်တော် ဒီနေ့ ဒီကိုလာတာက အဲဒီမိန်းကလေးနဲ့ စေ့စပ်ဖို့ မဟုတ်ရပါဘူးဗျာ" ဟု ပြောလိုက်ချင်သော်လည်း ထိုစကားက ပြောမထွက်ခဲ့ပေ။ လည်ချောင်းထဲတွင် တစ်၍ ကျန်ခဲ့တော့သည်။

ရာပြည့်စာအုပ်တိုက်

'တကယ်ဆိုးတာက ဖူတိုဒါရဲ့ ဇနီးပဲ၊ ငါ့မောင်က ဘာမှ မသိသလို နေလိုက်ရုံပဲ'

ကိကုဂျိသည် ကျိုကကို၏ ပြောပုံဆိုပုံ အပေါ်တွင် အနည်းငယ် ဒေါပွသွားမိပေသည်။ ခုရိမိုတိုကျိုကကိုနှင့် အဖေတို့၏ ဆက်ဆံမှုမှာ ပေါ့ ပျက်ပျက် နိုင်လှပြီး အချိန်တိုတောင်းလှပေသည်။ အဖေ မဆုံးမီ အချိန်အထိ ကျိုကကိုသည် အိမ်သို့ တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားလာ နေခဲ့ပေသည်။ လက်ဖက်ရည်ပွဲ ရှိမှသာ မဟုတ်ဘဲ သာမန်ညသည် လာချိန်မျိုး၌ပင် မီးဖိုချောင်သို့ ဝင်ကာ ချက်ပြုတ်လုပ်ကိုင် ကူနေခဲ့ပေသည်။

သူ့ကိုယ်သူ ယောကျ်ားဆန်ဆန် နေခဲ့သောကြောင့် အမေ့အနေနဲ့ သူ့အပေါ်မှာ ယုံမှားသံသယ မဖြစ်သည့်အပြင် အတော်ရယ်စရာကောင်း သော မိန်းမ ဖြစ်ပေသည်။ အမေသည် အဖေက ကျိုကကို၏ အမှတ်ကြီးအား မြင်ဖူး တွေ့ဖူးလိမ့်မည်ဟု နောက်ပိုင်းတွင် သတိထားမိခဲ့ပေမည်။ သို့သော် လည်း လေနှင့်အတူ လွင့်မျောသွားသည့် အမှိုက်ဖတ်အလား မေ့ထားနိုင်ခဲ့ သော အမေ၏ နောက်တွင်ပင် ကျိုကကိုက ရပ်တည်နေခဲ့ပြန်သည်။

ကိကုဂျိကလည်း ကျိုကကိုအား အထူးအထွေ ဂရုစိုက်မနေတော့ဘဲ ငယ်ငယ်က သူ့အပေါ်ထားရှိခဲ့သော မုန်းတီးရွံရှာမှုများကလည်း တဖြည်း ဖြည်း မှေးမှိန်လာခဲ့ရလေတော့သည်။

ကိကုဂျိကလည်း ယောကျ်ားရှာပုံစံ နေပြခြင်းဖြင့် မိမိတို့၏ မိသားစု အတွက် အကျိုးရှိလေသောကြောင့် သူ့ဝါသနာနှင့် သူ ရပ်တည်ခဲ့ခြင်း ဖြစ်ဟန် တူပါသည်။

ကိကုဂျိတို့အိမ်သို့ လက်ဖက်ရည်ဝိုင်းပြင် ဆရာမအဖြစ် လာရောက် နေရခြင်းကိုကပင် ကျိုကကိုအတွက် မဖြစ်လောက်သော အောင်မြင်မှု ဖြစ်ပေ သည်။

ကျိုကကိုသည် အဖေနှင့် ခဏတာ တွေ့ဆုံဆက်ဆံ ခဲ့ရသည်ကိုပင် အကျေနပ်ကြီး ကျေနပ်ကာ၊ မိမိ၏ မိန်းမအသွင်ကို တစ်ခါတည်း စွန့်ပစ်ခဲ့

လေသည်လားဟု တွေးမိလေသောအခါ၊ ကိုကုဂျီအဖို့ သနားသလိုလို ခံစားလာရလေသည်။

အမေက ကျီကကိုအား ရန်သူသဖွယ် သဘောမထားခဲ့ခြင်းမှာ တစ်ဖက်တွင် ဖူတိုဒါဇနီးနှင့် အဖေတို့၏ ဇာတ်လမ်းကို ထောက်လှမ်းခိုင်းနေရသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ လက်ဖက်ရည်ပွဲ တက်ဖော်တက်ဖက်မိတ်ဆွေဖြစ်သော ဖူတိုဒါစံ သေဆုံးပြီးဖြစ်သည့် နောက်ပိုင်းတွင် လက်ဖက်ရည်ပွဲ တက်ဖော်တက်ဖက်အဖြစ် အဆိုပါ မုဆိုးမ အနီးသို့ အဖေ ချဉ်းကပ်ခဲ့ခြင်း ဖြစ်ပေသည်။

ထိုအကြောင်းကို ချက်ချင်း အသိပေးခဲ့သူမှာ ကျီကကိုပင် ဖြစ်ပါသည်။ ကျီကကိုသည် သေချာပေါက် အမေ့ဘက်မှ ရပ်တည်ခဲ့ပါသည်။ လွန်တောင် လွန်နေသေးသည်ဟု ဆိုရပါမည်။ အဖေ့နောက်မှ နောက်ယောင်ခံ ထောက်လှမ်းမှုမျိုး ရှိသလို ဖူတိုဒါစံ၏ အိမ်သို့ ဝင်၍ သွားရောက်ကာ ပက်ပက်စက်စက် ပြောသည့် အခါမျိုးလည်း ရှိခဲ့သည်။ စင်စစ် သူမ၏ ကိုယ်တွင်း၌ ကိန်းအောင်းနေသော မနာလိုမှုများက မီးတောင်အလား ပေါက်ကွဲ ထွက်လာခဲ့ခြင်းသာ ဖြစ်ပေသည်။

ဘာမဆို လျှို့ဝှက်တတ်သော အဖေသည် ကျီကကို၏ အပိုအဆာ လုပ်ရပ်များအပေါ်တွင် တစ်ဖက်သတ် ယုံကြည်နေခြင်းမှာ သိက္ခာကျဖွယ်ပင် ကောင်းလှပေသည်။ ကျီကကိုသည် ကိကုဂျီ၏ ရှေ့၌ပင် ဖူတိုဒါ၏ ဇနီးအပေါ်တွင် မကောင်းပြောတတ်ပေသည်။ အမေက သူ့စကားကို ယုံသွားသည့် အချိန်၌မူ ကိကုဂျီကိုပါ ပြောထားသင့်သည်ဟု တိုက်တွန်းလာပြန်သည်။

'တလောက ကျွန်မ အဲဒီအိမ်ကိုသွားပြီး ပက်ပက်စက်စက် ပြောခဲ့တုန်းက ကလေးမကလေးတစ်ယောက်က ခိုးနားထောင်နေခဲ့ပုံ ပေါ်တယ် အစ်မရဲ့၊ တစ်ဖက်ခန်းက ငိုသံသဲ့သဲ့ကို ရုတ်တရက် ကြားခဲ့ရတယ်'

'ဟယ် … ကလေးမကလေး ဟုတ်လား'

အမေက မျက်ခုံးကို ပင့်ပြီး မေးလိုက်သည်။

'ဟုတ်တယ် မမ၊ အသက် ၁၂ နှစ်လောက် ရှိပြီလို့ ပြောတာပဲ။ ဖူတိုဒါဖနီးကလည်း အတော်ဆန်းတယ်၊ ကျွန်မက ပေါက်ထုတ်လိုက်မလား လို့ အောက်မေ့တာ၊ သူကတောင် အဲဒီကလေးမကလေးကို ပွေ့ချီပြီး ရင်ခွင် ထဲ ပိုက်ထားပြီး ကလေးနဲ့အတူ ပြိုင်ငိုပြလိုက်သေးတယ်'

'ကလေးမလေး သနားပါတယ်ကွယ်'

'ဒါပေါ့ မမရဲ့၊ သူ့အပြစ်ကို ကလေးအပေါ် ပုံချတဲ့ သဘောမျိုး ပေါ့။ သမီးက အမေ့အကြောင်းကို အကုန်သိနေတယ်လေ။ မျက်နှာဝိုင် ကလေးနဲ့ ချစ်စရာလေးပါ မမရယ်'

ကျိုကကိုက ထိုသို့ပြောရင်း ကိကုဂျိုကို လှမ်းကြည့်လိုက်ကာ-

'ဒီ အိမ်က ကိကုဂျိုစံကိုလည်း သူ့အဖေကို သတိပေးခိုင်းရင် ကောင်းမယ်'ဟု ပြောလာပါသည်။

'သိပ်ပြီးတော့လည်း စိတ်ထဲမှာ အဆိပ်အတောက်ဖြစ်မယ့် စကား တွေကို ပြောမနေပါနဲ့တော့ကွယ်' ဟု အမေက တားပါသည်။

'သြော် ... မမက ရင်ထဲမှာ အဆိပ်အတောက်တွေကို မျိုထားတာပဲ မဟုတ်လား၊ ဒါတွေကို ချက်ချင်းထွေးထုတ်ပစ်တာ ပိုမကောင်းဘူးလား။ ကြည့်စမ်း ... မမကို ကြည့်လိုက်တော့ ပူပင်သောကတွေနဲ့ ပိန်လှီနေတဲ့အချိန် မှာ ဟိုမိန်းမကတော့ တစ်နေ့တခြား ဝလို့လှလို့ မဟုတ်လား။ မမမို့လို့ သည်းခံနေနိုင်တယ်၊ မမရဲ့ ခင်ပွန်းသည်ကို လက်ခံတွေ့ဆုံတဲ့ အခန်းမှာ တောင် ကွယ်လွန်သွားတဲ့ လင်သားရဲ့ဓာတ်ပုံကြီးကို တရိုတသေ ချိတ်ဆွဲ ထားတုန်းပဲတဲ့။ ဒါကို မမရဲ့ ခင်ပွန်းကလည်း ဘာမှ မပြောဘဲနဲ့ ငုံ့ခံနေပုံ ပေါ်တယ်'

ဤရွှေဤမျှ သားပုပ်လေလွင့် အပြောခံခဲ့ရသော အမျိုးသမီးကြီးမှာ အဖေဆုံးပြီးနောက် ကျိုကကို တည်ခင်းဧည့်ခံသော လက်ဖက်ရည်ပွဲသို့ သမီးငယ်ကိုပါ ခေါ်လာခဲ့ပေသေးသည်။

ကိကုဂျီ၏ ရင်ထဲတွင် အေးစက်မာကျောသော ခံစားမှုတစ်ခု ဖြစ်ပေါ်လာတော့သည်။

ကျီကကို ပြောသကဲ့သို့ ယနေ့ ဖိတ်ကြားခြင်း မရှိပါဘဲလျက် လာခဲ့သည်ပဲထား၊ အဖေဆုံးပြီး နောက်ပိုင်းတွင် ကျီကကိုနှင့် ဖူတိုဒါ ဇနီးတို့မှာ အဆက်အသွယ် ရှိခဲ့ဟန်တူသည်ဟု ကိကုဂျီက တွေးမိလိုက်သည်။ သမီးငယ်ကိုပါ ကျီကကို၏ လက်ဖက်ရည်ပွဲ တည်ခင်းမှုပညာကို လေ့လာဖို့ ခေါ်လာခဲ့ခြင်းလည်း ဖြစ်နိုင်ပေသည်။

'ငါ့မောင် သဘောမကျဘူးဆိုရင် ဖူတိုဒါရဲ့ဇနီးကို အလျှင်ပြန်ခိုင်းရမလား'

ကျီကကိုက ကိကုဂျီ၏ မျက်နှာကို ကြည့်ပြီး ဆိုလာသည်။

'ကျွန်တော်က ဘယ်လိုမှ မဖြစ်ပါဘူး၊ တစ်ဖက်သားကသာ အလျင်ပြန်ချင်တယ် ဆိုရင်လည်း သဘောပေါ့'

'အင်း ... ဒီလိုပြတ်သားတဲ့ သားမျိုးကို မွေးရတာ အဖေ အမေတွေအတွက် ဘာမှ စိတ်ပူစရာ မလိုတော့ဘူးပေါ့'

'ဒါပေမဲ့ ဖူတိုဒါရဲ့ ဇနီးက သမီးနဲ့ အတူလာခဲ့တယ် မဟုတ်လား'

ကိကုဂျီသည် အဆိုပါ မုဆိုးမကြီး၏ သမီးကညာအား တစ်ခါမျှ မမြင်တွေ့ခဲ့ဖူးသေးပေ။

ဖူတိုဒါ၏ ဇနီးနှင့်အတူ လက်ဖက်ရည်တစ်ဝိုင်းတည်း ထိုင်သောက်ကာ ကြိုးကြာတစ်ထောင်အထုပ်နှင့် ကောင်မလေးအား တွေ့၍ မကောင်းဟု ကိကုဂျီက တွေးလိုက်မိပေသည်။ ထို့အပြင် ဤနေရာ၌ မုဆိုးမကြီး ဖူတိုဒါ၏ သမီးကို တွေ့ဖို့ရန်မှာ ပို၍ပင် အခံရ ခက်ပေသေးသည်။

သို့ပါသော်လည်း ကိကုဂျီ၏ နားထဲတွင် စူးရှပူလောင်စွာ ဝင်ရောက်နေကြသော ကျီကကို၏ စကားများကို မခံမရပ်နိုင်သည့်အလား–

'ဒါပေမဲ့ ကျွန်တော် ဒီရောက်နေတယ်ဆိုတာ သိနေမှာပေါ့၊ ကျွန်

တော့ဘက်က နှုတ်မဆက်ဘဲ ထွက်သွားလို့ မကောင်းဘူးလေ' ဟု ပြောကာ နေရာမှ ထ ရပ်လိုက်ပါသည်။

ဘုရားစင်ဘက်မှနေ၍ လက်ဖက်ရည်ခန်းထဲသို့ ဝင်သွားပြီးနောက် ကိကုဂျိသည် နီးစပ်ရာ အခင်းတစ်ခုပေါ်တွင် ထိုင်လိုက်သည်။ ကျိကကိုက နောက်မှ လိုက်လာပြီး–

'ဒါ မိစုထာနီစံရဲ့သား ကိကုဂျိလေ' ဟု ထုံးစံအတိုင်း မိတ်ဆက်ပေးလိုက်သည်။ ကိကုဂျိလည်း နောက်တစ်ကြိမ် ပြန်လည်နှုတ်ဆက်ရင်း ခေါင်းကို မော့ကြည့်လိုက်သည့်အခါ အမျိုးသမီးငယ်များကို ထင်ရှားစွာ မြင်လာရပါတော့သည်။ ကိကုဂျိက ခေါင်းကို အနည်းငယ် မော့ရုံသာ မော့သဖြင့် ထိုမိန်းကလေးများ ဝတ်ဆင်ထားသော ကီမိုနိုများ၏ အရောင်အဆင်း၊ အဆင်အသွေးတို့က လွှမ်းနေသောကြောင့်လား မပြောတတ်၊ သူတို့ တစ်ဦးချင်းအား ခွဲခြား၍ မမြင်ခဲ့ပေ။

သတိထားမိသော အချိန်တွင်ကား ကိကုဂျိသည် ဖူတိုဒါ၏ ဇနီးနှင့် မျက်နှာချင်းဆိုင်မိလျက်သား ဖြစ်နေလေတော့သည်။

'သြော် ... သြော်'

ထိုအမျိုးသမီးကြီးက ပြောလိုက်သည်။ အတူထိုင်နေကြသူ အားလုံး ပီပီသသ ကြားလိုက်ရသော ညင်သာချိုလွင်လှသည့် အသံပင် ဖြစ်ပါသည်။

'မတွေ့ရတာတောင် အတော်ကြာသွားပါပကောနော်' ဟု အမျိုးသမီးကြီးက ဆက်ပြောသည်။

ထို့နောက် ဘေးတွင်ထိုင်နေသော သမီးငယ်အား သွက်သွက်နှုတ်ဆက် ပါလားဟူသော သဘောဖြင့် လက်မောင်း အင်္ကျီစကို လှမ်းဆွဲလိုက်သည်။ သမီးငယ်လည်း ရှက်လွန်း၍ မျက်နှာကလေး နီမြန်းသွားပြီး ခေါင်းကလေး ငုံ့ကာ နှုတ်ဆက်ရှာသည်။

ကိကုဂျိ ထင်ထားသည်နှင့် တခြားစီပင် ဖြစ်နေတော့သည်။ အမျိုးသမီးကြီး၏ ရင်ထဲတွင် မိမိအား ရန်လိုစိတ်၊ မုန်းတီးနာကြည်းစိတ် ဟူ၍

မြူမှုန်တစ်မှုန်မျှပင် မတွေ့ရပေ။ ပို၍ပင် ခင်တွယ်စရာ ကောင်းသေးပြန်သည်။ ယခုကဲ့သို့ မမျှော်လင့်ဘဲ ကိကုဂျီအား လာတွေ့လိုက်ရခြင်းအပေါ် အပျော်ကြီး ပျော်သွားသည့် ပုံစံမျိုးပင် ဖြစ်ပေသည်။ လူပုံအလယ်တွင် မိမိသည် မည်သို့သော အနေအထားတွင်ရှိကြောင်း မေ့သွားဟန် တူပါသည်။

သမီးဖြစ်သူကတော့ တုတ်တုတ်မျှမလှုပ်အောင် ငုံ့နေရှာပါသည်။

ထိုအချက်ကို သတိရသွား၍လား မပြောတတ်။ အမျိုးသမီးကြီးမှာ မျက်နှာ နီမြန်းလာသော်လည်း ကိကုဂျီအား ရွှန်းလဲ့သော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်ပြီး–

'လက်ဖက်ရည်ပွဲ လာပြီး လေ့လာတာပဲလား'

'မဟုတ်ပါဘူး၊ ကျွန်တော့်ကိစ္စက တခြားပါ'

'ဟုတ်လား၊ ဒါပေမဲ့ အဖေ့သွေး ပါနေတော့ လက်ဖက်ရည်ပွဲလဲ...'

အမျိုးသမီးကြီးမှာ ရင်ထဲ၌ ပြောစရာစကားတွေ အပြည့်ဖြစ်လာသည့်အလား မျက်ဝန်းများက ရွှန်းလဲ့တောက်ပ လာတော့သည်။

ကိကုဂျီသည် အဖေ့အသုဘ အခမ်းအနားပြီးသည့် နောက်ပိုင်းတွင် ဖူတိုဒါ၏ မုဆိုးမဖြစ်သူ ဤအမျိုးသမီးကြီးအား မတွေ့ခဲ့ရပေ။

ထိုလေးနှစ်တာကနှင့် ယခုပုံစံမှာ တစ်စက်ကလေးမျှ ပြောင်းလဲမသွားခဲ့ပေ။ ဖြူဝင်းသော အသားအရေ၊ သွယ်ပျောင်းသော လည်တံ၊ ဝန်းဝိုင်းလှသော ပခုံးတို့ဖြင့် တကယ့်မိန်းမပျိုကလေး၏ ခန္ဓာကိုယ်မျိုးအား ပိုင်ဆိုင်ထားဆဲပင် ဖြစ်ပါသည်။ မျက်လုံးကြီးများ ဝိုင်းစက်ကြီးမားသလောက် နှာတံနှင့် ပါးစပ်တို့က သေးသွယ်လှပေသည်။ နှာတံသွယ်သွယ်အောက်ရှိ သေးငယ်လှသော နှုတ်ခမ်းလွှာအစုံတို့က အမြဲတမ်း ပြုံးပြနေသယောင် ထင်ရလေသည်။ သမီးငယ်၏ သွယ်ပျောင်းသော လည်တံနှင့် ဝိုင်းစက်သော ပခုံးတို့က အမေ့ထံမှ အမွေရထားကြသော်လည်း ပါးစပ်မှာမူ အမေ့ထက်ကြီးပြီး စေ့နေအောင် ပိတ်ထားလေသည်။ အမေ့ထက် သမီးက ပါးစပ်ကြီးသည်မှာ ထူးဆန်းနေပေသည်။ အမေ့ထက်ပင် မျက်လုံးများမှာ

နက်မှောင်နေကြပြီး ဆွေးမြည့်သည် အရိပ်လက္ခဏာများက လွှမ်းမိုးနေကြပြန်လေသည်။

ကျိုကကိုသည် မီးလင်းဖိုထဲမှ ရဲရဲနီသော မီးသွေးများကို ငေးစိုက်ကြည့်နေရင်း–

'အိနမူရစံ ... တစ်ဆိတ်လောက် မိစုထာနိစံအတွက် လက်ဖက်ရည်ပွဲ ပြင်ပေးပါလားကွယ်'

'ဟုတ်ကဲ့'

ကြိုးကြာတစ်ထောင် အထုပ်ပိုင်ရှင် မိန်းကလေးက ထရပ်လိုက်ပါသည်။ ဤမိန်းကလေးမှာ ဖူတိုဒါ အမျိုးသမီးကြီးဘေးတွင် ထိုင်နေသည်ကို နဂိုကပင် ကိကုဂျိက သတိထားမိခဲ့ပါသည်။ သို့ပါသော်လည်း ဖူတိုဒါတို့သားအမိကို ကြည့်ပြီးသည့် နောက်ပိုင်းတွင် ဤအမျိုးသမီးကိုပါ ဆက်ကြည့်ရန်ကိုမူ တမင် ရှောင်ရှားနေခဲ့ပေသည်။

ကျိုကကိုသည် အိနမုရစံ လက်ဖက်ရည်ပွဲ ဧည့်ခံပုံကို ကိကုဂျိအား တမင် ပြလိုပုံ ရလေသည်။ ထိုအမျိုးသမီးငယ်သည် ရေနွေးကရားကို ရှေ့တွင်ချလျက် 'လက်ဖက်ရည်ပန်းကန်ကကော' ဟု ကျိုကကိုအား မေးလိုက်လေသည်။

'ဟုတ်သားပဲ၊ အိုရီဘဲ ပန်းကန်ဆိုရင် ကောင်းမလားပဲ

ကျိုကကိုက ပြန်ပြောသည်။

'မိစုထာနိစံရဲ့ အမေ အတော်မြတ်နိုးခဲ့တဲ့ ပန်းကန်လေးလေ၊ သူ့ဆီက မမ လက်ဆောင်ရခဲ့တာ'

ထိုမိန်းကလေး၏ ရှေ့တွင် ချထားသော လက်ဖက်ရည်ပန်းကန်ကလေးကို ကိကုဂျိက ကောင်းစွာ မှတ်မိနေလေသည်။ အဖေ အမြတ်တနိုးသုံးခဲ့သော ပန်းကန်ကလေး ဖြစ်သော်လည်း၊ ထိုပန်းကန်ကလေးမှာ ဖူတိုဒါ အမျိုးသမီးကြီးထံမှ ရရှိခဲ့ခြင်းပင် ဖြစ်ပေသည်။

မုဆိုးမတစ်ယောက်အတွက် အမြတ်တနိုး တန်ဖိုးထားခဲ့ရသော

အမွှေပစ္စည်းကလေး တစ်ခုသည် ကိုကုဂျီ၏ ဖခင်မှတစ်ဆင့် ကျိုကကိုဆီသို့ တစ်ဆင့်ပြောင်းကာ၊ ယခုအချိန် မိမိရှေ့မှောက်တွင် ရောက်လာသည်ကို မည်ကဲ့သို့ အောင့်အည်း ကြည့်ရှုနေခဲ့ပါသနည်း။

ကိုကုဂျီသည် ကျိုကကို၏ အကင်းမပါးမှု အပေါ်တွင် ထိတ်လန့်သွားမိလေသည်။ အကင်းမပါးမှုဟု ဆိုလျှင်မူ ထိုအမျိုးသမီးကြီးလည်း ပါနေပေလိမ့်မည်။

အလယ်အလတ် အရွယ်ကို ကျော်လွန်ခဲ့ကြပြီ ဖြစ်သော မိန်းမနှစ်ယောက်၏ ရှေ့တွင် သွက်လက်ချက်ချာစွာ တည်ခင်းဧည့်ခံနေသည့် မိန်းကလေးမှာ အလွန်လှပနေသည်ဟု ကိုကုဂျီက ခံစားမိလိုက်လေသည်။

[၃]

ကြိုးကြာတစ်ထောင် မိန်းကလေးသည် မိမိအား ကျိုကကိုက ကိုကုဂျီအား ခေါ်ပြနေသည်ကို စိုးစဉ်းမျှ သတိထားမိပုံ မရခဲ့ချေ။ လက်ဖက်ရည်ပွဲကို သွက်လက်ချက်ချာစွာ ပြင်ဆင်ပြီးနောက် ကိုကုဂျီ ရှေ့မှောက်သို့ သယ်ချလာခဲ့လေသည်။

ကိုကုဂျီသည် လက်ဖက်ရည် တစ်ကျိုက်သောက်လိုက်ပြီးနောက် ပန်းကန်လေးအား ငေးစိုက် ကြည့်ရှုနေလေသည်။ အနက်ရောင်ခွက်ကလေးပင် ဖြစ်သော်လည်း ရှေ့ပိုင်း အဖြူသားပေါ်တွင် ထင်းရှူးစက် ပုံစံကလေးများ ရေးဆွဲထားသည်။

'မှတ်မိတယ် မဟုတ်လားကွယ့်'

တစ်ဖက်ဆီမှ ကျိုကကိုက မေးလာသည်။

'အင်း'

ကိုကုဂျီက စိတ်မပါတပါ ဖြေလိုက်ရင်း ပန်းကန်ကလေးကို ချလိုက်သည်။

'အဲဒီ ထင်းရှူးစက်ကလေးကို ရေးဆွဲထားပုံက ဓာတိမြေကို အမြဲ

အောက်မေ့နေမိသလိုပဲ။ နွေဦးပေါက်လာပြီဆိုရင် လက်ဖက်ခြောက်ကောင်းကောင်းနဲ့ ကိကုဂျိရဲ့ အဖေက ဒီပန်းကန်ကို တမြတ်တနိုး သုံးခဲ့တာလေ။ အင်း ... အခုမှ ဒီပန်းကန်ကလေးကို ကိကုဂျိကို လက်ဆောင်အဖြစ် ပြန်ပေးရတာ နောက်ကျနေမလားဘဲ'

'ရပ့ါတယ်၊ ဒီပန်းကန်ကို အဖေက ကြာကြာသုံးလိုက်ရတာမှ မဟုတ်ဘဲ၊ ကိစ္စမရှိပါဘူး။ အင်း ... ဒါပေမဲ့ ဒါက မော်မော်ရာမ ခေတ်ကတည်းက နာမည်ကျော်ကြားခဲ့တဲ့ ရီကျူး စဉ့်ပန်းကန် မဟုတ်လား။ လူ ရာပေါင်း အတော်များများက ဒီပန်းကန်ကလေးကို သုံးခဲ့ကြပြီးပြီပဲ၊ အဖေ တစ်ယောက်တည်းအတွက်က ဘာမှ မဟုတ်ပါဘူး'

ကိကုဂျိက ထိုသို့ပြောလိုက်ပြီး ပန်းကန်ကလေး၏ ဇာတ်ကြောင်းကို မေ့ထားလိုက်လိုပုံ ရလေသည်။

ဖူတိုဒါစံမှ သူ့ဇနီး၊ သူ့ဇနီးမှ ကိကုဂျိ၏ ဖခင်၊ ကိကုဂျိ၏ ဖခင်မှ ကျိကကို၊ လက်အဆင့်ဆင့် ပြောင်းခဲ့သော ပန်းကန်ကလေး၏ ရှေ့မှောက်တွင် ယောကျ်ားသားနှစ်ယောက်မှာ မရှိကြတော့။ မိန်းမနှစ်ယောက်သာ အသက်ရှင် ကျန်ရစ်ခဲ့ကြလေတော့သည်။ ဤမျှ ထူးဆန်းလှသော ပန်းကန်ကလေးပင် ဖြစ်ပါသည်။

ဤဟောင်းနွမ်းလှသော ပန်းကန်ကလေးအား ယခုအချိန်အထိ ဖူတိုဒါ၏ အမျိုးသမီးကော၊ သမီးငယ်ကော၊ ကျိကကိုကော၊ အိနမုရသမီးကော၊ အခြားမိန်းကလေးများစွာပါ အကြိမ်ကြိမ်အခါခါ နှုတ်ခမ်းနှင့် တေ့ခဲ့ကြဖူးသလို လက်နှင့်လည်း စမ်းခဲ့ကြဖူးပေလိမ့်မည်။

'အဲဒီပန်းကန်ကလေးနဲ့ ကျွန်မလည်း တစ်ခွက်လောက် သောက်ချင်လိုက်တာ၊ စောစောက တခြားပန်းကန်နဲ့ဆိုတော့...'

ဖူတိုဒါ အမျိုးသမီးကြီးက ရှေ့သို့တိုး၍ ပြောလာသည်။ ကိကုဂျိ ထပ်ပြီး အံ့အားသင့်ရပြန်သည်။ ထိုခွက်ကလေးအား ဂုဏ်ပြုချင်၍လား၊ အရှက်တရား ကင်းမဲ့၍လား မပြောတတ်တော့ပေ။

အောက်သို့ ငုံ့ကြည့်နေသော သမီးငယ်ကို ကြည့်၍ ကိုကုဂျီ စိတ်မကောင်း ဖြစ်ရလေသည်။ မိန်းကလေးက နောက်ထပ် လက်ဖက်ရည်တစ်ခွက်ကို ပြင်ပေးလာရှာသည်။ အားလုံးက ဝိုင်းကြည့်နေကြသော်လည်း ကြိုးကြာတစ်ထောင် ကလေးမမှာ ထိုအမည်းရောင် ပန်းကန်ကလေး၏ လွှမ်းမောဖွယ် ဓာတ်လမ်းကို လုံးဝ မသိရှာပေ။ မိမိ လေ့လာထားသည့်အတိုင်း ပုံမှန်လှုပ်ရှားကာ ပြင်ဆင်နေခဲ့ပေသည်။

အပြစ်ဆိုစရာ မရှိလောက်အောင် ကျင်လည်စွာ တည်ခင်းသွားနိုင်ခဲ့ပါသည်။ ရင်မှ ဒူးအထိ ခန္ဓာကိုယ် လှုပ်ရှားဟန်ကလေးမှာ မှန်ကန်လှသောကြောင့် အတော့်ကို သိမ်မွေ့လှပေသည်။

ထိုမိန်းကလေး၏ နောက်တွင်ရှိသော စက္ကူလျှောတံခါးပေါ်၌ ရွက်နုကလေးများ၏ အရိပ်များက ဟိုတစ်ကွက် သည်တစ်ကွက် ထိုးကျနေကြပြီး၊ ရောင်ခြည်နုထွေးကလေးများက ထိုမိန်းကလေး၏ ပခုံးနှင့် ကုပ်ပိုးထက်ဆီသို့ ညင်သာစွာ ထိုးဆင်းနေကြပေသည်။ ဆံစကလေးများပင်လျှင် ရွှေရောင်တဖျပ်ဖျပ် လင်းလက်၍ နေကြပေသည်။

လက်ဖက်ရည်ခန်းတစ်ခု အနေနှင့် လင်းလွန်းအားကြီးနေပါသည်။ ထိုအလင်းက မိန်းကလေး၏ ငယ်ရွယ်နုနယ်မှုအား ပို၍ တောက်ပနေစေသည်။ သူကလေး၏ လက်တွင် ကိုင်ထားသော အနီရောင် ပိတ်စကလေးသည်ပင်လျှင် သစ်လွင်လျက်ရှိကာ၊ မိန်းကလေး၏ လက်ပေါ်မှာ ငွားငွားစွင့်စွင့် ပွင့်လာသော ပန်းနီလေးတစ်ပွင့်သဖွယ် မြင်နေရသည်။

မိန်းကလေး၏ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ဖြူဖြူသေးသေး ကြိုးကြာငှက်ကလေး တစ်ထောင်က ထ ၍ က နေသကဲ့သို့ အောက်မေ့ရသည်။

ဖူတိုဒါ မုဆိုးမကြီးက လက်ဖက်ရည်ပန်းကန်ကလေးကို လက်ဝါးပေါ်တွင် ကိုင်ကြည့်ရင်း–

'ဟောဒီ အမည်းရောင်ပန်းကန်ထဲက စိမ်းနုရောင် လက်ဖက်ရည်ကလေးတွေဟာ နွေဦးမှာ ရွက်သစ်တွေဝေနေတဲ့ တောတန်းကလေးလို ခံစား

ရပါတယ်' ဟု ချီးကျူးထောမနာ ပြုနေသော်လည်း၊ ထိုပန်းကန်ကလေးမှာ မိမိပိုင် ပစ္စည်းဖြစ်ကြောင်း စိုးစဉ်းမျှ မ ဟ သွားချေ။

ထို့နောက် ထုံးစံအတိုင်း လက်ဖက်ရည်ပန်းကန်နှင့် အခြားပစ္စည်းအားလုံးကို တစ်လှည့်စီ ကိုင်ကြည့်နေသည်။ မိန်းကလေးများမှာ လက်ဖက်ရည်ပွဲမှ ပစ္စည်းများအကြောင်းကို သိထားခြင်း မရှိကြသောကြောင့် များသောအားဖြင့် ကျီကကိုက လိုက်လံရှင်းပြနေသည်။ ရေတကောင်းခွက်နှင့် လက်ခပ် ယောက်ချိုဖွန်းတို့ပါ ကိကုဂျိ၏ ဖခင်ကြီးပိုင်သော ပစ္စည်းဖြစ်သော်လည်း ကိကုဂျိကကော၊ ကျီကကိုတို့ကပါ တစ်ခွန်းမျှ မဟကြပေ။

မိန်းကလေးများ ထပြန်သွားသော အချိန်တွင် ကိကုဂျိ ထိုင်နေသောနေရာသို့ ဖူတိုဒါ အမျိုးသမီးကြီးက ကပ်၍ လာလေသည်။

'မမကို ခွင့်လွှတ်ပါကွယ်၊ စိတ်ဆိုးသွားမလားတော့ မပြောတတ်ဘူး၊ ငါ့မောင်ကို မြင်မြင်ချင်း မမရင်ထဲမှာ ခင်မင်ချင်တဲ့စိတ်တွေ ဖြစ်လာမိတယ်'

'ဩော် ... ဩော်'

'အတော့်ကို ထွားလာတာကိုးကွယ့်'

အမျိုးသမီးကြီး၏ မျက်လုံးအိမ်တွင် မျက်ရည်ဥကြီးများ အိုင်ထွန်းလာတော့သည်။

'ဟွန်း... နေကောင်းတယ်နော်၊ ငါ့မောင် ဖေဖေ ဆုံးတုန်းက အသုဘပို့ လိုက်ချင်လျက်နဲ့ မလိုက်ဖြစ်ခဲ့ဘူးကွယ်'

ကိကုဂျိ၏ မျက်နှာ သုန်မှုန်သွားလေသည်။

'အင်း ... ဖေဖေဆုံးပြီးလို့ မကြာခင်မှာ ငါ့မောင်ရဲ့မေမေလည်း ဆုံးခဲ့တယ်နော်၊ စိတ်မကောင်းပါဘူးကွယ်'

'ဟုတ်ကဲ့'

'ငါ့မောင် မပြန်သေးဘူးလားကွယ့်'

'ဟုတ်ကဲ့၊ ခဏလောက် နေဦးမလားလို့'

'တစ်ချိန်ချိန်မှာ ငါ့မောင်နဲ့တွေ့ပြီး စကားတွေ အများကြီး ပြောချင်လိုက်တာကွယ်'

ထိုစဉ် ဘေးချင်းကပ်လျက် အခန်းဆီမှ ကျီကကိုက လှမ်းခေါ်လိုက်သည်။

'ကိကုဂျီစံ'

ဖူတိုဒါ အမျိုးသမီးကြီးက ဝမ်းနည်းပက်လက်ဖြစ်ကာ ထ ရပ်လိုက်သည်။ သမီးတော်ကမူ ဥယျာဉ်ထဲမှ စောင့်နေလေသည်။

သားအမိနှစ်ယောက်စလုံး ကိကုဂျီကို ဦးညွှတ်နှုတ်ဆက်ပြီးနောက်ပြန်သွားကြလေသည်။ သမီးဖြစ်သူ၏ မျက်လုံးများသည်လည်း ကိကုဂျီအားတစ်စုံတစ်ခု ပြောပြချင်နေဘိသကဲ့သို့ ရှိနေလေသည်။

တစ်ဖက်ခန်း၌မူ ကျီကကိုသည် တပည့်မကလေး နှစ်ယောက်၊ သုံးယောက်နှင့်အတူ ပစ္စည်းများကို ရှင်းလင်းသိမ်းဆည်းလျက် ရှိနေပေသည်။

'ဖူတိုဒါရဲ့ မိန်းမက ဘာတွေများ ပြောသွားလဲကွယ့်'

'ဘာမှ ထွေထွေထူးထူး ပြောမသွားပါဘူး'

'အဲဒီမိန်းမကို ကျပ်ကျပ်သတိထားနော်၊ လူကြည့်တော့ သနားကမားချွဲတိချွဲပတ်နဲ့၊ စိတ်ထဲမှာ အတွင်းကောက် ကြံနေတတ်တယ်'

'ဒါပေမဲ့ ခင်ဗျားရဲ့ လက်ဖက်ရည်ပွဲကိုတော့ မကြာခဏ လာနေတဲ့ပုံပဲ၊ ဘယ်အချိန်လောက်ကတည်းက စပြီး လာတာလဲ'

ကိကုဂျီက ခနဲ့သလိုလိုနှင့် မေးလိုက်သည်။ ထို့နောက် စိတ်ပြေလက်ပျောက် အိမ်ရှေ့ ဆင်ဝင်ဘက်သို့ ထွက်လာသည်။ ကျီကကိုက နောက်မှလိုက်လာသည်။

'ဘယ်နှယ့်လဲကွယ့်၊ ကလေးမလေးက မချောဘူးလား'

'ချောပါတယ်ဗျာ။ ဒါပေမဲ့ ခင်ဗျားရယ်၊ ဖူတိုဒါစံရယ်၊ ဟိုဟိုဒီဒီအနားမှာ လှည့်ပတ်သွားလာနေဦးမယ့် အဖေ့ဝိညာဉ်ရယ် မရှိတဲ့နေရာမှာတွေ့ခဲ့ရရင် ပိုကောင်းမှာ'

'အဲဒီလိုလည်း လွယ်လွယ်မပြောနဲ့လေကွယ်၊ အဲဒီမိန်းကလေးနဲ့ ဖူတိုဒါစံတို့က ဘာမှ မပတ်သက်ပါဘူး'

'ကျွန်တော်က မိန်းကလေးအတွက် စိတ်မကောင်း ဖြစ်ရရုံ သက်သက်ပါ'

'ဘာဖြစ်လို့ စိတ်မကောင်းဖြစ်ရမှာလဲ၊ ဖူတိုဒါ အမျိုးသမီး ရောက်လာလို့ စိတ်အနှောင့်အယှက် ဖြစ်ရတယ်ဆိုရင် မမ တောင်းပန်ပါတယ်။ ဒီကနေ့ အမှန်တကယ်ပဲ သူ့ကို မဖိတ်ခဲ့ပါဘူး၊ ဒါကြောင့်မို့ အိနမုရသမီး ကလေး ကိစ္စနဲ့ တခြားစီလို့ အောက်မေ့ပါတယ်ကွယ်'

'ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးဗျာ'

ကိကုဂျီက ထ ရပ်လိုက်သည်။ သည်အတိုင်း စကားဆက်ပြောနေလျှင်တော့ ကျိကကိုသည် တော်တော်နှင့် အနားမှ ခွာသွားပုံ မရချေ။

ကိကုဂျီ တစ်ယောက်တည်း ထွက်လာချိန်တွင် တောင်ခြေရင်း၌ သစ်ပင်ချုံပင်တို့တွင် ပုရစ်ဖူးကလေးများ ဝေစီနေသည်ကို တွေ့လိုက်ရသည်။ အသက်ကို တဝကြီး ရှူပစ်လိုက်သည်။

ကျိကကို၏ စာကို ယုံစားပြီး လာခဲ့မိသော မိမိကိုယ်ကို အပြစ်တင်နေမိသော်လည်း၊ ကိကုဂျီ၏ မျက်စိထဲတွင်မူ ကြိုးကြာတစ်ထောင် မိန်းကလေး၏ အရိပ်သဏ္ဌာန်သည် ယခုထက်တိုင် စွဲထင်လျက် ရှိနေပေသေးသည်။

တစ်နေ့ရာတည်းတွင် အဖေ၏ အငယ်အနှောင်း မိန်းမနှစ်ယောက် စလုံးကို တွေ့ခဲ့ရသည့်တိုင် စိတ်ထဲတွင် ထင်သလောက် နောက်ကျိမသွားခဲ့ ခြင်းမှာ ထိုမိန်းကလေး၏ ကျေးဇူးကြောင့်ဟုပင် ဆိုရပေမည်။

သို့ပါသော်လည်း အဖေသေပြီးနောက် အငယ်အနှောင်းဖြစ်သူ မိန်းမနှစ်ယောက်က အဖေ့အကြောင်းကို ပြောနေကြစဉ် မိမိ၏ အမေမှာ ကွယ်လွန်သွားပြီဟု တွေးမိသောအခါ ဒေါသပွလာမိပြန်သည်။ ထို့အပြင် ကျိကကို၏ ရင်သားပေါ်က အကျည်းတန်လှသော အမည်းရောင်အမှတ်ကြီးကို မြင်ယောင်လာမိပြန်လေသည်။

ညနေစောင်း လေပြည်ကလေးက ရွက်နုကလေးများကြား တိုးဝှေ့တိုက်ခတ်နေသည့်တိုင် ကိုကုဂျီသည် ဦးထုပ်ကိုချွတ်ကာ ဖြည်းဖြည်းချင်း လျှောက်လှမ်းလျက် ရှိသည်။

ဘုရားကျောင်း ဂိတ်တံခါးဝ၏ အရိပ်တွင် ဖူတိုဒါအမျိုးသမီးကြီး ရပ်နေသည်ကို အဝေးမှ မြင်နေရလေသည်။

ရုတ်တရက် ကိုကုဂျီသည် ရှောင်ကွင်းသွားရန်အတွက် ဘေးပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်ရှုမိသေးသည်။ ဘယ်ညာ တစ်ဖက်တစ်ချက်စီတွင် ရှိသော တောင်ကုန်းများပေါ်သို့ တက်သွားမည် ဆိုပါက ဂိတ်တံခါးဝကို မဖြတ်ဘဲ အပြင်သို့ ထွက်နိုင်ပေသည်။

သို့ပါသော်လည်း ကိုကုဂျီက ဘုရားကျောင်း တံခါးဝသို့ တမင် ဦးတည်၍ သွားလိုက်သည်။ မိမိ၏ပါးပြင်များ အနည်းငယ် တင်းမာလာကြသယောင် ခံစားလိုက်ရသည်။

မုဆိုးမကြီးက ကိုကုဂျီကို မြင်လိုက်သည်နှင့် နောက်ပြန်လှည့်လာလေသည်။ မျက်နှာတစ်ခုလုံး နီမြန်းလျက် ရှိသည်။

'နောက်တစ်ခါ ထပ်တွေ့ချင်သေးတာနဲ့ ဒီနေရာက စောင့်နေမိတာပါကွယ်။ ငါ့မောင်အနေနဲ့ အရှက်မရှိတဲ့ မိန်းမလို့ ဆိုချင်လည်း ဆိုပါတော့ကွယ်။ ဒီအတိုင်း ခွဲသွားလို့ နောက်တစ်ကြိမ် မိဖို့ဆိုတာက ဘယ်လောက်ကြာမှန်းမှ မသိတာ'

'ဒါဆို အစ်မကြီးရဲ့ သမီးက ဘယ်လိုလဲ'

'ဖူမိကိုလား... သူ ပြန်နှင့်ပါပြီကွယ်၊ သူ့သူငယ်ချင်းနဲ့ အတူတူ ပြန်သွားတာပါ'

'အစ်မကြီးရဲ့သမီးက သူ့အမေ ကျွန်တော်နဲ့ တွေ့လိမ့်မယ်ဆိုတာကို သိသွားတယ် ဆိုပါတော့'

ကိုကုဂျီက မေးလိုက်သည်။

'အင်း ... သိပါတယ်'

'ဒါဆို အစ်မကြီးရဲ့ သမီးက ကျွန်တော့်ကို ပိုပြီး မုန်းသွားတော့မှာပေါ့။ စောစောကတည်းက ကျွန်တော်နဲ့ စကားမပြောချင်တဲ့ ပုံစံမျိုး ပြနေတာ၊ စိတ်မကောင်းစရာပါပဲဗျာ'

ပွင့်ပွင့်လင်းလင်း အဓိပ္ပာယ်ပေါက်နိုင်သည့် အတိုင်းအတာအထိ ပြောချလိုက်သော်လည်း အမျိုးသမီးကြီးက ညင်သာစွာပင် ပြန်ပြောသည်။

'ငါ့မောင်နဲ့တွေ့ဖို့ ရင်လေးနေလို့ နေမှာပါကွယ်'

'ကျွန်တော့်အဖေက သူကလေးကို ဒုက္ခပေးလို့လားဟင်'

အမှန်တော့ ကိကုဂျိသည် ဖူတိုဒါ အမျိုးသမီးကြီးကြောင့် မိမိတို့၏ဘဝတွင် ဒုက္ခလှလှကြီး ရောက်ခဲ့ရကြောင်း ပြောချင်နေပေသည်။

'အဲဒီလိုလည်း မဟုတ်ရပါဘူးကွယ်၊ ငါ့မောင်ရဲ့အဖေက သမီးလေးကို သိပ်ချစ်ရှာပါတယ်။ အဲဒီအကြောင်းတွေကို နောင်များမှ ဖြည်းဖြည်းပြောပြပါမယ်။ ငါ့မောင်ရဲ့အဖေက စတွေ့ကတည်းက သမီးအပေါ်မှာ ချစ်ပေမဲ့ တော်တော်နဲ့ အကပ်မခံခဲ့ဘူးကွယ့်။ ဒါပေမဲ့ စစ်အတွင်း လေယာဉ်ပျံတွေနဲ့ ဗုံးချခံရပြီးတဲ့နောက်မှာ သမီးဟာ ဘယ်လိုဖြစ်တယ် မသိဘူး၊ အပြောင်းကြီး ပြောင်းလဲလာတော့တယ်။ ငါ့မောင်ရဲ့ အဖေကိုလည်း အဖေအရင်းလို ခင်တွယ်လာပြီး အဖေစားဖို့ ဟင်းလျာတွေ ထွက်ဝယ်ပေးတယ်၊ ဗုံးသံတွေ ကြားထဲကတောင် အဝေးက ဆန်တွေကို သယ်လာပေးတယ်။ ဒါတွေကို တွေ့ရတော့ မမတောင် သမီးအပေါ်မှာ မနာလိုတဲ့ စိတ်တွေဖြစ်လာမိတယ်'

ကိကုဂျိသည် မိမိကော အမေဖြစ်သူပါ ဖူတိုဒါ၏သမီးကို ကျေးဇူးတင်ရမလိုလို ခံစားလာရပေတော့သည်။ တစ်ခါတစ်ရံ အဖေသည် ထူးဆန်းလှသော လက်ဆောင်များကို ယူလာတတ်သည်မှာ ဤသမီးတော်က ဝယ်ပေးလိုက်သည့် လက်ဆောင်များပင် ဖြစ်ပေလိမ့်မည်။

'အဲဒီလို ဘာဖြစ်လို့ ရုတ်တရက် ပြောင်းလဲသွားရတယ် ဆိုတာကို မမလည်း နားမလည်နိုင်တော့ဘူး။ စစ်အတွင်းဆိုတော့ နေ့တိုင်းနေ့တိုင်း

ငါ ဘယ်နေ့သေမလဲလို့ တွေးပြီး စိုးရိမ်နေရလို့လား မသိပါဘူး။ တကယ်တော့ မမပဲ သနားစရာ ကောင်းနေတော့တာပေါ့။ တစ်သက်လုံး ပြုစုလာတဲ့ အမေကို မခင်တွယ်ဘဲ ငါ့မောင်ရဲ့ အဖေကိုမှ သွားပြီး ခင်တွယ်ရတယ်လို့ ကွယ်'

စစ်ရှုံးကာလအတွင်း ကိကုဂျိ၏ အဖေနှင့် အချစ်ကြီး ချစ်နေကြသော မိခင်၏အဖြစ်ကို သမီးက ထင်ထင်ရှားရှား မြင်ခဲ့ပေလိမ့်မည်။ နေ့စဉ်နှင့်အမျှ ဆိုးဝါးလာသော အခြေအနေကြောင့် သမီးတော်သည် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သော ဖခင်အရင်းကို မေ့ပျောက်ကာ၊ မိခင်ဖြစ်သူ၏ လက်ရှိအခြေအနေကို နားလည်ပေးခဲ့သည်လည်း ဖြစ်နိုင်ပေသည်။

'စောစောပိုင်းက ဖူမိကိုရဲ့လက်မှာ ဝတ်ထားတဲ့ လက်စွပ်ကလေးကို သတိထားမိလား'

'ဟင့်အင်း'

'အဲဒါ ငါ့မောင်အဖေဆီက ရတာပေါ့ကွယ်။ ငါ့မောင်အဖေက မမတို့နဲ့ ခဏတစ်ဖြုတ် လာနေတယ် ဆိုပေမဲ့ ဗုံးကြိုလေယာဉ် အချက်ပေးသံတွေ ကြားတဲ့အခါ အိမ်ကို ပြန်တာပေါ့။ အဲဒီအခါမျိုးမှာ ဖူမိကိုက သူ လိုက်ပို့မယ် ဆိုပြီး အတင်း ပူဆာတော့တာပဲ။ မမက အပြန်ကျရင် တစ်ယောက်တည်း နေမှာပေါ့လို့ ပြောလည်း မရဘူးကွယ့်။ တစ်နေ့တော့ ငါ့မောင် အဖေကို လိုက်ပို့ရင်း ပြန်မလာလို့ စိတ်ပူရတာပေါ့ကွယ်။ ငါ့မောင်တို့ အိမ်မှာ ညအိပ်တည်းခွင့် ရရင် တော်သေးတာပေါ့၊ ဒါမှမဟုတ်ရင် ဘယ်နေရာမှာများ ဗုံးစာမိပြီးသေနေမလဲလို့ ပူလိုက်ရတာကွယ်။ နံနက်လင်းလို့ တစ်ယောက်တည်း ပြန်လာတာတွေ့လို့ မေးကြည့်တော့ ငါ့မောင်တို့ အိမ်တံခါးဝအထိ လိုက်ပို့ပြီး အပြန်မှာ လမ်းမှာရှိတဲ့ ဗုံးခိုကျင်းတစ်ခုထဲ ဝင်ပြီး နံနက်လင်းအောင် စောင့်နေခဲ့သတဲ့။ တလောက သမီး ဦးကို လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်ကွယ်လို့ ပြောပြီး အဲဒီ လက်စွပ်ကလေးကို ပေးခဲ့တာပါပဲ။ ဒီလက်စွပ်ကို ငါ့မောင် မြင်သွားမှာ ရှက်လို့နဲ့ တူပါရဲ့ကွယ်'

ကိကုဂျိသည် ထိုစကားများကို နားထောင်ရင်း မုန်းတီးစိတ်များ ခံစားလာရလေသည်။ ဤကဲ့သို့ ပြောလိုက်ခြင်းဖြင့် မိမိက သနားလာလိမ့်မည် ဟူ၍များ ဤအမျိုးသမီးကြီး မျှော်လင့်နေမည်လား မပြောတတ်ပေ။ စင်စစ် အပိုစကားများသာ ဖြစ်ပေသည်။ သို့သော်လည်း ထိုအမျိုးသမီးကြီးအား ရုတ်တရက် စက်ဆုပ်ရွံရှာသွားခြင်း၊ သတိကြီးစွာ ထားလာမိခြင်း ဟူသည့် ခံစားချက်မျိုးကတော့ ဖြစ်မလာပေ။ ထိုအမျိုးသမီးကြီးတွင် ယုံကြည်စိတ်ချနိုင်သော အရာတစ်ခုခုက ရှိနေသကဲ့သို့ပင်။

သမီးဖြစ်သူက ဤကဲ့သို့ သူ အပင်ပန်းခံပြီး လုပ်ပေးခဲ့ခြင်းမှာ အမေ၏ အဖြစ်ကို မကြည့်ရက်သောကြောင့်လည်း ဖြစ်နိုင်ပေသည်။

အမျိုးသမီးကြီးက သမီးအကြောင်းကို ပြောသလိုလိုနှင့် မိမိ၏အချစ်ကို ဖွင့်ဟနေခြင်းဖြစ်ကြောင်း ကိကုဂျိက အကဲခတ်မိလေသည်။

အမျိုးသမီးကြီးသည် မိမိ၏ရင်ထဲ၌ အပြည့်ခံစားနေရသော ချစ်စကားများကို နားထောင်ပေးမည့်သူအဖြစ် ကိကုဂျိအား သဘောထားနေခြင်း ဖြစ်သည်။ ကိကုဂျိ၏ အဖေနှင့် ကိကုဂျိတို့ ကွာခြားချက်ကို သတိမထားမိဘဲ သူ့အဖေ အမှတ်နှင့် ခံစားပြနေခြင်းသာ ဖြစ်ပေသည်။

ယခင်အခါက ကိကုဂျိက မိမိ၏ အမေနှင့်အတူ ဖုတိုဒါ အမျိုးသမီးကြီး အပေါ် ထားရှိခဲ့သော ရန်လိုစိတ်များသည် လွှင့်ပါး ပျောက်ကွယ်ကုန်သည့် အဆင့်သို့ မရောက်သေးသည့်တိုင် အနည်းအကျဉ်း လျော့ရဲရဲ ဖြစ်ချင်လာခဲ့ပေသည်။ သတိကြီးစွာ မထားဘဲ အမှတ်တမဲ့ နားထောင်နေလိုက်ပါက ဤအမျိုးသမီးကြီး အချစ်ခံခဲ့ရသော အဖေကဲ့သို့ပင် မိမိလည်း အမျိုးသမီးကြီး အိမ်သို့ အလည်သွားလိုစိတ် ပေါက်လာနိုင်လေသည်။ ရှေးနှစ်ပေါင်း များစွာကပင် ချစ်ခဲ့ကြသော ချစ်သူများအလား ခံစားလာရမည့် အဝိဇ္ဇာ အမှောင်မိုက်ထဲသို့ ဓောက်ထိုးကျသွားနိုင်လေသည်။

အဖေသည် ကျိကကိုနှင့် ခဏသာတွဲပြီး ဤအမျိုးသမီးနှင့်မူ သေသည်အထိ တွဲသွားပေသည်။ ထို့ကြောင့်လည်း ကျိကကိုက ဤအမျိုးသမီး

ကြီးအား ရန်ငြိုးထားနေခြင်း ဖြစ်သည်ဟု ကိကုဂျီက ယုံကြည်ထားမိလေသည်။ တစ်ဖက်က အမျိုးသမီးကြီးအား သနားသလိုလို ဖြစ်မိသော်လည်း၊ တစ်ဖက်ကမူ မိမိအား မြူဆွယ်လှည့်ဖြားနေသည့်အလား ခံစားနေရပြန်သည်။

'ခူရိမိုတိုရဲ့ လက်ဖက်ရည်ပွဲကို လာလေ့ရှိသလား၊ ပြီးတော့ အလျင်တုန်းက အဲဒီ ခူရိမိုတိုပဲ အစ်မကြီးတို့အပေါ် မကောင်းကြံခဲ့တာ မဟုတ်လား'

ကိကုဂျီက မေးလိုက်သည်။

'ငါ့မောင်အဖေ သေတော့ သူ့ဆီက စာတစ်စောင်ရောက်လာတယ်လေ၊ သူလည်း ငါ့မောင်အဖေကို လွမ်းတဲ့အကြောင်းပေါ့။ ဒါနဲ့ လွမ်းစရာလေးတွေပဲ ပြောရပြောရ ဆိုပြီး မမ သွားနေတာပါကွယ်'

အမျိုးသမီးကြီးက ဝန်ခံလိုက်သည်။

'အဲဒီအခါမှာ အစ်မကြီးရဲ့ သမီးကော အတူတူ သွားကြတာပဲလား'

'ဖူမိကိုလား ... သူ သူ စိတ်မဝင်စားဘူး၊ မမ ခေါ်ရင်သာ လိုက်ရတာ'

သံလမ်းကိုဖြတ်၍ မြောက်ကမားကူးရား ဘူတာကို ကျော်လာသောအခါ အင်းဒိုးဂျီဘုရားကျောင်းနှင့် မျက်နှာချင်းဆိုင် တောင်ကုန်းပေါ်သို့ ဆက်လက် လျှောက်လှမ်း လာကြလေတော့သည်။

[၄]

ဖူတိုဒါ အမျိုးသမီးကြီးမှာ အသက် ၄၅ နှစ် ပတ်ဝန်းကျင်လောက် ရှိသဖြင့် ကိကုဂျီထက် အသက် ၂၀ ကျော်မျှ ကြီးပေသည်။ သို့ပါသော်လည်း ကိကုဂျီအား ထိုအသက်ကွာဟမှုကို မေ့လျော့ထားအောင် ဆွဲဆောင်ထားသည်။ ကိကုဂျီအဖို့ မိမိထက် အသက်ငယ်သော မိန်းမပျိုကလေးအား တွေးပိုက်ထားဘိသကဲ့သို့ ခံစားလိုက်ရသည်။

အမျိုးသမီးကြီး၏ နက်ရှိုင်းလှသော အတွေ့အကြုံပေါ်တွင် အခြေခံသည့် ပျော်ရွှင်ကြည်နူးမှုကို ကိကုဂျိလည်း အတူတကွ ခံစားနိုင်ခဲ့ပေသည်။ အတွေ့အကြုံ နည်းပါးသော လူပျိုလူလွတ်မို့ ရှုံ့တွံ့တွံ့ ဖြစ်ခြင်းလည်း အလျှင်း မရှိခဲ့ပေ။

ကိကုဂျိသည် ပထမဆုံး အကြိမ်အဖြစ် မိန်းမတို့အကြောင်းကို သိသွားသကဲ့သို့ ခံစားလိုက်ရသည်။ တစ်ကြိမ်တည်းတွင် ယောကျ်ားတို့အကြောင်းကို စ၍ နားလည်လာသလိုလည်း ခံစားရပြန်သည်။ မိမိအဖို့ ယောကျ်ားတစ်ယောက်အဖြစ် စတင် နိုးကြားလာခြင်းအပေါ် အံ့သြနေမိသည်။ မိန်းမများတွင် ဤမျှ ပျော့ပျောင်းသိမ်မွေ့လှသော အတွေ့၊ အတူတကွ လိုက်ပါလာလျက် ပြန်လည်ဖိတ်ခေါ်တတ်သော အတွေ့၊ မွှေးထွေးသော ရနံ့များ ကြိုင်သင်းနေသော အတွေ့များ ရှိနေသည်ကို ယခုအချိန်အထိ မသိခဲ့ပေ။

လူပျိုလူလွတ်သာဖြစ်သော ကိကုဂျိအဖို့ နောက်ပိုင်းတွင် မကြာခဏ ဆိုသလို စက်ဆုပ်ရွံရှာသော ခံစားမှု ဖြစ်ခဲ့သော်လည်း၊ စက်ဆုပ်ဖွယ် အကောင်းဆုံး ပစ္စုပ္ပန် ကာလ၌မူ သူ့ခေါင်းထဲ၌ ပျော့ပျောင်းနူးညံ့သော အတွေ့သာလျှင် ကျန်ရစ်နေပေသည်။

ဤအခြေအနေမျိုးတွင် ကိကုဂျိသည် အိပ်မက်ဆိုးမှ နိုးထလာဘိသကဲ့သို့ နောက်ဆုံးတွင် အချစ်ကင်းမဲ့စွာ ခပ်ခွာခွာ နေလိုက်လိုသော်လည်း၊ တစ်ဖက်မှ ဆွဲဆောင်ထားမှုအောက်တွင် အညို့ခံထားရဘိသကဲ့သို့ တုဏှိဘာဝေ ဖြစ်နေရခြင်းမှာလည်း ပထမဆုံး အကြိမ်ပင် ဖြစ်ပေတော့သည်။ မိန်းမသားတို့၏ မျက်ရည်စများသည် ဤကဲ့သို့ တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို ကပ်တွယ် လိုက်ပါနေလိမ့်မည်ဟု လုံးဝ သိနားလည်ထားခြင်း မရှိခဲ့ပေ။ ထိုမျက်ရည်စများကို ခံစားလျက်ပင် ကိကုဂျိသည် အောင်နိုင်သူ စစ်သူကြီးက မှေးမှိတ်အိပ်စက်ရင်း စစ်ရှုံးသူ ကျွန်သပေါက်အား ခြေဆေးခိုင်းနေဘိသကဲ့သို့ ကျေနပ်မှုမျိုးကိုလည်း အပြည့်အဝ ခံစားနေရလေသည်။

ထို့အပြင် မိခင်တစ်ယောက်ကဲ့သို့လည်း ခံစားလာရပြန်သည်။ ကိကုဂျီသည် လည်ပင်းကို ကွေးလျက်–

'ခူရိုမိုတိုစံရဲ့ ဒီနေရာတစ်ဝိုက်မှာ အမည်းရောင်အမှတ်ကြီး ရှိတယ်ဆိုတာ သိလားဟင်' ဟု ပြောလိုက်သည်။

ရုတ်တရက် မကောင်းသည့်စကားကို လွှတ်ခနဲ ထွက်သွားသည့်တိုင် တွေဝေလေးဆိုင်းသော စိတ်များကြောင့်လား မပြောတတ်။ ကိကုဂျီအပေါ် အမုန်းမြင်စိတ်လည်း ဖြစ်မလာခဲ့ပေ။

'ရင်သားပေါ်မှာပေါ့၊ ဟောဒီနေရာမှာ ... ဟောဒီလိုကြီး'

ကိကုဂျီက လက်ကို ထုတ်လိုက်သည်။

ဤကဲ့သို့ ပြောလိုက်ရခြင်းမှာလည်း ကိကုဂျီ၏ ခေါင်းထဲတွင် အကြံတစ်ခု ဖြစ်ပေါ်လာ၍ ဖြစ်ပေသည်။ မိမိအလိုကို ဆန့်ကျင်လျက် တစ်ဖက်သားအား နာကျင်မှုကို ဖြစ်စေကာ၊ စလိုက် နောက်လိုက်ချင်သည့် ဆန္ဒပင် ဖြစ်လေသည်။ မမြင်အပ်သော အရာကိုမှ ကြည့်ချင်သော ဆန္ဒကြောင့်ပင် မိမိ၏ အရှက်အကြောက် ကင်းမဲ့မှုကို ဖုံးကွယ်သည့်သဘောဖြင့် ပြောထွက်ခဲ့ခြင်းသာ ဖြစ်ပေသည်။

'မလုပ်နဲ့ကွယ်၊ ဟွန်း ... အကျင့်ကိုက မကောင်းဘူး'

အမျိုးသမီးကြီးက အင်္ကျီစများကို ဆွဲစေ့လိုက်သည်။ ရုတ်တရက်ဆိုသလို မျိုသိပ်မထားနိုင်သောကြောင့် ဆက်၍ –

'ဟယ် ... အဲဒီအကြောင်းကို အခုမှပဲ ကြားဖူးတော့တယ်၊ ဒါနဲ့ အင်္ကျီအောက်မှာဆိုတော့ ဘယ်မြင်ရမလဲ' ဟု ခြောက်သွေ့စွာ ပြောလိုက်သည်။

'မမြင်ဘဲ ရှိပါ့မလား'

'ဟယ် ... ဘယ်လို'

'ဟောဒီလို နေရာမှာဆို မမြင်ရဘူးလား'

'ဟွန်း ... လူဆိုးလေး၊ မမမှာလည်း အမှတ်ကြီး ရှိမှာပဲ ထင်လို့ ခုလို ကြည့်တာလား'

'ဒီလိုတော့ မထင်ပါဘူး၊ တကယ်လို့များ မမမှာ အဲဒီအမှတ်မျိုး ပါလာခဲ့ရင် ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမလဲလို့ တွေးကြည့်မိလို့ပါ'

'ဒီနေရာ တစ်ဝိုက်မှာလား ဟင်'

အမျိုးသမီးကြီးက မိမိရင်သားကို ကြည့်ရင်း –

'ဘာဖြစ်လို့ အဲဒီလို ပေါက်ပေါက်ရှာရှာ တွေးရတာလဲကွယ်၊ ဒီနေရာမှာ အမှတ်ကြီး ရှိတော့လည်း ဘာဖြစ်သေးလဲ' ဟု တုံ့ပြန်ပြောလိုက်သည်။

စင်စစ် ကိကုဂျီ မျိုဝါးခဲ့မိသော အဆိပ်သည် အမျိုးသမီးကြီးအတွက် ဘာမှ မဖြစ်သလိုပင် ရှိနေခဲ့ပေသည်။ ထိုအဆိပ်က အသစ်တစ်ဖန် ပြန်၍ ဖိစီး နှိပ်စက်လာဘိသကဲ့သို့ပင်။

'ဘယ်လိုပဲဖြစ်ဖြစ် ကြည့်လို့ မကောင်းဘူးဗျာ၊ ကျွန်တော် အသက် ၈ နှစ် ၉ နှစ်လောက်တုန်းက အဲဒီအမှတ်ကြီးကို တွေ့ခဲ့ဖူးတာ၊ ခုထက်ထိ မျက်စိထဲမှာ စွဲနေတုန်းပဲ၊ ရှုံမုန်းနေတုန်းပဲ'

'ဘာဖြစ်လို့များ ပါလိမ့်ကွယ်'

'မမတောင် အဲဒီအမည်းစက်ကြီး အိမ်ကိုလာပြီး ဆဲရေးကြိမ်းမောင်းတာ ခံခဲ့ရတာပဲ မဟုတ်လား၊ အမေနဲ့ ကျွန်တော့်ကိုယ်စားဆိုပြီး အိမ်အထိ လိုက်လာ ရန်တွေ့တာကို ခံခဲ့ရတာပဲ မဟုတ်လား'

အမျိုးသမီးကြီးက ခေါင်းညိတ်ပြလာပြီး ခန္ဓာကိုယ်ကို ဘေးသို့ ခွာလိုက်သည်။ ကိကုဂျီက လက်မောင်းတွင် အားထည့်လိုက်ရင်း –

'အဲဒီတုန်းက သူ့အဖို့ ရင်ဘတ်က အမှတ်ကြီးကို သတိရနေပြီး စိတ်ညစ်ညစ်နဲ့ ပြောချင်ရာ လျှောက်ပြောခဲ့တာကော မဖြစ်နိုင်ဘူးလား'

'အင်း ... လန့်စရာ စကားတွေ ပြောမနေပါနဲ့တော့ကွယ်'

'မဟုတ်မှလွဲရော၊ အဖေ့ကို လက်စားချေချင်တဲ့ စိတ်တွေလည်း ဖြစ်ချင် ဖြစ်နေမှာပဲ'

'ဘာအတွက် သူက လက်စားချေရမှာလဲ'

'အဲဒီအမှတ်ကြီးကြောင့် အလိုလို စိတ်အားငယ်နေရတဲ့အထိ အဖေရဲ့ စွန့်ပစ်ခြင်း ခံလိုက်ရလို့ မကျေနပ်တဲ့သဘော နေမှာပေါ့'

'အဲဒီအမှတ်ကြီးအကြောင်း မေ့ထားလိုက်ပါတော့ကွယ်၊ ရင်ထဲမှာ မကောင်းလွန်းလို့...'

အမျိုးသမီးကြီးအဖို့ ထိုအမှတ်ကြီး အကြောင်းကို ပြန်ပြောင်းတွေးလိုပုံ မရပေ။

'ခူရိမိုတို ကျိုကကိုစံလည်း အခုလောက်ဆို အဲဒီအမှတ်ကို မေ့မေ့ပျောက်ပျောက် ရှိနေလောက်ပါပြီ၊ ပြီးခဲ့တာတွေ ပြီးပါပြီလေ'

'သောကဆိုတာ ကွယ်ပျောက်သွားပြီးတဲ့နောက် ခြေရာတွေ ချန်မထားတတ်ဘူးလား မမ'

'ကွယ်ပျောက်သွားပြီးတဲ့နောက် လွမ်းမောစရာတွေပဲ ကျန်တတ်တယ် ကွယ့်'

အမျိုးသမီးကြီးက စိတ်ကူးယဉ် အိပ်မက်ဆန်သော စကားများကို ဆက်ပြောနေသည်။ ကိုကုဂျိမှာ မပြောအပ်သည့် စကားကိုပင် ဤသို့ ပြောချလာသည်။

'လက်ဖက်ရည်ပွဲမှာ မမဘေးမှာ ထိုင်နေတဲ့ မိန်းကလေးက'

'သြော် ... ယုကိကိုစံကို ပြောတာလား၊ အဲဒါ အိနမုရစံရဲ့ သမီးလေ'

'အဲဒီမိန်းကလေးကို ကျွန်တော်နဲ့ တွေ့ပေးချင်လို့ ခူရိမိုတိုစံက လက်ဖက်ရည်ပွဲအထိ ဖိတ်ခေါ်ခဲ့တာပဲ'

'သြော် ... သြော်'

အမျိုးသမီးကြီး၏ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်လာကြသည်။ ပြီးတော့ ကိုကုဂျိကို စားမတတ် ဝါးမတတ် စိုက်ကြည့်နေပြန်သည်။

'စေ့စပ်ပေးတာလား၊ မမဖြင့် နည်းနည်းမှ သတိမထားမိခဲ့ပါလား ကွယ်'

'စေ့စပ်တဲ့ အဆင့်အထိတော့ မရောက်သေးပါဘူး'

ရာပြည့်စာအုပ်တိုက်

အမျိုးသမီးကြီး၏ မျက်ဝန်းထက်ဆီမှ မျက်ရည်စီးကြောင်းတစ်ခု ခေါင်းအုံးပေါ်သို့ ထိုးကျလာသည်။ ပခုံးလေးမှာလည်း တဆတ်ဆတ် တုန်နေတော့သည်။

'မကောင်းလိုက်တာကွယ်။ မမ မကောင်းဘူး၊ ဘာဖြစ်လို့ စောစောက ကြိုမပြောတာလဲ'

အမျိုးသမီးကြီးမှာ ခေါင်းအုံးပေါ် မျက်နှာမှောက်လျက် တရှုပ်ရှုပ် ငိုကြွေးနေတော့သည်။

ကိကုဂျိ လုံးဝ မမျှော်လင့်ထားခဲ့ပေ။

'စေ့စပ်ပွဲက အပြန်ပဲဖြစ်ဖြစ်၊ ဘယ်နေရမှာပဲဖြစ်ဖြစ် မကောင်းတာဟာ မကောင်းတာပဲပေါ့။ စေ့စပ်ပွဲနဲ့ မဆိုင်ပါဘူး'

ကိကုဂျိက စိတ်ထဲတွင် ထင်သည့်အတိုင်း ပြောချလိုက်သည်။ သို့ပါသော်လည်း လက်ဖက်ရည်ပွဲ ပြင်ပေးနေရှာသော အီနမုရစ်၏ သမီးကလေး၏ အဆင်းသဏ္ဍာန်က မျက်စိထဲတွင် ပေါ်လာလေသည်။ ထို့အပြင် သူကလေး၏ လက်ထဲတွင် ကိုင်လာသော ပန်းနုရောင် ကြိုးကြာတစ်ထောင် အဝတ်စကလေးကိုလည်း မြင်ယောင်လာပြန်သည်။

ထိုအခါ ဘေး၌ လဲလျောင်း ငိုကြွေးနေသော အမျိုးသမီးကြီး၏ အဆင်းသဏ္ဍာန်သည် အရုပ်ဆိုး အကျည်းတန်သလို ခံစားလာရတော့သည်။

'မမ မကောင်းပါဘူးကွယ်၊ အလွန်အပြစ်ကြီးတဲ့ မိန်းမယုတ် ဖြစ်ရပြီပေါ့ကွယ်'

ပြောရင်း ပြောရင်း အမျိုးသမီးကြီး၏ ဝန်းဝိုင်းသော ပခုံးသည် တသိမ့်သိမ့် တုန်ခါနေလေသည်။ ကိကုဂျိ ပြန်တွေးမိ၍ နောင်တရလာသည်ဆိုပါက စိတ်ညစ်သွားမည်မှာ သေချာလှသည်။ မိမိအနေနှင့် စေ့စပ်ရန် ရည်ရွယ်ထားသူ ရှိသည်ကို အပထား၊ ဤအမျိုးသမီးကြီးမှာ အဖေ၏ အငယ်အနှောင်း မိန်းမတစ်ယောက်ပင် ဖြစ်ပေသည်။

သို့ပါသော်လည်း ကိကုဂျိက နောင်တ မရခဲ့ဘူး ဆိုပါလျှင်မူ စိတ်ပျက်စရာဟု တွေးနေစရာ မလိုပေ။

ကိကုဂျီသည် အဘယ်ကြောင့် ဤအမျိုးသမီးကြီးနှင့် ယခုလို အခြေဆိုက်ခဲ့ရသည်ကို ကောင်းကောင်းနားမလည်နိုင်ခဲ့ချေ။ အတော့်ကို ထူးဆန်းနေသည်။ အမျိုးသမီးကြီး ပြောနေသော စကားအရဆိုလျှင် မိမိက ကိကုဂျီကို မြူဆွယ် ဖြားယောင်းခဲ့သဖြင့် နောင်တရနေပုံ ပေါက်လေသည်။ သို့ပါသော်လည်း စောစောပိုင်းတွင် အမျိုးသမီးကြီးကိုယ်၌က ဖြားယောင်းရန် ဆန္ဒမရှိခဲ့သည့်အပြင် ကိကုဂျီလည်း မြူဆွယ်ဖြားယောင်းခြင်း ခံရသည်ဟု မထင်မှတ်ခဲ့မိပေ။ ထို့အပြင် ကိကုဂျီ၏ စိတ်သန္တာန်၌ ဆန့်ကျင်လိုသော အရိပ်လက္ခဏာ မရှိခဲ့သလို အမျိုးသမီးကြီးကလည်း လုံးဝ ဆန့်ကျင်မှု မပြုခဲ့ပေ။ ထိုအချိန်ကာလ အပိုင်းအခြားတွင် လူ့ကျင့်ဝတ်တရားဆိုသည့် အနံ့အသက်များလည်း တွယ်ငြိကပ်ပါလာခြင်း မရှိခဲ့ပေ။

အင်းဒိုးဂျီ ဘုရားကျောင်း၏ မျက်နှာချင်းဆိုင်တွင်ရှိသော တောင်ကုန်းပေါ်မှ တည်းခိုခန်းတစ်ခုသို့ ဝင်၍ ညနေစောင်းတွင် နှစ်ယောက်သား ညစာ အတူစားခဲ့ကြသည်။ အဖေ့အကြောင်း ပြောရင်းက မောလာကြ၍ ဖြစ်ပေသည်။ လွန်လေပြီးသော အဖေ့အကြောင်းကို ကိကုဂျီက နားမထောင်လျှင်လည်း ရပေသည်။ သို့သော်လည်း စိတ်ရှည်လက်ရှည် နားထောင်နေခဲ့သည်မှာ ထူးဆန်းလှသည်။ အမျိုးသမီးကြီးကတော့ ဘာကိုမှ မစဉ်းစားဘဲ လွမ်းမောဖွယ် အတိတ်အကြောင်းကို ပြောပြနေခဲ့လေသည်။ ဤသို့ နားထောင်ရင်းမှ ကိကုဂျီသည် သာယာလာမိသည်။ သာယာမိသည်မှ တစ်ဆင့် ချစ်ခြင်းမေတ္တာဓာတ်၏ လွမ်းမြူခြင်းကို ခံလိုက်ရပေသည်။

အခုအချိန်တွင် အဖေတစ်ယောက် ပျော်နေမှာပဲဟုလည်း ကိကုဂျီက ခံစားမိလိုက်သည်။

ဤကိစ္စသည် မလျော်ကန်ဟု ပြောမည် ဆိုပါကလည်း မလျော်ကန်သည့် ကိစ္စပင် ဖြစ်ပါသည်။ အမှန်တော့ စိတ်အလို လိုက်မိခဲ့ခြင်းသာ ဖြစ်ပေသည်။ သို့သော်လည်း နှလုံးသား၏ အတွင်းဘက်ဆီတွင် ပုန်းအောင်း

နေသော အရိပ်မည်းကြီးကြောင့် ကိကုဂျိသည် အဆိပ်ကို မျိုချလိုက်မိသည့် အလား ကျိုကကိုနှင့် အိနမုရ၏ သမီးငယ်တို့ အကြောင်းကိုပါ ပြောမိလျက်သား ဖြစ်သွားခဲ့ပေသည်။

ကိကုဂျိက ပြတ်သားလွန်းသည်။ နောင်တ ရလာမိသည်နှင့်အတူ အမျိုးသမီးကြီးအပေါ် ရှုံ့ရှာစက်ဆုပ်လာကာ ရက်ရက်စက်စက် ပြောချလိုက်ချင်သော စိတ်များ ဖြစ်လာခဲ့ရသည်။

'ဒီအဖြစ်တွေကို မေ့ထားလိုက်ကြပါစို့လားကွယ်'

အမျိုးသမီးကြီးက ဆိုလာသည်။

'အမှန်တော့ ဒီလိုဖြစ်ကြတာ ဘာမှ မဆန်းပါဘူးကွယ်'

'မမက အဖေ့ကို အလွမ်းပြေသွားရုံလောက်ပဲ ဆိုပါတော့'

'ဘာပြောတယ်'

အမျိုးသမီးကြီးက တအံ့တသြဖြစ်ကာ ထထိုင်လိုက်သည်။ ခေါင်းအုံးပေါ် မှောက်၍ ငိုထားသည့်အတွက် မျက်ခွံများ ရောင်ကိုင်း နီမြန်းနေကြသည်။ အဖြူရောင် မျက်လုံးများပင် အနည်းငယ် ညစ်ထည်းနေကြပြီး အနက်ရောင် မျက်ဝန်းများ၏ အတွင်းဘက်ဆီ၌ မိန်းမသားတို့၏ ထုံထိုင်းမှုကို တွေ့လိုက်ရလေသည်။

'ငါ့မောင် ပြောချင်ရာ ပြောပါကွယ်၊ တကယ်တော့ မမဟာ အလွမ်းဓာတ်နဲ့ ဓာတ်သိမ်းရမယ့် မိန်းမပါကွယ်'

'မဟုတ်တာတွေ မပြောပါနဲ့ဗျာ'

ကိကုဂျိက အမျိုးသမီး ရင်ဘတ်ကို အကြမ်းပတမ်း ဖွင့်၍–

'ဒီနေရာမှာ အမှတ်တရ အမှတ်ကြီး ရှိနေခဲ့ရင်လည်း အကောင်းသားဗျာ'

ကိကုဂျိသည် မိမိ၏စကားကို မိမိ လန့်ဖျပ်သွားမိလေသည်။

'အဲဒီလို မကြည့်ပါနဲ့ကွယ်၊ မမအရွယ်က မငယ်တော့ပါဘူး'

ကိကုဂျိက သွားဖြဲပြပြီး အနားသို့ တိုးကပ်သွားပြန်သည်။

အမျိုးသမီးကြီး၏ စောစောပိုင်းက မျက်ရည်စများ ပြန်၍ စီးကျလာပြန်သည်။

အိပ်မက်ထဲတွင် ငှက်ကလေးများ၏ ခတေးဆိုသံကို ကြားနေရလေသည်။ ငှက်ကလေးများ၏ တေးဆိုသံနှင့်အတူ နိုးထလာခဲ့ရခြင်းမှာ ပထမဆုံး အကြိမ် အလား ခံစားရပေသည်။

နံနက်ခင်းတွင် စိမ်းနုရောင် ရွက်ဖတ်ကလေးများတွင် နှင်းဥကလေးများ စိုရွှဲနေကြသည်။ ကိကုဂျို၏ ခေါင်းတစ်ခုလုံးလည်း နှင်းရည်ဖြင့် ပက်ဖျန်း ဆေးကြောလိုက်ဘိသကဲ့သို့ ရှင်း၍ လင်း၍ နေတော့သည်။

အမျိုးသမီးကြီးမှာ ကိကုဂျိုကို ကျောပေး၍ အိပ်ပျော်နေဆဲပင် ရှိလေသည်။ ဘယ်အချိန်ကများ တစ်ဖက်သို့ လှည့်သွားပါလိမ့်ဟု အံ့အားတသင့်သော စိတ်ဖြင့် ကိကုဂျိုသည် တံတောင်ဆစ်နှင့်ထောက်ကာ မှုန်ပျပျ အလင်းရောင် အောက်တွင် အမျိုးသမီးကြီး၏ မျက်နှာကို ငေးမောကြည့်ရှု နေမိသည်။

[ ၅ ]

လက်ဖက်ရည်ပွဲ တည်ခင်းပြီး လဝက်ခန့်အကြာ ကိကုဂျို၏ အိမ်သို့ ဖူတိုဒါ၏ သမီး လာရောက်လည်ပတ်သည်။ သမီးငယ် ဧည့်ခန်းထဲသို့ ရောက်လာသည့် အချိန်တွင် ဂနာမငြိမ်သော မိမိ၏စိတ်ကို ဖြေသိမ့်သောအားဖြင့် ကိကုဂျိုသည် မိမိကိုယ်တိုင် ဗီရိုကို ဖွင့်၍ ပန်းကန်ပြားထဲတွင် မုန့်များ ထည့်ကာ ပြင်ဆင်နေသော်လည်း သမီးငယ် တစ်ယောက်တည်းပဲ လာလေသည်လော၊ သို့တည်းမဟုတ် သူ့အမေပါ နောက်ကပါလာပြီး ခြံဝတွင် စောင့်နေသည်လော စသည်ဖြင့် မဝေခွဲတတ်အောင် ဖြစ်နေရတော့သည်။

ကိကုဂျို ဧည့်ခန်းတံခါးကို ဖွင့်၍ ဝင်လာသော အချိန်တွင် ဖူတိုဒါ သမီးက ထိုင်ခုံမှ ထ ရပ်လိုက်သည်။ သမီးငယ်၏ ထူထဲသော အောက်နှုတ်ခမ်း စေ့စေ့ပိတ်ထားသည်ကို ကိကုဂျို သတိထားလိုက်မိသည်။

'စောင့်နေရတာ ကြာသွားပြီလား'

ကိကုဂျိသည် သမီးငယ်၏နောက်မှ ဒြတ်သွား၍ ပန်းခြံဘက်ရှိ မှန်တံခါးချပ်များကို ဖွင့်လိုက်သည်။ သမီးငယ်၏နောက်မှ ဖြတ်သွားစဉ် ပန်းအိုးတွင် ထိုးထားသော အဖြူရောင် ဆပ်တစ်ရာပန်းမှ ရနံ့များကို သင်းသင်းကလေး ရှူရှိုက်မိလိုက်သည်။ သမီးငယ်က ဝန်းဝိုင်းသော သူမ၏ ပခုံးကလေးကို ရှေ့သို့ တိုးလိုက်သည်။

'သုံးဆောင်ပါဦး'

ကိကုဂျိက ညှော်ခံပြောဆိုလိုက်ပြီး ကုလားထိုင်ပေါ်သို့ ဆိုင်ချလိုက်သော အချိန်တွင် ထူးခြားစွာပင် စိတ်တည်ငြိမ်လာခဲ့လေသည်။ သမီးငယ်၏ မျက်နှာတွင် အမေ၏ ပုံရိပ်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

'ရုတ်တရက် အကြောင်းမကြား ဘာမကြား လာခဲ့မိတဲ့အတွက် အားနာလိုက်တာရှင်'

သမီးငယ်က ခေါင်းငုံ့ထားလျက် ပြောလိုက်သည်။

'ရပါတယ်ဗျာ၊ ကျွန်တော် သဘောပေါက်ပါတယ်'

'ရှင်...'

ကိကုဂျိ ပြန်၍ သတိရလာသည်။ ဤသမီးငယ်သည် လေကြောင်းမှ ဗုံးကြဲချချိန်တွင် အဖေ့အား ဤအိမ် ခြံတံခါးဝသို့ ရောက်ခဲ့ဖူးလေသည်။ ဤအကြောင်းကို အင်းဒိုးဂျီ ဘုရားကျောင်းတွင် ဖူတိုဒါ အမျိုးသမီးကြီး ပြောပြ၍ သိခဲ့ရသည်။

ကိကုဂျိက ထိုအကြောင်းကို ပြောမည် ကြံပြီးကာမှ ရပ်လိုက်သည်။ သို့ဖြင့် သမီးငယ်အား စိုက်ကြည့်နေလိုက်သည်။

ထိုအခါ ထိုစဉ်က ဖူတိုဒါ အမျိုးသမီးကြီး၏ နွေးထွေးမှုများကို ပြန်ပြောင်း သတိရလာပြန်သည်။ အမျိုးသမီးကြီးက အရာရာကို ခွင့်ပြု ပေးခဲ့သည်များကို အောက်မေ့လာပြန်သည်။ စင်စစ် ကိကုဂျိ စိတ်အေးလာခဲ့ခြင်း ဖြစ်ပေမည်။

စိတ်အေးလာသောကြောင့် သမီးငယ်အပေါ်တွင် ထားရှိသော တင်းကျပ်သည့်စိတ်များ လျော့ပါးလာသည့်တိုင် မျက်နှာချင်းဆိုင်ဖို့ ဆိုသည်ကား မဝံ့မရဲ ရှိနေဆဲပင် ဖြစ်သည်။

'ကျွန်မ ...'

သမီးငယ်က စကားဖြတ်ပြီး မျက်နှာကို မော့လာသည်။

'အမေ့အတွက် တောင်းပန်စရာလေးတစ်ခု ရှိလို့ လာခဲ့တာပါ'

ကိကုဂျီ အသက်ရှူရပ်သွားသည်။

'အမေ့ကို ခွင့်လွှတ်ဖို့ တောင်းပန်ချင်ပါတယ်

'ဗျာ ... ဘာဖြစ်လို့ ခွင့်လွှတ်ရမှာလဲ'

ဟု ပြန်မေးလိုက်ရင်း မိမိတို့၏ အကြောင်းကို သမီးငယ်အား အမျိုးသမီးကြီးက ဖွင့်ပြောလိုက်လေမလားဟု စိုးရိမ်မိလာသည်။

'ခွင့်လွှတ်ပါလို့ တောင်းပန်ရမှာက ကျွန်တော် မဟုတ်လား'

'ရှင့်အဖေနဲ့ ပတ်သက်ပြီးလည်း ခွင့်လွှတ်စေချင်ပါတယ်'

'အဖေနဲ့ ပတ်သက်ပြီး ခွင့်လွှတ်ရမှာက အဖေပဲ မဟုတ်ဘူးလား၊ အမေလည်း အခု ရှိမှ မရှိတော့ဘဲ၊ ဘယ်သူကလာပြီး ခွင့်လွှတ်နေရဦးမှာလဲ'

'ရှင် အသက်ငယ်ငယ်လေးနဲ့ အဖေ ဆုံးပါးခဲ့ရတာ ကျွန်မအမေရဲ့ အပြစ်ပေါ့ရှင်၊ အဲဒီအကြောင်းတွေကို ရှင့်အမေကို ဖွင့်ဟပြီး တောင်းပန်ပြီးခဲ့ပါပြီ'

'ဟာ ... ဒါ အတွေးလွန်တာပဲ၊ စိတ်မကောင်းပါဘူးဗျာ'

'ကျွန်မအမေ အလျင်သေသွားခဲ့ရင် ကောင်းမှာ'

သမီးငယ်သည် ရှက်၍မဆုံး ဖြစ်နေဟန် မြင်ရလေသည်။ မိခင်ဖြစ်သူ၏ အတိတ်ဇာတ်ကြောင်းက သမီးငယ်အား မည်မျှ ဖိစီးနှိပ်စက်နေသည်ကို ခန့်မှန်း၍ မရနိုင်အောင် ဖြစ်ရသည်။

'အမေ့ကို ခွင့်လွှတ်ပါရှင်'

သမီးငယ်က အနူးအညွတ် တောင်းပန်နေရှာသည်။

'ခွင့်လွှတ်တာတို့ ခွင့်မလွှတ်တာတို့ထက် ကျွန်တော်က ခင်ဗျားအမေကို ကျေးဇူးတင်နေတာပါဗျာ'

ကိကုဂျီက ပြတ်ပြတ်သားသား ပြောချလိုက်သည်။

'အမေက မကောင်းခဲ့တာပါရှင်၊ ဘာမှ အားနာနေစရာ မလိုပါဘူး'

သမီးငယ်က အလျင်စလို ပြောလိုက်ပြီး နှုတ်ခမ်းများ တုန်ယင်လာလေသည်။

"တောင်းပန်ပါတယ်ရှင်၊ ခွင့်လွှတ်ပါ"

ဟူသော သမီးငယ်၏ စကားအတိမ်အနက်ကို ကိကုဂျီက ကောင်းစွာ သဘောပေါက်ပေသည်။

"ကျွန်မအမေကို မနှောင့်ယှက်ပါနှင့်" ဟူသော အဓိပ္ပာယ် ရောပြွမ်း၍ ပါနေလေသည်။

'တယ်လီဖုန်း ကြိုမဆက်ဘဲ ခုလို လာမိတာ စိတ်မကောင်းပါဘူးရှင်'

ပြောရင်းပြောရင်း သမီးငယ်၏ မျက်နှာမှာ နီမြန်းလာလေသည်။ အရှက်ပြေသဘောဖြင့် ခေါင်းကိုမော့ကာ ကိကုဂျီအား ကြည့်လိုက်သည်။ အန်ကျလာမည့် မျက်ရည်စများကို ကြိုးစားပြီး ထိန်းထားပုံ ရလေသည်။ ပွင့်လာသော မျက်ဝန်းနက်ကြီးများသည်ကား အပြစ်ကင်းစင်သည့် သဘောကို ဆောင်နေကြသည်။ ထို့ပြင် အနူးအညွတ် တောင်းပန်နေကြသည့် လက္ခဏာလည်း ဖြစ်လေသည်။

'သဘောပေါက်ပါပြီ၊ ကျွန်တော်လည်း စိတ်မကောင်းပါဘူးဗျာ' ဟု ကိကုဂျီက ပြောလိုက်သည်။

'ကျွန်မ တောင်းပန်ပါတယ်ရှင်'

သမီးငယ်၏ ရှက်သွေးများက ပိုမိုထူထပ်စွာ ဖြစ်ပေါ်လာပြီး ဖြူဖွေးကြော့ရှင်းသော လည်တိုင်အထိ ကူးစက်လာတော့သည်။ သွယ်ပျောင်းသော လည်တိုင်၏ အလှကို အနောက်တိုင်းဝတ်စုံ ကော်လာဖြူဖြူကလေးက ထပ်လောင်း ဖြည့်တင်းပေးနေ သကဲ့သို့ ရှိပေသည်။

ရာပြည့်စာအုပ်တိုက်

'ရှင် တယ်လီဖုန်း ကြိုဆက်ပြီး အမေ့ကို ခေါ်သေးလား၊ ကျွန်မ အကြိမ်ကြိမ် တားခဲ့ပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် သွားကိုသွားရမယ် ပြောနေလို့ အတင်း တားခဲ့ရတယ်လေ'

သမ်းငယ်က အသံကို နှိမ့်၍ ပြောလိုက်သည်။ ကိကုဂျိက တယ်လီဖုန်းဆက်၍ ဖူတိုဒါအမျိုးသမီးကြီးအား ချိန်းခဲ့ခြင်းမှာ လွန်ခဲ့သော ၃ ရက်ခန့်က ဖြစ်ပါသည်။ အမျိုးသမီးကြီးက ဝမ်းပန်းတသာ လက်ခံပြောဆိုသော်လည်း ချိန်းထားသော လက်ဖက်ရည်ဆိုင်သို့ ရောက်မလာခဲ့ပေ။ ထိုကဲ့သို့ တယ်လီဖုန်း တစ်ကြိမ်ဆက်မိရုံမှအပ ကိကုဂျိသည် ဖူတိုဒါ အမျိုးသမီးကြီးနှင့် တစ်ကြိမ်မျှ မတွေ့ခဲ့ရပေ။

'နောက်ပိုင်းကျမှ အမေ့ကို သနားမိခဲ့တာ မှန်ပေမယ့် အဲဒီအချိန်တုန်းက ကျွန်မ အတင်းအကျပ် တားခဲ့မိပါတယ်။ "ဒါဆို ဖူမိကို ညည်းပဲ မလာနိုင်ဘူးလို့ ပြန်ပြောလိုက်"လို့ အမေက ပြောတဲ့အတွက် ကျွန်မ တယ်လီဖုန်းကို ကောက်ကိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အသံက လုံးဝ ထွက်မလာခဲ့ဘူး။ အမေကတော့ တယ်လီဖုန်းခွက်ကြီးကို ငေးစိုက်ကြည့်နေရင်း မျက်ရည်တွေတွေ စီးကျပြီး ငိုနေခဲ့တယ်။ အမေက အဲဒီ တယ်လီဖုန်းခွက်ထဲမှာ မိစုထာနိစံ ရှိနေတယ်လို့ အောက်မေ့ခဲ့တယ်လေ။ ကျွန်မ အမေက အဲဒီလောက်တောင် အဖြစ်သည်းတဲ့ မိန်းမမျိုးပါရှင်'

နှစ်ယောက်သား အတန်ကြာ ငြိမ်သက်နေကြပြီးနောက် ကိကုဂျိက ဆိုလာသည်။

'လက်ဖက်ရည်ပွဲပြီးလို့ ခင်ဗျားအမေ ကျွန်တော့်ကို လမ်းခုလတ်မှာ စောင့်နေတုန်းက ဘာဖြစ်လို့ အလျင် ပြန်နှင့်ရတာလဲ'

'ဪ ... ဒါလား၊ ကျွန်မအမေဟာ ထင်သလောက် ဆိုးဝါးတဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာကို မိစုထာနိစံ သဘောပေါက်စေချင်လို့ပါ'

'သိပ်ကို သဘောကောင်းပါတယ်ဗျာ'

ရာပြည့်စာအုပ်တိုက်

သမီးငယ်က မျက်လွှာချလိုက်သည်။ ဖြောင့်စင်းသော နှာတံ၊ ပွင့်ဟသော နှုတ်ခမ်းလွှာနှင့် ဝန်းဝိုင်းသော ပခုံးသားကလေးများက မအေတူသမီးဟု ဆိုလောက်ပေသည်။

'အလျင်ကတည်းက အစ်မကြီးမှာ သမီးကလေးတစ်ယောက်ရှိတယ်ဆိုတာ ကျွန်တော် သိထားပါတယ်။ အဲဒီသမီးကလေးနဲ့ တွေ့ပြီး ကျွန်တော့်အဖေရဲ့ အကြောင်းတွေကို ပြောချင်လိုက်တာလို့လည်း စိတ်ကူးနေမိပါတယ်'

သမီးငယ်က ခေါင်းညိတ်ပြလိုက်သည်။

'ကျွန်မ အဲဒီအကြောင်းကို တွေးတောင် မတွေးမိပါဘူးရှင်'

ကိကုဂျိသည် ဖူတိုဒါ အမျိုးသမီးကြီးနှင့် လုံးဝပတ်သက်ခြင်း မရှိဘဲ ဤသမီးငယ်နှင့် အဖေ့အကြောင်းတွေကို ပြောခွင့်ကြုံခဲ့ရလျှင် မည်မျှ ကောင်းလိမ့်မည်နည်းဟု တွေးတောနေမိသည်။

သို့ပါသော်လည်း ရင်ထဲ၊ အသည်းထဲမှ မုဆိုးမကြီးအပေါ် ခွင့်လွှတ်ပြီး အဖေနှင့် မုဆိုးမကြီးတို့ ဖြစ်ခဲ့သမျှကို ခွင့်လွှတ်နိုင်သည်အထိ ဖြစ်လာရခြင်းမှာ ကိကုဂျိနှင့် မုဆိုးမကြီးတို့ အကြားတွင် ဆက်နွှယ်မှုတစ်ခုခု မရှိမဟုတ် ရှိခဲ့ခြင်းကြောင့်သာလျှင် ဖြစ်ပေသည်။ မဖြစ်သင့် မဖြစ်ထိုက်သော ကိစ္စပင် ဖြစ်လေသည်။

သမီးငယ်သည် မလိုအပ်ဘဲ အချိန်အကြာကြီး မနေသင့်ကြောင်း သဘောပေါက်လာသည့်အလား ထ ရပ်လိုက်လေသည်။ ကိကုဂျိက အပေါက်ဝ အထိ လိုက်ပို့သည်။

'ကျွန်တော့်အမေရဲ့အကြောင်းပဲဖြစ်ဖြစ်၊ ခင်ဗျားအမေရဲ့ မွန်မြတ်တဲ့ နှလုံးသားအကြောင်းပဲဖြစ်ဖြစ် တစ်ချိန်ချိန်မှာ ခင်ဗျားနဲ့ စကားပြောခွင့်ရရင် သိပ်ကောင်းမှာပဲနော်'

ကိကုဂျိက တစ်ဖက်သတ် ပြောလိုက်သည်။

'ဟုတ်ကဲ့၊ ဒါပေမဲ့ အဲဒီအချိန်အတောအတွင်း အိမ်ထောင်ကျသွားရင် ဘယ်လိုလုပ်မလဲ'

'ကျွန်တော့်ကို ပြောတာလား'

'ဟုတ်ကဲ့၊ အမေက အဲဒီအတိုင်း ပြောတယ်လေ။ ရှင် အိနမုရစံရဲ့ သမီး ယူကိကိုနဲ့ စေ့စပ်ထားတယ် မဟုတ်လား'

'ဟာ ... မဟုတ်ရပါဘူးဗျာ'

အိမ်ခြံတံခါးဝမှ အထွက်တွင် တောင်ကမူတစ်ခု ရှိလေသည်။ ထိုတောင်ကမူ၏အလယ် မညီမညာဖြစ်နေသော နေရာမှ လှမ်းကြည့်လိုက်လျှင် ကိကုဂျိ၏ ပန်းခြံတွင်းမှ သစ်ပင်ထိပ်ဖျားများကို မြင်နေရသည်။

သမီးငယ်၏ စကားကြောင့် ကိကုဂျိသည် ကြိုးကြာတစ်ထောင် မိန်းကလေး၏ ရုပ်သွင်ကို မျက်စိထဲတွင် ပြန်လည်မြင်ယောင် လာခဲ့လေသည်။ ထိုစဉ် ဖူမိကို သမီးငယ်က ရပ်၍ နှုတ်ဆက်လိုက်သည်။

ကိကုဂျိသည် သမီးငယ်နှင့် ဆန့်ကျင်ဘက် လားရာသို့ ဦးတည်ကာ တောင်ကမူပေါ်မှ ဆင်းလာခဲ့လေသည်။

•

# မြိုင်တောခြေမှ ဆည်းဆာအလှ

## [ ၁ ]

ကုမ္ပဏီတွင် အလုပ်ဆင်းနေသော ကိုကုဂျီထံသို့ ကျီကကိုက တယ်လီဖုန်း ဆက်လာသည်။

'ဒီနေ့ အိမ်ကို တန်းပြန်လာမှာလားဟင်'

အစကတည်းက ပြန်ရန် စိတ်ကူးထားခဲ့သော်လည်း ကိုကုဂျီက မျက်နှာရှုံ့မဲ့လိုက်ပြီး–

'အွန်း ...ပြန်ရမှာပေါ့' ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

'ဒါဆို တန်းတန်းမတ်မတ် ပြန်ခဲ့နော်။ ဒီနေ့က ဘာနေ့လဲ သိလား၊ အဖေကြီးရဲ့ လက်ဖက်ရည်ပွဲနေ့လေ၊ ဒီနေ့ကို ပြန်ပြီး သတိရလာလို့။ အွန်း... သတိမပေးလို့ မဖြစ်ဘူးလို့ အောက်မေ့ပြီး ဖုန်းဆက်ရတာ'

ကိုကုဂျီက ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။

'လက်ဖက်ရည်ခန်း ... ဟယ်လို လက်ဖက်ရည်ခန်း သန့်ရှင်းသွားတော့ ချက်ချင်းပဲ ချက်စရာ ပြုတ်စရာတွေ ဆက်ပြင်ချင်လာတယ်'

'ခင်ဗျား အခု ဘယ်မှာ ရှိနေတာလဲ'

'ငါ့မောင်ရဲ့အိမ်မှာပေါ့၊ ငါ့မောင်ရဲ့အိမ်လေ၊ ခွင့်မတောင်းဘဲ လာမိတဲ့ အတွက် စိတ်မကောင်းပါဘူး'

ရာပြည့်စာအုပ်တိုက်

ကိုကုဂျီ၏ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

'ပြန်တွေးလိုက်တော့ မမအဖို့ ဒီအတိုင်း ငြိမ်နေလို့ မရတော့ဘူး လေ။ လက်ဖက်ရည်ခန်းလေးပဲဖြစ်ဖြစ် သန့်ရှင်းရေး လုပ်ခွင့်ရရင်တောင် ရင်ထဲမှာ ပေါ့သွားသလိုပဲ၊ ကြိုပြီး တယ်လီဖုန်းဆက်ချင်ပေမဲ့ ကိုကုဂျီက ခွင့်မပေးမှာ စိုးတာနဲ့ ...'

အဖေ ဆုံးသွားပြီးနောက် လက်ဖက်ရည်ခန်းမှာ အခန်းပို ဖြစ်ခဲ့ ပေသည်။

အဖေ မသေခင်ကမူ ထိုလက်ဖက်ရည်ခန်းထဲသို့ တစ်ခါတစ်ရံ ဝင်၍ တစ်ယောက်တည်းထိုင်ပြီး ငေးငိုင်နေခဲ့သည်။ သို့သော်လည်း ထိုအခန်းထဲသို့ အမေသည် မီးလင်းဖိုကို သယ်သွားလေ့ မရှိ။ ရေနွေးကရား တစ်လုံးသာ ယူသွားလေ့ရှိသည်။ ကိုကုဂျီအနေဖြင့် အမေ လက်ဖက်ရည်ခန်းထဲသို့ ဝင် သည်ကို မနှစ်မြို့လှပေ။ ထို အခန်းထဲတွင် ငြိမ်၍ အမေ ဘာတွေများ စဉ်းစားနေပါလိမ့်ဟု အမြဲတမ်း ပူပင်မိခဲ့သည်။

လက်ဖက်ရည်အခန်းထဲတွင် တစ်ယောက်တည်း ငိုင်နေသော အမေ့ ကို ချောင်းကြည့်ချင်စိတ် ဖြစ်ခဲ့သော်လည်း တစ်ခါမျှ မကြည့်ဖြစ်ခဲ့ပေ။ သို့ပါသော်လည်း အဖေ သက်ရှိထင်ရှား ရှိစဉ်ကာလတွင် ဤလက်ဖက်ရည် ခန်းကို တာဝန်ယူခဲ့သူမှာ ကျိုကကိုသာ ဖြစ်သည်။ ထိုစဉ်က အမေ့မှာ လက်ဖက်ရည်ခန်းသို့ သိပ်သွားလေ့ မရှိခဲ့လေ။ အမေ ဆုံးပြီးသည့် နောက်ပိုင်း တွင် ထိုလက်ဖက်ရည်ခန်းကို လုံးဝ ပိတ်ထားခဲ့သည်။ အဖေ့လက်ထက် ကတည်းက ခန့်ထားခဲ့သော အိမ်ဖော်မလေးကသာ တစ်နှစ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ် လေဝင်လေထွက် ရစေရန် ဖွင့်ထားခဲ့လေသည်။

'ဘယ်တုန်းကတည်းက သန့်ရှင်းရေး မလုပ်ခဲ့တာလဲကွယ်၊ ဖျာတွေ ဘယ်နှချပ်ခင်းခင်း မှိုတွေက ဟောင်နံနေတော့ မကောင်းဘူးပေါ့ကွယ်'

ကျိုကကို၏ စကားက မထိလေးစား နိုင်လှသည်။

'အခန်းကို သန့်ရှင်းလို့လည်း ပြီးသွားရော ချက်ချင်းပြုတ်ချင်တဲ့

စိတ်တွေ ပေါ်လာတယ်။ များများစားစား ပါမလာပေမဲ့ တတ်နိုင်သလောက်တော့ ပြင်ထားပါတယ်။ အိမ်ကို တန်းတန်းမတ်မတ် ပြန်ခဲ့နော်'

'ဟယ် ... အတော် အံ့ဩဖို့ကောင်းတာပဲ'

'ကိကုဂျိစံ တစ်ယောက်တည်း ပျင်းနေမယ်ဆိုရင် ကုမ္ပဏီက မိတ်ဆွေ သူငယ်ချင်း နှစ်ယောက် သုံးယောက်လောက် ခေါ်ခဲ့ပေါ့'

'မဖြစ်ပါဘူးဗျာ၊ အိမ်မှာက တစ်ခါမှ လက်ဖက်ရည်ပွဲတို့ ဘာတို့နဲ့ ညှိခံဖူးတာမှ မဟုတ်တာဘဲ'

'သိပ်ပြီး နှစ်ပတ်တဲ့လူ မဟုတ်ရင် ပြီးတာပဲ၊ ဒီမှာက မမလည်း အကြမ်းဖျင်းပဲ ပြင်ထားရတာ။ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေးပေါ့'

'မဖြစ်ပါဘူးဗျာ'

ကိကုဂျိက အန်ထုတ်လိုက်သည့်အလား ပြောချလိုက်သည်။

'ဟုတ်လား၊ စိတ်ညစ်လိုက်တာနော်၊ ရှင့်အဖေရဲ့ အပေါင်းအသင်းတွေကို ခေါ်လို့ကလည်း မဖြစ်ဘူးဆိုတော့ အိနမုရစံရဲ့ သမီးကလေးကိုပဲ ခေါ်လိုက်ရင် မကောင်းဘူးလား'

'ဒါ နောက်နေတာ မဟုတ်ဘူးဗျာ၊ သွားမခေါ်လိုက်နဲ့နော်'

'ဘာဖြစ်လို့လဲကွယ့် မကောင်းဘူးလား၊ တစ်ဖက်က ရိပ်တောင်ရိပ်မိနေပြီလား မပြောတတ်ဘူး။ တစ်ကြိမ်လောက် ထပ်တွေ့ပြီး စကားပြောကြည့်ရရင် မကောင်းဘူးလား။ ဒီနေ့ ဖိတ်ကြည့်မယ်လေ၊ လာခဲ့ရင်တော့ သူလည်း သဘောတူပါတယ်ဆိုတဲ့ လက္ခဏာပေါ့'

'စိတ်ညစ်လိုက်တာဗျာ၊ အဲဒီလို အရမ်းလုပ်တာ'

ကိကုဂျိ၏ ရင်ထဲတွင် မခံမရပ်နိုင် ဖြစ်လာသည်။

'အဲဒီ အစီအစဉ်ကို ရပ်ပစ်ပါဗျာ၊ ကျွန်တော်လည်း အိမ်ကို ပြန်မလာဘူး'

'အယ် ... ကဲ ကဲ ဒီအကြောင်းတွေ တယ်လီဖုန်းထဲမှာ ပြောရမယ့်စကားမှ မဟုတ်တာ။ ဒါကြောင့် အိမ်ကို စောစောပြန်လာဖို့ပဲ မမ ပြောချင်တယ်'

'ဒါကြောင့်ဆိုတာက ဘာကို ဆိုလိုတာလဲ၊ ကျွန်တော် ဘာမှမသိဘူး'

'ထားလိုက်ပါတော့လေ၊ မမကပဲ ကိုယ်လုပ်ချင်တာတွေကို တစ်ဖွတ်ထိုး စီစဉ်နေတယ်လို့ပဲ အောက်မေ့ရမှာပေါ့'

ဤသို့ ပြောကြဆိုကြရင်း ကျီကကိုထံမှ ဖွတ်အတင်း သွတ်သွင်းရောက်ရှိလာသော စိတ်၏အဆိပ်များက တစ်စခန်း ထ လာပြန်တော့သည်။

ကျီကကို၏ ရင်သားထက်ဝက်ကျော်မျှရှိသော အမည်းရောင် အမှတ်ကြီးကို ပြန်လည် မြင်ယောင်လာပြန်သည်။

ထိုအခါ ကိကုဂျီအဖို့ ကျီကကို၏ လက်ဖက်ရည်ခန်း တံမြက်စည်းလှည်းသံက မိမိ၏ ဦးခေါင်းအတွင်းအား တံမြက်စည်းကြမ်းကြီးဖြင့် လှည်းနေဘိအလား၊ လက်ဖက်ရည်ခွက်များအား သုတ်နေသော အဝတ်ကြမ်းစဖြင့် မိမိ ဦးနှောက်အတွင်းသားအား ပွတ်တိုက်နေဘိအလား ခံစားလာရတော့သည်။

ထိုသို့ စိတ်နှလုံး မကြည်မသာ ဖြစ်ရသည့်အပြင် မိမိ မရှိခိုက် ပိုင်စိုးပိုင်နင်း အိမ်ပေါ်သို့တက်ကာ ဟင်းချက်စရာများ ပြင်ဆင်နေခြင်းမှာလည်း လုံးဝ မလိုလားအပ်သော အပိုအလုပ်ပင် ဖြစ်ပေသည်။

အဖေ ကွယ်လွန်သည့် အထိမ်းအမှတ်အဖြစ် လက်ဖက်ရည်ခန်းကို သန့်ရှင်းပြီး ပန်းအိုးလေး ဘာလေး ပြင်ဆင်ထားခဲ့မည်ဆိုလျှင် ခွင့်လွှတ်နိုင်လောက်သည်။

သို့ပါသော်လည်း အဆိုပါ ကိကုဂျီ၏ မချင့်မရဲဖြစ်နေသော မုန်းတီးမှုအတွင်း၌ကား အိနမုရစ်၏ သမီးငယ် ရုပ်သဏ္ဍာန်က ကွက်ခနဲ လင်းလက်လာပြန်သည်။

ကျီကကိုနှင့်ကား အဖေဆုံးပြီးနောက် ခပ်ဝေးဝေး နေခဲ့သော်လည်း ယခုအခါ အိနမုရစ်၏ သမီးငယ်ကို တည်ကြက်လုပ်ပြီး ကိကုဂျီအား နှယ်လာကာ မိမိ၏ဘဝအား ဖျက်ဆီးရန် ကြံစည်နေသည်လား မပြောတတ်ပေ။

ကျီကကို၏ တယ်လီဖုန်းသည် စိတ်ဝင်စားစရာ ကောင်းသလို

သိပ်ပြီး မှုစရာ မလိုအပ်သော်လည်း မိမိအား ခြိမ်းခြောက် အနိုင်ကျင့်နေဘိသကဲ့သို့လည်း ဖြစ်ရလေသည်။

ဤကဲ့သို့ ခြိမ်းခြောက် အနိုင်ကျင့်မှုကို ခံရခြင်းမှာလည်း မိမိ၏ အားနည်းချက်ကြောင့်ပင် ဖြစ်နိုင်သည်။ ထိုအားနည်းချက်ကို ကြောက်သည့်စိတ်ဖြင့်ပင် ကျိုကကို၏ တယ်လီဖုန်းအား ဒေါမပွနိုင်ဘဲ ရှိခဲ့ရသည်။

ကျိုကကိုသည် ကိကုဂျီ၏ အားနည်းချက်ကို မိမိရရ ကိုင်တွယ်၍ အိမ်ပေါ်အထိ တက်လာခြင်း ဖြစ်ပေလိမ့်မည်။

ကိကုဂျီသည် အလုပ်ဆင်းသည်နှင့် ဂင်ဇာဘက်ကို ထွက်လာပြီး၊ ခပ်မှောင်မှောင် ခပ်ကျဉ်းကျဉ်း အရက်ဆိုင်ကလေး တစ်ဆိုင်သို့ ဝင်ထိုင်နေလိုက်သည်။ ကျိုကကို ပြောသလို အိမ်သို့ တန်းတန်းမတ်မတ် ပြန်ရမည်ဖြစ်သော်လည်း မိမိ၏ အားနည်းချက်အပေါ်တွင် လက်နက်ချ အရှုံးပေးခဲ့ရသော စိတ်များက ဖိစီး နှိပ်စက်နေကြ၍ ဖြစ်သည်။

တယ်လီဖုန်းထဲတွင် နိုင့်ထက်စီးနင်း ပြောနေခဲ့သော ကျိုကကို၏ ဟန်ပန်သည် မထီလေးစားမှု တစ်ခုတည်းသာမကဟု ခံစားလိုက်ရသည်။

သို့သော်လည်း အိနမုရစ်၏ သမီးနှင့် စေ့စပ်နိုင်ရေးအတွက် ကျိုကကိုက သူ့နည်းသူ့ဟန်နှင့် ရိုးရိုးသားသား ကြိုးစားနေခြင်းလည်း ဖြစ်နိုင်ပေသည်။

အရက်ဆိုင် ရောက်သည့်တိုင် စိတ်ဂနာမငြိမ် ဖြစ်လျက်ရှိနေသောကြောင့် ကိကုဂျီသည် အိမ်အပြန် ဓာတ်ရထားပေါ်သို့ တက်ခဲ့လေတော့သည်။

ရှောဆင်း နိက်ကလပ်ကို ကျော်၍ တိုကျိုဘူတာသို့ မရောက်မီ လမ်းခုလတ်တွင် သစ်ပင်ကြီးများ စီတန်းပေါက်နေသော လမ်းမကြီးအား ကိကုဂျီသည် ရထားပြတင်းပေါက်မှ လှမ်းမျှော်ကြည့်နေမိသည်။ ထို လမ်းမကြီးသည် ရှောဆင်းအရပ်နှင့် ထောင့်မှန်ကျကျ တိုးဗိုင်းဒေသဆီသို့ ဦးတည်နေသောကြောင့် အနောက်ဘက်ဆီမှ နေရောင်များ ထိုးကျလျက် ရှိသည်။ ညနေခင်း နေရောင်ခြည်ကား သစ္စာပြားပေါ်တွင် ထင်ဟပ်ထားသည့်

အလား လင်းလက် တောက်ပလျက် ရှိသည်။ သို့သော်လည်း သစ်ပင်တန်းအား နေရောင်ခြည်၏ ဆန့်ကျင်ဘက်လားရာမှ မြင်နေရသောကြောင့် သစ်ရွက်များ၏ အစိမ်းရောင်က ပို၍ ရင့်နေသလို သစ်ရိပ်များကလည်း ပို၍ အေးမြလျက် ရှိပေသည်။ သစ်ကိုင်းများက ဖြာလျက် သစ်ရွက်စိမ်းများကား ထူထဲ ပြန့်ကားစွာ ပေါက်နေကြသည်။ လမ်း၏ တစ်ဖက်တစ်ချက်၌မူ ခံ့ညားစွာ ဆောက်ထားသော အနောက်တိုင်းပုံစံ အဆောက်အအုံကြီးများက တန်းစီလျက် ရှိနေကြသည်။

ထူးထူးခြားခြား ထိုလမ်းမကြီးပေါ်တွင် လူသွားလူလာ နည်းလျက်ရှိပြီး ဘုရင့်နန်းတော် ကျုံးဘေးအထိ လှမ်းမြင်နေရသည်။ မျက်စိကျိန်းလောက်အောင် တောက်ပနေသော မီးရထား သံလမ်းများသည်လည်း ငြိမ်သက်စွာ လဲလျောင်းနေကြလေသည်။

လူများ ပြည့်ကျပ်နေသော ရထားတွဲပေါ်မှ လှမ်းကြည့်လိုက်ရာ ထိုလမ်းမကြီးသာ ဆည်းဆာအလှအောက်တွင် ပန်းရနေပြီး အိပ်မက်ဆန်ဆန် ဖြစ်နေလေသည်။

ထိုသစ်ပင်တန်းကြီး၏ အရိပ်အောက်တွင်ကား ပန်းနုရောင်ပိတ်စပေါ်တွင် ကြိုးကြာတစ်ထောင်အဆင်ဖြင့် ခြယ်သထားသော အထုပ်ကလေးကို ပိုက်ကာ အိနမုရစ်၏ သမီးကလေး လျှောက်လှမ်းနေလေမည်လားဟု ကိကုဂျိ အောက်မေ့လိုက်သည်။ ထင်သည့် အတိုင်းပင် ကြိုးကြာတစ်ထောင်မိန်းကလေးကို တအံ့တဩ လှမ်း၍ တွေ့လိုက်ရသည်။

ကိကုဂျိ၏ ရင်ထဲတွင် ပေါ့ပါး လန်းဆန်းလာတော့သည်။ ယခုလောက်ဆိုလျှင် သူကလေး အိမ် ရောက်နှင့်နေမလား မပြောတတ်ဘူးဟု တွေးမိလေသော ကိကုဂျိ၏ ရင်ထဲတွင် ရထားဆယ်စင်း ခုတ်မောင်းသည့်အလား ခံစားလာရလေသည်။

မည်သို့ပင်ဖြစ်စေ ကျိကကို၏ တယ်လီဖုန်းထဲတွင် ရုံးကသူငယ်ချင်းမိတ်ဆွေတွေကို ဖိတ်ခဲ့ပါလားဟု ပြောစဉ်က ကိကုဂျိ နှောက်ဆံတင်းခဲ့သည်။

သို့ဆိုလျှင် အိနမုရစံ၏ သမီးကို ဖိတ်မည်ဟု ပြောခဲ့ခြင်းမှာ မည်သို့သော အကြံနှင့် ဖြစ်လေမည်နည်း၊ အဘယ်ကြောင့် အစကတည်းက သူကလေးအား ဖိတ်မည်ဟု မပြောခဲ့ရပါသနည်း၊ ကိကုဂျိ နားမလည်နိုင်တော့ပေ။

အိမ်သို့ ရောက်လာသောအခါ ကျိုကကိုက ဆင်ဝင်အထိ ထွက်ကြိုပြီး –

'တစ်ယောက်တည်းပဲလား' ဟု မေးသည်။ ကိကုဂျိက ခေါင်းညိတ်ပြလိုက်သည်။

'တစ်ယောက်တည်းက ပိုကောင်းတာပေါ့၊ ဟိုမှာ ရောက်နှင့်နေပြီလေ'

ကျိုကကိုက ပြောပြောဆိုဆိုနှင့် ကိကုဂျိ၏ ဦးထုပ်နှင့် လက်ဆွဲအိတ်ကို ကမ်းယူလိုက်သည်။

'လမ်းမှာ တစ်နေရာရာ ဝင်ခဲ့တယ်နဲ့ တူတယ်'

ကိကုဂျိ၏ မျက်နှာတွင် အရက်နံ့များ စွဲကျန်ခဲ့လေသည်လားဟု အောက်မေ့ရလေသည်။

'ဘယ်ကိုများ ဝင်နေခဲ့ရပါလိမ့်ကွယ်၊ အချိန်တန်လို့ မရောက်တာနဲ့ ကုမ္ပဏီကို ဖုန်းဆက်ကြည့်တော့ ပြန်သွားတာ ကြာပြီတဲ့'

'ခင်ဗျားကဖြင့် လုပ်ရော့မယ်'

ကိကုဂျိသည် မိမိ၏ အိမ်ပေါ်သို့ ပိုင်စိုးပိုင်နင်း ဝင်ရောက်ပြီး ကိုယ့်သဘောကျ စီစဉ်နေသော ကျိုကကိုအပေါ် နှုတ်ဆက်ကြိုဆိုသမှု ပြုမနေတော့ချေ။

ဧည့်ခန်းတွင်းသို့ ရောက်သောအခါ အိမ်ဖော်မကလေးက အင်္ကျီသစ်တစ်ထည် ထုတ်ကာ ကမ်းလိုက်သည်။

'ဒါဆိုလည်း လဲရတာပေါ့'

ကိကုဂျိက အပေါ်အင်္ကျီ ချွတ်လျက် အဝတ်လဲခန်းထဲသို့ ဝင်သွားခဲ့သည်။ ထို့နောက် အဝတ်အစားလဲ၍ ထွက်လာသည်။

ရာပြည့်စာအုပ်တိုက်

ကျီကကိုက ထိုင်လျက် အနေအထားဖြင့်ပင် ပြောလိုက်သည်။

'တစ်ကိုယ်ရေ တစ်ကာယသမားများ တယ်အားကျဖို့ ကောင်းတာပဲ နော်'

'ဩော် ... ဩော်'

'မလွတ်လပ်တဲ့ ဘဝကို တစ်နည်းနည်းနဲ့ ရှောင်ဖယ်နေတယ် ဆိုပါ တော့'

'အဖေ့ကို ကြည့်ပြီး သင်ခန်းစာ ရလာတာပေါ့ဗျာ'

ကျီကကိုက ကိကုဂျီကို ခဏတစ်ဖြုတ် စိုက်ကြည့်လိုက်သည်။ အိမ် ဖော်မလေး၏ အေပရွန်အင်္ကျီကို ဗုားဝတ်ထားသည်။ အလျင်က ဤအင်္ကျီ လည်း ကိကုဂျီ၏အမေ ဝတ်ဆင်ခဲ့သော အင်္ကျီဖြစ်ပေသည်။ လက်မောင်းကို အပေါ်သို့ ပင့်တင်ထားသည်။ ယက်ကောက်ဝတ်မှ အတွင်းဘက်ဆီအထိ ဖြူဖွေးလျက်ရှိပြီး တံတောင်ဆစ်ဘက်တွင် အသားအရေများ တွန့်နေကြ သည်။

'လက်ဖက်ရည်ခန်းက အသင့်ဆုံးပါပဲကွယ်၊ အဲ ... ဧည့်ခန်းကို ကျော်ပြီး သွားရတာ တစ်ခုပဲ'

ကျီကကိုက အနည်းငယ် စကားလွှဲ၍ ပြောလိုက်သည်။

'ကဲ ကဲ လက်ဖက်ရည်ခန်းထဲမှာ မီးဖွင့်ပြီးပြီလား မသိဘူး၊ ဒီအခန်း ကို လင်းနေအောင် ပြင်ထားပြီး တစ်ခါမှ မသုံးဖူးသေးဘူး'

'ရပါတယ်ဗျာ၊ ဖယောင်းတိုင်ဖြစ်ဖြစ် ထွန်းထားလိုက်ရုံပေါ့'

'ငါ့မောင်ကဖြင့် မဟုတ်တာ ပြောရှောမယ်'

ကျီကကိုက ရုတ်တရက် သတိရလာသည့်အလား ပြောပြန်သည်။

'စောစောက ဖုန်းဆက်ကြည့်တော့ အိနမုရစ်က သူ့အမေနဲ့အတူ လွှတ်လိုက်ရမလားတဲ့။ ဒါနဲ့ အမေပါတော့ ပိုကောင်းတာပေါ့လို့ ပြန်ပြောတဲ့ အခါ သူ့အမေက အိမ်မှာ အရေးကြီးတဲ့ အလုပ်ကလေးတွေ ရှိတာနဲ့ သမီး တစ်ယောက်တည်းပဲ လွှတ်လိုက်ပါ့မယ်တဲ့'

'ခင်ဗျားက ကိုယ့်သဘောနဲ့ကိုယ် လျှောက်လုပ်နေတော့တာပဲ၊ ရုတ်တရက် ချက်ချင်းလာဖို့ ဖိတ်တော့ တစ်ဖက်သားကို အားနာဖို့ကောင်းတာပေါ့'

'ဒါတွေ ထားလိုက်ပါတော့၊ ဟိုမှာ မိန်းကလေးက ရောက်နေပြီပဲ၊ ရောက်လာတော့မှ ဘာမှ အားနာစရာ မလိုတော့ပါဘူး'

'ဘာဖြစ်လို့လဲ'

'ဒါပေါ့ကွယ်၊ ကာယကံရှင်ကိုယ်တိုင်က ဒီကိုရောက်အောင် လာနေမှတော့ ရှေ့ဆက် တိုးကြရုံပဲ ရှိတာပေါ့။ ကိုယ့်ဘက်က စ ပြောလည်း ကိစ္စမရှိပါဘူး၊ အချင်းချင်း ပြေလည်သွားတဲ့ အခါကျမှသာ ဒီလိုဖြစ်အောင် စီစဉ်ပေးတာ ကျီကကိုစံပါလို့ ရယ်ရယ်မောမော ပြောကြပေါ့'

ကျီကကိုက ကိကုဂျီ၏ ဝမ်းထဲအထိ ထွင်းဖောက် မြင်နေရသော သဘောမျိုးနှင့် ပြောလိုက်သည်။

'တစ်ဖက်လူကို ပြောထားပြီးပြီလား'

'ဟုတ်ကဲ့ပါရှင်၊ ပြောထားပြီးပါပြီ'

ကဲ ... ကဲ... ပြတ်ပြတ်သားသား လုပ်ပေတော့ ဟူသည့် ပုံစံမျိုးဖြင့် ကျီကကိုက ဖြေလိုက်သည်။

ကိကုဂျီက ထရပ်လိုက်ပြီး ဧည့်ခန်းရှိရာသို့ ဝရန်တာကို ဖြတ်၍ လျှောက်လာခဲ့သည်။ သလဲပင်ကြီး ပေါက်နေသည့် နေရာသို့ အရောက်တွင် မျက်နှာအချိုးအစားကို ပြင်လိုက်သည်။ ပုပ်သိုးနေသော မျက်နှာကြီးကို ကြိုးကြာတစ်ထောင်မလေး မြင်မသွားစေချင်၍ ဖြစ်သည်။

မှောင်ရိပ်သမ်းနေသော သလဲပင်၏ အောက်ခြေဆီသို့ ငေးကြည့်နေမိစဉ် ကျီကကို၏ အမည်းရောင် အမှတ်ကြီးက မျက်စိထဲ၌ ပြန်ပေါ်လာပြန်သည်။ သို့ဖြင့် ခေါင်းကို ချာခနဲ လှည့်လိုက်ရသည်။ ဧည့်ခန်း၏ ရှေ့တည့်တည့်တွင် ချထားသော ဥယျာဉ်ထဲမှ ကျောက်တုံးကြီးပေါ်တွင်ကား ဆည်းဆာ၏ ရောင်ခြည်များက အနည်းငယ် ဖွဲထင်၍ ကျန်နေဆဲပင် ဖြစ်သည်။

စက္ကူလျှောတံခါး ပွင့်နေပြီး မိန်းကလေးက အဝင်ပေါက် ဘေး ဘက် ဝရန်တာနားတွင် ကပ်၍ ထိုင်နေသည်။ ကျယ်ပြောလှသော ဧည့်ခန်း ကြီး၏ မှုန်ပျပျ အတွင်းဘက်ဆီသို့ သူကလေး၏ကိုယ်မှ ထွက်လာသော အရောင်များက ဖြန့်ကြက်နေကြသည့်နှယ်ပင်။

ဘုရားစင်ပေါ်ရှိ ကြေးပန်းအိုးထက်တွင် ကန်စွန်းနွယ်ပွင့် အပြာရောင် များကို ထိုးထားသည်။

သူကလေး၏ ကီမိုနို ခါးစည်းကြိုးပြားသည်ပင် ကန်စွန်းနွယ်ပွင့် အဆင်ကလေး ဖြစ်သည်။ ရတ်တရက် တိုက်ဆိုင်မှုဟု ပြောရလေမလား။ သို့ပါသော်လည်း ရာသီအလိုက် အဆင်ဖြစ်လေသောကြောင့် တိုက်ဆိုင်မှုဟု ပြောရန်လည်း ခက်ခဲလှပေသည်။

ဘုရားစင်ပေါ်မှ ကန်စွန်းနွယ်ပွင့်ကလေးများက ငွားငွားစွင့်စွင့်နေကြ ပြီး၊ အရွက်ကလေးများက ထိုးထိုးထောင်ထောင် ဖြစ်နေကြသည်ကို ကြည့် ခြင်းအားဖြင့် ဤပန်းအိုးမှာ ကျိုကကို မကြာခင်ကမှ ထိုးထားကြောင်း ထင်ရှားပေသည်။

[ ၂ ]

နောက်တစ်နေ့ တနင်္ဂနွေနေ့သည်ကား မိုးရွာနေခဲ့ပေသည်။ ညနေပိုင်းတွင် ကိကုဂျိသည် လက်ဖက်ရည်ခန်းထဲသို့ ဝင်ခဲ့သည်။ ယမန်နေ့က လက်ဖက် ရည်ပွဲတွင် သုံးစွဲခဲ့သော ပစ္စည်းများကို သိမ်းဆည်းရန် ဖြစ်သည်။

အိနမုရသမီးငယ်၏ ကိုယ်ရနံ့ကြွင်းများက နှာခေါင်းထဲတွင် သင်း နေဆဲပင်။ အိမ်ဖော်မကလေးအား ထီးကို ယူခိုင်းလိုက်ပြီးနောက် ဧည့်ခန်းမှ ပန်းခြံအတွင်း ခင်းထားသော ကျောက်ပြားများပေါ်သို့ လျှောက်လှမ်းမည် အလုပ်၊ တံစက်မြိတ်ရှိ ရေတံလျှောက် ပေါက်ပြဲနေသောကြောင့် သလဲသီး ပင်၏ ဒရှ့နားတွင် မိုးရေများ တဗျင်းဗျင်း ယိုဆင်းကျနေသည်။

'အဲဒီနေရာကို မပြင်လို့ မဖြစ်ဘူးကွယ့်'

ကိကုဂျိက အိမ်ဖော်မလေးကို ပြောလိုက်သည်။

'ဟုတ်ကဲ့ပါ သခင်'

မိုးရွာသော ညများတွင် အိပ်ရာထဲသို့ ဝင်ခဲ့သည့်တိုင် အခါတိုင်း ထိုနေရာမှ ရေကျသံများကို ကြားနေခဲ့ရပေသည်။

'ဒါပေမဲ့ တကယ်တမ်း ပြင်မယ်ဆိုရင်တော့ ဟိုနေရာကော သည်နေရာကော ပြင်လို့ကို ဆုံးမှာ မဟုတ်ဘူး၊ အင်း ဒီအိမ်ကို ရောင်းပစ်တာကမှ ကောင်းဦးမယ်'

'ခုတလော အိမ်ကြီးကြီးပိုင်တဲ့ လူတွေက ဒီလိုပဲ ပြောကြတာပါပဲ။ မနေ့က လာတဲ့ အစ်မကလေးကတောင် အိမ်ကြီးက ကျယ်လွန်းလို့ အတော် အံ့အားသင့်နေတာ။ အဲဒီ မမလေး ဒီအိမ်ကိုများ ပြောင်းလာဖို့ စိတ်ကူးရှိ သလား မပြောတတ်ဘူး'

အိမ်ဖော်မလေး၏ လေသံမှာ မရောင်းပါနဲ့ဟု အဓိပ္ပာယ် ထွက်နေ လေသည်။

'ဆရာမ ခူရိမိုတိုကကော အဲဒီအကြောင်းတွေ ပြောဖြစ်သေးလား'

'ဟုတ်ကဲ့၊ အဲဒီ မမလေးကိုလည်း မြင်ရော ဆရာမက အိမ်ရဲ့ နေရာအနှံ့ကို လိုက်ပြပြီး ရှင်းပြခဲ့ပါတယ်'

'ဟာ... အတော်အံ့ဩဖို့ ကောင်းတာပဲ'

မနေ့က မိန်းကလေးသည် ကိကုဂျိအား ထိုအကြောင်းနှင့် ပတ်သက် ၍ တစ်လုံး တစ်ပါဒမျှ မဟခဲ့ပေ။

မိန်းကလေးအနေနှင့် ဧည့်ခန်းမှ လက်ဖက်ရည်ခန်းသို့ ကူးသွားခဲ့ရုံ မျှသာဟု အောက်မေ့ခဲ့သည်။ မိမိလည်း ထိုနည်းအတိုင်း ဧည့်ခန်းမှ လက် ဖက်ရည်ခန်းသို့ ကူးသွားရန် ကြံစည်နေဆဲပင် ရှိသေးသည်။

ကိကုဂျိသည် မနေ့ညက ကောင်းကောင်း အိပ်မပျော်ခဲ့ပေ။ လက်ဖက်ရည်ခန်းထဲတွင် ကြိုးကြာတစ်ထောင် မိန်းကလေး၏ ရနံ့များ

ကျန်နေဆဲ ဖြစ်မှာပဲဟု တွေးကာ လက်ဖက်ရည်ခန်းထဲသို့ ပြန်သွားချင်စိတ်များ ဖြစ်ပေါ်နေခဲ့သည်။

"ပြိုင်စံကင်းတဲ့ ကလေးမလေးပါလားကွယ်"

ဟု အိနမုရ မိန်းကလေး၏ အကြောင်းကို တွေးကာ မိုက်ခနဲ ဖြစ်သွားလေသည်။

ထိုမိန်းကလေးအား ကျီကကိုက မိမိ၏ အိမ်အတွင်းအား လိုက်လံပြသနေမည်ကို လုံးဝ မျှော်လင့်မထားခဲ့ပေ။

ကိကုဂျီက အိမ်ဖော်မလေးအား လက်ဖက်ရည်ခန်းထဲသို့ မီးလင်းဖိုကို သယ်ခဲ့ရန် မှာကြားပြီးနောက် လမ်းခင်းကျောက်ပြားများပေါ် နင်းကာ ထွက်လာခဲ့ပေသည်။

မနေ့ညက ကျီကကိုသည် ကမားကူးရားမြောက်ပိုင်းအထိ သမီးပျိုနှင့် လိုက်သွားသောကြောင့် ကျန်ရစ်သော ပစ္စည်းများကို အိမ်ဖော်မလေးက သိမ်းဆည်းခဲ့ရသည်။

လက်ဖက်ရည်ခန်း၏ နံရံနားတွင် တန်းစီနေသော ပစ္စည်းများအား ဗီရိုထဲသို့ ထည့်သိမ်းလိုက်လျှင် ပြီးသော်လည်း ဘယ်ပစ္စည်း ဘယ်နေရာထားရမည်ကိုကား မသိပေ။

"အင်း ... ဒါတော့ ခုရှိမှိတိုကျီကကိုက ပိုသိတာပဲ"

ကိကုဂျီက ခပ်တိုးတိုးလေး ညည်းတွားလိုက်ပြီးနောက် ကျက်သရေခန်းတွင် ချိတ်ဆွဲထားသော ကဗျာဆရာကြီး၏ ရုပ်ပုံပန်းချီကားကို ငေးမောကြည့်ရှုနေမိသည်။

ပန်းချီဆရာကြီး ဟောဘ္စုကျောဆောထစု၏ လက်ရာဖြစ်ပြီး အောက်ခံ အရောင်ခပ်မှိန်မှိန်ပေါ်၌ ကောက်ကြောင်းဖြင့် ရေးဆွဲထားလေသည်။

'ဘယ်သူ့ပုံလဲ ဟင်'

မနေ့ညက အိနမုရသမီးပျိုက မေးခဲ့သောအချိန်တွင် ကိကုဂျီက ရုတ်တရက် မဖြေနိုင်ခဲ့ပေ။

'အင်း ... ဘယ်သူများပါလိမ့်၊ အောက်မှာ ကဗျာနဲ့ ကဗျာဆရာရဲ့ နာမည်ကို ရေးမထားတော့ အပြောရခက်တယ်။ ဒီလိုပုံမျိုးတွေက ဒီအတိုင်း ချည်းပဲ'

'ကဗျာဆရာကြီး မုနဲ့ယူကီများ ဖြစ်မလား မပြောတတ်ဘူး'

ကျိုကကိုက ဝင်၍ ပြောလိုက်သည်။

'သူ့ကဗျာက ဘာတဲ့၊ "အမြဲစိမ်းလန်း၊ ထင်းရှူးတန်းလည်း၊ နွေဦး အခါ၊ ရောင်ပြောင်းလာ၏" ဆိုလားပဲ။ အင်း ... နည်းနည်းတော့ နောက်ကျ သွားတာ မှန်ပေမဲ့ ငါ့မောင်ရဲ့ အဖေက နွေဦးရောက်လာပြီဆိုရင် အဲဒီ ပန်းချီကားကို ထုတ်ထုတ်ပြီး အမြတ်တနိုး ကြည့်တတ်တယ်'

'အင်း ကဗျာဆရာကြီး မုနဲ့ယူကီလား၊ စုရယူကီလား မခွဲခြားတတ် တော့ပါဘူးဗျာ'

ကိကုဂျိက ထပ်လောင်း၍ ပြောလိုက်သည်။

ယနေ့ ထပ်ပြီး ကြည့်မိသော်လည်း ဘယ်သူဘယ်ဝါမှန်း ခွဲခြားမသိ နိုင်သည့် ခံ့ညားလှသော ရုပ်ပုံပင် ဖြစ်လေသည်။

သို့ပါသော်လည်း ပန်းချီကားချပ်သေးသေးကလေးတွင် ရေးချက် မှျင်မှျင်ကလေးပင် ဖြစ်သော်လည်း ကြည့်ရင်းကြည့်ရင်း ကြီးမြတ်သော ခံစားမှုများ ဖြစ်လာရလေသည်။ ထိုကဲ့သို့ ခေတ္တခဏ ငေးစိုက်ကြည့်နေစဉ် ကိကုဂျိ၏ နှာခေါင်းထဲသို့ သင်းပျံ့သော ရနံ့ကလေးက တိုးဝှေ့ဝင်ရောက် လာလေသည်။

ဤပန်းချီကားကြောင့် သော်လည်းကောင်း၊ မနေ့ညက ပြင်ဆင်ထား သော ပန်းအိုးကြောင့် သော်လည်းကောင်း ကိကုဂျိအဖို့ ထိုမိန်းကလေးကို အောက်မေ့စရာများသာ ဖြစ်ပေါ်လာနေကြပေသည်။

'ရေခွေးကျိုနေရလို့ နည်းနည်း နောက်ကျသွားပါတယ် သခင်၊ ကောင်းကောင်းမဆူသေးလို့ နည်းနည်းစောင့်ပြီးမှ သောက်ရင် ပိုကောင်း ပါလိမ့်မယ်'

အိမ်ဖော်မလေးက မီးလင်းဖိုနှင့် ရေနွေးကရားအိုးကို သယ်ချလာသည်။ မိမိမှာ လက်ဖက်ရည်ခန်းထဲတွင် စိုထိုင်းထိုင်းဖြစ်နေသောကြောင့် မီးလင်းဖိုကိုသာ အလိုရှိခဲ့ပေသည်။ ရေနွေးကရား ယူလာဖို့ မမှာခဲ့မိပေ။

သို့ပါသော်လည်း အိမ်ဖော်မလေး နားကြားမှားခဲ့သဖြင့် ဤကဲ့သို့ ပြင်ဆင်လာခဲ့ခြင်း ဖြစ်ဟန် တူပါသည်။

ကိကုဂျိသည် စိတ်မပါတပါဖြင့် မီးလင်းဖိုထဲသို့ မီးသွေးများကို ထည့်ကာ ရေနွေးကရားကို တင်လိုက်သည်။ အဖေ့နောက် တကောက်ကောက် လိုက်နေခဲ့သောကြောင့် လက်ဖက်ရည်ပွဲများနှင့် ယဉ်ပါးနေခဲ့ပြီ ဖြစ်သော်လည်း မိမိကိုယ်တိုင် လက်ဖက်ရည်တည်၍ သောက်ရန်မှု ဝါသနာ မပါခဲ့ပေ။ အဖေကိုယ်တိုင်ကလည်း လက်ဖက်ရည်တည်ပွဲကို လေ့လာရန် မတိုက်တွန်းခဲ့ဖူးပေ။

ရေနွေးအိုးမှ ရေနွေးများ ဆူလာသည့်တိုင် အဖုံးကို အနည်းငယ် ဟထားပြီးနောက် ကိကုဂျိ တစ်ယောက်တည်းထိုင်ကာ ငေးငိုင်နေခဲ့လေသည်။

နှာခေါင်းဝတွင် မှိုနံ့က အနည်းငယ် နံလာသည်။ မြက်ဖျာများလည်း စိုထိုင်း၍ လာခဲ့ပြီ ထင်သည်။

မီးခိုးရောင် နံရံများသည်လည်း ယမန်နေ့ ညကမူ မိန်းမပျို၏အဆင်းကြောင့် လင်းနေခဲ့ကြသော်လည်း ယနေ့၌မူ မှောင်မည်း၍ နေတော့သည်။

အနောက်တိုင်းဆန်ဆန်အိမ်တွင် နေထိုင်လျက် ကီမိုနို ဝတ်ဘိသကဲ့သို့ ခံစားနေရတော့သည်။

'ခူရိမိုတိုက ရုတ်တရက် ဖိတ်လိုက်တဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ်။ ဒီလက်ဖက်ရည်ခန်းက သူ့စိတ်ကြိုက်သူ့သဘောဆိုတော့ ခက်တယ်'

မနေ့ညက ကိကုဂျိက သမီးပျိုအား ထိုအတိုင်း ပြောခဲ့လေသည်။

'ဒီနေ့ဟာ ဖခင်ကြီးရဲ့ လက်ဖက်ရည်ပွဲ အထိမ်းအမှတ်နေ့ ဆိုတာ ဆရာမ ပြောပြလို့ သိရပါတယ်'

'ဟုတ်ပါတယ်၊ ကျွန်တော်က အဲဒီနေ့ကို လုံးလုံးမေ့နေခဲ့တာ။ တွေးလည်း မတွေးမိဘူး'

'ဒီလို နေ့ထူးနေ့မြတ်မျိုးမှာ ဘာမှ ဗဟုသုတ မရှိတဲ့ ကျွန်မလို မိန်းမမျိုးကို တမင်ရွေးပြီး ဖိတ်ခဲ့တာဟာ အရွဲ့တိုက်တဲ့ သဘောလား မသိဘူး။ အင်းလေ... ကျွန်မကလည်း သင်တန်းတက်ရက်တွေ ပျက်ခဲ့တာက များတာကိုး'

'ခူရိမိုတိုစံလည်း ဒီနေ့မနက်မှ ရုတ်တရက် သတိရပြီး လက်ဖက်ရည်ခန်းကို သုတ်သီးသုတ်ပျာ လာရှင်းခဲ့ပုံ ရတယ်။ ဒါကြောင့်မို ခုထက်ထိ မှိုနံ့က မပျောက်သေးတာပေါ့'

ကိကုဂျီက ညည်းတွားလိုက်သည်။

'ဒါပေမဲ့ အခုလို အသိမိတ်ဆွေတွေ ဖြစ်လာတာချင်း အတူတူ ခူရိမိုတိုစံရဲ့ ပယောဂကြောင့် မဖြစ်စေချင်ဘူး။ ဒီအချက်အတွက် ဟောဒီက ညီမကို အားနာပါတယ်'

မိန်းမပျိုက သံသယ မျက်လုံးများဖြင့် ကိကုဂျီအား ကြည့်လိုက်သည်။

'ဘာဖြစ်လို့လဲရှင်၊ ဆရာမသာ မရှိရင် ဘယ်လိုလုပ်ပြီး ကျွန်မတို့ သိကျွမ်းနိုင်မှာလဲ'

တကယ့်ကို ရိုးစင်းလှသော ငြင်းဆိုချက် ဖြစ်သလို တကယ့် အမှန်တရားလည်း မည်ပေသည်။

အကယ်၍သာ ကျီကကိုသာ ကြား၌ မခံခဲ့ပါလျှင် ဤကမ္ဘာတွင် သူကလေးနှင့် ယခုလို ဆုံတွေ့ရန် လွယ်လိမ့်မည် မဟုတ်ပေ။

ကိကုဂျီအဖို့ မိမိ၏ ရှေ့မှောက်တည့်တည့်မှ အရောင်တောက်ပနေသော ကြာပွတ်ဖြင့် မျက်နှာကို ဖြတ်အရိုက် ခံလိုက်ရဘိသကဲ့သို့ ခံစားသွားရလေသည်။

ထို့အပြင် မိန်းမပျို၏ လေသံသည် ကိကုဂျီနှင့် စေ့စပ်အောင်သွယ်မှု

ကို လက်ခံသည့် လက္ခဏာများ ရောပြွမ်းနေသည်ကိုလည်း သတိထားမိလိုက်လေသည်။ ကိကုဂျီက ထိုအတိုင်းပင် သဘောပေါက်ခဲ့ပေသည်။ ထို့အတွက်ကြောင့်လည်း မိန်းမပျို၏ သံသယပြွမ်းသော အကြည့်များက ကိကုဂျီအား မျှော်လင့်ချက် အလင်းရောင်များ ဖြန့်ဝေနေသည့်အလား ခံစားရလေသည်။

သို့ပါသော်လည်း ကိကုဂျီက ကျိုကကိုအား ခူရိမိုတိုဟု သူစိမ်းပြင်ပြင် ခေါ်ဝေါ်နေခဲ့ခြင်းအပေါ် မိန်းမပျိုက မည်သို့ သဘောထားလေမည်နည်း။ မည်မျှပင် တိုတောင်းခဲ့ပါစေ၊ ကျိုကကိုသည် ကိကုဂျီ အဖေ၏ အငယ်အနှောင်း ဖြစ်ခဲ့ဖူးကြောင်း သိထားဟန် တူပေသည်။

'ကျွန်တော့်ရဲ့ အတိတ်မှာက ခူရိမိုတိုနဲ့ ပတ်သက်ပြီး ခံပြင်းစရာကောင်းတဲ့ ဇာတ်ကြောင်းတွေ ရှိခဲ့တယ်လေ'

ကိကုဂျီ၏ အသံများမှာ တုန်ယင်လာသယောင် ထင်နေရသည်။

'အဲဒီမိန်းမကို ကျွန်တော်ရဲ့ အနာဂတ်နဲ့ ပတ်သက်ပြီး လုံးဝပတ်သက် မလာစေချင်ဘူး။ ဒီမိန်းမက အိနမုရစံကို မိတ်ဆက်ပေးခဲ့လို့ သိရတယ်ဆိုတဲ့ အဖြစ်ကိုလည်း ကျွန်တော် ဝမ်းနည်းလို့ မဆုံးတော့ဘူး'

ကျိုကကိုက မိမိ၏လင်ပန်းကို သယ်လာရာ ထိုနေရာသို့ ရောက်လာချိန်တွင် စကားဆက် ပြတ်သွားကြသည်။

'မမလည်း အတူတူ ဧည့်ခံပါရစေလားကွယ်'

ဟု ဆိုကာ ကျိုကကိုက သူတို့အနီးသို့ ဝင်ထိုင်လိုက်စဉ် စောစောကပေါက်ကွဲနေသော ဒေါသရှိန်ကို ထိန်းသည့်အနေဖြင့် ကိကုဂျီသည် ခေါင်းငုံ့ကာ မိန်းမပျို၏ မျက်နှာကို အကဲခတ် ကြည့်နေလိုက်သည်။

'ဧည့်သည်က တစ်ယောက်တည်း ရောက်လာတာမို့ ပျင်းနေမလားတော့ မပြောတတ်ဘူး၊ ဒါပေမဲ့ အခုလို လက်ဖက်ရည်ပွဲကို မြင်ရရင်ငါ့မောင်ရဲ့ အဖေလည်း ပျော်ရှာမှာပဲနော်'

မိန်းမပျိုက မျက်လွှာချပြီး ဆိုလာသည်။

'ကျွန်မဟာ တကယ်တော့ အဖေကြီးရဲ့ လက်ဖက်ရည်ခန်းထဲကို ဝင်ဖို့ မတန်ပါဘူးရှင်'

ကျိုကကိုက မိန်းမပျို၏ စကားကို မကြားဟန်ပြုပြီး ကိကုဂျိ၏အဖေ အသက်ထင်ရှားရှိစဉ်က ဤလက်ဖက်ရည်ခန်းကို မည်သို့မည်ပုံ အသုံးပြုခဲ့ကြောင်း ပြန်ပြောင်းသတိရကာ ရှင်းပြနေလေသည်။

ကျိုကကိုက မိမိ၏ အောင်သွယ်မှု အထမြောက်ခဲ့လေပြီဟု ယူဆသွားပုံ ရလေသည်။

အိမ်အပြန် ဆင်ဝင်ဝ၌ 'ကိကုဂျိစံလည်း တစ်ခါလောက်တော့ အိနမုရစံတို့အိမ်ကို သွားလည်ဦးပေါ့။ ဒီတစ်ခါတော့ အချိန်ကို ကြိုပြီး ချိန်းကြနော်' ဟု ကျိုကကိုက ပြောလိုက်ချိန်တွင်၊ အိနမုရမိန်းမပျိုက ခေါင်းညိတ်ပြလေသည်။ မိန်းမပျိုသည် တစ်ခုခုကို ပြောမည် ကြံပြီးကာမှ အသံ ထွက်မလာခဲ့ပေ။ သူ့တစ်ကိုယ်လုံး ရုက်စိတ်ဖြင့်သာ ဖုံးလွှမ်းခြင်း ခံနေရလေသည်။

ကိကုဂျိလည်း လုံးဝ မျှော်လင့်မထားခဲ့ပေ။ မိန်းမပျို၏ ကိုယ်ငွေ့များကိုပင် ခံစားလာမိသကဲ့သို့ ဖြစ်သွားရသည်။

သို့ပါသော်လည်း ကိကုဂျိသည် မိမိအား နောက်ထပ် အမည်းရောင်ပိတ်ကားဖြင့် ဖုံးလွှမ်းခြင်း ခံရသည် ဟူ၍ကား မမြင်မိပေ။

ယနေ့ထက်တိုင် ထို ကနဦး အမည်းရောင်ပိတ်ကားသည် ခန္ဓာကိုယ်ပေါ်မှ မကွာကျသေးပေ။

အိနမုရ မိန်းမပျိုအား မိတ်ဆက်ပေးသော ကျိုကကိုသာ မသန့်ရှင်းသည် မဟုတ်၊ မိမိ ကိုယ်တွင်း၌ကလည်း သန့်ရှင်းလှသည် မဟုတ်ပေ။

စင်စစ် အဖေနှင့် မိမိကလည်း ဆက်နွယ်မှုရှိနေသည် မဟုတ်ပါလား။

အမှန်တော့ အိနမုရ မိန်းမပျိုကလေးသည် ကျိုကကို၏ ညှို့ယူဖမ်းစားခြင်းကို ခံနေရသည် မဟုတ်ဘဲ၊ အညှို့ခံရသူမှာ ကိကုဂျိ ကိုယ်တိုင်သာလျှင် ဖြစ်နေပေတော့သည်။ ကိကုဂျိ၏ သူရဲဘောကြောင်မှု၊ တွေဝေထိုင်းမှိုင်းမှုများသည် ဤကိစ္စ တစ်ခုတည်းအတွက် မဟုတ်သော်လည်း ဤကိစ္စသည် အရေးပါသော အကြောင်းရင်းတစ်ခု ဖြစ်နေခဲ့ပေသည်။

ကိကုဂျိသည် ကျိုကကိုအား မုန်းတီးစိတ်များကို ဖော်ပြနေသည့် တစ်ချိန်တည်းတွင် အိနမုရ သမီးပျိုနှင့် အတင်းနားချမှုကို ခံယူနေရကြောင်း ကိုလည်း ဖော်ပြလျက် ရှိပေသည်။ ထို့အပြင် ထိုကိစ္စမျိုးတွင် ကျိုကကိုသည် အသုံးရ အလွန်လွယ်သော မိန်းမပျိုပင် ဖြစ်လေသည်။

ဤအကြောင်းကို သမီးပျိုက ကောင်းကောင်းကြီး နားလည်ထားဟန် တူပါသည်။ တစ်ဖက်မှ ကြာပွတ်နှင့် ရိုက်ခံလိုက်ရဘီသကဲ့သို့ ဒံစားလာရသောအခါ မိမိအဖြစ်ကို မိမိ အံ့ဩ၍ပင် မဆုံးတော့ပေ။

အစားအသောက်များ ချက်ပြုတ်ပြီး၍ ကျိုကကိုက လက်ဖက်ရည်ပွဲ ပြင်ရန် ထွက်ခွာသွားသော အချိန်၌ ကိကုဂျိကပင် ထပ်လောင်း၍–

'ခုရိုမိုတိုက ကျွန်တော်တို့နှစ်ယောက်ရဲ့ အကောင်းအဆိုးကို အဆုံးအဖြတ် ပေးနေတဲ့ ကံကြမ္မာလိုပဲ သဘောထားလိုက်ဦး၊ အဲဒီကံကြမ္မာအပေါ် မြင်ပုံမြင်နည်းက ကျွန်တော်နဲ့ အိနမုရစံတို့ရဲ့ကြားမှာ အခြားနားကြီး ခြားနားနေလိမ့်မယ်'

ဟု ပြောလိုက်သည်။ ထိုစကားများ ကိုယ်နှိုက်က ရှင်းလင်းဖော်ပြလိုသည့် အရိပ်အယောင်များ ရောပြွမ်း ပါဝင်နေကြသည်။

အဖေ ဆုံးသွားပြီးနောက် အမေတစ်ယောက်တည်း ဤလက်ဖက်ရည်ခန်းထဲသို့ ဝင်ရောက်နေသည်ကို ကိကုဂျိက နှစ်မြို့ခြင်း မရှိခဲ့ပေ။

ယခုမှ ပြန်စဉ်းစားကြည့်လိုက်လျှင် အဖေ၊ အမေနှင့် မိမိတို့သည် တစ်ယောက်ချင်း တစ်ယောက်ချင်း ဤလက်ဖက်ရည်ခန်းထဲသို့ ဝင်နေသည့် အချိန်များ၌ တစ်ယောက်နှင့်တစ်ယောက် လုံးဝ တူညီခြင်း မရှိသော အကြောင်းများကို စဉ်းစားနေခဲ့မိကြပေလိမ့်မည်။

မိုးစက်မိုးပေါက်များက သစ်ရွက်များအား သွက်သွက်ခါအောင် ရိုက်ခတ်လျက် ရှိပေသည်။

ထိုစဉ် ထီးပေါ်သို့ မိုးစက်ကျသံများက တဖြည်းဖြည်း နီးကပ်လာပြီး လျှောတံခါးက ပွင့်ဟ လာသည်။

'ဖူတိုဒါစံ ရောက်လာပါတယ် သခင်'

အိမ်ဖော်မလေးက သတင်းပေးလိုက်သည်။

'ဖူတိုဒါစံ ဟုတ်လား၊ သူ့သမီးလား'

'အမေပါ သခင်၊ အစ်မကြီးကို ကြည့်ရတာလည်း သိပ်ပြီး နေကောင်းတဲ့ဟန် မရှိပါဘူး၊ မောနေပုံ ရတယ်'

ကိကုဂျိက ရုတ်တရက် ထ ရပ်လိုက်ပြီးမှ ရပ်လျက် အနေအထား ဖြင့်ပင် တန့်နေလိုက်သည်။

'ဘယ်ကို ခေါ်သွားရမလဲ သခင်'

'ဒီကိုပဲ ခေါ်ခဲ့'

'ဟုတ်ကဲ့ပါ'

ဖူတိုဒါ အမျိုးသမီးကြီးမှာ မိုးထဲလေထဲတွင် ထီးမဆောင်းဘဲ ရောက် လာခဲ့ခြင်း ဖြစ်ပေသည်။ ကေန္တ ထီးကို ဆင်ဝင်အောက်တွင် ထားခဲ့ခြင်း လည်း ဖြစ်နိုင်သည်။

မျက်နှာပေါ်တွင် မိုးစက်မိုးပေါက်များ တင်လာခဲ့သည်လား ဟု ကိကုဂျိက အောက်မေ့လိုက်စဉ် ထိုအရာများသည် မျက်ရည်စက်များ ဖြစ်နေ လေသည်။

ရပ်တန့်ခြင်းမရှိဘဲ မျက်လုံးမှတစ်ဆင့် ပါးပြင်တစ်လျှောက် ထွက်ကျ စီးဆင်းနေခြင်းကို ကြည့်ခြင်းအားဖြင့် မျက်ရည်စများဖြစ်ကြောင်း သဘော ပေါက်လာရသည်။

ရုတ်တရက် မိုးရေစက်များအလား ထင်မှားမိခဲ့လောက်အောင် နမော် နမဲ့ နိုင်ခဲ့သော ကိကုဂျိသည် 'ဟယ် ... ဘာလိုများ ဖြစ်လာရတာလဲဗျာ' ဟု အော်ပြောကာ အနားသို့ တိုးကပ်သွားလေသည်။ အမျိုးသမီးကြီး ဝရန် တာ ပေါ်တွင် ထိုင်ချလိုက်ရင်း လက်အုပ်ချီလိုက်သည်။ ကိကုဂျိ၏ အပေါ်သို့ ဖြည်းညင်းစွာ လဲလျောင်း ချလိုက်မည့်ဟန်လည်း ပေါက်နေသည်။

ဝရန်တာ၏ တံစက်မြိတ် အစပ်တွင်ကား မိုးရေများဖြင့် စိုရွှဲလျက် ရှိသည်။

မိုးစက်များလေလားဟု နောက်တစ်ဖန် ထင်မှတ်မှားရလောက်အောင် စိုက်ကြည့်နေခြင်းအားဖြင့် လဲကျမသွားနိုင်ရန် ထောက်ကန်ထားဘိသကဲ့သို့ ရှိလေသည်။ အကယ်၍သာ ထိုအကြည့်ကို ဘေးတစ်နေရာသို့ ခွာလိုက်ပါက အန္တရာယ် တစ်ခုခုနှင့် ကြုံတွေ့ရတော့မည့်အလား ကိုကုဂျီက စိုးရိမ်လာမိလေသည်။

မျက်လုံးများ၏ ဘေးထောင့်ကျွေးတို့တွင် အရေးအတွန့်ငယ်များ ပေါ်လျက်ရှိနေပြီး မျက်လုံးအိမ်များ၏ အောက်ဘက်ဆီ၌မူ ညိုမည်းလျက် ရှိနေကြသည်။ မမာမကျန်းသည့် အရိပ်လက္ခဏာအဖြစ်၊ မျက်ဝန်းများက တစ်ခုခုကို တောင်းပန်လိုသည့် သဘောဖြင့် အကြင်နာရိပ်များ လွှမ်းနေကြလေသည်။

'ခွင့်လွှတ်ပါကွယ်၊ မမ သိပ်တွေ့ချင်လွန်းလို့ ဟန်မဆောင်နိုင်တာနဲ့'

အမျိုးသမီးကြီးက သနားဖွယ် ကောင်းလောက်အောင် ရှင်းပြနေသည်။ အကြင်နာစိတ်များလည်း ထိုမျက်နှာတွင် ယိုဖိတ်နေကြသည်။

ထိုအကြင်နာစိတ်များသာ မရှိခဲ့ပါက ကိုကုဂျီသည်လည်း မိမိအား ကြဉ်ဖယ်သွားလိမ့်မည်ကို သိလေသောကြောင့် ပင်ပန်းနွမ်းလျ မျက်တွင်းကျနေလေတော့သည်။ ကိုကုဂျီသည် အမျိုးသမီးကြီး၏ နာကျင်စွာ ခံစားရမှုအတွက် ရင်ထုမနာ ဖြစ်ရလေသည်။ ထိုနာကျင်မှုများသည် မိမိ၏ ပယောဂမကင်းကြောင်း သိလျက်နှင့်ပင် အမျိုးသမီးကြီး၏ ကြင်နာမှုအပေါ် သာယာကာ၊ မိမိ၏နာကျင်မှုကို ဖြေသိမ့်လိုသော မောက်မာမှု အမြင်များလည်း ဖြစ်ပေါ်လျက် ရှိနေခဲ့ပေသည်။

'မိုးတွေ စိုရွှဲကုန်ပြီ၊ အပေါ် တက်ခဲ့ပါလားဗျာ'

ကိုကုဂျီက အမျိုးသမီးကြီး၏ ကျောဘက်မှ ရင်ဘတ်အထိ သိုင်းဖက်ကာ အိမ်ပေါ်သို့ ဆွဲတင်လေသည်။ ကိုကုဂျီ၏ လုပ်ရပ်သည် အတန်

ငယ် အကြမ်းပတမ်း နိုင်နေခဲ့လေသည်။ အမျိုးသမီးကြီးသည် မိမိခြေထောက် အပေါ် မိမိ ရပ်တည်နိုင်ရန် ကြိုးစားရင်း–

'လွှတ်ပါ ငါ့မောင်ရယ်၊ လွှတ်ပါ။ မမကိုယ်က ပေါ့မနေဘူးလား'

'ဟုတ်ပါ့ဗျာ'

'ပေါ့မှာပေါ့ ငါ့မောင်ရယ်၊ ခုတလော ပိန်လာတာကို'

ကီကုဂျီသည် ရုတ်တရက် မွေ့တင်လိုက်မိသော မိမိကိုယ်ကို အံ့ဩမိလေသည်။

'သမီးက စိုးရိမ်နေမှာပေါ့ဗျာ'

'ဖူမိကို'

ထိုစကားကြောင့် ကီကုဂျီက ဖူမိကိုလည်း အတူလိုက်လာလေ သလားဟု အောက်မေ့လိုက်သည်။

'သမီးနဲ့ အတူ လာခဲ့တာလားဟင်'

'အဲဒီကလေးမ မသိအောင် လာခဲ့ရတာပါကွယ်'

အမျိုးသမီးကြီးက ရှိုက်၍ရှိုက်၍ ငိုကြွေးရင်း ဆက်ရှင်းပြသည်။

'အဲဒီကလေးက မမကို မျက်စိအောက်က အပျောက်မခံပါဘူးကွယ်။ ညဥ့်နက်သန်းခေါင် အချိန်မှာတောင် မမက တစ်ခုခု မလှုပ်ရှားလိုက်နဲ့၊ သူ့မျက်လုံးတွေက အလိုလို ပွင့်လာကြတယ်။ ဒီကလေးလည်း မမကြောင့် စိတ်တွေ အတော်ကြီးပြောင်းလာတယ်။ တစ်ခါတစ်ခါ အမေက သမီးကို ဘာဖြစ်လို့ တစ်ယောက်တည်း မွေးခဲ့ရတာလဲဟင်၊ ဘာဖြစ်လို့ သမီးက မိစုထာနီစံရဲ့ သမီးအဖြစ် မွေးမလာခဲ့ရတာလဲလို့ ထူးဆန်းတဲ့ မေးခွန်းတွေ မေးလာတယ်'

စကားပြောရင်းဆိုရင်းက အမျိုးသမီးကြီးသည် ပြင်း၍ ထိုင်လိုက်သည်။

ကီကုဂျီသည် အမျိုးသမီးကြီး၏ ပြောစကားထဲမှ သမီးငယ်အတွက် ရင်ထုမနာ ဖြစ်စရာများကို မြင်လာရလေသည်၊၊ ထိုဝမ်းနည်းဖွယ်ရာများ

သည် မိခင်အတွက် မမြင်ရဘဲ သမီးအတွက်သာ မြင်နေရပုံ ပေါ်လေသည်။

မည်သို့ပင်ဖြစ်စေ၊ မိစုထာနိစံ တည်းဟူသော မိမိအဖေ၏ ရင်သွေးဖြစ်လိုသည်ဟု ကြားသိရသောအခါ ရင်ထဲတွင် ရှုးခနဲ နာကျင်သွားရလေသည်။

အမျိုးသမီးကြီးကတော့ ကိကုဂျိကို စိုက်ကြည့်လျက် ရှိပေသည်။

'ဒီနေ့လည်း သူကလေး မမနောက်ကို လိုက်လာမလား မပြောတတ်ပါဘူးကွယ်၊ သူ မရှိတုန်း လစ်ပြီး ထွက်လာခဲ့ရတာ။ မိုးတွေ ရွာနေတော့ မမ အပြင် မထွက်လောက်ဘူးလို့ သူက ထင်နေတယ်လေ'

'မိုးရွာတော့ကော ဘာဖြစ်လဲဗျာ'

'အင်း ... မိုးတွေရွာတော့ အပြင်ထွက်ပြီး လမ်းမလျှောက်နိုင်လောက်အောင် မမက အင်အားတွေ ယုတ်လျော့လာနေလို့ပေါ့ကွယ်'

ကိကုဂျိက ခေါင်းညိတ်ရုံသာ ညိတ်ပြသည်။

'တစ်နေ့က ဖူမိကို ဒီကိုရောက်အောင် လာခဲ့တယ် မဟုတ်လား'

'ဟုတ်ကဲ့၊ လာခဲ့ပါတယ်။ အမေ့ကို ခွင့်လွှတ်ပါလို့ တတွတ်တွတ်ပြောနေလို့တောင် ကျွန်တော်ဖြင့် ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်ခဲ့ရတယ်'

'ဒီကလေးရဲ့စိတ်ကို ကောင်းကောင်းသိလျက်သားနဲ့ ဘာဖြစ်လို့များ မမ ဖွတ်ထွက်လာမိတာပါလိမ့်ကွယ်၊ အင်း ... အတော် ကြောက်စရာကောင်းတာပါလား'

'ကျွန်တော်ကတော့ မမကိုတောင် ကျေးဇူးတင်နေမိတာပါ'

'ကျေးဇူးပါပဲကွယ်၊ ဒါဆို လုံလောက်နေပြီပဲ။

'အဲဒါ နောက်ပိုင်း မမက ဆက်ပြီး ခံစားနေမိတာကို ခွင့်လွှတ်ပါကွယ်'

'ဒါပေမဲ့ မမကို တကယ်တမ်း သံယောဇဉ် တွယ်နေတဲ့အရာမရှိ

လို့တော့ မဟုတ်ပါဘူး၊ ရှိခဲ့တယ်ဆိုရင် အဲဒါဟာ အဖေရဲ့ဝိညာဉ်ပဲ ဖြစ်ပါလိမ့်မယ်'

သို့ပါသော်လည်း အမျိုးသမီးကြီး၏ မျက်နှာသည် ကိကုဂျိ၏စကားကြောင့် တစ်စက်ကလေးမျှ ပြောင်းလဲသွားခြင်း မရှိခဲ့ပေ။ ကိကုဂျိသည် မိုးကောင်းကင်ကို လက်နှင့် လှမ်းကိုင်ခဲ့သူသာ ဖြစ်လေသည်။

'ပြီးခဲ့တာတွေ မေ့ထားလိုက်ကြပါစို့လားကွယ်'

အမျိုးသမီးကြီးက ဆိုသည်။

'အင်း ... ခူရိမိုတိုစံဆီက တယ်လီဖုန်းဆက်တာနဲ့ ဒီလောက်တောင် အဖြစ်သည်းသွားရတာ ရှက်စရာ ကောင်းလိုက်တာကွယ်'

'ဗျာ ... ခူရိမိုတိုက တယ်လီဖုန်းဆက်တယ် ဟုတ်လား'

'ဟုတ်တယ်ကွယ့်၊ ဒီနေ့မနက်ပဲ။ အိနမုရစံရဲ့သမီး ယူကိကိုစံနဲ့ ငါ့မောင်တို့ ပြေလည်သွားကြပြီတဲ့၊ သူ ဘာဖြစ်လို့များ ဆက်ခဲ့ပါလိမ့်နော်'

ဖူတိုဒါ အမျိုးသမီးကြီး မျက်နှာတွင် မျက်ရည်များ ဝိုင်းလာသော်လည်း မမျှော်လင့်ဘဲ ခပ်ယဲ့ယဲ့ကလေး ပြုံးလာလေသည်။ ဤအပြုံးမှာ ရင်ထဲမှာ ငိုကြွေးလျက် မျက်နှာတွင် ရယ်ပြသော အပြုံးမျိုး မဟုတ်ဘဲ ဖြူစင်လှသော အပြုံးသက်သက်သာ ဖြစ်ပါသည်။

'ဟာဗျာ ... ဘယ်တုန်းက အတည် ဆုံးဖြတ်ကြသေးလို့လဲ'

ကိကုဂျိက ငြင်းလိုက်သည်။ ထို့နောက် –

'မမကကော ခူရိမိုတိုကို ကျွန်တော်နဲ့ ပတ်သက်ပြီး ဘာတွေ ပြောလိုက်သေးလဲ၊ အလျင်ကတည်းက ဒီကြားထဲမှာ တစ်ခါမှ မတွေ့ကြတော့ဘူးလား'

'မတွေ့ခဲ့ရပါဘူးကွယ်၊ ဒါပေမဲ့ သူဟာ မမကို သိပ်မုန်းနေတယ်လေ။ မနက်က တယ်လီဖုန်းထဲမှာတောင် တစ်မျိုး အထင်ခံရသေးတယ်။ မမက မိန်းမယုတ်တဲ့ကွယ်၊ မမဖြင့် မိုက်ခနဲ ခံစားလိုက်ရတယ်၊ မမကို ဟိုဘက်က လှမ်းပြီး ကြိမ်းမောင်းနေသလိုပဲ။ တယ်လီဖုန်းထဲမှာတောင် သူ့

သဘောထားကို ကောင်းကောင်းကြီး နားလည်လိုက်တယ်။ အစ်မကြီး ... ဝင်မနှောင့်ယှက်ပါနဲ့တဲ့ကွယ်'

ကိကုဂျိက မျက်ခုံးကြုတ်လိုက်သည်။ ရုတ်တရက် စကားလုံးများက ထွက်မလာနိုင်ကြပေ။

'မမက ဘာလို့ ဝင်နှောင့်ယှက်ရမှာလဲကွယ်၊ မမလေ ယူကိကိုစံ ကလေးနဲ့ ပတ်သက်လာရင် ကိုယ့်အမှားပဲလို့ အောက်မေ့ထားခဲ့တယ်။မနက် ကတည်းက ခူရိုမိုတိုစံကို ကြောက်တဲ့စိတ်နဲ့ အိမ်ထဲမှာတောင် ငြိမ်ငြိမ်နေလို့ မရဘူး'

အမျိုးသမီးကြီးမှာ နှမ်းလျလာသည့်အလား ပခုံးများ တဆတ်ဆတ် တုန်လာလေတော့သည်။ နှုတ်ခမ်းများကလည်း ဘေးဘက်သို့ ရွဲ့ကာရွဲ့ကာ ဖြစ်နေလေသည်။ ဇရာ၏ လက္ခဏာများကို မြင်နေရသည်။

ကိကုဂျိက ထ ရပ်လိုက်ပြီး အမျိုးသမီးကြီး၏ ပခုံးကို ထိန်းသည့် သဘောမျိုးဖြင့် ကိုင်လိုက်သည်။ အမျိုးသမီးကြီးက ကိကုဂျိ၏ လက်ကို ဆုပ်ကိုင်လိုက်ရင်း –

'ကြောက်တယ်ကွယ်၊ မမ ကြောက်တယ်'

ဘေးပတ်ဝန်းကျင်ကို အကဲခတ်ကာ ပြောနေပြီးမှ ရုတ်တရက် ဆို လာသည်။

'ဒီလက်ဖက်ရည်ခန်းက ...'

ကိကုဂျိက ဘာကို ဆိုလိုပါလိမ့်ဟု သံသယဖြစ်ကာ –

'ဟုတ်ကဲ့ ... ပြောပါဦး'

ဟု အလျင်စလို ဆက်မေးလိုက်သည်။

'အတော်ကောင်းတဲ့ လက်ဖက်ရည်ခန်းပဲနော်'

ကွယ်လွန်သွားခဲ့ပြီးသော မိမိ၏ ခင်ပွန်းသည်အား ဤအခန်းသို့ ဖိတ်ခေါ်ခြင်း ခံခဲ့ရသည်ကို သတိရ၍လား၊ သို့တည်းမဟုတ် ကိကုဂျိ၏ အဖေကို အောက်မေ့လာ၍ပဲလား မဝေခွဲတတ်တော့ပေ။

'ဒါ ပထမဆုံး အကြိမ်ပဲလား'

ကိကုဂျိက မေးလိုက်သည်။

'ဟုတ်ပါတယ်ကွယ်'

'ဘာများ တွေ့လိုက်လို့လဲ'

'ဘာမှ မတွေ့ရပါဘူးကွယ်'

'ပန်းချီဆရာ ဟော့စကျောဆောထစု ရေးတဲ့ ကဗျာဆရာကြီး တစ်ဦးရဲ့ ပုံတူလေ'

အမျိုးသမီးကြီးက ခေါင်းညိတ်ရင်း ဦးညွှတ်ပြလိုက်သည်။

'အလျင်တုန်းက မမ ဒီအိမ်ကို တကယ်ပဲ မလာဖူးဘူးလား'

'ဟင့်အင်း၊ တစ်ခါမှ မလာခဲ့ဖူးပါဘူးကွယ်'

'ဟုတ်လား'

'နေဦး၊ တစ်ခေါက်တော့ ရောက်ဖူးတယ်။ ငါ့မောင်ရဲ့အဖေ ဆုံးတုန်းက'

'ရေနွေးဆူနေပြီ၊ လက်ဖက်ရည်လေး ဘာလေး သောက်ကြစို့လား၊ အပန်းပြေသွားအောင်ပေါ့။ ကျွန်တော်လည်း တစ်ခွက်လောက်တော့ သောက်ချင်တယ်'

'သောက်ကြတာပေါ့ကွယ်'

အမျိုးသမီးကြီးက ထဖို့ကြိုးစားစဉ် ယိမ်းယိုင်သွားသည်။ ကိကုဂျိက အခန်းထောင့်ကွေးရှိ သေတ္တာထဲမှ လက်ဖက်ရည်ပန်းကန်ကို ထုတ်သည်။ ထိုပန်းကန်ကလေးမှာ မနေ့က ကြိုးကြာတစ်ထောင်မလေး ယူကိကို သုံးသွားသော ပန်းကန်ကလေး ပါလားဟု သတိရလိုက်သော်လည်း ထိုပန်းကန်ကလေးအား ဆက်ပြီး ထုတ်လိုက်သည်။

အမျိုးသမီးကြီးက ရေနွေးကရားအဖုံးကို ဖွင့်ရန် ကြိုးစားလိုက်စဉ် လက်က တုန်နေသောကြောင့် အဖုံးနှင့်အိုး ရိုက်ခတ်မိသွားပြီး "ချွင်" ခနဲ မြည်သွားသည်။ တစ်ဖက်က လက်ဖက်ခပ်ဇွန်းကို ကိုင်ထားသည်။ ဤသို့

ငုံ့လိုက်စဉ် ရေနွေးကရားပေါ်သို့ မျက်ရည်စက်များ ထွက်ကျလာတော့သည်။

'ဒီရေနွေးကရားကလေးက ငါ့မောင် အဖေက မမကို ဝယ်ပေးခဲ့တာလေ'

'ဟုတ်လား၊ မသိရပါဘူးဗျာ'

ဤသို့ ပြောလိုက်ရသောကြောင့် ကိုကုဂျီအဖို့ ဘာဆိုဘာမျှ မလှုပ်ရှားသလို အမျိုးသမီးကြီး၏ တလေးတစား ပြောနေသော စကားအတွက် အပိုဟူ၍လည်း မထင်မိချေ။

'ဒါပေမဲ့ မမ မယူရက်ခဲ့ပါဘူးကွယ်၊ အဖိုးတန်လွန်းလို့'

ကိုကုဂျီကတော့ ရေနွေးကရား အနားသို့ သွားကာ လက်ဖက်ရည်ခပ်သောက်နေလေသည်။ ရုတ်တရက် သတိမေ့သွားသည့်အလား အမျိုးသမီးကြီးက ကိုကုဂျီ၏ ဒူးပေါ်တွင် လှဲချလိုက်သည်။ ကိုကုဂျီက ပခုံးကို ဖက်လိုက်သည်။ အမျိုးသမီးကြီး၏ ကျောရိုးကြွက်သားများသည် အနည်းငယ် အားနည်းနေကြပြီး အသက်ရှူရ ကျပ်နေပုံလည်း ပေါ်သည်။

သို့ဖြင့် အမျိုးသမီးကြီးသည် ကိုကုဂျီ၏ လက်ပေါ်တွင် အပြစ်ကင်းစင်သော ကလေးတစ်ဦးသဖွယ် ပျော့ခွေလျက် ရှိနေလေတော့သည်။

## [၃]

'မမ'

ကိုကုဂျီက လက်ဖြင့် ခပ်ကြမ်းကြမ်း လှုပ်နှိုးလိုက်သည်။

လည်ပင်းကို ထောင်မသည့်အနေဖြင့် လည်ချောင်းမှ ရင်ညွန့်ရိုးအထိ ကိုကုဂျီသည် လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်သည်။ ရင်ညွန့်ရိုးသည် ယခင်ကထက် ပို၍ ငေါထွက်နေသည်ကို သတိထားမိလိုက်သည်။

'မမမှာ ကျွန်တော်ရယ်၊ အဖေရယ်လို့ ခွဲခြားတဲ့ စိတ်များ ရှိသေးရဲ့လား ဗျာ'

'စိတ်မကောင်းပါဘူးကွယ်၊ အဲဒါတွေ မပြောပါနဲ့တော့နော်'

မျက်လုံးအစုံကို မှိတ်ထားလျက် အမျိုးသမီးကြီးက ကန့်ကလျ ပြောလာသည်။ အမျိုးသမီးကြီးသည် အခြားကမ္ဘာတစ်ခုဆီမှ ရုတ်ခြည်း နိုးထလာချင်ပုံ မရပေ။

ကိကုဂျိသည် အမျိုးသမီးကြီးအား ပြောသလိုလိုနှင့် မိမိနှလုံးသား၏ အောက်ခြေတွင် ကိန်းအောင်းနေသော ပူပင်မှု သောကဆီသို့ ဦးတည်၍ ပြော နေခြင်း ဖြစ်ပေသည်။

ကိကုဂျိသည် ထိုအခြားကမ္ဘာဆီသို့ ဖိတ်ခေါ်ခြင်း ခံနေရသည့် အလား ခံစားလာရသည်။ အခြားကမ္ဘာတစ်ခုဟုသာ တွေးရပေတော့မည်။ ထိုကမ္ဘာထဲတွင်ကား အဖေနှင့် ကိကုဂျိကို ခွဲခြားထားခြင်း မရှိပေ။ ထိုကဲ့ သို့သော ပူပန်စိုးရိမ်မှုများက နောက်ပိုင်းတွင် အချက်ပြလာလေတော့သည်။

ဤအမျိုးသမီးကြီးအား လူသားမဟုတ်သော မိန်းမအလား မြင်လာ မိသည်။ လူသားမတိုင်မီ မိန်းမ သို့တည်းမဟုတ် လူသားတို့၏ နောက်ဆုံး မိန်းမအလား မြင်လာရသည်။

အမျိုးသမီးကြီးသည် ထိုအခြားကမ္ဘာထဲသို့ ဝင်ရောက်သွားပြီး နောက်ပိုင်းတွင် လွန်လေပြီးသော ခင်ပွန်း ကိကုဂျိ၏အဖေနှင့် ကိကုဂျိတို့ အား သီးခြား လူသားများအဖြစ် ခွဲခြားလိုစိတ် ရှိတော့ဟန် မတူပေ။

'မမက အဖေ့ကို သတိရလာတဲ့အခါ အဖေနဲ့ကျွန်တော့်ကို လူသား တစ်ယောက်တည်းလို့ ထင်လာတယ် မဟုတ်လား'

'ခွင့်လွှတ်ပါ မောင်လေးရယ်၊ ဘုရား ...ဘုရား ကြောက်စရာကောင်း လိုက်တာ၊ ငါ့နှယ် အတော်အပြစ်ကြီးတဲ့ မိန်းမပါလားနော်'

အမျိုးသမီးကြီး၏ မျက်လုံးအစွန်ဘက်ဆီမှ မျက်ရည်ဥကြီးများ လိမ့်ဆင်းလာကြသည်။

'အင်း ... သေချင်လိုက်တာကွယ်၊ မမ သေချင်လိုက်တာ၊ အခု ချက်ချင်း သေလို့ရရင် ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ။ အခု

ကိကုဂျီစံ က မမလည်ပင်းကို ညှစ်တော့မလို လုပ်ထားတယ် မဟုတ်လား၊ ဘာဖြစ်လို့ မညှစ်လိုက်တာလဲကွယ်'

'နောက်မနေပါနဲ့ မမရာ၊ မမက အဲဒီလိုပြောတော့ နည်းနည်းပါးပါး ညှစ်ကြည့်ချင်လာတယ်'

'ညှစ်လိုက်လေ၊ ကျေးဇူးပါပဲကွယ်'

အမျိုးသမီးကြီးက လည်ပင်းကို စင်းပေးလာသည်။

'အခုလို ပိန်လာတော့ ညှစ်ရတာ ပိုပြီးလွယ်တာပေါ့ ငါ့မောင်ရယ်'

'သမီးငယ်ကို ချန်ရစ်ပြီး မမ သေချင်ဦးမှာ မဟုတ်ပါဘူးဗျာ'

'မဟုတ်ရပါဘူးကွယ်၊ ဒီအတိုင်း နေရင်လည်း စိတ်ပန်းလူပန်းဖြစ်ပြီး သေသွားရမှာပါပဲ။ ဖူမိကို ကိုတော့ ကိကုဂျီဆီမှာ အပ်ထားခဲ့ရမှာပဲ'

'သမီးငယ်က မမနဲ့ တူနေဦးမှာလားဗျာ'

အမျိုးသမီးကြီး၏ မျက်လုံးများ ရုတ်တရက် ပွင့်လာကြသည်။

'ကြည့်စမ်း၊ ဒီသွေးကြောကြီး ဒီလောက်တောင် အားနည်းလာမှတော့ သိပ်မကြာတော့ဘူး ထင်ပါရဲ့ကွယ်'

အမျိုးသမီးကြီးက ကိကုဂျီ၏ လက်ကိုဆွဲ၍ မိမိရင်ညွှန့်အောက်ရှိ တစ်နေရာကို စမ်းပြသည်။ ကိကုဂျီ ပြောမထွက်နိုင်အောင် အံ့အားသင့်သွားသည်။

'ကိကုဂျီစံ အခု အသက်ဘယ်လောက်ရှိပြီလဲဟင်'

ကိကုဂျီက ပြန်မဖြေ။

'သုံးဆယ်ဝန်းကျင်လောက် နေမှာပေါ့နော်၊ မမကို ခွင့်လွှတ်ပါကွယ်။ မမက မိန်းမယုတ်ပါ၊ အလွမ်းသည် တစ်ယောက်ပါ။ အင်း ... ဒါကို စောစောက နားမလည်ခဲ့ဘူး'

အမျိုးသမီးကြီးသည် လက်တစ်ဖက်နှင့် အားယူထောက်ရင်း ခြေထောက်များကို ခွေကာ ထိုင်လိုက်သည်။ ကိကုဂျီလည်း ထ ထိုင်လိုက်သည်။

ရာပြည့်စာအုပ်တိုက်

'မမလေ ကိကုဂျိနဲ့ ယူကိကိုစံကလေးတို့ရဲ့ မင်္ဂလာပွဲကို ညစ်ထည်းအောင် လုပ်ဖို့ လာခဲ့တာ မဟုတ်ပါဘူးကွယ်၊ ဒါပေမဲ့ ဒါတွေက ပြီးခဲ့ပါပြီ'

'ဘယ်သူက မင်္ဂလာဆောင်မယ်လို့ ဆုံးဖြတ်ရသေးလို့လဲ မမရာ၊ အဲဒီလို ပြောကြစတမ်းဆိုရင် မမကသာ ကျွန်တော့်အတိတ်ဘဝ ဇာတ်ကြောင်းကို သန့်စင်အောင် ဆေးကြောခဲ့တယ်လို့ ယူဆရမှာပေါ့'

'ဟုတ်ရဲ့လား'

'ကျွန်တော့်ကို အောင်သွယ်ပေးမယ်ဆိုတဲ့ ခူရိမိုတိုလည်း အဖေရဲ့ အငယ်အနှောင်းတစ်ယောက်ပဲ မဟုတ်ဘူးလား၊ အဲဒီမိန်းမက ကျွန်တော့်ရဲ့ အတိတ်မှာ အဆိပ်တွေ ခွဲ့ကျွေးခဲ့တယ်လေ။ မမကသာ အဖေ့ဘဝရဲ့ နောက်ဆုံးပိတ် မိန်းမသား၊ အဖေ့ကို ချမ်းမြေ့မှုတွေ ပေးခဲ့တဲ့ မိန်းမသား၊ ကျွန်တော် ဒီလိုပဲ ထင်တယ်'

'ယူကိကိုစံနဲ့ မြန်မြန်လက်ထပ်မယ်ဆိုရင် မမ အတော်ပျော်မှာပဲ'

'ဒါက ကျွန်တော့် ပုဂ္ဂိုလ်ရေးပါ မမ'

အမျိုးသမီးကြီးသည် ကိကုဂျိအား စွဲမက်သည့်အကြည့်ဖြင့် ကြည့်နေရင်းမှ နဖူးမှ သွေးများ ဆုတ်၍လာကာ ခေါင်းညွှတ်လာသည်။

'မူးလိုက်တာကွယ်၊ ခေါင်းတွေလည်း နောက်လာပြီ'

ဘယ်လိုပဲဖြစ်ဖြစ် အိမ်ပြန်တော့မှ ဖြစ်မည်ဟု ဆိုလာလေသောကြောင့် အငှားကားတစ်စီးကို ခေါ်ကာ ကိကုဂျိလည်း လိုက်ပါလာခဲ့လေသည်။

အမျိုးသမီးကြီးက မျက်စိစုံမှိတ်ကာ မော်တော်ကား၏ ဘံခါးတစ်ဖက်ကို မှီ၍ လိုက်ပါလာခဲ့သည်။ မျှော်လင့်ချက်ကင်းသည့် အသွင်သဏ္ဍာန်မျိုး၊ အသက်အန္တရာယ် ထိခိုက်လာနိုင်သည့် ပုံစံမျိုးပင် ဖြစ်လေသည်။

ကိကုဂျိသည် အမျိုးသမီးကြီး၏ အိမ်ထဲအထိ လိုက်မသွားဖြစ်ခဲ့ပေ။

ကားပေါ်မှ အဆင်းတွင် အမျိုးသမီးကြီးသည် ကိုကုဂျီ၏ လက်ဖဝါးအတွင်းမှ မိမိ၏လက်ကို ဖျတ်ခနဲ ရုန်းထွက်သွားခဲ့ပေသည်။

ထိုည နှစ်နာရီခန့်တွင် ဖူမိကိုထံမှ တယ်လီဖုန်းဆက်လာသည်။

'မိစုထာနိစံ ရှိပါသလားရှင်၊ အမေ စောစောကလေးကတင် ...'

ခဏတစ်ဖြုတ် စကားပြတ်သွားပြီးနောက် ယခုကဲ့သို့ ပီသစွာ ပြောကြားလာတော့သည်။

'ဆုံးသွားခဲ့ပါပြီ'

'ဟာ ... ဘယ်လို ဖြစ်ရတာလဲဗျာ'

'ဆုံးသွားတာလေ၊ နှလုံးသွေး ရပ်သွားတာ၊ ခုတလော အိပ်ဆေးတွေ အများကြီး သောက်နေခဲ့လို့ ဖြစ်မှာ'

ကိုကုဂျီ၏ ပါးစပ်မှ စကားလုံးများ ထွက်မလာတော့။

'နောက်ပြီး မိစုထာနိစံကို အကူအညီ တောင်းစရာ ရှိလို့'

'ဗျာ ... ဘယ်လို'

'မိစုထာနိစံနဲ့ ရင်းနှီးတဲ့ ဆရာဝန်ရှိရင် အိမ်ကို ခေါ်လာပေးပါလား'

'ဆရာဝန် ... ဆရာဝန် ဟုတ်လား၊ ဟုတ်ကဲ့ အမြန်ခေါ်ခဲ့ပါ့မယ်'

အဘယ်ကြောင့်များ စောစောကတည်းက ဆရာဝန် ခေါ်မထားပါလိမ့်ဟု တွေးရာမှ ရုတ်တရက် သတိရလာသည်။

အမျိုးသမီးကြီးမှာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခြင်းပင် ဖြစ်လေသည်။ ထိုအကြောင်းရင်းကို ဖုံးကွယ်လိုသောကြောင့် ဖူမိကိုက ကိုကုဂျီထံ ဆရာဝန်ကို အလျင်စလို မှာနေခြင်း ဖြစ်ပေသည်။

'သဘောပေါက်ပြီ'

'မြန်မြန် ခေါ်ခဲ့ပါရှင်'

ဖူမိကိုက အလေးအနက် စဉ်းစားပြီးမှ ကိုကုဂျီထံ တယ်လီဖုန်းဆက်ခဲ့ခြင်း ဖြစ်ပေမည်။ ထို့နောက် လိုရင်းကိုသာ ပြောပြီး စကားဖြတ်ခဲ့ပုံရလေသည်။

ကိကုဂျီသည် တယ်လီဖုန်းစင်နားတွင် ထိုင်ရင်း မျက်လုံးများကို စုံမှိတ်ထားလိုက်သည်။

ကမားကူးရားမြောက်ပိုင်း တည်းခိုခန်းတစ်ခုတွင် တည်းခိုပြီး အမြန် ရထားပေါ်မှ လှမ်းမြင်ရသော ဆည်းဆာရှုခင်းက မျက်စိထဲတွင် ပြန်လည် မြင်ယောင်လာလေသည်။

ကန်ရေပြင်ထက်ဆီမှ ဟွန်းမွန်းဂျီ ဘုရားကျောင်းတစ်ဝိုက်ရှိ တော တန်း ကလေး၏ ဆည်းဆာပင် ဖြစ်လေသည်။

အနီရောင် ရောင်ခြည်တန်းများက သစ်ပင်များ၏ ထိပ်ဖျားထက်ဆီ ဝယ် စီးဆင်း မျောပါနေဘိသကဲ့သို့ မြင်နေရလေသည်။ အမည်းရောင် သစ် တောတန်းက ဆည်းဆာ၏ လီမွှော်ရောင် ကောင်းကင်ပင်လယ်ပြင်ကြီးထဲ တွင် လွင့်မျောနေဘိအလား သစ်ပင်ထိပ်ဖျားများဆီမှ ဆည်းဆာ၏ အလင်း တန်းများသည် ပင်ပန်းနွမ်းနယ်ကာ ကိကုဂျီ၏ မျက်ဝန်းများထဲသို့ စိမ့်ဝင် လာနေကြစဉ် ကိကုဂျီက မျက်လုံး အစုံကို မှိတ်လိုက်လေတော့သည်။

မျက်စိထဲတွင် စွဲထင်ကျန်ရစ်ခဲ့သော လီမွှော်ရောင် ကောင်းကင်ထက် ဆီမှ အိနမုရသမီးပျို၏ ပိတ်စပေါ်ရှိ ကြိုးကြာငှက်ကလေး တစ်ထောင်သည် ညီညာစွာ ပျံသန်းနေကြသည့်အလား မြင်တွေ့နေခဲ့လေသည်။

## အမှတ်တရ ကြွေပန်းအိုး

[ ၁ ]

ကိကုဂျိသည် ဖူတိုဒါ အမျိုးသမီးကြီး ရက်လည်ပြီး နောက်တစ်နေ့တွင် ထိုအိမ်သို့ ရောက်သွားခဲ့သည်။

ရုံးဆင်းလျှင် ညနေစောင်းနေပြီ ဖြစ်သောကြောင့် ခပ်စောစောလေး ရုံးမှထွက်လာဖို့ စိတ်ကူးခဲ့သော်လည်း၊ မငြိမ်သက်သော စိတ်များကြောင့် ရက်လည်သည့် နေ့အထိ မသွားဖြစ်ခဲ့ပေ။

ဆင်ဝင်ပေါက်ဆီသို့ ဖူမိကိုက ထွက်ကြိုသည်။

'ဟယ်'

ဖူမိကိုက လက်အုပ်ချီရင်း ကိကုဂျိကို မော့ကြည့်လိုက်သည်။ ထို့အပြင် တုန်လှုပ်နေသော ပခုံးသားများကို လက်နှစ်ဖက်နှင့် ထိန်းထားသည်နှင့်လည်း တူနေသည်။

'မနေ့က ပို့လိုက်တဲ့ ပန်းစည်းကလေး ရပါတယ်၊ ကျေးဇူးတင်ပါတယ်'

'မလိုပါဘူးဗျာ'

'ပန်းစည်းကလေး ရောက်လာတော့ လူကိုယ်တိုင် မလာနိုင်လောက်အောင် အလုပ်များနေပြီလို့တော့ အောက်မေ့သားပဲ'

'ဟုတ်လား၊ ပန်းစည်းပို့ပြီး နောက်မှ လူလာလိမ့်မယ်လို့ကော မထင်မိဘူးလား'

'အဲဒီလို မတွေးမိခဲ့ပါဘူးရှင်'

'ပန်းစည်းပေါ်မှာ နာမည်ရေးမထားပေမဲ့ ကျွန်မကတော့ ချက်ချင်း သဘောပေါက်လိုက်တယ်'

မနေ့က ပန်းဆိုင်သို့သွားပြီး ပန်းပွင့်များကြားတွင် ဖူတိုဒါ အမျိုးသမီးကြီးအား သတိရနေခဲ့သည့် အဖြစ်ကို ပြန်သတိရလာသည်။

ပန်းရနံ့များက ကိကုဂျိ၏အပြစ် အပေါ်တွင် ကြောက်ရွံ့နေသော စိတ်များကို ပျော့ပျောင်းစေခဲ့လေသည်။

ယခုတစ်ဖန် ဖူမိကိုက ကိကုဂျိကို ပျော့ပျောင်းညင်သာစွာ ကြိုဆိုလျက် ရှိပြန်သည်။ မျက်နှာပေါ်တွင် မိတ်ကပ်၊ ပေါင်ဒါ ခြယ်သထားခြင်း အလျှင်း မရှိဘဲ နှုတ်ခမ်းအလွှာပေါ်တွင် နှုတ်ခမ်းနီ ရေးရေးကိုသာ ဆိုးထားလေသည်။

'မနေ့က မလာဖြစ်တာ အားနာပါတယ်ဗျာ၊ အားနာပါးနာနဲ့ပဲ တမင် မလာဖြစ်ခဲ့ဘူး'

ကိကုဂျိက ဆိုသည်။

"အပေါ် ကြွပါရှင်" ဆိုသည့် ပုံစံမျိုးနှင့် ဖူမိကိုသည် တင်ပါးကို ဘေးဘက်သို့ ရွှေ့ပေးလိုက်သည်။ ဖူမိကိုက မငိုဖြစ်အောင် စကားလွှဲ၍ နှုတ်ဆက်ခဲ့သည့်တိုင် ယခုအခါ သူမ၏ မျက်နှာမှာ ပြိုတော့မည့် မိုးကဲ့သို့ ဖြစ်လာလေသည်။

'ပန်းကလေး ရောက်လာရုံနဲ့ ဘယ်လောက်များ ဝမ်းသာလိုက်မလဲ၊ မနေ့ကသာ လူကိုယ်တိုင် လာခဲ့ရင် သိပ်ကောင်းမှာ'

ဖူမိကိုက ကိကုဂျိ၏နောက်မှရပ်ပြီး ဤသို့ပြောကာ လိုက်လာသည်။

ကိကုဂျိက ရှေ့သို့ ဆက်လျှောက်ရင်း –

'ဆွေမျိုးတွေ မျက်နှာပျက်နေရင် မကောင်းမှာစိုးလို့ တမင် မလာခဲ့တာပါ'

'ကျွန်မကတော့ ဒီလို မတွေးမိခဲ့ပါဘူးရှင်'

ဖူမိကိုက ပြတ်သားစွာ ပြောချလိုက်သည်။

ညှော်ခန်းထဲတွင် ဖူတိုဒါ အမျိုးသမီးကြီး၏ ဓာတ်ပုံကို အရိုးအိုးရှေ့တွင် ထောင်ထားပေသည်။ ပန်းအိုးထဲတွင် စိုက်ထားသော ပန်းများမှာ မနေ့က ကိကုဂျိ ပို့လိုက်သော ပန်းများပင် ဖြစ်သည်။ ထိုပန်းများ ထိုးစိုက်ထားလိမ့်မည်ဟု ကိကုဂျိ လုံးဝ မျှော်လင့်မထားခဲ့ပေ။ ကိကုဂျိ၏ ပန်းများကိုသာ ပြင်ထားပြီး အခြားပန်းများကို ဖူမိကိုက သိမ်းပစ်ခဲ့လေသည်လော။

သို့ပါသော်လည်း ရက်လည်နေ့က အတော့်ကို ဆွေးမြည့်ဖွယ် ကောင်းနေခဲ့ပေလိမ့်မည်ဟု ကိကုဂျိက တွေးလိုက်မိသည်။

'ဟယ်... ရေတကောင်းကလေးပါလား'

ကိကုဂျိက ပန်းအိုးအကြောင်းကို တမင်ရည်ရွယ်၍ ပြောနေကြောင်း ဖူမိကိုက နားလည်လိုက်သည်။

'ဟုတ်ကဲ့၊ ပန်းပွင့်တွေက ဒီအိုးနဲ့မှ လိုက်မလားလို့ စဉ်းစားမိလို့ပါ'

'တကယ်လှတဲ့ ရှိနိုးကြွေအိုးလေးပဲနော်'

ရေတကောင်းအနေနှင့် သုံးရန်မှာ အနည်းငယ် သေးလျက် ရှိပေသည်။ ဖြူဖွေးနေသော နှင်းဆီပန်းနှင့် အရောင်ဖျော့ဖျော့ ကာနေးရှင်းပန်းတို့က ဆလင်ဒါပုံ ရေတကောင်းနှင့် ပနံတင့်လျက် ရှိပေသည်။

'အမေလည်း တစ်ခါတစ်ခါ ဒီရေတကောင်းကိုပဲ ပန်းအိုးလုပ်ပြီး အသုံးပြုနေတော့ မရောင်းဖြစ်ခဲ့ဘူးလေ'

ကိကုဂျိသည် အရိုးအိုးရှေ့တွင် ထိုင်လျက် အမွှေးတိုင်များ ထွန်းလိုက်သည်။ လက်နှစ်ဖက်ကို စု၍ လက်အုပ်ချီလိုက်ပြီးနောက် မျက်စိမှိတ်လိုက်သည်။

ကိကုဂျိက စိတ်ထဲမှ တောင်းပန်လိုက်သည်။ သို့ပါသော်လည်း အမျိုးသမီးကြီး၏ အချစ်စိတ်များအပေါ် ကျေးဇူးတင်သည့် စိတ်များက လွှမ်းမိုးလာသောကြောင့် ထိတ်ခနဲ ဖြစ်သွားရပြန်သည်။

အမျိုးသမီးကြီးသည် အပြစ်၏ သားကောင်အဖြစ် လိုက်လံချောင်ပိတ်ခြင်း ခံရကာ နောက်ဆုံးတွင် ကွယ်လွန်ခဲ့ရခြင်း ဖြစ်လေမည်လား

မပြောတတ်ပေ။ အမျိုးသမီးကြီးအား သေမင်းနိုင်ငံသို့ ပို့လိုက်သော အရာမှာ အချစ်လေလား၊ အပြစ်လေလား ကိကုဂျိအဖို့ ဝေခွဲ၍ပင် မရနိုင်တော့ပေ။

အမျိုးသမီးကြီး၏ အရိုးအိုး ရှေ့မှောက်တွင် မျက်စိစုံမှိတ်ကာ ရောက်ရှိနေသော ကိကုဂျိ၏ ပစ္စက္ခ အာရုံထဲတွင် ခန္ဓာကိုယ်ရုပ်ဆင်း အသွင် သဏ္ဍာန်က ပေါ်မလာသော်လည်း အမျိုးသမီးကြီး၏ ရနံ့တွင် မူးမေ့စေနိုင် သော ဖောင္ဒဗ္ဗာရုံက နွေးထွေးစွာ လွှမ်းခြုံထားဘိသကဲ့သို့ ခံစားနေရလေ သည်။ အထူးအဆန်း မဟုတ်သည့်တိုင် ကိကုဂျိအဖို့ သဘာဝမကျသော အာရုံအဖြစ် ထိတ်လန့်မသွားခဲ့သည်မှာလည်း အမျိုးသမီးကြီး၏ ပယောဂ မကင်းပေ။ ထိုအာရုံကို ပြန်လည်ခံစားရသည်ဟု ဆိုသည့်တိုင် ထိုခံစားမှုမှာ ရုပ်သွင်သဘောအရ မဟုတ်ဘဲ သဒ္ဒအာရုံသဘော ဆောင်လျက် ရှိပေသည်။

အမျိုးသမီးကြီး ဆုံးပါးသွားကတည်းက ကိကုဂျိမှာ ညတိုင်းလိုလို အိပ်မပျော်နိုင်သည့်အတွက် အိပ်ဆေးများကိုသာ အားကိုးနေရရှာသည်။ သို့သော်လည်း မိမိ၏ မျက်ခွံများက နိုးလွယ် ထ လွယ် ဖြစ်နေကြကာ မနိုးတစ်ဝက် နိုးတစ်ဝက် အိပ်မက်များကသာ လွှမ်းမိုးမင်းမူ နေကြလေ တော့သည်။

ထိုအိပ်မက်များက ကိကုဂျိအား ခြောက်လှန့်မနေကြသည့်အပြင် နိုးထစ အချိန်များ၌ ကြည်နူးဖွယ်ကောင်းသည့် ယစ်မူးမှုများကိုသာ ခံစား စေခဲ့သည်။ မျက်စိများ ပွင့်လာကြသည့်တိုင် မှော်ဆရာကြီး၏ အညှို့ခံထား ရဘိသကဲ့သို့ ဖြစ်နေလေတော့သည်။

ကွယ်လွန်ဆုံးပါးပြီးသူ တစ်ယောက်က မိမိ၏အိပ်မက်ထဲ အထိပင် လိုက်၍ ပွေ့ပိုက်နေသည်ကိုကား ကိကုဂျိအဖို့ မလိုအပ်သော ကိစ္စသာ ဖြစ်ပေသည်။ အတွေ့အကြုံ နနယ်လှသော ကိကုဂျိအတွက် မျှော်လင့်မထား သော အရာသာ ဖြစ်ချေသည်။

"အင်မတန် အပြစ်ကြီးတဲ့ မိန်းမယုတ်တစ်ယောက် ဖြစ်ရပါပြီကော ကွယ်"

ဤစကားသည်ကား ကမားကူးရားမြောက်ပိုင်းတွင် နှစ်ယောက်သား အိပ်ခဲ့စဉ်က ဖြစ်စေ၊ မိမိအိမ်သို့ အမျိုးသမီးကြီး လာရောက်လည်ပတ်ခဲ့စဉ်က ဖြစ်စေ တွင်တွင်ကြီး ပြောခဲ့သော စကားပင် ဖြစ်ပေသည်။ ထိုစကားများကို ပြောခဲ့စဉ်က အမျိုးသမီးကြီး၏ ရင်ထဲတွင် ကြည်နူးနေမည်လား၊ တုန်လှုပ်ချောက်ချားကာ ငိုကြွေးနေမည်လား မပြောတတ်ပေ။ ယခုအခါ ကိကုဂျိသည် အမျိုးသမီးကြီး သေဆုံးရခြင်းမှာ မိမိတွင် အပြစ်ရှိသည်ဟု ထပ်တလဲလဲ ရွတ်ဆိုနေသည့်တိုင်၊ ထိုစဉ်က အမျိုးသမီးကြီးကလည်း မိမိတွင် အပြစ်ရှိကြောင်း ပြောကြားနေခဲ့သည်ကို ထပ်ပြန်တလဲလဲ ကြားယောင်နေမိလေသည်။

ကိကုဂျိက မျက်လုံးများကို ဖွင့်လိုက်သည်။ နောက်ဘက်ဆီတွင်ကား ဖူမိကိုက တသိမ့်သိမ့် ငိုကြွေးနေပေသည်။ သို့ပါသော်လည်း အသံ တစ်စက်မှ မထွက်မိလေအောင် အောင့်အည်း ငိုကြွေးနေခဲ့ခြင်း ဖြစ်ပေသည်။

ကိကုဂျိက ထိုနေရာမှ မရွေ့သေးဘဲ –

'ဘယ်တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံလဲဟင်' ဟု မေးလိုက်သည်။

'လွန်ခဲ့တဲ့ ငါးနှစ်၊ ခြောက်နှစ်လောက်တုန်းက ဓာတ်ပုံပါ။ ပုံ သေးသေးလေးကို အကြီးချဲ့ထားတာပါ'

'ဟုတ်လား၊ လက်ဖက်ရည်ပွဲ ညှော်ခံတုန်းက ဓာတ်ပုံလား'

'ဟယ် ... ကောင်းကောင်းသဘောပေါက်တယ်နော်'

ထိုဓာတ်ပုံမှာ မျက်နှာတစ်ဝိုက်ကို အကြီးချဲ့ထားသော ဓာတ်ပုံသာ ဖြစ်ပေသည်။ ကော်လာနှစ်ခု ဆုံစည်းရာ ရင်ညွှန့်တစ်ဝိုက်ဆီမှ ဖြတ်၍ ကူးထားသော ဓာတ်ပုံဖြစ်ပြီး ပခုံးနှစ်ဖက်လည်း ပြတ်နေလေသည်။

'ဘာဖြစ်လို့ လက်ဖက်ရည်ပွဲ ညှော်ခံတုန်းက ဓာတ်ပုံလို့ သိရတာလဲ ရှင်'

'အဲဒီအဓိပ္ပာယ်မျိုး ဖြစ်နေတယ်လေ၊ မျက်စိက တစ်ဖက်ကိုစွေပြီး ကြည့်နေတယ်လေ၊ ပခုံးတစ်ဖက်ကိုလည်း မမြင်ရဘူး၊ ကိုယ်ခန္ဓာကလည်း တစ်ခုခုကို လှုပ်ရှားနေသလိုပဲ'

'အင်း ... နည်းနည်းတော့ ဘေးဘက်လှည့်နေလို့ သင့်မှ သင့်ပါ့ မလားလို့ တွေးမိပေမဲ့ ဒီဓာတ်ပုံကို အမေက သိပ်သဘောကျခဲ့တာ'

'အတော့်ကို တည်ငြိမ်အေးဆေးလှတဲ့ ဓာတ်ပုံပါပဲ။ ဒါပေမဲ့ ဘေး ဘက် လှည့်နေလို့ နည်းနည်း ပြီးစလွယ် နိုင်မနေဘူးလား၊ သူ့အတွက် အမွေးတိုင် ထွန်းပေးနေတဲ့ သူကိုတောင် ကြည့်ဖော်မရဘူး'

'ဟယ် ဟုတ်ပါရဲ့၊ အဲဒီသဘောမျိုးလည်း ဖြစ်နေတယ်နော်'

'ဟုတ်ပါရဲ့နော်'

မသေခင် တစ်ရက်က အမျိုးသမီးကြီး လက်ဖက်ရည်ပွဲ ဧည့်ခံသွား သည်ကို ကိကုဂျိက အမှတ်ရနေသည်။

လက်ဖက်ရည်ဇွန်းကို ကိုင်ထားသော အမျိုးသမီးကြီး၏ မျက်ရည်စ များသည် လက်ဖက်ရည်အိုး အဖုံးပေါ်သို့ ကျဆင်းနေခဲ့သည်။ ကိကုဂျိက လက်ဖက်ရည်ခွက်ကို အလျင်စလို ယူ၍ သောက်ခဲ့သည်။ လက်ဖက်ရည် များ မကုန်ခန်းမီ ထိုမျက်ရည်စများ ခြောက်သွေ့သွားခဲ့လေသည်။ လက်ဖက် ရည် ပန်းကန်အား ကြမ်းပြင်ပေါ်သို့ ချအပြီးတွင် အမျိုးသမီးကြီးက ကိကုဂျိ ၏ ပေါင်ပေါ်သို့ လှဲချခဲ့ပေသည်။

'ဒီဓာတ်ပုံ ရိုက်တုန်းက အမေ တော်တော်လေး ဝတယ်နော်'

ဖူမိကိုက စကားအရှိန် သတ်လိုက်ပြီး -

'ဒါပေမဲ့ ကျွန်မနဲ့ သိပ်တူတဲ့ အဲဒီ ဓာတ်ပုံကို ချိတ်ထားမိတာ ရှက်စရာကြီးနော်'

ကိကုဂျိက ရုတ်တရက် နောက်သို့ လှည့်ကြည့်လိုက်သည်။ ဖူမိကိုက မျက်လွှာချလိုက်သည်။ ထိုမျက်လုံးများသည် စောစောကတည်းက ကိကုဂျိ ၏ နောက်ကျောကို စိုက်ကြည့်နေခဲ့ကြသော မျက်လုံးများပင် ဖြစ်ပေသည်။ ကိကုဂျိက ဘုရားစင်ရှေ့မှာ ရပ်ကာ ဖူမိကိုနှင့် မျက်နှာချင်းဆိုင်၍ ထိုင်လိုက် သည်။

သို့ပါသော်လည်း ဖူမိကိုအား တောင်းပန်ရမည့် စကားလုံးများ ရှိမှ ရှိပါလေစ။

ကိကုဂျီသည် ပန်းများ ထိုးစိုက်ထားသော ရှိနီး ကြွေရေတကောင်းကလေးကို လက်ဖြင့်ကိုင်ကာ လက်ဖက်ရည်ပွဲတွင် တည်ခင်းဧည့်ခံသော လက်ဖက်ရည်ပန်းကန်ကလေးထဲသို့ ဂရုတစိုက် ကြည့်လိုက်သည်။ အဖြူရောင် အောက်ခံကြွေသားပေါ်တွင် အနီရောင် ခပ်ဖျော့ဖျော့ ဆေးသားများဖြင့် ခြယ်သထားပြီး၊ အေးမလိုလိုနှင့် နွေးလှသော ထိုကြွေတကောင်းကလေးအား လက်ဖြင့် ပွတ်သပ်ကြည့်လိုက်သည်။

'ဒီလောက် နူးညံ့ပြီး အိပ်မက်နဲ့တူတဲ့ ကြွေအိုးမျိုးကို ကျွန်တော် သိပ်သဘောကျတာပဲဗျာ'

အမှန်တော့ ကိကုဂျီ ဆိုလိုသည်မှာ "ဒီလောက်တောင် နူးညံ့ပြီး အိပ်မက်ထဲက မိန်းကလေးနဲ့တူတဲ့ ကြွေအိုး"ဖြစ်သော်လည်း မိန်းကလေးကို တမင် ချန်ထားခဲ့ပေသည်။

'ဒီလောက်တောင် သဘောကျနေတယ်ဆိုရင် အမေ့အတွက် အမှတ်တရ ပေးလိုက်ပါ့မယ်ရှင်'

'ဟာဗျာ'

ကိကုဂျီက ခေါင်းကို မော့လိုက်သည်။

'သဘောကျမယ်ဆိုရင် ယူသွားပါ၊ အမေလည်း ပျော်သွားမှာပေါ့။ ဒီရေတကောင်းကလေးက သိပ်တော့ ညံ့မယ် မထင်ပါဘူး'

'ဟာ တကယ့်ကို ကောင်းတဲ့ ပစ္စည်းလေးပါဗျာ'

'အမေကလည်း အဲဒီလို ပြောခဲ့ဖူးလို့ ကိကုဂျီ ပေးလာတဲ့ ပန်းကလေးတွေကို ဒီကြွေတကောင်းထဲမှာ တမင် စိုက်ခဲ့တာပေါ့'

ကိကုဂျီအဖို့ ရုတ်တရက် မျက်ရည်ပူများ စို့တက်လာလေသည်။

'ဒီလိုဆို ကျွန်တော် ယူမယ်နော်'

'အမေတော့ သိပ်ဝမ်းသာနေမှာပဲ'

'ကျွန်တော်က ဒီကြွေတကောင်းကို ရေထည့်သုံးမှာ မဟုတ်ဘူး၊ ပန်းအိုးအဖြစ် သုံးမှာနော်'

'အမေလည်း ပန်းအိုးထိုးခဲ့တာပဲ၊ ရပါတယ်'

'ပန်းကျတော့လည်း လက်ဖက်ရည်ပွဲမှာ ထိုးတဲ့ပန်းတွေကို သုံးမှာမဟုတ်ဘူး၊ ညှိခန်းထဲမှာ သုံးဖို့ ပန်းလှလှကလေးတွေကို သုံးမယ်လေ။ အင်း ... လက်ဖက်ရည်ခန်းမှာ သုံးတဲ့ပစ္စည်းကို လက်ဖက်ရည်ခန်းက ခွာပြီး သုံးရတာတော့ စိတ်မကောင်းပါဘူး'

'ကျွန်မလည်း လက်ဖက်ရည်ခန်းအပြင်မှာ သုံးဖို့ စိတ်ကူးထားတာပါ'

ကိကုဂျီက နောက်ဘက်သို့ လှည့်ပြီး ရပ်လိုက်သည်။ ထို့နောက် ဘုရားစင်အောက်မှ ကူရှင်ကို ဝရန်တာဘက်သို့ ရွှေ့ကာ ထိုင်လိုက်သည်။

ဖူမိကိုက ကိကုဂျီ၏ နောက်ဘက် ခပ်ခွာခွာတွင် အသင့်စောင့်ကြည့်နေသည့် အနေအထားဖြင့် ကူရှင်မပါဘဲ ထိုင်နေလေသည်။

ကိကုဂျီက နေရာ ရွှေ့သွားလေသောကြောင့် ဖူမိကို တစ်ယောက်တည်း ညှိခန်းအလယ်တည့်တည့်၌ ကျန်ရစ်သလို ဖြစ်သွားသည်။

လက်ချောင်းကလေးများ အသာအယာ ကွေး၍ ဒူးပေါ်၌ တင်ထားသော လက်နှစ်ဖက်မှာ တဆတ်ဆတ် တုန်လာကြပေသည်။

'မိစုထာနိစံ ... အမေ့ကို ခွင့်လွှတ်ပါရှင်'

ဖူမိကိုက ပြောပြောဆိုဆို ခေါင်းကို ငိုက်ချလိုက်သည်။ ထိုအရှိန်ဖြင့် ကြမ်းပြင်ပေါ်သို့ လဲကျသွားမည်ကို ကိကုဂျီက စိုးရိမ်သွားလေသည်။

'ဘာတွေ ပြောနေတာလဲဗျာ၊ ခွင့်လွှတ်ပါလို့ တောင်းပန်ရမယ့်သူက ကျွန်တော်ပါ။ ကျွန်တော့်အပြစ်က ခွင့်လွှတ်ပါဗျာလို့တောင် ပါးစပ်က ထုတ်ပြီး မတောင်းပန်ရဲတဲ့ ဘဝပါ။ ရှက်လွန်းလို့ ဖူမိကိုတို့နဲ့တောင် ရဲရဲဝံ့ဝံ့ ရင်မဆိုင်ရဲပါဘူးဗျာ'

'ရှက်ရမှာက ကျွန်မတို့ပါ ရှင်'

ဖူမိကို၏ မျက်နှာတစ်ခုလုံး နီရဲသွားတော့သည်။

'ဒါတွေအားလုံး မေ့ပစ်နိုင်ရင် ကောင်းမှာ'

ပေါင်ဒါ၊ မိတ်ကပ်ကင်းသော ပါးပြင်မှသည် လည်တိုင်ဆီသို့ ရှက်သွေးဖြာသွားသည်ကို မြင်လိုက်ရသောအခါ ဖူမိကို ခံစားနေရသော ဝေဒနာကို ခပ်ရေးရေး သဘောပေါက်လာခဲ့မိသည်။

ထိုခပ်ဖျော့ဖျော့ သွေးရောင်များက ဖူမိကို၏ သွေးအားနည်းလာသည့် လက္ခဏာများကို ဖော်ပြနေကြသည်။

ကိကုဂျိ၏ ရင်ထဲ၌ စူးရှစွာ နာကျင်လာသည်။

'ကျွန်တော့်ကို သိပ်မုန်းသွားမှာပဲ ဗျာ'

'ရှင် ... မုန်းတယ် ဟုတ်စ၊ အမေက မိစုထာနီစံကို မုန်းရမယ်'

'ဟုတ်တယ်လေ၊ ကျွန်တော့်ကြောင့် ခင်ဗျားအမေ သေခဲ့ရတာ မဟုတ်ဘူးလား'

'အမေက ကိုယ့်ဆန္ဒနဲ့ကိုယ် သေသွားခဲ့တာပါ၊ ကျွန်မကတော့ အဲဒီအတိုင်းပဲ ထင်တာပဲ။ အမေ ဆုံးပြီးလို့ ခုနစ်ရက်တိုင်တိုင် တစ်ယောက်တည်း ထိုင်ပြီး စဉ်းစားကြည့်နေတာ'

'ဗျာ... အမေဆုံးပြီးကတည်းက ဒီအိမ်မှာ တစ်ယောက်တည်းပဲလား'

'ဟုတ်ပါတယ်၊ နဂိုကတည်းက အမေတစ်ခု သမီးတစ်ခုဆိုတော့ ကျင့်သားရနေပါပြီ'

'ဖူမိကိုစံ ပိုပြီး ခြောက်သွေ့သွားအောင် ကျွန်တော်က အမေ့ကို သေစေခဲ့တယ်နော်'

'သူ့ဘာသာ သေသွားတာပါရှင်။ မိစုထာနီက ကျွန်တော့်ကြောင့် သေရတာ၊ ကျွန်တော့်ကြောင့် သေရတာလို့ ခဏခဏပြောရင် ကျွန်မကြောင့် အမေသေသွားတဲ့ သဘောမျိုး ဖြစ်လာမှာပေါ့။ အမေ သေသွားတဲ့အတွက် တစ်ယောက်ယောက်ကို မုန်းကြစတမ်းဆိုရင် ကိုယ့်ကိုယ်ကိုယ် အလျင်ဆုံး မုန်းရမှာပေါ့ရှင်။ ဒါကြောင့်မို့ ဘေးကလူတွေက ကိုယ့်တာဝန် ကိုယ့်တာဝန် ဆိုပြီး ပူဆွေးနေကြမယ်၊ နောင်တရပြီး ကျန်နေကြမယ်ဆိုရင် အမေရဲ့ ကွယ်လွန်ခြင်းဟာ ဝမ်းနည်းစရာ ကောင်းလောက်အောင် မိုက်မှောင်သွား

မှာပေါ့၊ ညစ်ထည်းသွားမှာပေါ့။ ကျန်ရစ်တဲ့ သူတွေရဲ့ ပူဆွေးသောကဟာ ကွယ်လွန်သွားတဲ့ သူအတွက် ဝန်ထုပ်ဝန်ပိုးတွေလို့ပဲ ကျွန်မ ထင်တယ်'

'ခင်ဗျား ပြောတာလည်း သဘာဝကျပါတယ်၊ ဒါပေမဲ့ဗျာ ကျွန်တော် သာ ခင်ဗျားရဲ့ အမေနဲ့ မတွေ့ခဲ့ရရင် ...'

ကိကုဂျိ ဆက်၍ ပြောမထွက်တော့။

'သေပြီးတဲ့သူက ခွင့်လွှတ်ပေးရင် ကျေနပ်မှာပါပဲ၊ ခွင့်လွှတ်စေချင်လို့လည်း သေသွားတာ ဖြစ်ချင်ဖြစ်မှာ။ အမေ့ကို ခွင့်လွှတ်ပါရှင်'

ဖူမိကိုက ထိုသို့ပြောပြီး ထ သွားတော့သည်။ ဖူမိကို၏ ထိုစကားများကြောင့် ကိကုဂျိ၏ ခေါင်းထဲတွင် ကန့်လန့်ကာတစ်ချပ် လပ်သွားသည့် အလား ခံစားလိုက်ရသည်။

"ဪ ... သေပြီးတဲ့လူ ထမ်းနေရတဲ့ ဝန်ထုပ်ဝန်ပိုးကို လျော့ပါးအောင် လုပ်တယ် ဆိုတာလည်း ရှိသားပါကလား" ဟု တွေးလိုက်မိလေသည်။

အမှန်တော့ သေသူအတွက် ကျန်သူများက အကြာကြီး ပူဆွေးနေခြင်းသည် သေသူအား စော်ကားရှုတ်ချနေခြင်းသာ ဖြစ်လေသည်။ သေပြီးသူက ရှင်နေသူအား ကျင့်ဝတ်သိက္ခာတရားနှင့် ပတ်သက်၍ အပြစ်ပေးထားမှု ရှိတော့သည် မဟုတ်ပေ။

ကိကုဂျိသည် အမျိုးသမီးကြီး၏ ခွတ်ပုံအား နောက်တစ်ကြိမ် စိုက်ကြည့်လိုက်လေသည်။

[ ၂ ]

ဖူမိကိုက လက်ဖက်ရည်ဗန်းကို သယ်၍ ဝင်လာသည်။ အနီရောင်နှင့် အနက်ရောင် ရှည်မျောမျော လက်ဖက်ရည်ပန်းကန် နှစ်ခွက်က ဗန်းပေါ်၌ ပါလာသည်။

အမည်းရောင်ခွက်ကို ကိကုဂျိ၏ ရှေ့တွင် ချလိုက်သည်။ လက်ဖက်ရည်ကြမ်း ခွက်ပင် ဖြစ်သည်။

ကိကုဂျိက ခွက်ကို မြှောက်ကိုင်လိုက်ပြီး အောက်ဘက်ရှိ တံဆိပ်ကို ကြည့်လိုက်သည်။

'ဘယ်သူလဲ'

ကိကုဂျိ၏ မေးပုံမေးနည်းမှာ အနည်းငယ် ကြမ်းတမ်းနေသည်။

'ရယောနယူးလို့ ထင်တာပဲ'

'ခွက်အနီလည်း သူပဲလား'

'ဟုတ်ကဲ့'

'အစုံလိုက် ဖြစ်နေတယ်နော်'

ကိကုဂျိက အနီရောင်ခွက်ကို လှမ်းကြည့်လိုက်သည်။ ထိုခွက်ကလေးမှာ ဖူမိကို၏ ဒူးရှေ့တွင် ချထားလျက်အတိုင်း တွေ့လိုက်ရသည်။ လက်ဖက်ရည်ကြမ်း သောက်ရန်အတွက် အလွန် အဆင်ပြေလှသောခွက် ဖြစ်သော်လည်း ရုတ်တရက် ကိကုဂျိ၏ မျက်နှာတွင် စိတ်ရှုပ်စရာ အတွေးများက ယှက်သန်းလာကြတော့သည်။

ဖူမိကို၏ဖခင် ဆုံးပြီးနောက် မိမိ၏အဖေက သူတို့အိမ် သွားလည်ပတ်စဉ် ဤခွက်များကိုပင် သုံးခဲ့ပေလိမ့်မည်။ အဖေ့ကို ခွက်အမည်း၊ ဖူမိကို့အမေက ခွက်အနီ၊ တွဲဖက်ညီလှသည့် ခွက်လင်မယားအဖြစ် သုံးခဲ့ကြပေလိမ့်မည်။

နာမည်ကျော် ဆရာကြီး ရယောနယူး၏ ခွက်များ ဖြစ်လေသောကြောင့် နှစ်ယောက်သား ခရီးစထွက်ရာမှာပင် ဤခွက်စုံတွဲကို ယူသွားကာ အသုံးပြုကြပေလိမ့်မည်။

သို့ဖြစ်ပါက ထိုအကြောင်းများကို သိထားပြီးသော ဖူမိကိုက ကိကုဂျိအတွက် ခွက်အမည်းကို ချပြီး ဧည့်ခံခြင်းမှာ တမင်သက်သက် အရွဲ့တိုက်ခြင်းလည်း ဖြစ်နိုင်ပေသည်။

သို့ပါသော်လည်း ကိကုဂျိအဖို့ အကြီးအကျယ် ထိခိုက်သွားခြင်း မဖြစ်မိပေ။ ဖူမိကိုက မိမိအား အစီအစဉ်ရှိရှိ စော်ကားလိုက်ခြင်းဟု မမြင်ဘဲ၊

မိန်းကလေးတို့ ထုံးစံအတိုင်း စိတ်ခုသည့် သဘောဟုသာ မှတ်ယူလိုက်ပေသည်။ ထိုမိန်းကလေး၏ စိတ်လှုပ်ရှားမှုများက အမှန်ပင် ကိကုဂျီ၏ ရင်သို့ ရိုက်ခတ်လာခဲ့ပေသည်။

ဖူမိကိုကော ကိကုဂျီပါ မိခင်ကြီး၏ အသုဘအတွက် နွမ်းနယ်နေခဲ့ကြသောကြောင့် ထိုစိတ်လှုပ်ရှားမှုအတွက် မမှုခဲ့ကြသော်လည်း၊ အဆိုပါ လက်ဖက်ရည် ခွက်စုံတွဲသည် ကိကုဂျီနှင့် ဖူမိကိုတို့အတွက် တူညီသော ဝမ်းနည်းကြေကွဲမှုကို ပိုမို နက်ရှိုင်းစေခဲ့သည်မှာ အမှန်ပင် ဖြစ်လေသည်။

ကိကုဂျီ၏ အဖေနှင့် ဖူမိကို၏အမေတို့အကြား၊ ဖူမိကိုနှင့် ကိကုဂျီတို့အကြား၊ ထို့နောက် ဖူမိကို၏အမေ သေဆုံးရခြင်း စသည်များကို ဖူမိကိုလည်း ခရေစေ့ တွင်းကျ သိထားခဲ့ပေသည်။

ဖူမိကို၏အမေ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့ခြင်းအား ကိကုဂျီနှင့် ဖူမိကိုတို့ နှစ်ယောက်သား အတူတကွ ဖုံးကွယ်ထားခဲ့ကြသည်။

ဖူမိကိုသည် လက်ဖက်ရည်ကြမ်း ပြင်ဆင်နေစဉ် အတောအတွင်း ငိုထားပုံ ရလေသည်။ မျက်လုံးများပင် နီရွှေးရွှေး ဖြစ်နေသည်။

'ဒီနေ့ လာဖြစ်လိုက်တာ အတော် ကောင်းတယ်လို့ ကျွန်တော် ထင်တယ်'

ကိကုဂျီက ပြောလိုက်သည်။

'ဖူမိကိုစံက ပြောတယ် မဟုတ်လား၊ သေပြီးတဲ့လူနဲ့ ရှင်ကျန်ရစ်တဲ့လူတွေရဲ့ကြားမှာ ခွင့်လွှတ်တယ် ဆိုတာတို့၊ ခွင့်မလွှတ်ဘူး ဆိုတာတို့ဟာ ဘာမှ အဓိပ္ပာယ်မရှိတော့ဘူး ဆိုတာလေ၊ ဒါကို ကျွန်တော် လက်ခံပါတယ်။ ဒါကြောင့်မို့ အခုအချိန်ကစပြီး ကျွန်တော့်ကို သေဆုံးသွားတဲ့ ဖူမိကိုရဲ့ မိခင်က ခွင့်လွှတ်သွားခဲ့ပြီလို့ပဲ ပြင်ပြီး တွေးချင်လာတယ်'

ဖူမိကိုက ခေါင်းညိတ်ပြလိုက်သည်။

'အဲဒီလိုမှ မဟုတ်ရင် အမေလည်း သူ့ကို ခွင့်မလွှတ်ဘူးလို့ ထင်သွား

မှာပေါ့။ အမေက အစစ အရာရာကို ခွင့်လွှတ်နိုင်ပါတယ်၊ ခွင့်မလွှတ်နိုင်တာက သူ့ကိုယ်သူပါ’

‘ဒါပေမဲ့ ကျွန်တော်က အခုလို ဒီအထိလာပြီး ခင်ဗျားနဲ့ မျက်နှာချင်းဆိုင် စကားပြောနေမိတာက ကြောက်စရာ ကောင်းနေမလား မပြောတတ်ဘူး’

‘ဘာဖြစ်လို့များပါလိမ့်ရှင်’

ဖူမိကိုက ကီကုဂျီအား တစ်ချက်စိုက်ကြည့်လိုက်ပြီး ဆက်ပြောသည်။

‘သေတာဟာ မကောင်းဘူးလို့ ဆိုရမလားဟင်။ အမေ သေစတုန်းက ကျွန်မလေ ဘယ်လောက်ပဲ အထင်မှားမှား အခုလို သေသွားတာဟာ မသင့်ဘူးလို့ တွေးပြီး အတော့်ကို ခံစားခဲ့ရတယ်။ သေဆုံးခြင်းဆိုတာဟာ အလုံးစုံသော နားလည်ခြင်းတွေကို ငြင်းဆိုလိုက်တာပါပဲ။ ဒီလို အလွယ်နည်းနဲ့ ဆုံးဖြတ်လိုက်တာကိုလည်း ဘယ်သူကမှ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး’

ကီကုဂျီက ဘာမှမပြောဘဲ ငြိမ်နေသော်လည်း ဖူမိကို၏ သေခြင်းနှင့်ပတ်သက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ မှန်များ မှန်နေလေမလားဟု စဉ်းစားကြည့်နေမိသည်။

သေခြင်းတရား ဆိုသည်မှာ အလုံးစုံသော နားလည်မှုများကို ငြင်းဆိုခြင်းဟု ဖူမိကို၏ ရှင်းပြချက်ကို ယခင်က လုံးဝ မျှော်လင့်မထားခဲ့ပေ။

ယခုအချိန်တွင် ကီကုဂျီက နားလည်ထားသော အမျိုးသမီးကြီးနှင့် ဖူမိကိုက နားလည်ထားသော သူမ၏ အမေတို့မှာ လုံးဝ ခြားနားလျက်ရှိနေပေသည်။

ဖူမိကိုသည် မိမိ၏ မိခင်အား မိန်းမသားတစ်ယောက်အဖြစ် မြင်ခဲ့ဟန် မတူပေ။

ခွင့်လွှတ်ရသည် ဖြစ်စေ၊ ခွင့်လွှတ်ခြင်းကို ခံရသည်ဖြစ်စေ ကီကုဂျီသည် မိန်းမသားတစ်ယောက်၏ ခန္ဓာကိုယ်တွင်းရှိ အိပ်မက်ဆန်လှသော

လှိုင်းတံပိုးများ၏ အောက်တွင် ယိမ်းယိုင်လှုပ်ရှားကာ မိန်းမောခဲ့ရပေသည်။

အမည်းရောင်နှင့် အနီရောင် ခွက်စုံတွဲကို ကြည့်ရင်းမှပင် ကိကုဂျိ၏ ခေါင်းထဲသို့ အိပ်မက်လိုလို ခံစားမှုများက လွင့်မျောရောက်ရှိ လာသလို ခံစားလာရသည်။

ဖူမိကိုက ထိုသဘောရှိသော မိခင်အပေါ်တွင် နားလည်ပေးနိုင်စွမ်း မရှိခဲ့ပေ။

မိခင်၏ ခန္ဓာကိုယ် အသွေးအသားမှ ပေါက်ပွားလာသော သမီးအား မိခင်က နားမလည်နိုင်ခြင်းမှာ ထူးဆန်းသကဲ့သို့ပင်၊ ထိုမိခင်၏ ရုပ်သွင်သဏ္ဌာန်က ထူးဆန်းစွာပင် သမီးထံ၌ ထင်ဟပ်နေဘိတော့သည်။

ဆင်ဝင်တံခါးဝတွင် ဖူမိကိုက ထွက်ကြိုလာစဉ်ကပင် ကိကုဂျိ၏ ရင်ထဲ၌ နူးညံ့သော ခံစားမှုများ ဖြစ်လာခဲ့ခြင်းသည်ပင်လျှင် ဖူမိကို၏ ကရုဏာ လွှမ်းသော မျက်နှာဝိုင်းကလေးပေါ်၌ မိခင်၏ ရုပ်သွင်လက္ခဏာများက လွှမ်းခြုံနေခဲ့သောကြောင့် ဖြစ်ပေသည်။

အမျိုးသမီးကြီးက ကိကုဂျိအား တွေ့တွေ့ချင်း ကိကုဂျိ၏ အဖေ့ မျက်နှာကို ပြန်လည်မြင်ယောင်လာကာ နက်ရှိုင်းသော ပြစ်မှုကို ကျူးလွန်ခဲ့သည်ဟု ဆိုလျှင်၊ ကိကုဂျိက ဖူမိကိုအား သူမ၏ မိခင်နှင့် တူလွန်းသည်ဟု ထင်ယောင်မှားခဲ့ခြင်းမှာ တုန်လှုပ်ချောက်ချားဖွယ် ကောင်းအောင် ညှို့ယူဖမ်းစားခြင်း ခံလိုက်ရဘိသကဲ့သို့ ဘိမ်းညွတ်သွားခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။

ဖူမိကို၏ ပွင့်အာနေသော နှုတ်ခမ်းလွှာများကို စိုက်ကြည့်နေရင်း ကိကုဂျိသည် ဤမိန်းကလေးမှာ မိမိအား ယှဉ်ပြိုင် ရန်ပြုနေလိမ့်မည် မဟုတ်ကြောင်း နားလည်လာခဲ့သည်။

ဤမိန်းကလေးက ဒေါပွပြီး မိမိအား ဆန့်ကျင်လာရန် မည်သို့ ပြုလုပ်ရပါမည်နည်း။

ကိကုဂျီသည် ထိုကဲ့သို့ အတွေးပေါက်လာရာမှ 'ခင်ဗျားရဲ့ အမေက သဘောကောင်းလျက်သားနဲ့ လောကမှာ ကြာကြာနေမသွားရရှာဘူးနော်' ဟု ပြောလိုက်သည်။

'အမှန်တော့ ကျွန်တော်ဟာ ခင်ဗျားအမေ အပေါ်မှာ အတော်ကြီး ရက်စက်မိခဲ့တယ်။ ကိုယ်ရဲ့ လူမှုကျင့်ဝတ် မတည်ငြိမ်မှုကို ခင်ဗျားရဲ့ မိခင်ကြီး အပေါ်မှာ အပြစ်ပုံချ ခဲ့မိတယ်။ ကျွန်တော် သိပ်ပြီး သူ့ရဲဘော ကြောင်ခဲ့တယ် ဗျာ'

'ကျွန်မအမေက ဆိုးတာပါရှင်၊ တကယ့်ကို အသုံးမကျခဲ့တာပါ။ ရှင့်အဖေကြီးနဲ့ ပတ်သက်လို့ကော၊ ရှင်နဲ့ ပတ်သက်လို့ကော အမေ့ရဲ့ အကျင့် လော်လည်မှုလို့ပဲ မြင်ခဲ့မိပါတယ်'

ဖူမိကိုသည် စကားဆက်ပြောရမည်ကို ထုံထိုင်းလာဘိသည့်အလား မျက်နှာကလေး နီမြန်း၍ လာလေသည်။

ကိကုဂျီသည် မျက်စိလွှဲသည့် အနေနှင့် ခေါင်းကို တစ်ဖက်သို့ စောင်းကာ ငိုက်ချလိုက်သည်။

'ဒါပေမဲ့ အမေ သေပြီး နောက်နေ့ကစပြီး ကျွန်မ အမေ့ပေါ်မှာ တဖြည်းဖြည်း အကောင်းမြင်လာခဲ့တယ်။ အမေက လှတယ်လို့ ထင်လာ တယ်၊ ကျွန်မ ထင်တာထက် အမေက သူ့ဘာသာ လှလာခဲ့တာပဲ ဖြစ်ပါလိမ့် မယ် လေ'

'ဘာပဲဖြစ်ဖြစ် အတူတူပါပဲဗျာ၊ သေပြီးတဲ့ လူတစ်ယောက်အတွက် ကတော့ ....'

'အမေကတော့ ကိုယ့်ကိုယ်ကိုယ် အကျည်းတန်လွန်းတယ်လို့ ထင်နေပြီး မခံမရပ်နိုင်တဲ့ အဆုံးမှာ အဆုံးစီရင်သွားတာများလား မပြော တတ်တော့ပါဘူး ရှင်'

'ကျွန်တော်ကတော့ အဲဒီလို မထင်ဘူး'

'ပြီးတော့ စိတ်ထဲမှာ မချင့်မရဲ ဖြစ်လာပြီး မအောင့်အည်းနိုင်တော့ တာနဲ့'

ဖူမိကိုသည် ပြောရင်းဆိုရင်း မျက်ရည်ဝဲလာတော့သည်။ အမေက ကိကုဂျိအပေါ် ဘယ်လောက်ချစ်ခဲ့သည်ကို ပြောချင်လာ၍လား မပြောတတ်ပေ။

'သေပြီးတဲ့ လူအပေါ် ကျွန်တော်တို့တစ်တွေ တန်ဖိုးထားသွားတာက ပိုကောင်းပါတယ်ဗျာ' ကိကုဂျိက ဆိုသည်။

'ဒါပေမဲ့ အားလုံး ခပ်မြန်မြန် သေကုန်ကြတာပဲနော်'

ထိုစကားမှာ ကိကုဂျိနှင့် ဖူမိကိုတို့၏ မိဘနှစ်ပါးစီအား ရည်ရွယ်ပြောဆိုလိုက်ကြောင်း ဖူမိကိုလည်း သဘောပေါက်ထားပေသည်။

'ခင်ဗျားကော ကျွန်တော်ပါ တစ်ဦးတည်းသော သားသမီးတွေနော်'

ကိကုဂျိက ဆက်ပြောပြန်သည်။

မိမိ ပြောသော ထိုစကားကို သတိပြုမိသော အချိန်တွင် အကယ်၍သာ အမျိုးသမီးကြီးတွင် သမီးတစ်ယောက်သာ မရှိခဲ့ပါက အမျိုးသမီးကြီးနှင့်ပတ်သက်ပြီး ပိုမိုဆိုးရွားလှသော အမှတ်ရစရာများ ဖြစ်ပွားခဲ့လေမည်လား မပြောတတ်ပေ။

'ဖူမိကိုစံက ကျွန်တော့်အဖေ အပေါ်မှာတောင် အတော်ကောင်းခဲ့တယ်နော်၊ ခင်ဗျားအမေ ပြောပြလို့ သိရတာပါ'

ကိကုဂျိ ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်။ နဂိုကလည်း ထိုစကားကို ပြောရန် ရည်ရွယ်ခဲ့ပေသည်။

အဖေက ချစ်သူတစ်ယောက်အနေဖြင့် ဤအိမ်တွင် ဝင်ထွက် သွားလာနေခဲ့သော အကြောင်းများကို ဖူမိကိုစံနှင့် နှစ်ယောက်သား စကားလက်ဆုံကျလျှင် ကောင်းလိမ့်မည်ဟု အောက်မေ့နေမိသည်။

သို့သော်လည်း ဖူမိကိုစံက ရုတ်တရက် မိမိ၏လက်ကို လာကိုင်ပြီး–

'ခွင့်လွှတ်ပါရှင်၊ အမေက သိပ်သနားဖို့ ကောင်းပါတယ်၊ အဲဒီအချိန်ကတည်းက စပြီး အခုအထိ အမေ့ခမျာ သေမတတ် ခံစားခဲ့ရရှာပါတယ်'

ဖူမိကိုက ရှေ့သို့ ငိုက်လာပြီး ခဏတစ်ဖြုတ် ငိုင်နေရာက ငိုချလိုက်သည်။ ပခုံးကလေးများပင် သိမ့်သိမ့်တုန်နေခဲ့ပေသည်။

ဖူမိကိုသည် ကိကုဂျိ လာလိမ့်မည်ဟု မထင်သောကြောင့် ခြေအိတ်များ ဝတ်မထားသဖြင့် ပေါ်နေသော သလုံးသားများကို ဖုံးကွယ်ရန် တင်ပါးအောက်ဆီသို့ ကွေးသွင်းထားလေသည်။

ဖျာပေါ်တွင် ဖြန့်ကြဲနေသော ဆံပင်များ၏ အနီးတွင် အနီရောင်လက်ဖက်ရည်ခွက် ရှိပေသည်။ ဖူမိကိုက ငိုထားသော မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ရင်း ထွက်သွားသည်။

တော်တော်နှင့် ထွက်မလာတော့။

'ကဲ ... ကဲ ဒီနေ့တော့ ခွင့်ပြုပါဦး'

ကိကုဂျိက ပြောပြောဆိုဆိုနှင့် ဆင်ဝင်ပေါက်သို့ လျှောက်သွားသည်။

ဖူမိကိုက ပိတ်ပါးစဖြင့် အထုပ်တစ်ထုပ်ကို ပိုက်၍ ထွက်လာသည်။

'ဝန်လေးမလားတော့ မပြောတတ်ဘူး၊ ဒါလေးကို ယူသွားပါရှင်'

'ဗျာ'

'ရှိနိုး ကြွေတကောင်းအိုးလေးပါ'

ပန်းများကို နှုတ်ကာ ရေကိုသွန်၍ ပွတ်တိုက်ပြီး သေတ္တာကလေးထဲတွင် ထည့်ကာ ပိတ်စဖြင့် ထုပ်လာလေသည်။ လျင်မြန်လှသော ဖူမိကို၏ လှုပ်ရှားဟန်အပေါ် ကိကုဂျိက အလွန် အံ့သြသွားမိသည်။

'ဒီနေ့ ယူသွားရမှာလားဗျာ၊ ပန်းတွေစိုက်ထားတာ အားနာစရာကြီး'

'ယူသွားပါရှင်'

ဖူမိကိုသည် ဝမ်းနည်းစိတ်ကို ဖြေသိမ့်သည့်သဘောဖြင့် ယခုကဲ့သို့ အမြန် ထုတ်ပေးခဲ့လေသလားဟု အောက်မေ့လိုက်သည်။

'ဒါဆို ယူသွားတော့မယ်နော်'

'ယူသွားမှာသာ ယူသွားပါရှင်၊ ကျွန်မ ဆက်ပြီး မကြည့်ရက်လို့ပါ'

'ဘာဖြစ်လို့လဲဗျာ'

ဖူမိကိုက ပြန်မပြောခဲ့ပေ။

'ကဲ ... သွားတော့နော်'

ကိကုဂျိက ထွက်သွားမည် အလုပ်တွင် 'ခုလို လာတာ ကျေးဇူး တင်ပါတယ်ရှင်၊ အမေ့အကြောင်းတွေကို တွေးနေမယ့်အစား မြန်မြန်သာ အိမ်ထောင်ပြုရင် ပိုကောင်းမယ် ထင်ပါတယ်'

ဟု ဖူမိကိုက ပြောလိုက်သည်။

'ခင်ဗျား ဘာပြောလိုက်တာလဲ'

ကိကုဂျိက နောက်ဘက်သို့ လှည့်ကြည့်လိုက်သည့် အခါတွင်မူ ဖူမိကိုအား မတွေ့ရတော့ပေ။

[၃]

လက်ဆောင်ရလာသော ကြွေတကောင်းထဲတွင် ကိကုဂျိသည် အဖြူရောင် နှင်းဆီပန်းများနှင့် အရောင်ခပ်ဖျော့ဖျော့ ကာနေးရှင်းပန်းများကို ထိုးလိုက် သည်။

ဖူတိုဒါအမျိုးသမီးကြီး ဆုံးပါးပြီးကာမှ ထိုအမျိုးသမီးကြီးအပေါ် ထားရှိသည့် အချစ်စိတ်သည် ပိုမိုတိုးပွားလာသယောင် ခံစားနေရသည်။

သို့ပါသော်လည်း ပုန်းအောင်းနေသော ထိုအချစ်စိတ်များကို ဖူတိုဒါ ၏ သမီးငယ် ဖူမိကိုက နှိုးဆွပေးခဲ့သည့်အတွက် ပို၍ နားလည်လာခဲ့ရသလို ထင်မိလေသည်။

တနင်္ဂနွေနေ့တွင် ကိကုဂျိသည် ဖူမိကိုအား တယ်လီဖုန်းဆက်၍ ခေါ်ကြည့်သည်။

'ထုံးစံအတိုင်း အိမ်မှာ တစ်ယောက်တည်းပဲလား'

'ဟုတ်ကဲ့ ... နည်းနည်းတော့ ပျင်းတာပေါ့ရှင်'

'တစ်ယောက်တည်းနေတာ မကောင်းပါဘူးဗျာ'

'ဟုတ်ပါရဲ့ရှင်'

'ခင်ဗျားတို့အိမ်ရဲ့ ဆိတ်ငြိမ်မှုကို တယ်လီဖုန်း စကားခွက်ထဲက တောင် ကြားနေရသလိုပဲ'

ဖူမိကိုက သဲ့သဲ့ကလေး ရယ်လိုက်သည်။

'သူငယ်ချင်းတစ်ယောက်ဖြစ်ဖြစ် ခေါ်ထားပါလား'

'ဒါပေမဲ့ လူတွေ သိပ်အလာများရင် အမေ့အကြောင်းတွေ အကုန် သိကုန်မှာ စိုးရိမ်တယ်'

ကိကုဂျိအဖို့ ဘာဆက်ပြောရမှန်း မသိတော့ပေ။

'တစ်ယောက်တည်းဆိုတော့ အပြင်ထွက်ချင်ပေမဲ့ ထွက်လို့ မလွယ် ဘူးပေါ့'

'အဲဒီလောက်လည်း မဟုတ်ရပါဘူးရှင်၊ အပြင်ထွက်ချင်တယ်ဆိုရင် တံခါးပိတ်ပြီး ထွက်လို့ရပါတယ်'

'ဒါဆိုရင် တစ်ခါလောက် ကျွန်တော့်အိမ်ဘက်ဆီကို ထွက်ခဲ့ပါလား'

'ကျေးဇူးတင်ပါတယ်ရှင်'

'နေကောင်းရဲ့လား'

'နည်းနည်းတော့ ပိန်သွားတယ်'

'အိပ်လို့ကော ပျော်ရဲ့လား'

'ည ညကျရင် အိပ်မပျော်သလောက်ပါပဲ'

'ဒါတော့ မကောင်းဘူးပေါ့ဗျာ'

'သိပ်မကြာခင် ဒီအိမ်ကို ပိတ်ပြီး သူငယ်ချင်းတွေရဲ့ အိမ်မှာ သွားနေ ရင် ကောင်းမလားလို့'

'သိပ်မကြာခင်ဆိုတာ ဘယ်တော့လဲ'

'ဒီအိမ် ရောင်းလို့ ထွက်သွားရင်ပေါ့'

'အိမ်ကို ရောင်းပစ်မယ် ဟုတ်လား'

'ဟုတ်ကဲ့'

'သိပ်ရောင်းချင်နေလို့လား'

'ရောင်းပစ်တာပဲ ကောင်းတယ်လို့ မထင်ဘူးလား'

'အင်း ... ကျွန်တော်လည်းပဲ ကျွန်တော့်ရဲ့ အိမ်ကို ရောင်းပစ်ချင်တယ်'

ဖူမိကိုက ငြိမ်နေသည်။

'ဟဲလို ... တယ်လီဖုန်းထဲမှာ ဒီစကားတွေ ပြောလို့ သိပ်မကောင်းပါဘူး။ တနင်္ဂနွေနေ့မှာ အိမ်မှာ ရှိနေမယ်၊ လာမယ် မဟုတ်လား'

'ဟုတ်ကဲ့၊ လာခဲ့ပါမယ်'

'လက်ဆောင်ပေးလိုက်တဲ့ ကြွေတကောင်းလေး အခုတော့ ပန်းတွေ ထည့်ထိုးထားတယ်။ အဲဒီနေ့ကျတော့ ကြွေတကောင်းအဖြစ် ပြန်သုံးကြစို့လား'

'လက်ဖက်ရည် ထည့်သုံးမှာလား'

'လက်ဖက်ရည်ရယ်လို့ မဟုတ်ပါဘူးဗျာ၊ ရေတကောင်းဆိုတော့ ရေမှ ထည့်မသုံးဖြစ်ရင် ဘယ်ကောင်းပါ့မလဲ။ လက်ဖက်ရည်ပွဲအတွက် သုံးတဲ့ ပစ္စည်းဆိုတာ တခြား လက်ဖက်ရည်ပွဲသုံး ပစ္စည်းတွေနဲ့ အတူတူ မသုံးဘူးဆိုရင် ဘယ်ကောင်းပါ့မလဲ'

'ဒါပေမဲ့ ဒီနေ့တော့ ခါတိုင်းထက် လန်းလန်းဆန်းဆန်း ရှိနေပုံရတယ်နော်၊ တစ်ယောက်ယောက်ကိုများ ကြိုစရာ ရှိလို့လား'

'အိမ်မှာ ဧည့်သည်တစ်ယောက်မှ လာဖို့ မရှိပါဘူး'

'ဒါပေမဲ့ရင် ...'

'ဩော် ဩော်'

'တာ့တာ'

'တာ့တာ ... တစ်ယောက်ယောက် လာနေပြီ ထင်ပါရဲ့၊ နောက်မှ တွေ့ရအောင်နော်'

ဧည့်သည်မှာ ခူရိမိုတို ကျိကကိုပင် ဖြစ်သည်။ ယခု ပြောနေသော တယ်လီဖုန်းထဲမှ စကားများကို ကြားသွားပြီ အထင်နှင့် ကိကုဂျိက မျက်နှာကို တမင် တည်ပစ်လိုက်သည်။

'တစ်ချိန်လုံး မိုးတွေမှောင်နေခဲ့တာ အခုလို လင်းလင်းရှင်းရှင်းရှိတုန်း ပြေးလာခဲ့ရတယ် ငါ့မောင်ရေ၊ နေလို့ထိုင်လို့ ကောင်းရဲ့လား'

ကျိကကိုက နှုတ်ဆက်ရင်း ရှိန့် ကြွေတကောင်းပေါ်တွင် မျက်စိအာရုံ ရောက်သွားလေသည်။

'နွေနား နီးလာတော့ အလုပ်လည်း ပါးလာတာနဲ့ ငါ့မောင်ရဲ့ လက်ဖက်ရည်ခန်းကို ခဏ ဝင်ကြည့်မလားလို့'

ကျိကကိုက ဝယ်လာသော လက်ဆောင်မုန့်များနှင့် ယပ်တောင်ကို ထုတ်လိုက်သည်။

'လက်ဖက်ရည်ခန်းက မှိုစော်တွေ ပြန်နံနေပြီနဲ့ တူတယ်'

'ဟုတ်ပါရဲ့'

'ဒါ ဖူတိုဒါစံရဲ့ ကြွေတကောင်း မဟုတ်လား၊ ပြစမ်းပါဦး ... သေသေချာချာ ကြည့်ရအောင်'

ကျိကကိုက အမှတ်မထင် ပြောလိုက်ပြီး ပန်းများ ထိုးစိုက်ရာ အနီးသို့ ကပ်သွားလေသည်။

နောက်မှ လက်ကိုပိုက်ရင်း ခေါင်းငိုက်စိုက်ကြည့်နေသော ကိကုဂျိမှာ ဒေါပွနေပြီး အဆိပ်ကို အန်ထုတ်ခဲ့သည့် မျက်နှာမျိုး ဖြစ်နေလေသည်။

'ဟယ် ... ဒီကြွေတကောင်းကို ဝယ်ပြီး ပန်းတွေ ထိုးထားတာလား'

'မဟုတ်ပါဘူး၊ လက်ဆောင်ရခဲ့တာပါ'

ကျိကကိုက မျက်နှာမော့ကြည့်လိုက်ပြီး ကိကုဂျိနှင့် မျက်နှာချင်းဆိုင် လိုက်သည်။

'အင်း .. ထင်တဲ့အ တိုင်းပဲ၊ ဒီလိုပစ္စည်းမျိုးက ဘယ်မှာ ဝယ်လို့ ရနိုင်ပါ့မလဲ၊ သမီးဆီက လက်ဆောင်ရခဲ့တယ်ဆိုတော့ အင်း ...ပြန်စဉ်းစား ကြည့်မယ် ဆိုရင်တော့ ဖူတိုဒါစံရဲ့ ပစ္စည်းတွေကို ဒီအိမ်မှာ မကြာမကြာ တွေ့ရတယ် ဆိုပေမဲ့ အဲဒါအားလုံးကို ငါ့မောင်ရဲ့ အဖေကပဲ ဝယ်ပေးခဲ့တာပဲ၊ သူတို့အချင်းချင်း အချိတ်အဆက် ရပြီးတဲ့နောက် တစ်ခုပြီးတစ်ခု ဝယ်ပေး ခဲ့တယ်'

'အဲဒီအကြောင်းတွေကို ခင်ဗျားဆီက ထပ်မကြားချင်တော့ဘူးဗျာ'

'ကောင်းပါပြီ၊ ကောင်းပါပြီ'

ကျီကကိုက ရုတ်တရက် ထိုနေရာမှ ထ သွားသည်။ တစ်ဖက်ခန်းတွင် အိမ်ဖော်မလေးနှင့် စကားပြောသံကို ကြားနေရပြီး ခဏအကြာတွင် အေပရွန် ဝတ်၍ ထွက်လာသည်။

'ဖူတိုဒါရဲ့ဇနီးဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့တယ် ဆိုပဲကွယ့်'

ကျီကကိုက ရုတ်တရက် အရှိက်ကို ထိုးလိုက်ဘိသကဲ့သို့ ပြောချလာသည်။

'မဟုတ်ရပါဘူးဗျာ'

'ဒါတော့ မသိဘူး၊ မမ နားနဲ့ ဆတ်ဆတ် ကြားရတာကတော့ ခုတလော အဲဒီအမျိုးသမီးကြီးမှာ စိတ်ညစ်စရာတွေ တစ်ပြုံးတစ်ခေါင်းကြီး ဖြစ်နေတာနဲ့ ခုလို သတ်သေသွားတာလို့ ဆိုကြတာပဲ'

ကျီကကိုက ကိကုဂျီ၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။

'ငါ့မောင် အဖေကလည်း ပြောခဲ့ဖူးတယ်ကွယ့်၊ ဖူတိုဒါစံဟာ အတော် နားလည်ရခက်တဲ့ မိန်းမတဲ့။ ရုတ်တရက် သူ့ကိုကြည့်လိုက်ရင် သနားကမား မျက်နှာမျိုးပဲ။ မမကတော့ အဲဒီလို ချွဲတီချွဲပတ် မိန်းမမျိုးကို မကြိုက်ပေါင်'

'သေသွားပြီးတဲ့သူရဲ့ မကောင်းကြောင်းကို ပြောမနေပါနဲ့တော့ဗျာ'

'ဒါတော့ ဒါပေါ့ကွယ်၊ ဒါပေမဲ့ သေသွားပြီးတဲ့လူက ကိကုဂျီစံရဲ့ စေ့စပ်ပွဲအထိ လိုက်ပြီး နှောင့်ယှက်နေတော့ မခက်ဘူးလား။ ငါ့မောင်ရဲ့ အဖေတောင် အဲဒီမိန်းမနဲ့ ပတ်သက်ပြီး စိတ်ညစ်စရာတွေ အများကြီး ကြုံခဲ့ရသေးတာ'

စင်စစ် စိတ်ညစ်စရာတွေ ကြုံခဲ့ရသူမှာ အဖေ မဟုတ်ဘဲ ယခု ပြောနေသည့် ကျီကကိုပင် ဖြစ်လိမ့်မည်ဟု ကိကုဂျီက အောက်မေ့လိုက်သည်။

ကျီကကိုနှင့် အဖေ၏ ဇာတ်လမ်းမှာ တစ်ခန်းရပ် ပြဇာတ်ကဲ့သို့ လွန်စွာ တိုတောင်းခဲ့ပေသည်။ ဖူတိုဒါ အမျိုးသမီးကြီးကို တွေ့ကတည်းက အဖေသည် ကျီကကိုအား ပစ်ပယ်ပြီး၊ သေသည်အထိ ထိုအမျိုးသမီးကြီးနှင့် ဆက်ဆံသွားခဲ့သည်။ ထို့အတွက် ကျီကကိုက ယခုအထိ အခဲမကျေသေးဘဲ ရှိနေဟန် တူလေသည်။

'ကိကုဂျိတို့လို ငယ်ရွယ်တဲ့သူတွေအတွက် ဒီလိုမိန်းမမျိုးအကြောင်း ဘယ်လို နားလည်နိုင်ဦးမှာလဲ၊ သူ သေသွားတာနဲ့ ပြဿနာတွေအားလုံး ရှင်းသွားတာ မဟုတ်သေးဘူးကွယ့်၊ မမ ပြောတာ ယုံပါကွယ်'

ကိကုဂျိက မျက်နှာလွှဲလိုက်သည်။

'ကိကုဂျိစံရဲ့ မင်္ဂလာပွဲအထိ လိုက်ပြီး နှောင့်ယှက်ခွင့် ပေးနေဦးမှာလားကွယ်။ မမတို့ သိပ်ခံရခက်တယ်၊ ဒီမိန်းမဟာ ကိုယ့်ရဲ့ ယုတ်မာမှုကို ကိုယ်မထိန်းနိုင်တဲ့အဆုံး သတ်သေသွားတာပဲ ဖြစ်မယ်။ ဒါတောင် သူသေသွားရင် တမလွန်မှာ ငါ့မောင်ရဲ့ အဖေနဲ့ တွေ့ရမှာပဲလို့ မျှော်လင့်ချင် မျှော်လင့်နေဦးမှာ'

ကိကုဂျိ ချမ်းစိမ့်စိမ့် ဖြစ်လာသည်။

ကျီကကိုက ပန်းခြံထဲသို့ ဆင်းလိုက်ပြီး 'မမ လက်ဖက်ရည်ခန်းထဲမှာ စိတ်ပြေလက်ပျောက်ဖြစ်အောင် သွားနားလိုက်ဦးမယ်' ဟု ဆိုလာသည်။ ကိကုဂျိသည် ခဏတစ်ဖြုတ် ဆက်ထိုင်နေရင်း ပန်းကလေးများကို ငေးစိုက်ကြည့်နေလေသည်။

အဖြူရောင်၊ ပန်းနုရောင် အပွင့်ကလေးများက ကြွေတကောင်း၏ အရောင်နှင့် တစ်သားတည်း ရောပြွမ်းနေကြလေသည်။

ကိကုဂျိ၏ မျက်စိထဲတွင်ကား အိမ်တွင် တစ်ယောက်တည်း လဲလျောင်းကာ ငိုကြွေးနေရှာမည့် ဖူမိကို၏ မျက်နှာကလေးကို မြင်ယောင်နေပေတော့သည်။

## အမေ၏ နှုတ်ခမ်းနီ

[၁]

ကိုကုဂျို သွားတိုက်ပြီး အိပ်ရာသို့ ပြန်အဝင်၌ အိမ်ဖော်မလေးသည် ဘူးသီး ခြောက်ချိတ်ဆွဲပန်းအိုးတွင် ကန်စွန်းပန်းပွင့်ကလေးကို ထိုးစိုက်နေသည်။

'ဒီနေ့ တစ်နေကုန် မအိပ်ဘူး' ဟု ကိုကုဂျိုက ပြောခဲ့သော်လည်း မွေ့ရာပေါ်၌ လဲလျောင်းနေခဲ့ပေသည်။

ခန္ဓာကိုယ်အား ပက်လက်လှန်လျက် ခေါင်းအုံးပေါ် ခေါင်းကို စောင်းကာ၊ ဘုရားစင် ထောင့်ကွေးတစ်နေရာ၌ ချိတ်ဆွဲထားသော ပန်းအိုးကလေး အား ငေးကြည့်နေမိသည်။

'တစ်ပွင့်တည်း ပွင့်နေတာကို တွေ့တာနဲ့...'

အိမ်ဖော်မလေးက တစ်ဖက်ခန်းတွင် အပ်ချုပ်ရင်း ပြောလိုက်သည်။

'ဒီနေ့လည်း ခွင့်ယူဦးမှာလား သခင်'

'အင်း ဒီနေ့တစ်နေ့ ထပ်ယူဦးမယ်၊ ဒါပေမဲ့ နေ့ခင်းမှာ မအိပ်ဘူး နော်'

ကိုကုဂျိုသည် အအေးမိကာ ခေါင်းကိုက် အဖျားတက်နေသော ကြောင့် အလုပ်မှ လေး ငါးရက်ခန့် အနားယူနေခဲ့ခြင်း ဖြစ်သည်။

'အဲဒီ ကန်စွန်းပန်းပွင့်ကလေးကို ဘယ်မှာ တွေ့ခဲ့တာလဲ'

'ပန်းခြံရဲ့ဘေးက ဗုဒ္ဓသရဏပင်ပေါ်မှာ တွယ်ပေါက်နေတဲ့ အပင် ကလေးက တစ်ပွင့်တည်း ပွင့်နေတာကို တွေ့ခဲ့ရတာပါ'

သဘာဝအတိုင်း ပွင့်နေခဲ့ရှာသော ပန်းကလေးပင် ဖြစ်လိမ့်မည်။ မဲနယ်ရောင်တွင် ပြာလွင်လွင် အရောင်လွှမ်းလျက်ရှိပြီး ပွင့်ညှာကလေး ခပ်သွယ်သွယ်တွင် အပွင့်ကော အရွက်ကလေးများပါ သေးသွယ်လျက် ရှိပေသည်။

နီညိုရောင် သစ်စေးသုတ်ထားဘိသကဲ့သို့ ဖြစ်နေသော ဘူးသီးခြောက် ပန်းအိုးပေါ်တွင် အစိမ်းရောင်အရွက်နှင့် ကြည်ပြာရောင် အပွင့်တို့က ပန်းသင့်လျက်ရှိရာ မြင်ရသူအဖို့ ရင်ကို အေးမြစေသည်။

အိမ်ဖော်မလေးသည် အဖေ့လက်ထက်ကတည်းက အလုပ်ဝင်ခဲ့သောကြောင့် ပန်းအိုးထိုးရာတွင် ကျွမ်းနေခဲ့ပေပြီ။ ပန်းအိုး၏ အောက်ခြေတွင် သစ်စေးဖြင့် "ဆိုးတန်း" ဟု ခပ်မှိန်မှိန် ရေးထားလေသောကြောင့် ထိုအတိုင်းသာ မှန်လျှင် ဘူးသီးခြောက် ပန်းအိုးကလေး၏ သက်တမ်းမှာ နှစ်ပေါင်း ၃၀၀ မျှ ကြာမြင့်ခဲ့ပေပြီ။

ကိကုကျိသည် လက်ဖက်ရည်ပွဲ၌ ဆင်ယင်ရမည့် ပန်းများအကြောင်းကို နားမလည်သကဲ့သို့ အိမ်ဖော်မကလေးတွင်လည်း ဗဟုသုတ ရှိလိမ့်မည် မဟုတ်ပေ။ သို့ပါသော်လည်း နံနက်ပိုင်း လက်ဖက်ရည်သောက်ချိန်၌မူ ကန်စွန်းပန်းပွင့်နှင့် လိုက်ဖက်လိမ့်မည်ဟု ယူဆမိလေသည်။

နှစ်ပေါင်း ၃၀၀ ကြာညောင်းခဲ့သော ဘူးသီးခြောက်ပေါ်တွင် တစ်မနက်တာအတွင်း ညှိုးနွမ်းသွားမည့် ကန်စွန်းပန်းပွင့်ကလေး ထိုးစိုက်ထားသော ပန်းအိုးကလေးအား ကိကုကျိ တအံ့တသြ စိုက်ကြည့်နေမိသည်။

စင်စစ် နှစ်ပေါင်း ၃၀၀ သက်တမ်းရှည်ခဲ့သော ရှိနိုး ကြွေတကောင်းတွင် အနောက်တိုင်းဆန်ဆန် နှင်းဆီပန်း၊ ကာနေးရှင်းပန်းများကို ထိုးစိုက်ထားသည်ထက် ပို၍ ကျက်သရေရှိသည်ဟု ခံစားလာရသည်။

သို့ပါသော်လည်း အီကေဘားနားခေါ် ပန်းအလှထိုးပညာ ရှုထောင့်မှ ကြည့်ပါမူ အဆိုပါ ကန်စွန်းနွယ်ကလေးသည် အချိန်မည်မျှကြာအောင် ခံနိုင်ပါမည်နည်းဟု တွေးမိသောအခါ စိတ်ထဲတွင် ပူပန်လာမိသည်။

နံနက်စာ စားနေစဉ် ဘေးမှာရပ်နေသော အိမ်ဖော်မကလေးအား ကိုကုဂျိုက ပြောလိုက်သည်။

'ကန်စွန်းပန်းပွင့်ကလေးကို ကြည့်ရင်းက ချက်ချင်း ညှိုးရော် သွားမလားလို့ စိုးရိမ်နေခဲ့တာ၊ အဲဒီလောက်လည်း မဟုတ်ပါလား'

'ဟုတ်လား သခင်'

ကိုကုဂျိုသည် ဖူမိကိုထံမှ သူ့အဖေအတွက် အမှတ်တရလက်ဆောင်အဖြစ် ရရှိခဲ့သော ရှိုနီး ကြွေတကောင်းလေးတွင် ထပ်တစ်ရာပန်းများ ထိုးရန် ကြံခဲ့သည်ကို ပြန်၍ အမှတ်ရလာလေသည်။ ကြွေတကောင်းကလေးကို ရခဲ့ချိန်က ထပ်တစ်ရာပန်းများ တုံးသွားခဲ့ပြီ ဖြစ်သော်လည်း တစ်နေရာရာ၌ ကျန်ကောင်းကျန်မည်ဟု ယူဆကာ ရှာကြည့်ခဲ့ပါသေးသည်။

'အဲဒီ ဘူးသီးခြောက် ပန်းအိုးကလေး အိမ်မှာ ရှိနေတယ်ဆိုတာ သိတောင်မသိဘူး၊ ကြံကြံဖန်ဖန် တွေ့အောင်ရှာတတ်သားပဲကွယ့်'

'ဟုတ်ကဲ့ သခင်'

'အဖေက ဒီဘူးသီးခြောက်ထဲမှာ ကန်စွန်းပန်းက းလး ထိုးတာကို မြင်ဖူးခဲ့လို့လား'

'ဟင့်အင်း၊ မမြင်ဖူးခဲ့ပါဘူး သခင်။ ဘူးပင်ကော၊ ကန်စွန်းပင်ကော အားလုံး နွယ်ပင်အမျိုးအစားတွေချည်းမို့ လိုက်ဖက်မလားလို့ စိတ်ကူးရပြီး ထိုးကြည့်တာပါ'

'ဟယ် အားလုံး နွယ်ပင်အမျိုးအစားတွေ'

ကိုကုဂျိုက ရယ်ရယ်မောမော ပြောလိုက်သည်။

နံနက်ခင်း သတင်းစာကို ဖတ်ရင်း ခေါင်းလေးလာသဖြင့် လက်ဖက်ရည်ခန်းထဲ၌ပင် လဲလျောင်းလိုက်သည်။

'အိပ်ရာကိုတော့ အဲဒီအတိုင်းပဲ ထားလိုက်ပါကွယ်'

ကိုကုဂျိုက ထိုကဲ့သို့ ပြောလိုက်သောအချိန်တွင် အိမ်ဖော်မကလေး

သည် တံမြက်စည်း၊ အဝတ်စုတ် စသည်တို့ဖြင့် လက်ဖက်ရည်ခန်းထဲသို့ ဝင်လာပြီး –

'သခင် ... ကျွန်မ ဒီအခန်းကို သန့်ရှင်းရေးလုပ်မလို့'

ဟု ပြောသောကြောင့် အိပ်ရာဘက်ဆီသို့ ပြန်လှည့်လာခဲ့ရသည်။ အိပ်ရာထဲသို့ ပြန်ရောက်လာသောအခါ ဘုရားစင်ထက်တွင် ကန်စွန်းပန်းပွင့်ကလေးကို မတွေ့ရတော့။ ဘူးသီးခြောက် ပန်းအိုးကလေးကိုပင် ချိတ်မထားတော့ပေ။

'ဟွန်း' အိမ်ဖော်မလေးက ပန်းကလေး နွမ်းနေသည်ကို မမြင်စေချင်သောကြောင့် ဖြစ်ပေလိမ့်မည်။

ကန်စွန်းပန်းကော၊ ဘူးသီးပါ နွယ်ပင်အမျိုးအစားတွေပါကလားဟု စဉ်းစားရင်း အဖေ အသက်ရှင်နေထိုင်စဉ်က ဓလေ့စရိုက်များသည် အိမ်ဖော်မလေး၏ လုပ်နည်းကိုင်ဟန်များ၌ပင် စွဲကျန်ရစ်နေပါသေးလားဟု အောက်မေ့လိုက်သည်။

သို့ပါသော်လည်း ဘုရားစင်၏ အလယ်၌မူ ရှိနိုး ကြွေတကောင်းကလေးအား တင်ထားသည်ကို တွေ့လိုက်ရသည်။

ဖုမိကိုသာ ရောက်လာ၍ ကြွေတကောင်း၏ အဖြစ်ကို မြင်ရလျှင် ဖြစ်ကတတ်ဆန်းနိုင်လိုက်တာဟု ထင်သွားပေလိမ့်မည်။

ဤကြွေတကောင်းကလေးအား ဖုမိကိုထံမှ ရလာစဉ်က ချက်ချင်းဆိုသလို နှင်းဆီပန်းပွင့်ဖြူဖြူနှင့် ကာနေးရှင်းပန်းများကို ထိုးခဲ့ပေသည်။

မိခင်ကြီး၏ အရိုးအိုးရှေ့တွင် ဖုမိကိုက ထိုကဲ့သို့ ထိုးခဲ့သောကြောင့် ဖြစ်ပေသည်။ ထိုနှင်းဆီပန်းပွင့်အဖြူနှင့် ကာနေးရှင်းပန်းများသည် ဖုမိကို၏ မိခင် ရက်လည်သည့်နေ့တွင် ကိကုကျိုက ပို့ပေးခဲ့သော ပန်းများ ဖြစ်ပေသည်။

ကြွေတကောင်းကလေးကို ပိုက်၍ အိမ်သို့အပြန်တွင် ယမန်နေ့က ဝယ်ခဲ့သော ပန်းဆိုင်သို့ပင် ဝင်ကာ အလားတူ ပန်းများကိုပင် ဝယ်ခဲ့ခြင်း ဖြစ်လေသည်။

သို့ပါသော်လည်း နောက်ပိုင်းတွင်မူ ထိုကြွေတကောင်းကလေးအား လက်နှင့်ထိလျှင်တောင် ရင်ထဲမှ နာကျင်လာသောကြောင့် လုံး၀ ပန်းမထိုး ဖြစ်ခဲ့တော့ပေ။

ကိကုဂျီ၏ အဖြစ်က ဆိုးလှသည်။ လမ်းပေါ်၌ လျှောက်သွားရင်း အသက် အလယ်အလတ်အရွယ် မိန်းမတစ်ယောက်အား နောက်မှ လှမ်းမြင်လိုက်သည်နှင့် ရုတ်တရက် မျက်လုံးများက ထိုမိန်းမဆီသို့ ရောက်သွားကြတော့သည်။ သတိပြန်လည်လာသော အခါ၌မူ 'ငါ့နှယ်နော်၊ အပြစ်ကြီးလိုက်တာ' ဟု ညည်းတွားပြီး မျက်နှာမှာ မည်းမှောင်သွားတော့သည်။ သေသေချာချာ သတိထားကြည့်လိုက်သည့်အခါ ထိုမိန်းမ၏ အသွင်သဏ္ဌာန်မှာ ဖူတိုဒါ အမျိုးသမီးကြီးနှင့် လုံး၀ မတူညီကြောင်း တွေ့လိုက်ရသည်။ တင်ပါး တစ်ဝိုက်တွင်သာ ဖူတိုဒါ အမျိုးသမီးကြီးကဲ့သို့ ဖောင်းကားနေရုံမျှသာ ဖြစ်သည်။ ထိုအခိုက်အတန့်တွင် ယစ်မူးသောစိတ်နှင့် ထိတ်လန့်သော စိတ်တို့က နှစ်ထပ်ကွမ်း ဖိစီးခြင်း ခံနေရကာ ရာဇ၀တ်မှုမှ နီးထလာသူ အလား ခံစားနေရတော့သည်။

'ငါ့ကို အပြစ်ကြီးတဲ့ တရားခံဖြစ်အောင် ဘာတွေကများ ခြောက်လှန့်နေကြပါလိမ့်နော်'

ကိကုဂျီက သက်သာလိုသက်သာငြား အမျိုးမျိုး တွေးတောကြည့်မိသော်လည်း ထိုအမျိုးသမီးကြီးနှင့် တွေ့ခဲ့ရသည့် အတိတ်မှ ထိတ်လန့်ဖွယ်ရာ အကြောင်းများကိုသာ ပြန်လည် မြင်ယောင်နေခဲ့သည်။

သေပြီးသူနှင့် ကြုံတွေ့ခဲ့ရသော အထိအတွေ့များက အသစ်တဖန် ပြန်လည်ဖြစ်ပေါ် လာနေခြင်းကို မနိမ်နင်းနိုင်သရွေ့ မိမိအား ကယ်တင်နိုင်မည့်လမ်း မမြင်ဟုလည်း ကိကုဂျီက အောက်မေ့လိုက်မိသည်။

တစ်နည်းအားဖြင့် လူမှုကျင့်၀တ်တရားအရ ခံစားနေရသော စိတ်ဒွိဟသည် မိမိ၏ ကာမဂုဏ် အာရုံကိုပင် ရောဂါစွဲကပ်ပြီး အားနည်းသွားအောင် ဖိစီးနေသည့်အလား ခံစားနေရပေသည်။

ကိကုဂျီသည် ရှိန်းကြွေတကောင်းကလေးအား သေတ္တာထဲသို့ ထည့်သိမ်း၍ အိပ်ရာဝင်ခဲ့သည်။ အိပ်ရာထက်မှ ပန်းခြံဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သည့်အခါ လျှပ်စီးများလက်၍ မိုးများ ထစ်ချုန်းမြည်ဟည်းလျက်ရှိသည်ကို တွေ့လိုက်ရသည်။

အဝေးမှပင်ဖြစ်သော်လည်း မိုးထစ်ချုန်းသံများက ကျယ်လောင်လွန်းလှသည်။ ထစ်ချုန်းလိုက်တိုင်း မိမိအနားသို့ ရောက်လာသည့်အလား ထင်နေရသည်။

လျှပ်ပန်းလျှပ်နွယ်တို့က ပန်းခြံအတွင်း၌ ဝင်းခနဲ လက်ခနဲ တောက်ပနေကြသည်။ ရှေးဦးစွာ မိုးသေးမိုးဖွားကလေးများ ရွာချလာသည်။ မိုးချုန်းသံများကလည်း ဝေး၍ဝေး၍ သွားကြတော့သည်။ ထို့နောက် ပန်းခြံတွင်းသို့ မိုးပေါက်များ တဝေါဝေါ ရွာချလာတော့သည်။

ကိကုဂျီက အိပ်ရာထက်မှ ထပြီး ဖူမိကိုထံသို့ တယ်လီဖုန်းဆက်သည်။

'ဖူမိကိုစံ ပြောင်းသွားပြီ'

တစ်ဖက်က ပြောလာသည်။

'ဟယ်'

ကိကုဂျီ အံ့အားသင့်သွားသည်။

'စိတ်မကောင်းပါဘူး၊ ဒါပဲနော်'

ဖူမိကိုတစ်ယောက် အိမ်ရောင်းသွားပြီဟု အောက်မေ့လိုက်သည်။

'သူပြောင်းသွားတဲ့ လိပ်စာအသစ်ကိုကော သိပါသလား ခင်ဗျာ'

'ဟုတ် ... ခဏ စောင့်ပါဦး'

တစ်ဖက်မှ စကားပြောနေသူမှာ အိမ်ဖော်မတစ်ယောက် ဖြစ်ဟန်တူပါသည်။

ချက်ချင်း တစ်ဖက်မှ တယ်လီဖုန်းပြန်ဆက်၍ စက္ကူပေါ်တွင် ရေးထားသော လိပ်စာကို ဖတ်ပြသည်။

"ကိုဆာကီဟော" ဖြစ်ပြီး တယ်လီဖုန်းနံပါတ်ပါ ပါလာသည်။

ကိကုဂျိက ချက်ချင်း ဖုန်းကောက်ဆက်ကြည့်သည်။ ဖူမိကို၏ ကြည်လင်သော အသံက ထွက်ပေါ်လာသည်။

'အားနာလိုက်တာရှင်၊ ဖူမိကိုပါ'

'ဖူမိကိုစံလား … မိစုထာနိပါ၊ အလျင်အိမ်ကို တယ်လီဖုန်း ဆက်ကြည့်သေးတယ်'

'ခွင့်လွှတ်ပါရှင်'

တစ်ဖက်မှ နှိမ့်၍ပြောလိုက်သော ဖူမိကို၏ အသံသည် သူ့အမေ၏ အသံနှင့် တူနေလေသည်။

'ဘယ်တုန်းက ပြောင်းသွားတာလဲ'

'ဟုတ်ကဲ့၊ ဒီလိုပါ'

'အကြောင်းမကြား ဘာမကြားနဲ့ဗျာ'

'သူငယ်ချင်းအိမ်မှာ ရောက်နေတာ ကြာပြီ၊ အိမ်က ရောင်းလိုက်ပြီလေ'

'ဟယ်'

'အကြောင်းကြားရရင် ကောင်းမလား၊ ဘာလုပ်ရရင် ကောင်းမလဲလို့ တွေဝေနေခဲ့လို့ပါ။ အစပိုင်းတုန်းက အကြောင်းမကြားတော့ပါဘူးလေလို့ အောက်မေ့ထားတာ၊ နောက်တော့ အကြောင်းမကြားလို့ မကောင်းပါဘူးလေလို့ တွေးမိလာတယ်။ အကြောင်းမကြားဘဲ နေမိခဲ့တာကိုပဲ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လို့ မဆုံးအောင် ဖြစ်မိတယ်'

'ဒါပေါ့ဗျာ'

'ဟယ်၊ အဲဒီလိုပဲ အောက်မေ့လားဟင်'

ကိကုဂျိသည် စကားပြောနေရင်း ပို၍ပို၍ ရှင်လန်းလာခဲ့သည်။ တယ်လီဖုန်းသည် ဤမျှပင် ခံစားမှုကို ပေးစွမ်းနိုင်ခဲ့လေသည်။

'ရှိနိုး ကြွေတကောင်းလေးလေ ... လက်ဆောင်အဖြစ် ရခဲ့တဲ့ အဲဒီ ကြွေတကောင်းလေးကို ကြည့်ရင်း တွေ့ချင်တဲ့စိတ်တွေ ပေါက်လာတာနဲ့'

ဟုတ်လား၊ အိမ်မှာ နောက်ထပ် ရှိနိုးကြွေထည်တစ်ခု ရှိသေးတယ်၊ လက်ဖက်ရည်ပန်းကန် သေးသေးလေးပါ။ အဲဒီတုန်းက အတူတူ ထည့်ပေးလိုက်မယ်လို့ စဉ်းစားထားခဲ့တာ။ ဒီပန်းကန်ကလေးက အမေ အမြဲသုံးနေတဲ့ ပစ္စည်းကလေး ဖြစ်တဲ့အပြင် ပန်းကန်ရဲ့နှုတ်ခမ်းမှာ အမေ့နှုတ်ခမ်းနီတွေက စွဲနေတာနဲ့ ...'

'ဟယ်'

'အမေက အဲဒီအတိုင်း ပြောခဲ့တယ်ရှင့်'

'ဟယ် အဲဒီကြွေပန်းကန်ကလေးမှာ အခုထက်ထိ ခင်ဗျားအမေရဲ့ နှုတ်ခမ်းနီတွေက စွဲထင်နေတုန်းပဲလား'

'စွဲနေတာ မဟုတ်ဘူးရှင့်၊ ပန်းကန်ကလေးရဲ့ နှုတ်ခမ်းက နဂိုတည်းက အနီရောင် ခပ်ဖျော့ဖျော့ကလေး ရှိနေခဲ့တာ။ အမေလည်း သောက်ပြီးရော နှုတ်ခမ်းနီတွေက တော်တော်နဲ့ ဖျက်လို့ ပျက်မသွားတော့ဘူးတဲ့'

ဖုမိကိုက သူ့စိတ်ထဲတွင် ရှိသမျှကို ဆက်ပြောနေသည်။ ကိကုဂျိလည်း ဆက်ပြီး နားမထောင်လိုတော့သဖြင့် –

'အဲဒီမှာ မိုးရွာနေလား'

'ရွာသမှ သဲကြီးမဲကြီးပါပဲရှင်၊ မိုးခြိမ်းသံတွေကလည်း တဝုန်းဝုန်းပဲ၊ လူကို ပုပုသွားတာပဲ'

'မကြာခင် မိုးစဲသွားပြီး ကြည်လင်လာမှာပါ၊ ကျွန်တော်လည်း နေမကောင်းတာနဲ့ ခွင့်ယူပြီး အိမ်မှာပဲ ရှိနေတာ။ အိမ်ကို အလည်လာခဲ့ပါလား ဟင်'

'ကျေးဇူးပါပဲရှင်၊ အလုပ်ကလေး ဘာလေး ရပြီးတော့မှ လာမလားလို့။ အခု ကျွန်မ အလုပ်ဝင်လုပ်ဖို့ စိတ်ကူးထားတယ်'

ကိကုဂျိက ပြောမည်အလုပ် ဖုမိကိုက ဆက်ပြောသည်။

ရာပြည့်စာအုပ်တိုက်

'ခုတော့ တယ်လီဖုန်းရောက်လာလို့ သိပ်ဝမ်းသာပြီး ချက်ချင်း လာလည်ချင်စိတ် ပေါက်လာပြီ။ လာသင့် မလာသင့်တော့ မပြောတတ်ဘူး'

ကိကုဂျိသည် မိုးစဲသွားသည်နှင့် ညှော်ခန်းမှ အိပ်ရာခင်းများကို အိမ်ဖော်မလေးအား သိမ်းခိုင်းလိုက်သည်။

ကိကုဂျိသည် ဖူမိကိုအား အိမ်အထိ အလည်လာဖို့ ဖိတ်ခဲ့မိသည်ကို ပြန်၍ အံ့သြနေမိသည်။

သို့ပါသော်လည်း ဖူတိုဒါ အမျိုးသမီးကြီးကြောင့် ခံစားရသော စိတ် ဒဏ်ရာများသည် သူ့သမီး၏ အသံကို ကြားရုံမျှနှင့်ပင် သက်သာရာ ရရှိနိုင် ကြောင်း ကိကုဂျိ မျှော်လင့်မထားမိခဲ့ပေ။

သမီး၏ အသံကို ကြားရလေတိုင်း ထိုအမျိုးသမီးကြီး ပြန်ရှင် လာသည့်အလား ထင်မှတ်နေရသည်။

ကိကုဂျိသည် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ရိတ်ရန်အတွက် ဆပ်ပြာ သုတ်ရန် စုတ်တံကို ပန်းခြံထဲမှ သစ်ပင်ရှိ သစ်ရွက်များမှ ကျဆင်းနေသော မိုးရေဖြင့် ဆွတ်လိုက်သည်။

မွန်းတည့်သာသာလောက်တွင် ဖူမိကို လာလိမ့်မည်ဟု စွဲနေခဲ့သော ကိကုဂျိသည် ဆင်ဝင်ပေါက်ဆီသို့ ထွက်ကြိုလိုက်သောအခါ မမျှော်လင့်ဘဲ ချရိမိုတိုကျိကကိုအား တွေ့လိုက်ရသည်။

'ဩော် ... ခင်ဗျားကိုး'

'သိပ်ပြီး ပူအိုက်လာလို့ နေများ ကောင်းမှ ကောင်းရဲ့လားလို့ စိုးရိမ် တာနဲ့ လာခဲ့တာ'

'သိပ်ပြီး မကောင်းချင်ပါဘူးဗျာ'

'ဟယ် ဘယ်လိုဖြစ်တာလဲ၊ မျက်နှာကလည်း သိပ်မကောင်းပါလား'

ကျိကကိုက မျက်ခုံးကို ပင့်ပြီး ကိကုဂျိအား ကြည့်လိုက်သည်။

ဖူမိကိုသည် အနောက်တိုင်းဝတ်စုံကို ဝတ်လာရန်သာ ရှိသည်။ ထို့ကြောင့် ခုံဖိနပ်သံကို ဖူမိကိုနှင့် ထင်မှတ်မှားခဲ့မိသော မိမိကိုယ်ကို အပြစ် တင်၍ မဆုံးနိုင်အောင် ဖြစ်နေခဲ့မိသည်။

'သွားတွေ ပြောင်းစိုက်လာတာလား၊ ပိုပြီး ငယ်သွားသလားလို့ အောက်မေ့ရတယ်'

'မိုးတွင်း အားနေတာနဲ့ စိုက်လာတာပါ၊ အသစ်ဆိုတော့ ဖြူလွန်းအားကြီးနေသေးတယ်၊ မကြာခင် ပြန်ဝါသွားကြမှာပါလေ'

ကျိကကိုသည် စောစောက ကိကုဂျိ အိပ်နေသော နေရာကို ဖြတ်လာစဉ် ဘုရားစင်အား လှမ်းကြည့်မိလိုက်သည်။

'ရှင်းမနေဘူးလား'

ကိကုဂျိက ပြောလိုက်သည်။

'မိုးတွင်းပဲကွယ်၊ ဒါပေမဲ့ ပန်းလေး ဘာလေးလောက်တော့ ထိုးထားသင့်တာပေါ့'

ကျိကကိုက ကိကုဂျိနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

'ဖူတိုဒါစံဆီက ရခဲ့တဲ့ ရှိနိုး ခွက်တကောင်းကကော…'

ကိကုဂျိက ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။

'အဲဒါကို ပြန်ပေးလိုက်ရင် မကောင်းဘူးလား'

'ဒါက ကျွန်တော့်သဘောပါ'

'ဒီလိုလည်း မဟုတ်သေးဘူးလေ'

ကျိကကိုက ဖြူဖွေးနေသော သွားများ ပေါ်လာအောင် ပြုံးလိုက်ရင်း ဆိုလာသည်။

'ဒီနေ့ ငါ့မောင်ကို အကြံပေးချင်တာနဲ့ လာခဲ့တာကွယ့်'

လက်နှစ်ဖက်ကို ပူးကပ်လိုက်ပြီး ရုတ်တရက် ဘေးသို့ဖေ့ယမ်းကာ ကျိကကိုက 'ဟောဒီအိမ်မှာ မကောင်းဆိုးဝါးတွေ လာရောက်မနှောင့်ယှက်ဖို့…'

'လာခြောက်မနေပါနဲ့ဗျာ'

'ဒါပေမဲ့ မမအနေနဲ့ အောင်သွယ်တစ်ယောက်မို့ ဘာဆက်လုပ်ရမလဲ လို့'

'အိနမုရစ်ရဲ့ သမီးအကြောင်းလား၊ ဒါဆို ကျွန်တော် သဘောမတူတော့ဘူး ဗျာ'

'မဟုတ်တာတွေကွယ်၊ အောင်သွယ်ကို မကြိုက်တာနဲ့ ကိုယ်နဲ့ဖြစ်ပြီးသား ရည်းစားကို စွန့်ပစ်ရမယ်လို့။ အောင်သွယ်ဆိုတာ တံတားလိုပဲ ငါ့မောင်ရဲ့၊ တံတားဆိုတာ တစ်ဖက်ကမ်း မရောက်ခင်သာ အသုံးကျတာ၊ ငါ့မောင်အဖေလည်း မမကို ဒီလိုပဲ သုံးခဲ့တာပဲ'

ကိကုဂျီ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ကျိကကိုက ပိုပြီး ဒေါပွလာသည့် ပုံစံမျိုးဖြင့် 'ဒါတော့ ဒါပေါ့လေ၊ ဒါပေမဲ့ မမနဲ့ ဖူတိုဒါ အမျိုးသမီးကြီးက မတူဘူးလေ၊ မမက ခပ်ပေါ့ပေါ့ မိန်းမ ဆိုတော့ ဘာပဲဖြစ်ဖြစ် မကွယ်မဝှက်ဘဲ ပြောတတ်တယ်။ ဒါပေမဲ့ ငါ့မောင်ရဲ့အဖေ ကွယ်ရာမှာ ဖောက်ပြားတာကိုကျတော့ တစ်လုံးမှ ပြောမထွက်ခဲ့ဘူး' ဟု ပြောကာ မျက်နှာကို ငုံ့ထားလိုက်သည်။

'ဒါပေမဲ့ မမက အငြိုးအတေး မထားပါဘူး၊ ငါ့မောင်ရဲ့အဖေ စိတ်လည်လာတဲ့ အခါကျတော့လည်း အသုံးခံလိုက်တာပဲ။ မိန်းမဆိုတာ ယောကျ်ားတွေရဲ့ အသုံးခံသက်သက်ပါကွယ်။ ငါ့မောင်ရဲ့ အဖေကြောင့် မမမှာ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေ အများကြီး ရခဲ့ရတယ်'

'ဟွန်း'

'ဒါကြောင့်မို့ မမမှာ ရှိတဲ့ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေကို ငါ့မောင် အသုံးချကြည့်စမ်းပါကွယ်'

ကိကုဂျီက သဘောပေါက်သွား၍လား မပြောတတ်၊ အနည်းငယ် စိတ်အေးသလို ဖြစ်သွားသည်။ ကျိကကိုက ခါးကြားမှ ယပ်တောင်ကို ထုတ်လိုက်သည်။

'ယောကျ်ား သိပ်ပီသတဲ့ သူပဲဖြစ်ဖြစ်၊ မိန်းမ သိပ်ပီသတဲ့ သူပဲဖြစ်ဖြစ် ပြီးပြည့်စုံတဲ့ သင်ခန်းစာဆိုတာ ရဖို့ မလွယ်ဘူးကွယ့်'

'ဩော် ပြီးပြည့်စုံတဲ့ သင်ခန်းစာရဖို့ ယောက်ျားရှာ ဆန်ရမယ်ဆိုပါတော့'

'မခနဲ့ပါနဲ့ကွယ်၊ အဲ ယောက်ျားရှာ ဆန်လာတယ်ပဲ ထားပါတော့၊ အဲဒီအချိန်မျိုးမှာ ယောက်ျားတွေ မိန်းမတွေရဲ့ စိတ်ထားအားလုံးကို ပိုပြီးနားလည် သဘောပေါက်လာတတ်တယ်။ ဖူတိုဒါစံရဲ့ အမျိုးသမီးကြီးဟာ အမေတစ်ခု သမီးတစ်ခု ဖြစ်လျက်နဲ့ သမီးတစ်ယောက်တည်းကို ပစ်ထားပြီး သေသွားရတာ ငါ့မောင် မမြင်ဘူးလား။ မမအနေနဲ့ စဉ်းစားကြည့်တော့ ဒီမိန်းမ အခွင့်အရေး ယူသွားတာပဲ၊ ငါသေသွားရင် ငါ့သမီးကို ကိကုဂျီစံကြည့်လိမ့်မယ်ဆိုတဲ့ အကြံနဲ့ သေသွားတာပဲ'

'ခင်ဗျား ဘာတွေ ပြောနေတာလဲ'

'လေးလေးနက်နက် တွေးကြည့်တော့ ရုတ်တရက် ဒီလိုပဲ မြင်လာရတယ် ငါ့မောင်။ ငါ့မောင်ရဲ့ မင်္ဂလာပွဲကို ဒီမိန်းမ အသေခံပြီး ဖျက်ဆီးခဲ့တာပဲ၊ ဒါ သေရိုးသေစဉ်အတိုင်း သေခဲ့တာ မဟုတ်ဘူး'

'မဟုတ်မဟတ်တာတွေ လျှောက်တွေးမနေပါနဲ့ဗျာ'

ကိကုဂျီက ဟန့်တားလိုက်သည့်တိုင် ထိုမဟုတ်မဟတ် စကားများက ရင်ထဲသို့ လာဆောင့်မိလေသည်။ မိုးကြိုးပစ် ခံလိုက်ရသည့်အတိုင်းပင်ဖြစ်သည်။

'ငါ့မောင်က အိနမုရစံရဲ့ သမီးအကြောင်း ဖူတိုဒါ အမျိုးသမီးကြီးကို ပြောပြခဲ့တယ် မဟုတ်လား'

ကိကုဂျီ ထင်ထားသည့် အတိုင်းပင် ဖြစ်လာသည်။

'ကျွန်တော်က အိနမုရစံကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီလို့ ဖူတိုဒါစံဆီကို တယ်လီဖုန်းဆက်ခဲ့တာ ခင်ဗျား မဟုတ်လား'

'ဟုတ်တယ် ငါ့မောင်၊ မမပဲ အကြောင်းကြားခဲ့တာ၊ ဝင်မနှောင့်ယှက်ပါနဲ့လို့လည်း ဟန့်တားခဲ့တယ်။ ဖူတိုဒါစံ သေတာ အဲဒီညပဲ'

ကိကုဂျီ ရုတ်တရက် မိုက်ခနဲ ဖြစ်သွားသည်။

ရာပြည့်စာအုပ်တိုက်

'ဟုတ်တယ် ငါ့မောင်၊ ဒီမိန်းမ တယ်လီဖုန်းကို ကိုင်ပြီး "ဟယ်"လို့ တောင် ယောင်ပြီး အော်သွားခဲ့သေးတယ်'

'ဒါဆိုရင် ခင်ဗျား သူ့ကို သတ်လိုက်သလို ဖြစ်မသွားဘူးလား'

'အဲဒီလို တွေးမယ်ဆိုရင် ငါ့မောင် စိတ်သက်သာရာ ရသွားမှာပဲ မဟုတ်လား၊ ဒီဇာတ်လမ်းမှာ မမက ဗီလိန်သက်သက်ပါကွယ်။ ငါ့မောင် အဖေက မမကို ဒီလိုပဲ လိုအပ်တဲ့အခါ သွေးအေးအေးနဲ့ ရက်စက်တတ်တဲ့ ဗီလိန်မ အနေနဲ့ အသုံးချခဲ့တာပါပဲ။ ဒီနေ့လည်း အဲဒီလိုပဲ အသုံးခံဖို့ မမ ရောက်လာခဲ့ရတယ်'

ကျိုကကို၏ ပြောစကားသည် မိမိရင်ထဲတွင် မျိုသိပ်ထားရသော မနာလို ဝန်တိုမှု၊ မုန်းတီးမှုများကို အန်ထုတ်နေသည့်အလား ကိကုဂျိ၏ နားတွင် ကြားနေရသည်။

'ကိုယ်ရေးကိုယ်တာဆန်တဲ့ စကားတွေကို မသိသလိုဘဲ ထားလိုက်ပါဗျာ'

'ကိကုဂျိက မမကို မိန်းမယုတ်လို့ ထင်ရင်လည်း ရပါတယ်၊ အဲ... စုန်းကဝေနဲ့ တူတဲ့ မိန်းမတွေကို ခပ်ဝေးဝေးက ရှောင်ပြီး စိတ်အေးချမ်းသာ ဖြစ်မယ့် အိမ်ထောင်တစ်ခုကို တည်ဆောက်သွားနိုင်မယ်ဆိုရင် မမ ကျေနပ်လှပါပြီ'

'အဲဒီ အိမ်ထောင်ပြုဖို့ဆိုတဲ့ စကားကို ရပ်ထားလိုက်ရင် မကောင်းဘူး လား'

'ဟုတ်ပါပြီ... ဟုတ်ပါပြီ၊ မမကလည်း ဖူတိုဒါစံရဲ့ အကြောင်းတွေ ကို လေကုန်ခံပြီး ပြောမနေချင်ပါဘူး'

ကျိုကကိုက အသံကို တမင်နှိမ့်ပြီး ဆက်ပြောသည်။

'အမှန်တော့ ဖူတိုဒါစံလည်း ပြောသလောက် ဆိုလှတဲ့မိန်းမ မဟုတ် ပါဘူး၊ သေသွားပြီးတဲ့နောက် သူ့သမီးကို ကိကုဂျိစံနဲ့ လက်ဆက်ပါရစေလို့ ဆုတောင်းနေရှာမှာပါ'

'လာပြန်ပြီလား၊ ဒီမဟုတ်မဟတ် စကားတွေက'

'နို့ မဟုတ်ဘူးလား၊ ဒီမိန်းမ မသေခင်က သူ့သမီးကို ကိုကုဂျိစံနဲ့ လက်ဆက်ပေးချင်လိုက်တာလို့ တွေးခဲ့မိလိမ့်မယ်လို့ ငါ့မောင် မထင်ခဲ့ဘူးလား။ ဒါဆို အတော်မိုက်မဲရာ ကျနေမှာပဲ။ အိပ်နေတဲ့ အခါပဲဖြစ်ဖြစ်၊ နိုးနေတဲ့ အခါမှာပဲဖြစ်ဖြစ် ဒီမိန်းမဟာ ငါ့မောင်ရဲ့ အဖေအကြောင်းက လွဲလို့ ဘာမှ ခေါင်းထဲမှာ ရှိတာ မဟုတ်ဘူး။ ဒီတော့ နောက်ဆက်တွဲ ဇာတ်လမ်းအဖြစ် ကိုယ့်သမီးကို သားဖြစ်သူနဲ့ ပေးစားဖို့ အသက်စွန့်သွားတဲ့အထိ ဖြစ်လာတာပေါ့။ တကယ့်ကို ကြောက်စရာကောင်းအောင် ကျိန်စာသင့်ခဲ့တဲ့ မိန်းမပဲ၊ စုန်းကဝေ အတတ်နဲ့ ပြုစားခဲ့တာပဲ'

ကိုကုဂျိက ဆက်ခနဲ ကျီကကိုအား မျက်နှာချင်းဆိုင်၍ စိုက်ကြည့်လိုက်သည်။ ကျီကကိုက မျက်ခွံလေးလှန်၍ မော့ကြည့်သည်။ ထိုအကြည့်ကို ရင်မဆိုင်လိုသည့်အလား မျက်နှာကို ဘေးဘက်သို့ လွှဲလိုက်ပြန်သည်။

ကျီကကို၏ စကားကို နားထောင်ရင်း ကိုကုဂျိ တွေဝေသွားခဲ့ရခြင်းမှာ နဂိုကတည်းက မိမိ၌ အားနည်းချက်အခံက ရှိထား၍ ဖြစ်သလို၊ ကျီကကို၏ စကားများကို ထိတ်လန့်လာ၍လည်း ဖြစ်ပေသည်။

ကွယ်လွန်ခဲ့ပြီးသော ဖုတိုဒါ အမျိုးသမီးကြီးသည် တစ်နည်းအားဖြင့် မိမိ၏သမီးနှင့် ကိုကုဂျိအား အမှန်တကယ်ပင် ရည်ရွယ်ထားခဲ့လေသည်လား မပြောတတ်ပေ။ ကိုကုဂျိ ထိုအဆင့်အထိ မတွေးမိခဲ့၊ ယုံလည်း မယုံခဲ့ပေ။

ကျီကကို၏ မနာလို ဝန်တိုစိတ်များက အဆိပ်သဖွယ် အန်ထွက်လာလေသည်လား မပြောတတ်ပေ။ ထိုစကားများသည် ကျီကကို၏ ရင်ဘတ်တွင် စွဲစွဲမြဲမြဲ တွယ်ကပ်နေသော အမည်းရောင် အမှတ်ကြီးကဲ့သို့ တမင်အနှောင့်အယှက်ပေးသည့် အရာများပင် ဖြစ်နေမည်လော။

သို့ပါသော်လည်း အဆိုပါ အရာမရောက်လှသော စကားများသည် ကိုကုဂျိ၏ ရင်ထဲသို့ မိုးကြိုးသွားသဖွယ် စူးနစ်စွာ ဝင်ရောက်လာကြပြန်သည်။

ကိုကုဂျိ ထိတ်ခနဲ ဖြစ်သွားသည်။

မိမိအဖို့ ထိုအဖြစ်မျိုးကို မလိုလားခဲ့ပေ။

အမေ ပြီးသည့်နောက် သမီးဘက်သို့ စိတ်လည်ခြင်းမှာ လောကတွင် ရှိတတ်ပါသည်။ သို့ပါသော်လည်း အမေ့ရင်ခွေ့တွင် ခိုလှုံနေဆဲဖြစ်ပင် မသိမသာ သမီးထံသို့ပါ တိမ်းညွှတ်သွားရခြင်းမှာ အမှန်တော့ စုန်းကဝေ အပြုစားခံရခြင်းနှင့် မည်သို့မှ ခြားမည် မဟုတ်တော့။

ကိကုဂျီသည် ဖူတိုဒါ အမျိုးသမီးကြီးနှင့် တွေ့စ အချိန်ကပင် မိမိ၏ စိတ်များ အပြောင်းလဲကြီး ပြောင်းလဲလာခဲ့သည်ကို သတိမမူမိခဲ့သည်။ ကိကုဂျီ၏ နှလုံးသားသည် ရုတ်တရက် ဓာတ်လိုက်ခံရသည့်အလား ထုံကျဉ်သွားမိလေသည်။

'သခင်လေး၊ ဖူတိုဒါစံရဲ့သမီး ရောက်နေပါတယ်။ သူ့ကိုကော ဖိတ်ထားခဲ့သေးသလား'

အိမ်ဖော်မလေးက အကြောင်းကြားလာသည်။

'ဟယ် သူ ပြန်သွားပြီလား'

ကိကုဂျီက ချက်ချင်း ထ၍ ထွက်ကြိုလိုက်သည်။

[၂]

'စောစောက ဘယ်သူ ရောက်နေတာလဲ ဟင်'

ဖြူဝင်းသော လည်တိုင်လေးကို ဆန့်လျက် ဖူမိကိုက ကိကုဂျီကို မေးလိုက်သည်။

လည်ချောင်းမှ ရင်ညွှန့်အထိ ချိုင့်နေသော နေရာတစ်ဝိုက်တွင် အဝါရင့်ရောင်သမ်းလျက် ရှိနေပေသည်။

အလင်းရောင်ကြောင့်လည်း ဖြစ်နိုင်သည်။ ထိုချိုင့်ဝှမ်း နေရာတစ်ဝိုက်တွင် ကိကုဂျီက သတိထားကြည့်လိုက်ပြီး ပိန်သွားလို့ ဖြစ်မှာပါလေဟု စိတ်ကို ဖြေသိမ့်လိုက်ရင်း–

'ခူရိမိုတို ရောက်နေတယ်လေ' ဟု စိတ်မပါ့တပါ ဖြေလိုက်သည်။ တွေ့ချင်ဇောဖြင့် ထွက်လာသော ကိကုဂျိသည် ဖူမိကိုအား တွေ့လိုက်ရသောအခါ စိတ်အေးသွားလေသည်။

ဖူမိကိုက ခေါင်း ဆတ်ခနဲ ညိတ်ပြလိုက်ရင်း 'ဆရာမရဲ့ ထီးကို တွေ့လိုက်ရလို့ပါ'

'ဪ ... ဪ ဒီခေါက်ထီးကို ပြောတာလား'

ရိုးတံရှည်ရှည်၊ မွဲပြာရောင် ခေါက်ထီးက ဆင်ဝင်တံခါးဝတွင် ထောင်ထားလေသည်။

'ဘာပဲဖြစ်ဖြစ် ဟိုဘက်က လက်ဖက်ရည်ခန်းထဲမှာ ခဏစောင့်ပေးပါလား၊ ခူရိမိုတို အဒေါ်ကြီးက မကြာခင် ပြန်တော့မှာပါ'

ထိုသို့ပြောရင်း ဖူမိကို လာလည်မှန်း ကြိုသိထားပါလျက် အဘယ်ကြောင့် ကိုကကိုအား စောစောပြန်မခိုင်းမိသည်ကို မိမိကိုယ်ကို အံ့ဩ၍ မဆုံးအောင် ဖြစ်နေရလေသည်။

'ကျွန်မအဖို့ ကိစ္စမရှိပါဘူးရှင်'

'ဟုတ်လား၊ ဒါဆိုရင်လည်း တက်လေ'

ဖူမိကိုသည် ကိုကကို၏ ရန်လိုသည့် စိတ်ထားအား မသိကျိုးကျွန်ပြုလျက် ဧည့်ခန်းသို့ ဖြတ်လာကာ ဣန္ဒြေမပျက် နှုတ်ဆက်လိုက်သည်။

မိခင်ကြီး အသုဘတွင် လာရောက်ခဲ့သည့်အတွက် ကျေးဇူးတင်စကား စ၍ ပြောကြားရင်း နှုတ်ဆက်လိုက်သည်။

ကိုကကိုက မိမိ၏ တပည့်တစ်ယောက်ကို တွေ့ရသည့်အလား ဘယ်ဘက်ပခုံးကို ပင့်ကာ နောက်သို့လှန်ချရင်း နှုတ်ဆက်လိုက်သည်။

'အင်း ...သမီးရဲ့အမေက သိပ်သဘောကောင်းတာပဲနော်၊ ဒီလောက်သဘောကောင်းတဲ့အမေ သေသွားမှတော့ လောကကြီးမှာ နောက်ဆုံး ပန်းတစ်ပွင့် ကြွေသွားသလို ခံစားနေရမှာပဲ'

ရာပြည့်စာအုပ်တိုက်

'အမေက ဆရာမ ပြောသလောက် သဘောကောင်းတာ မဟုတ်ပါဘူး'

'သမီးကလေး တစ်ယောက်တည်း လောကမှာ ချန်ထားရတော့ အမေလည်း ဘယ်အသေဖြောင့်ရှာမလဲနော်'

ဖူမိကိုက မျက်လွှာချလိုက်သည်။

သို့ပါသော်လည်း သူမ၏ အောက်နှုတ်ခမ်းလွှာကလေးက ရှေ့သို့ငေါထွက်လာသယောင် ဖြစ်နေလေသည်။

'ကဲ ... ကဲ ပျင်းနေကြရော့မယ်၊ လက်ဖက်ရည်ပွဲ ပြင်ကြစို့လား'

'ဟောဗျာ၊ အချိန်ရှိသေးလို့လား'

'ဘာဖြစ်လို့လဲ'

'လက်ဖက်ရည်တွေ ဘာတွေ သောက်ဖို့ အချိန်မရှိတော့ပါဘူးဗျာ'

'ဘာပြောလိုက်တာလဲ ငါ့မောင်ရယ်'

ကျီကကိုက ဒူးပေါ်တွင် တင်ထားသောလက်ကို ခွာလိုက်ကာ–

'အမှန်တော့ ဒီအိမ်မှာ မိုးစဲပြီး လင်းလင်းရှင်းရှင်း ရှိနေမှာပဲလို့ စိတ်ကူးပြီး မမက ဒီနေ့ ဒီမှာ လက်ဖက်ရည်ပွဲပြင်ဖို့ လာခဲ့တာကွယ့်'

ဟု ပြောကာ ကိကုဂျိ၏ မျက်နှာကို ကွက်ခနဲ ကြည့်လိုက်သည်။

'ဖူမိကိုစံလည်း ရောက်နေမှ လက်ဖက်ရည်ပွဲတည်တာ မကောင်းဘူးလား ကွယ်'

'ဟုတ်ကဲ့'

'အမေ အမှတ်တရ ပေးလိုက်တဲ့ ကြွေတကောင်းကလေးကို ဒီပွဲမှာ သုံးကြစို့လား'

ဖူမိကိုက ကျီကကိုအား မော့ကြည့်လိုက်သည်။

'လက်ဖက်ရည်သောက်ရင်း အမေ့အကြောင်း အမှတ်ရစရာလေးတွေ ပြောကြတာပေါ့'

'ဒါပေမဲ့ လက်ဖက်ရည်ပွဲမှာ ငိုပွဲတွေ မဆင်ချင်ပါဘူး ဆရာမရယ်'

'အားရပါးရ ငိုလိုက်စမ်းပါကွယ်၊ ရပါတယ်။ တကယ်လို့ ဒီအခန်းကို ကိကုဂျိရဲ့ဇနီးသည် ရောက်လာပြီးတဲ့ နောက်ပိုင်းမှာတော့ ဆရာမလည်း ကိုယ့်သဘောနဲ့ကိုယ် ဘယ်ဝင်လို့ ရတော့မှာလဲ၊ အမှတ်တရ လက်ဖက်ရည်ပွဲ အဖြစ်နဲ့ပေါ့'

ကျိုကကိုက ကွက်ခနဲ ပြုံးလိုက်ပြီး ဆက်ပြောသည်။

'အိနမုရစံရဲ့ သမီးနဲ့ လက်ဆက်ပြီးတဲ့ အခါပေါ့လေ'

ဖူမိကိုက ခေါင်းညိတ်ပြလိုက်သည်။ မျက်နှာ အမူအရာမှာ လုံးဝ မပြောင်းလဲခဲ့ပေ။

သို့ပါသော်လည်း မအေတူ မျက်နှာဝိုင်းကလေးတွင် ညှိုးရော်သည့် လက္ခဏာကို ပြနေလေသည်။

ကိကုဂျိက ဝင်ပြောသည်။

'ဘာမှ မဆုံးဖြတ်ရသေးဘဲနဲ့ မမ ဒီကိစ္စကို လျှောက်မပြောပါနဲ့ဗျာ၊ တစ်ဖက်သားအတွက် အားနာစရာ ကောင်းပါတယ်'

'ဆုံးဖြတ်ခဲ့ရင် ဆိုတဲ့ သဘောနဲ့ ပြောတာပါကွယ်'

ကျိုကကိုက တစ်ဖက်စီးနင်း ဝင်ပြောလိုက်သည်။

'ဒါတွေက ပြီးနေတဲ့ ကိစ္စတွေပါကွယ်။ ဖူမိကိုလည်း သဘောပေါက်ထားပြီး ဖြစ်မှာပါ'

'ဟုတ်ကဲ့'

ဖူမိကိုက ခေါင်းညိတ်ပြလိုက်သည်။

ကျိုကကိုက အိမ်ဖော်လေးကို ခေါ်ကာ လက်ဖက်ရည်ခန်း သန့်ရှင်းရန် အတွက် ထွက်သွားတော့သည်။

'ဟယ် ဒီဘက်နားမှာ မိုးတွေစိုနေတုန်း ရှိသေးတယ်၊ သတိထားပြီး လာနော်'

ပန်းခြံထဲက ကျိုကကို၏ အသံကို ကြားနေရလေသည်။

[၃]

'မနက်က ဖုန်းဆက်တုန်းက ဒီမှာရှာနေတဲ့ မိုးသံတွေကို ကြားနေရမှာပေါ့နော်'

ကိကုဂျိက ပြောလိုက်သည်။

'ဟယ် တယ်လီဖုန်းထဲမှာတောင် မိုးသံတွေကို ကြားနေရဦးမှာလား၊ ကျွန်မတစ်ယောက်တည်း ပျင်းနေတော့ သတိတောင် မထားမိဘူး'

ဖူမိကိုက ပန်းခြံဘက်သို့ လှမ်းကြည့်လိုက်သည်။ သစ်ပင်တန်းကလေး၏ တစ်ဖက်ဆီတွင် ကျီကကို၏ လက်ဖက်ရည်ခန်းအား သန့်ရှင်းနေသံကို ကြားနေရသည်။

ကိကုဂျိက ပန်းခြံဘက်သို့ ကြည့်ရင်း-

'ကျွန်တော်လည်း ဖူမိကိုတို့အိမ်မှာ ရွာနေတဲ့ မိုးသံတွေကို သတိမထားမိပါဘူး။ ဒါပေမဲ့ နောက်မှ သတိထားပြီး နားထောင်ကြည့်တော့ မိုးက အတော် သည်းနေခဲ့တာပဲ'

'ဟုတ်ပါ့ရှင်၊ ဒီကြားထဲ မိုးခြိမ်းသံတွေက ကြောက်စရာကြီး'

'ဟုတ်ပါ့၊ တယ်လီဖုန်းထဲမှာလည်း အဲဒီလိုပဲ ပြောခဲ့တယ်နော်'

'မဖြစ်စလောက် ကိစ္စလေးအထိ ကျွန်မက အမေနဲ့ သိပ်တူနေတယ်နော်။ မိုးတွေ ခြိမ်းလာရင် အမေက ကျွန်မရဲ့ခေါင်းလေးကို သူ့ရင်ခွင်ထဲမှာ ပိုက်ပေးရှာတယ်၊ မိုးရာသီနား နီးလာပြီဆိုရင် အမေက ကောင်းကင်ကြီးကို မော့ကြည့်ပြီး ဒီနေ့ မိုးများ ရွာနေမလားပဲလို့ အမြဲမေးတတ်တယ်။ အခုအချိန်အထိ မိုးခြိမ်းသံတွေ ကြားနေရရင် ကျွန်မအဖို့ တစ်နေရာရာမှာ သွားပုန်းနေချင်တုန်းပဲ'

ဖူမိကိုက ပခုံးမှအစ ရင်ညွန့်အထိ ရှက်ရွံ့နေသည့် ဟန်မျိုးကို လုပ်ပြသည်။

'စောစောက ပြောခဲ့တဲ့ ရှိနိုး လက်ဖက်ရည်ပန်းကန်ကလေး ယူလာခဲ့တယ်လေ'

ရာပြည့်စာအုပ်တိုက်

ပြောပြောဆိုဆို အပြင်သို့ထွက်ပြီး ပစ္စည်းတစ်ခုကို သွားယူသည်။ ဧည့်ခန်းထဲသို့ ပြန်ရောက်လာသောအခါ အဝတ်စဖြင့် ထုပ်ထားသော အထုပ်ကလေးကို ကိကုဂျီ၏ ဒူးရှေ့တွင် ချလိုက်သည်။ ကိကုဂျီက အားတုံ့အားနာဖြစ်နေသောကြောင့် ဖူမိကိုက သေတ္တာထဲမှ ထိုပန်းကန်ကလေးကို ထုတ်လိုက်သည်။

'ကြွေပန်းကန် ရှည်မျှောမျှောလေးပါလား၊ ခင်ဗျားအမေ သုံးခဲ့တဲ့ပန်းကန်လေးလား။ ဆရာကြီး ရယောနယူးရဲ့ လက်ရာပဲ ထင်ရဲ့'

ကိကုဂျီက ပြောလိုက်သည်။

'ဟုတ်ကဲ့၊ ပန်းကန် အမည်းရောင် အနီရောင်တို့က လက်ဖက်ရည်နဲ့ မလိုက်ဖက်ဘူး ဆိုပြီး အမေက ဒီ ရှိနိုး ပန်းကန်ကလေးကိုပဲ တမ်းတမ်းစွဲ သုံးခဲ့တာ'

'ဟုတ်ပါရဲ့ဗျာ၊ ပန်းကန်အမည်း ဆိုတော့ လက်ဖက်ရည်ရဲ့ အရောင်ကို ဘယ်မြင်ရပါ့မလဲ'

ရှေ့တွင်ချထားသော ရှည်မျှော်မျှော ပန်းကန်ကလေးအား ကိကုဂျီက ကောက်ကိုင်ရန်ပင် စိတ်မကူးခဲ့ပေ။

'သိပ်ပြီး အဖိုးတန်တဲ့ ရှိနိုးပန်းကန်တော့ မဟုတ်ပါဘူးရှင်'

'ဒီလိုလည်း မဟုတ်ရပါဘူးဗျာ'

သို့ပါသော်လည်း ကိကုဂျီက ထိုပန်းကန်ကလေးကို လက်ဖြင့် လှမ်းမယူဝံ့ခဲ့ပေ။

နံနက်ပိုင်း တယ်လီဖုန်းဆက်ခဲ့စဉ် ဖူမိကို ပြောခဲ့သည့်အတိုင်းပင် အဖြူရောင် ကြွေသားအောက်ခံတွင် ပန်းနုရောင်သမ်းနေခဲ့ပေသည်။ ခဏတစ်ဖြုတ် စိုက်ကြည့်နေစဉ်မှာပင် အဖြူရောင် ကြွေသားများပေါ်သို့ အနီရောင် များက တိုး၍ လွှမ်းလာသကဲ့သို့ မြင်လာရသည်။ သို့ပါသော်လည်း ပန်းကန်၏ နှုတ်ခမ်းဝတွင် အညိုရောင်များ သမ်းနေပေသည်။ ထိုနေရာ၌ အရောင်မှာ ပို၍ ရင့်နေလေသည်။ လက်ဖက်ရည်ချိုးများ စွဲကပ်နေသည့်

အလား မပြောတတ်ပေ။ ထို့အပြင် အမြဲတမ်း နှုတ်ခမ်းဖြင့် တေ့၍ သောက်ခဲ့သောကြောင့် ညစ်နွမ်းနေခဲ့ခြင်းလည်း ဖြစ်နိုင်ပေသည်။

ထိုညိုညစ်ညစ်အရောင်ကို ဂရုတစိုက်ကြည့်နေစဉ် အတောအတွင်းမှာပင် နီဈွေးဈွေးအရောင်များကိုပါ မြင်ယောင်လာသည်။

နံနက်ပိုင်း တယ်လီဖုန်း ဆက်ခဲ့စဉ်က ကဲ့သို့ပင် ထိုနေရာတစ်ဝိုက်၌ ဖူမိကို၏ မိခင် နှုတ်ခမ်းနီများက စိမ့်ဝင်နေခဲ့သည်လား မပြောတတ်ပေ။

ထိုကဲ့သို့တွေးပြီး ကြည့်နေရင်းမှာပဲ ကြွေရည်အတွင်း၌ အညိုရောင်နှင့် အနီရောင်တို့ ရောပြွမ်းနေသကဲ့သို့ မြင်လာရသည်။

နှုတ်ခမ်းနီများ ပြယ်သွားသည့် အရောင်မျိုး၊ နှင်းဆီနီနီကလေး ညှိုးနွမ်းလာသည့် အရောင်မျိုးပင် ဖြစ်သည်။ ဆက်၍ တွေးလိုက်သောအခါ စွန်းငြိနေသော သွေးများ၊ ခြောက်သယောင်းဖြစ်နေသည့် အရောင်မျိုးကို တွေ့လာရသည်။ ထိုအခါ ရင်ထဲတွင် သံသယစိတ်များက လှိုင်းတံပိုး ထလာကြတော့သည်။

ထိုပန်းကန်ကလေးကို ကြည့်ရင်း အော့အန်ချင်စိတ် ပေါက်လာသည့် မသန့်ရှင်းမှုနှင့် ယိမ်းယိုင် မျောပါသွားနိုင်လောက်သည့် ဖြားယောင်းမှုများကို တစ်ချိန်တည်း ခံစားလာရသည်။

ပန်းကန်၏အလယ်ပိုင်း၌ နက်ပြာရောင်ဆေးဖြင့် အရွက်ဖားဖားကြီးများ ပါသော ပန်းပင်တစ်ပင်၏ ပုံကို ရေးဆွဲထားသည်။ အရွက်များပေါ်၌ သံချေးရောင်များ ထွက်နေပေသည်။

ထိုပန်းပင်ကလေး၏ ပုံသည် ရှင်းလင်းကာ လန်းဆန်းနေသောကြောင့် ကိကုဂျီ၏ နွမ်းနယ်ချည့်နဲ့နေသည့် ကာမဂုဏ်အာရုံများကို ပြန်လည်နှိုးဆွ ပေးနေသကဲ့သို့ ရှိနေသည်။

လက်ဖက်ရည်ပန်းကန်ကလေး ဘစ်ခုလုံး၏ ပုံပန်းသဏ္ဌာန်သည် အေးချမ်းသောအသွင်ကို ဆောင်လျက် ရှိပေသည်။

'ကောင်းသားပဲနော်'

ကိကုဂျီက ပြောပြောဆိုဆို ကောက်ကိုင်ကြည့်လိုက်သည်။

'ကျွန်မတော့ ကောင်းကောင်းနားမလည်ပါဘူးရှင်၊ အမေကသာ လက်ဖက်ရည်သောက်တိုင်း ဒီပန်းကန်လေးကို အမြတ်တနိုး သုံးနေခဲ့တာ'

'မိန်းမသားတွေများ လက်ဖက်ရည် သောက်တာတောင် စတိုင်ကျတယ် နော်'

ကိကုဂျီသည် မိမိ ပြောလိုက်သော စကားများဖြင့် ဖူမိကို၏ မိခင်ဖြစ်သူအား အမွှမ်းတင်လိုက်သည်။

သို့ပါသော်လည်း ဖူမိကိုသည် အဘယ်ကြောင့် မိခင်၏ နှုတ်ခမ်းနီများ စွန်းထင်းနေသော လက်ဖက်ရည်ပန်းကန်ကလေးအား တကူးတက ယူလာခဲ့ရပါသနည်း။

ဖူမိကိုဆိုသော မိန်းကလေးသည် အပြစ်ကင်းစင်သူပင်လော၊ သို့တည်းမဟုတ် ထုံထိုင်းထိုင်း အတတပင် ဖြစ်ပါသလော၊ ကိကုဂျီ ဝေခွဲ၍ မရတော့ပေ။

တစ်ခုပဲ ရှိသည်။ ဖူမိကို၏ ဆန့်ကျင်လိုသောစိတ် ကင်းမဲ့မှုများကား ကိကုဂျီအဖို့ တဖြည်းဖြည်း နားလည်လာခဲ့ခြင်းပင် ဖြစ်ပေသည်။

ကိကုဂျီသည် ဒူးပေါ်၌ လက်ဖက်ရည်ပန်းကန်လေးအား လှည့်လည်ကြည့်ရှုနေသော်လည်း လက်ဖက်ရည်သောက်သည့် ပန်းကန်နှုတ်ခမ်းအား လက်ဖြင့် သပ်ကြည့်ရန်ကိုမူ တမင် ရှောင်ရှားခဲ့ပေသည်။

'ကဲ ကဲ သိမ်းထားလိုက်ပါတော့ဗျာ၊ တော်ကြာ ခူရိမိုတိုစံ တွေ့သွားလို့ ဟိုပြောဒီပြောနဲ့ နားညည်းနေပါဦးမယ်'

'ဟုတ်ကဲ့'

ဖူမိကိုက ပန်းကန်ကလေးကို သေတ္တာထဲ သွင်း၍ အပေါ်က အဝတ်ဖြင့် ထုပ်လိုက်သည်။

ကိကုဂျီအား ပေးရန် ယူခဲ့ခြင်း ဖြစ်သော်လည်း ဖူမိကိုသည် ပါးစပ်မှ ပြောမထွက်အောင် ဖြစ်နေလေသည်။ ကိကုဂျီက နှစ်သက်ချင်မှ နှစ်သက်မှာ ဟုလည်း တွေးလိုက်သည်။

ရာပြည့်စာအုပ်တိုက်

ဖူမိကိုက ထိုအထုပ်ကလေးကို ဆင်ဝင်၌ သွားထားရန် ထလိုက်သည်။

'ဖူတိုဒါစံရဲ့ ကြွေတကောင်းလေးကို ထုတ်ပေးစမ်းပါ'

'အိမ်ကဟာပဲ သုံးပါဗျာ၊ သူ့သမီးလည်း ရောက်နေတဲ့ဥစ္စာ၊ အားနာစရာကြီး'

'ဘယ်လိုပြောလိုက်တာလဲ ငါ့မောင်ရယ်၊ ဖူမိကို ရောက်နေတာနဲ့ မသုံးရတော့ဘူးလား၊ အမှတ်တရလက်ဆောင် ရှိနိုး ကြွေတကောင်းကလေးကို အကြောင်းပြုပြီး သူ့အမေ အကြောင်းကို ပြန်ပြောချင်လို့ပါ'

'ဒါပေမဲ့ ခင်ဗျား ဖူတိုဒါစံကို မုန်းနေတာပဲ မဟုတ်ဘူးလား'

ကီကုဂျီက ပြောလိုက်သည်။

'မုန်းတယ်လို့တော့ မဟုတ်ရပါဘူးကွယ်၊ တစ်ယောက်နဲ့တစ်ယောက် သဘောထားချင်း မတိုက်ဆိုင်တဲ့ သဘောပါ။ သေပြီးတဲ့သူကို မုန်းနေလို့ကော ဘာအကျိုးရှိမှာလဲ၊ တစ်ယောက်နဲ့တစ်ယောက် စိတ်သဘောချင်း မတူတော့ သူ့ကို နားမလည်နိုင်တာလောက်ပါ။ တစ်ဖက်ကလည်း သူ့ရဲ့ လျှို့ဝှက်ချက်တွေကို ကြိုသိနေတယ်လေ'

'သူတစ်ပါးရဲ့ လျှို့ဝှက်ချက်ကို လိုက်စပ်စုတာ ခင်ဗျားရဲ့အကျင့်မဟုတ်လား၊ တစ်ဖက်က သိသွားရင် ဘယ်ကောင်းပါ့မလဲ'

'အဲဒီတော့ မသိသလို ဟန်လုပ်နေလိုက်ရုံပေါ့ ငါ့မောင်ရယ်'

ဖူမိကိုက ဝရန်တာမှတစ်ဆင့် ဝင်လာပြီး ဧည့်ခန်းဝတွင် ထိုင်လိုက်သည်။

ကျီကကိုက ဘယ်ဘက်ပခုံးကို မြှင့်လိုက်ပြီး ဖူမိကိုဘက်သို့ လှည့်ကာ–

'မဟုတ်ဘူးလား ဖူမိကိုစံ၊ အမေရဲ့ ရှိနိုး ကြွေတကောင်းကို သုံးလို့ရတယ် မဟုတ်လား'

'ဟုတ်ကဲ့ ... သုံးပါရှင်'

ကိကုဂျီသည် စောစောက ထုပ်သိမ်းထားသော ရှိနီး ကြွေတကောင်းကို ထုတ်လိုက်သည်။

ကျိုကကိုသည် ယပ်တောင်အား ခါခ္ခထိုးလိုက်ပြီး ကြွေတကောင်းကို ပိုက်ကာ လက်ဖက်ရည်ခန်းဘက်ဆီသို့ ထွက်သွားသည်။

ကိကုဂျီက ဧည့်ခန်းဝသို့ ထွက်လာပြီး–

'မနက်က တယ်လီဖုန်းဆက်တုန်းက အိမ်ပြောင်းသွားပြီလို့ သိရလို့ အတော် အံ့ညြသွားတယ်။ အိမ်ရောင်းဖို့ ကိစ္စက ဖူမိကိုစံ တစ်ယောက်တည်း စီမံရတာလား'

'ဟုတ်ကဲ့၊ ဒါပေမဲ့ အသိက ဝယ်တယ်ဆိုတော့ ပိုလွယ်တာပေါ့။ ကျွန်မ အသိက ပင်လယ်ကမ်းခြေမှာ အိမ်လေးတစ်လုံး ငှားထားတာရှိတယ်တဲ့၊ သဘောကျမယ်ဆိုရင် အိမ်ချင်း လဲချင်ရင် လဲလို့ ရတယ်လို့ ပြောပါတယ်။ အိမ်က ဘယ်လောက်ပဲငယ်ငယ် တစ်ယောက်တည်းသမား အဖို့က နေလို့ မဖြစ်ပါဘူးရှင်။ တစ်ဖက်ကလည်း အလုပ်လုပ်ရဦးမယ်ဆိုတော့ အိမ်ငှားနေတာပဲ ကောင်းပါတယ်။ ဒါနဲ့ သူငယ်ချင်းရဲ့အိမ်ကို တောင်းပန်ပြီး ပြောင်းလာခဲ့ရတာ'

'အလုပ်ကော ရပြီလား'

'ဟင့်အင်း၊ မရသေးပါဘူး။ တကယ်တမ်း ရှာကြည့်တော့ ကိုယ်နဲ့ သင့်တော်မယ့် အလုပ်က ခပ်ရှားရှားရယ်'

ဖူမိကိုက ပြုံး၍ ပြောလိုက်သည်။

'အစပိုင်းတုန်းကတော့ အလုပ်ကလေး ဘာလေး ရပြီးမှ လာလည်မယ်လို့ စိတ်ကူးထားတာ။ အလုပ်ကလည်း မရှိ၊ အိမ်ကလည်း အတည်တကျ မဟုတ်သေးဘဲ ယောင်လည်လည်ဖြစ်နေတဲ့ အချိန်မျိုးမှာ လာလည်ရတာ စိတ်မကောင်းပါဘူး'

ကိကုဂျီက ထိုအချိန်မျိုးတွင် လာလည်သည်က ပိုကောင်းကြောင်း

ပြောလိုက်ချင်သော်လည်း မျိုသိပ်လိုက်သည်။ ဖူမိကိုကို ကြည့်ရသည်မှာလည်း ထင်သလောက် ဝမ်းနည်းနေသည့် လက္ခဏာကို မပြပေ။

'ကျွန်တော်လည်း ဒီအိမ်ကို ရောင်းချင်နေတာ၊ တော်တော်နဲ့ ရောင်းမထွက်ဘူး။ ဒါကြောင့်မို့ ရေတံလျှောက်တွေလည်း မပြင်တော့ဘူး။ ကြမ်းခင်း၊ မြက်ဖျာတွေကိုလည်း အသစ်မလဲတော့ဘူး'

'ဟယ် ဒီအိမ်မှာ အိမ်ထောင်ပြုမှာ မဟုတ်ဘူးလား၊ ရောင်းပစ်ရင် အိမ်ထောင်ပြုတဲ့ အခါကျတော့ အခက်တွေ့နေမှာပေါ့'

ဖူမိကိုက အရိုးခံအတိုင်း ပြောလိုက်သည်။ ကိကုဂျိက ဖူမိကိုအား စိုက်ကြည့်လိုက်ပြီး–

'ခူရိမိုတို့ရဲ့ စကားကို ပြောတာလား၊ ကျွန်တော် အခု အခြေအနေမျိုးမှာ အိမ်ထောင်ပြုနိုင်လိမ့်မယ်လို့ ထင်လားဟင်'

'အမေ့ကြောင့်လား၊ ဒီလောက် ပူဆွေးခဲ့ပြီးမှတော့ တော်လောက်ရောပေါ့ရှင်။ အမေ့အကြောင်းတွေ ပြည်ဖုံးကားချလိုက်ပါတော့'

[၄]

ကျင့်သားရနေပြီးသော အလုပ်မို့လား မပြောတတ်၊ ကျိကကို၏ လက်ဖက်ရည် တည်ခင်းမှုမှာ မြန်ဆန်လွန်းလှသည်။

'ရေတကောင်းကို အသုံးချတာ အဆင်ပြေရဲ့လားဟင်' ဟု ကျိကကိုက မေးလိုက်သော်လည်း ကိကုဂျိက နားမလည်လိုက်ပေ။ ကိကုဂျိက ဘာမှ ပြန်မဖြေသောကြောင့် ဖူမိကိုလည်း ငြိမ်နေလိုက်သည်။ ကိကုဂျိကော ဖူမိကိုပါ ကြွေတကောင်းကလေးအား ငေးကြည့်နေကြသည်။

ထိုကြွေတကောင်းကလေးသည် ဖူတိုဒါစံ အမျိုးသမီးကြီး၏ အရိုးအိုးရှေ့တွင် ပန်းအိုးအဖြစ် အသုံးပြုခဲ့သော်လည်း ယနေ့တွင်မူ ရေတကောင်းအဖြစ် ပြန်သုံးခြင်းကို ခံခဲ့ရရှာပေသည်။

ဖူတိုဒါစံ အမြတ်တနိုး ကိုင်တွယ်ခဲ့သော ကြွေတကောင်းကလေးမှာ

ယခုအခါ ကိုကိုကို၏လက်တွင် ထင်သလို ခြယ်လှယ်ခြင်း ခံနေရပေပြီ။ ဖူတိုဒါ ဆုံးပြီးသည့်နောက် သမီးဖြစ်သူ၏ လက်ထဲသို့ ရောက်ခဲ့သော ကြွေတကောင်းကလေးသည် သမီးမှတစ်ဆင့် ကိုကုဂျို၏လက်သို့ ရောက်ခဲ့ပေသည်။

ကြွေတကောင်းလေး၏ ကံကြမ္မာသည် ထူးဆန်းဖွယ် ပြောင်းလဲခဲ့ရသော်လည်း ထိုသို့ ပြောင်းလဲခြင်းသည်ပင်လျှင် လက်ဖက်ရည်ပွဲသုံး ပစ္စည်းများ၏ သဘာဝ ဖြစ်ပေလိမ့်မည်။

ဖူတိုဒါစံ လက်ထဲသို့ မရောက်မီ နှစ်ပေါင်း သုံးလေးရာအတွင်း ဤကြွေတကောင်းကလေးမှာ လက်ပေါင်း မည်မျှအထိ ပြောင်းရွှေ့ခဲ့ပြီနည်း၊ မပြောတတ်တော့ပေ။

'မီးဖိုနဲ့ သတ္တု ရေနွေးကရားရဲ့ ဘေးမှာ ချထားလိုက်တော့ ကြွေတကောင်းကလေးက မိန်းမချောလေး တစ်ယောက်လိုပဲ လှလာတယ်နော်'

ကိကုဂျိုက ဖူမိကိုအား ပြောလိုက်သည်။

'ဒါပေမဲ့ ကြွေတကောင်းကလေးက သတ္တုတွေ သံတွေကိုတောင် အရှုံးပေးမယ့်ပုံ မရဘူး၊ အတော် မာကျောတယ်နော်'

ရှိန်း ကြွေတကောင်းလေး၏ အဖြူရောင် ကြွေသားကလေးများသည် နက်ရှိုင်းသော အတွင်းဘက်ဆီမှ ထိုးထွက် တောက်ပနေကြသည်။

ဤကြွေတကောင်းကလေးကို ကြည့်ရင်း တွေ့လိုသော စိတ်များဖြင့် ကိကုဂျိုသည် ဖူမိကိုထံ တယ်လီဖုန်းဆက်ခဲ့ခြင်း ဖြစ်ပေသည်။ မိခင်ကြီး ချန်ရစ်ခဲ့သော ဤကြွေတကောင်းကလေး၏ အဖြူရောင် ကြွေသားအောက်တွင် မိန်းမတို့၏ ခိုင်မာလှသော နှလုံးသားကို နှစ်ဝင်နေသကဲ့သို့ မြင်လာရတော့သည်။

အိုက်စပ်စပ် ဖြစ်လာသောကြောင့် ကိကုဂျိုသည် လက်ဖက်ရည်ခန်း၏ လျှောတံခါးကို ဖွင့်လိုက်သည်။ ကျုံ့ကျုံ့ကလေး ထိုင်နေသော ဖူမိကို၏ နောက်ဘက်တွင် စိမ်းနုရောင် မေပယ်ရွက်များက လေယူရာတိမ်း၍ ယိမ်းနွဲ့

လှုပ်ရှားနေကြသည်။ မေပယ်ရွက်များ၏ ထူထပ်သော အရိပ်များက ဖူမိကို ခေါင်းပေါ်သို့ ကျဆင်းနေကြသည်။

ဖူမိကို၏ သွယ်ပျောင်းသော လည်တံ အထက်ပိုင်းဆီသို့ ပြတင်းပေါက်မှ အလင်းရောင်များ ဟပ်နေလေရာ၊ ကီမိုနိုအင်္ကျီ၏ လက်မောင်းအောက်မှ ထိုးထွက်နေသော လက်ကလေးမှာ ဖွေးဆွတ်နေသည့် အရောင်ပေါ်၌ ပြာလဲ့လဲ့ သမ်းနေလေသည်။ အဝဘက်သို့ မရောက်ဘဲ ခပ်ပြေပြေကလေး ခုံးနေသော ပခုံးသားနှင့် ဆက်လျက် လက်မောင်းအိုးကလေးမှာလည်း ခပ်ဝိုင်းဝိုင်းကလေး မို့နေကြသည်။

ကျိကကိုက ရေတကောင်းကလေးကို စိုက်ကြည့်နေရင်း–

'အင်း… လက်ဖက်ရည်ပွဲမှာ သုံးတဲ့ပစ္စည်းဟာ လက်ဖက်ရည်ပွဲနဲ့ပဲ လိုက်တယ်။ လက်ဖက်ရည်ပွဲမှာ မသုံးရင် အသက်မဝင်တော့ဘူး။ ဒီလိုပစ္စည်းမျိုးထဲကို အနောက်တိုင်းက ပန်းတွေ ထိုးတာ အတော် နှမြောဖို့ကောင်းတယ်'

'အမေလည်း ပန်းတွေ ထိုးခဲ့တာပဲ ဆရာမ' ဖူမိကိုက ပြောလိုက်သည်။

'အင်း … အမေဖြစ်သူရဲ့ အမှတ်တရ ပစ္စည်းကလေးက ဒီအထိ ရောက်နေတာ အိပ်မက်သိပ်ဆန်တာပဲနော်။ သမီးရဲ့ အမေလည်း တမလွန်က နေပြီး ပျော်နေရှာမှာပဲ'

ကျိကကို၏ စကားမှာ ခနဲ့သည့်သဘော ပါနေသည်လား မပြောတတ်ပေ။ သို့သော်လည်း ဖူမိကိုက–

'အမေကတော့ ဒီရေတကောင်းကို ပန်းအိုးအဖြစ်ပဲ အမြဲသုံးတယ်၊ ကျွန်မလည်း ဒီအိုးကလေးကို လက်ဖက်ရည်ပွဲမှာ တစ်ခါမှ မသုံးဖူးဘူး'

'အို … မဟုတ်တာကွယ်'

ကျိကကိုသည် လက်ဖက်ရည်ခန်းကို လှည့်ပတ်ကြည့်ရှုလိုက်ပြီး–

'ဆရာမဖြင့် ဒီအခန်းလေးမှာ လက်ဖက်ရည်ပွဲ တည်ရတာ ဓိမ်

အတွေ့ဆုံးပဲ။ တခြား အရပ်တကာလှည့်ပြီး လက်ဖက်ရည်ပွဲ တည်ခဲ့ရပေမဲ့ အခုလောက် လက်မတွေ့လှဘူး' ဟု ကိုကုဂျီ၏ မျက်နှာကို ကြည့်ပြီး ပြောလိုက်သည်။

'နောက်နှစ်ဆိုရင် ငါ့မောင်ရဲ့ဖခင်ကြီး ဆုံးတာ ငါးနှစ်ပြည့်သွားပြီ။ အဲဒီအခါကျတော့ အမှတ်တရ လက်ဖက်ရည်ပွဲ တည်ကြသေးတာပေါ့'

'ဟုတ်ပါရဲ့နော်၊ အဲဒီအခါကျရင် လက်ဖက်ရည်ပွဲသုံး ပစ္စည်းအတု တွေ တန်းစီဝယ်ပြီး ဧည့်သည်တွေကိုဖိတ်ပြီး တည်ခင်းဧည့်ခံကြည့်ရအောင်။ ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲ မသိဘူး'

'ဘာတွေ ပြောနေတာလဲကွယ်၊ ငါ့မောင်ရဲ့အဖေမှာ ပစ္စည်းအတု ဆိုလို့ တစ်ခုတလေမှ မရှိခဲ့ရပါဘူးကွယ်'

'ဟုတ်ပါရဲ့၊ ဘာပဲဖြစ်ဖြစ် ပစ္စည်းအတုတွေနဲ့ချည်း ဧည့်ခံရရင် စိတ်ဝင်စားဖို့ အတော်ကောင်းမှာ'

ကိုကုဂျီက ဖူမိကိုအား ပြောလိုက်သည်။

'ဟောဒီ လက်ဖက်ရည်ခန်းဟာ ကျွန်တော့်အတွက် အမြဲပဲ မှိုနံ့တွေ၊ အဆိပ်နံ့တွေ ထောင်းထအောင် နံနေတတ်တယ်။ အင်း အဲဒီလို ပစ္စည်းတု တွေနဲ့ ဧည့်ခံလိုက်ရင်တော့ အဆိပ်နံ့တွေ ကွယ်ပျောက်သွားပြီး လက်ဖက် ရည်ပွဲနဲ့ ကျွန်တော်လည်း သေခန်းပြတ် ဖြစ်သွားမှာပဲ။ အစကတည်းက လည်း ပြတ်နေတာပါလေ'

'ဒီအဒေါ်ကြီး လာလာပြီး ပူညံပူညံနဲ့ လက်ဖက်ရည်ခန်းကို အလုပ် ရှုပ်အောင် လုပ်လို့ မရတော့ဘူးပေါ့'

ကိုကုကိုက ဘာမှမသိသလို လက်ဖက်ရည်အား မွှေနေလေသည်။

'ဟုတ်တယ်၊ အဲဒီလိုလုပ်မှ ကောင်းမယ်'

'အဲဒီလို ပြောလို့လည်း ဘယ်ရမလဲ ငါ့မောင်ရယ်၊ ငါ့မောင်က သံယောဇဉ် အသစ်တွေ ဖွဲ့နှောင်လာခဲ့ပြီ ဆိုရင်တော့ သံယောဇဉ် အဟောင်း တွေဟာလည်း သူ့အလိုလို ပြတ်သွားရမှာပေါ့'

ရာပြည့်စာအုပ်တိုက်

ပြောပြောဆိုဆိုနှင့် ကျိုကကိုက ကိကုဂျိ၏ရှေ့သို့ လက်ဖက်ရည်ခွက်ကို ချလိုက်သည်။

'ဖူမိကိုစံ၊ ကိကုဂျိရဲ့ အပျော်အပျက် စကားတွေကို ယုံမနေနဲ့ဦး၊ တော်ကြာ အမေ ထားပစ်ခဲ့တဲ့ အမှတ်တရ ပစ္စည်းကလေး နေရာမှားပြီး ရောက်သွားဦးမယ်။ ဆရာမအနေနဲ့ ဟောဒီ ရှိနိုးကြွေတကောင်းကလေးကို ကြည့်ရင်းကြည့်ရင်း သွားလေသူ မိခင်ကြီးရဲ့မျက်နှာကို ပြန်ပြီး မြင်ယောင်လာသလိုပဲ'

ကိကုဂျိက သောက်ပြီးသား လက်ဖက်ရည်ပန်းကန်ကို ချပြီး ကြွေတကောင်းကလေးအား စိုက်ကြည့်လိုက်သည်။

ထိုအမည်းရောင် အဖုံးကလေးပေါ်တွင် ကျိုကကို၏ ပုံရိပ်က ထင်ဟပ်နေမည်လား မပြောတတ်ပေ။

သို့ပါသော်လည်း ဖူမိကိုက ဘာမှမပြောဘဲ ဒွေတွေကလေး ငေးငိုင်နေလေသည်။

ဖူမိကိုသည် ကျိုကကိုအား ပြန်မလှန်ရဲ၍ပဲလား သို့တည်းမဟုတ် အဖက်မတန်သည့် သဘောဖြင့် အရေးမစိုက်ဘဲ နေသည်လားကိုမူ ကိကုဂျိ အဖို့ ဝေခွဲ၍ပင် မရတော့ပေ။

ဖူမိကိုသည် မျက်နှာတစ်ချက် မပျက်ဘဲ ကျိုကကိုနှင့်အတူ လက်ဖက်ရည်ခန်းထဲသို့ ဝင်၍ ဟန်မပျက် ထိုင်နေရဲသည့် သတ္တိကို ချီးကျူးမိလေသည်။

ကျိုကကိုက ကိကုဂျိ၏ အိမ်ထောင်ရေးကို တဖွဖွ ပြောနေသည့်တိုင် ဖူမိကို၏ မျက်နှာတွင် အမူအရာ တစ်စက်မျှ ပြောင်းလဲမသွားပေ။

နဂိုကတည်းက ဖူမိကိုတို့ သားအမိအပေါ်တွင် မလိုမုန်းထား ရှိနေခဲ့သော ကျိုကကိုသည် အကွက်ဆိုက်လာပြီ ဖြစ်လေသောကြောင့် ဆထက်ထမ်းပိုး တိုး၍ စော်ကားလာသည့်တိုင် ဖူမိကိုသည် ဆန့်ကျင်သည့် လက္ခဏာကို စိုးစဉ်းမျှ မပြခဲ့ပေ။

ဤသို့ ဖြစ်ခဲ့ခြင်းမှာ ဖူမိကိုအဖို့ အပြင်ပန်းအားဖြင့် ဖော်ပြနိုင်ခြင်း မရှိတော့လောက်အောင် ပြင်းပြစွာ ခံစားနေရ၍လည်း ဖြစ်နိုင်သည်။

အမေတစ်ယောက်လုံး သေနေမှတော့ ထိုမျှသော မထိမဲ့မြင် စော်ကားမှုမျိုးလောက်ကို ခံနိုင်ရည် ရှိနေခဲ့၍လည်း ဖြစ်နိုင်သည်။

တစ်နည်းအားဖြင့် အမေ၏စိတ်ဓာတ်များကို အမွေဆက်ခံကာ မိမိကိုယ်ကိုဖြစ်စေ၊ တစ်ဖက်သားကို ဖြစ်စေ ဆန့်ကျင်သမှု မပြုတတ်သည့် မအေနှင့် ချွတ်စွပ်တူသော သမီးများ ဖြစ်လေမည်လား မပြောတတ်ပေ။

သို့ပါသော်လည်း ကိကုဂျီသည် ကျိကကို၏ မုန်းတီးမှု၊ စော်ကားမှုဒဏ်များမှ ဖူမိကိုအား ကာကွယ်သည့် အသွင်သဏ္ဌာန် လှုပ်ရှားဟန်မျိုးကို အနည်းငယ်မျှ မပြခဲ့ပေ။

ထိုအကြောင်းကို စဉ်းစားမိသောအခါ မိမိကိုယ်ကို အားမရအောင် ဖြစ်မိလေသည်။

နောက်ဆုံးတွင် မိမိလက်ဖက်ရည်ကို မိမိဘာသာ ဖျော်သောက်နေသော ကျိကကိုအားလည်း အပိုအဖြစ် မြင်လာပြန်သည်။

ကျိကကိုသည် ခါးကြားမှ လက်ပတ်နာရီကလေးကို ထုတ်ကြည့်သည်။ ပြီးမှ–

'အင်း ... အသက်ကလေး ရလာတော့ မျက်စိက သိပ်မကောင်းတော့ဘူး၊ ငါ့မောင်အဖေ သုံးခဲ့တဲ့ အိပ်ဆောင်နာရီလေး ဘာလေးများ ရနိုင်ရင် အကောင်းသား' ဟု ပြောလိုက်သည်။

'အိပ်ဆောင်နာရီ မရှိရပါလား'

'ဘယ်က မရှိရမှာလဲ၊ အမြဲ သုံးနေတာကပဲ။ ဟောဒီ ဖူမိကိုရဲ့ အမေအိမ်ကို သွားလည်တုန်းကလည်း အဲဒီ အိတ်ဆောင်နာရီကလေးကို သုံးနေခဲ့တာပဲ'

ကျိကကိုက မထိမဲ့မြင် မျက်နှာမျိုးဖြင့် ကြည့်လိုက်စဉ် ဖူမိကိုမှာ မျက်လွှာချလိုက်သည်။

'အင်း... ၂ နာရီ ၁၀ မိနစ် ထင်ပါရဲ့၊ နာရီလက်တံနှစ်ခုက တစ်ထပ်တည်း ဖြစ်နေကြလေရဲ့'

ကျိကကိုက ထ သွားမည့်ဟန် ပြင်လိုက်သည်။

'အိနမုရစ်ရဲ့ သမီးက ကနေ့ ၃ နာရီမှာ လူ ၃၀ ယောက် စုထားပြီး လက်ဖက်ရည်ပွဲ သင်တန်းပေးဖို့ ဖိတ်ထားခဲ့တယ်။ အဲဒီကို မသွားခင် ကိကုဂျိစံက ဘာများ မှာမလဲလို့ ဒီကို တမင်သက်သက် ဝင်လာခဲ့တာကွယ့်'

'အိနမုရစ်ရဲ့ သမီးကို ပြတ်ပြတ်သားသား ငြင်းခဲ့စမ်းပါ'

ကိကုဂျိက ပြောချလိုက်သည်။

'ဟုတ်ကဲ့... ဟုတ်ကဲ့၊ ပြတ်ပြတ်သားသားကြီးကို ပြောလိုက်ပါ့မယ်'

ကျိကကိုက ရယ်သလို မောသလိုနှင့် ပြောရင်း–

'ဖြစ်နိုင်လို့ရှိရင် အဲဒီအဖွဲ့ကို မြန်နိုင်သမျှ အမြန်ဆုံး ဒီအခန်းထဲမှာ သင်တန်းပေးချင်လှပါပြီတဲ့ရှင်' ဟု ခနဲ့လိုက်သည်။

'ဒါဆိုလည်း အိနမုရစ်ကို ပြောလိုက်ပါ၊ ဒီအိမ်ကို လာဝယ်ပါလို့။ ကျုပ်ကလည်း မကြာခင် ဒီအိမ်ကို ရောင်းပစ်တော့မှာ'

'ဖူမိကိုစံ ... အဲဒီအိမ်အထိ ဆရာမနဲ့အတူ လိုက်မလား'

ကျိကကိုက ကိကုဂျိအား အဖက်လုပ် ပြောမနေတော့ဘဲ ဖူမိကိုစံဘက်သို့ လှည့်လာသည်။

'ဟုတ်ကဲ့'

'ဒါဆို ပစ္စည်းတွေ မြန်မြန်သိမ်းမှပဲ'

'ကျွန်မလည်း ကူမယ်လေ'

'ဟုတ်လား'

ကျိကကိုက ရေဆေးခန်းထဲသို့ အလျင်ထသွားသည်။ ထိုအခန်းထဲမှ ရေဆေးသံများကို ကြားနေရသည်။

'ဖူမိကိုစံက မသွားလည်း ရပါသေးတယ်၊ သူနဲ့အတူ မပြန်ပါနဲ့'

ကိကုဂျိက အသံကို နှိမ့်၍ ပြောလိုက်သည်။

ဖူမိကိုက ခေါင်းယမ်းပြသည်။

'ကျွန်မ ကြောက်တယ်'

'ဘာကြောက်စရာရှိလဲ'

'ဒါပေမဲ့ ကျွန်မ ကြောက်တယ်'

'ဒါဆိုလည်း အဲဒီအထိ လိုက်သွားပြီး ပြန်လှည့်လာခဲ့ပေါ့'

ဖူမိကိုက နောက်ထပ်တစ်ဖန် ခေါင်းယမ်းပြလိုက်ပြီး ကီမိုနို၏ ဒူးခေါင်းနောက်ဘက်ဆီမှ သလုံးသားများပေါ်ကာ နေရာမှ ထလိုက်သည်။ ကိကုဂျီက အောက်မှ လက်ဖြင့်လှမ်းဆွဲမည် ပြုလိုက်သည်။ ထိုအချိန်တွင် ဖူမိကို၏ မျက်နှာကလေး ရဲခနဲ ဖြစ်သွားသည်။

ကျိုကကို အိပ်ဆောင်နာရီကလေးအကြောင်း ပြောလိုက်ကတည်းက မျက်နှာကလေး ကွက်ခနဲ ဖြစ်သွားသော ဖူမိကိုမှာ ယခုအခါ ရှက်ပန်းကလေး ဖျတ်ခနဲ ပွင့်အာသွားသည့် အလားပင် ဖြစ်လေသည်။

ဖူမိကိုက ရှိနိုးကြွေတကောင်းကလေးအား ပိုက်ကာ ရေချိုးခန်းထဲ ဝင်သွားလေသည်။

'ကိုယ့်အမေပစ္စည်း ကိုယ်သယ်လာတယ် ဆိုပါတော့'

အထဲမှ ကျိုကကို၏ အသံကို စိတ်ပျက်ဖွယ် ကြားလာရပြန်လေသည်။

# ကြွေလွင့်သွားသော ကြယ်နှစ်ပွင့်

[၁]

ဖူမိကိုကော၊ အ်နမုရစ်၏သမီးပါ နှစ်ယောက်စလုံး အိမ်ထောင်ကျသွားကြပြီ ဖြစ်ကြောင်း ကျိုကကိုက ကိကုဂျိ၏အိမ်သို့ လာ၍ပြောပေသည်။

နွေရာသီမို့ နေ့တာက ရှည်လွန်းလှသည်။ ၇ နာရီ ထိုးပြီးသည်အထိ အလင်းရောင်က ကျန်နေဆဲပင် ရှိသေးသည်။ ကိကုဂျိသည် ညနေစာ စား သောက်ပြီး ဝရန်တာဘက်တွင် ပက်လက်ကုလားထိုင်ပေါ် လဲလျောင်းရင်း အိမ်ဖော်မကလေး ဝယ်လာခဲ့သော ပိုးစုန်းကြူး သေတ္တာကလေးအား ငေးမော ကြည့်ရှုနေခဲ့သည်။ ဖွေးခနဲ ဝင်းခနဲ လင်းလက်နေသော ပိုးစုန်းကြူးကလေး များကို ငေးကြည့်နေရင်းမှာပဲ နေဝင်သွားခဲ့တော့သည်။ သို့ပါသော်လည်း ကိကုဂျိသည် မီးထဖွင့်ရန် စိတ်မကူးသေးပေ။

ကိကုဂျိသည် နွေရာသီ အားလပ်ရက်အဖြစ် လေး ငါးရက်ခန့် အလုပ်မှ ခွင့်ယူပြီး နိုးဂျိရိကိုး အရပ်ရှိ သူငယ်ချင်း၏ အပန်းဖြေတဲသို့ သွားရောက်လည်ပတ်ရာမှ ပြန်လာကာစပင် ရှိသေးသည်။

သူငယ်ချင်းက အိမ်ထောင်ကျ၍ ကလေးတစ်ယောက်ပင် ရနေပေ ပြီ။ ကိကုဂျိအဖို့ ကလေးပေါက်စကလေးများဖြင့် နေလေ့နေထ မရှိခဲ့ပေ။

မွေးပြီး သိပ်မကြာသေးသော ကလေးအား သာမန်ထက် ထွားနေသည်လား၊ ညှက်နေသည်လားပင် မခန့်မှန်းတတ်သော်လည်း လောကွတ်သဘောဖြင့်–

'အင်း ...ကလေးက သိပ်ထွားတာပဲနော်'

ဟု ပြောချလိုက်သည်။ ထိုအခါ–

'အဲဒီလိုလည်း မဟုတ်ရပါဘူးရှင်၊ ဒီကလေး မွေးစတုန်းက သေးသေးလေး၊ တကယ့်ကို သနားစရာကလေး၊ ခုမှ နို့စို့လွန်းအားကြီးလို့ ထွားလာကာစ ရှိသေးတာပါ'

ဟု မိခင်ဖြစ်သူက ရှင်းပြသည်။

ကိကုဂျိက ကလေး၏ရှေ့တွင် လက်ကို ဝှေ့ယမ်းပြကာ–

'မျက်တောင်လည်း မခတ်ဘူးနော်' ဟု ပြောပြန်သည်။

'ခတ်တော့ ခတ်ပါတယ်၊ နည်းနည်း နောက်ကျတယ်ရှင့်'

ကိကုဂျိက ကလေးငယ်အား လအတော်ရနေပြီဟု ထင်သော်လည်း မိခင်၏ ပြောပြချက်အရ ရက်တစ်ရာတောင် မပြည့်သေးဟု သိလာရပေသည်။ မိခင်ဖြစ်သူမှာ ဆံစကလေးများ ခြောက်သယောင်းယောင်း ရှိနေကြပြီး မျက်နှာကလေးမှာလည်း သွေးရောင်ဖျော့တော့တော့ ဖြစ်နေလေသည်။ မီးဖွားပြီးစ မကြာသေးသည်မို့ ခန္ဓာကိုယ်မှာလည်း ပိန်လှီလျက် ရှိသည်။

မည်သို့ပင်ဖြစ်စေ ကလေးငယ်အား ဗဟိုပြု၍ ကလေးငယ်ကိုသာ အာရုံစိုက်နေကြသော မိသားစုဘဝတွင် ကိကုဂျိမှာ အထီးကျန်ဖြစ်နေတော့သည်။ အပြန်ရထားပေါ်သို့ တက်လာခဲ့စဉ် ဘူတာရုံသို့ လိုက်ပို့ခဲ့သော မိခင်ဖြစ်သူ၏ မျက်နှာကလေးမှာ ပိန်လှီလျက် ညှိုးနွမ်းနေကာ၊ ကလေးငယ်ကိုသာ ထွေးပိုက်ရင်း နှုတ်ဆက်နေရှာခဲ့သော ထိုရုပ်သွင်ကို မျက်စိထဲက မထွက်တော့ပေ။

သူငယ်ချင်းမှာ မိဘများနှင့်သာ တောက်လျှောက်နေခဲ့သောကြောင့် ကလေးမွေးဖွားပြီး အပန်းဖြေတဲတွင် နေခဲ့ရသော သူတို့နှစ်ဦးသား၏ ဘဝမှာ လွတ်လပ်ချမ်းမြေ့စွာ ခံစားနေကြပေလိမ့်မည်။

ကိကုဂျီသည် အိမ်သို့ပြန်ရောက်၍ ဝရန်တာတွင် လဲလျောင်းနေလျက် ထိုစဉ်က တွေ့ခဲ့ရသော မွန်မြတ်၍ သနားဖွယ်ကောင်းသည့် မိခင်ကလေး၏ မျက်နှာကလေးကို ပြန်လည်မြင်ယောင်နေလေသည်။

ထိုစဉ် ကျိုကကို ရုတ်တရက် ရောက်လာခဲ့လေသည်။

ကျိုကကိုက အခန်းထဲသို့ ဖျတ်လတ်ပေါ့ပါးစွာ ဝင်ရောက်လာခဲ့ပြီး–

'ဟယ် ကြည့်စမ်း၊ အမှောင်ကြီးထဲမှာ' ဟု ပြောကာ ကိကုဂျီ၏ ခြေရင်း၌ ဝင်ထိုင်လိုက်သည်။

'ကဲ ... ကဲ တစောင်းပဲ အိပ်နေပါ' ဟု ကျိုကကိုက ဘယ်ဘက်လက်ဖြင့် ကိုးရိုးကားရား တွန်းလိုက်ပြီး နှုတ်ဆက်သည့်သဘောနှင့် ပြောလိုက်သည်။

တိုကျိုမြို့သို့ ခရီးထွက်ပြီး ဟာကိုနဲ့ကို ဝင်ကာ အပြန် လာတွေ့ခဲ့ခြင်းဖြစ်ကြောင်းနှင့် တိုကျိုမှ လက်ဖက်ရည်ဆရာကြီး ကိုအိစုမိနှင့် တွေ့ခဲ့ကြောင်း ရှင်းပြသည်။

'တလောက မိစုထာနိရဲ့ အဖေအကြောင်း အမှတ်ရစရာတွေ အများကြီးပြောဖြစ်လို့လား မသိပါဘူး။ ပြီးတော့လည်း မိစုထာနိတို့အတွက် အေးအေးဆေးဆေး တည်းခိုနိုင်ဖို့ အခန်းရှာဦးမှပဲလို့ တွေးမိတာနဲ့ ကိယာမကျိ အရပ်မှာရှိတဲ့ တည်းခိုခန်းသေးသေးကလေးဆီ လက်ဖက်ရည် ဆရာကြီးကို လိုက်ပို့ခိုင်းရတယ်။

'အဲဒီ တည်းခိုခန်းလေးက မိစုထာနိစံရဲ့ အဖေနဲ့ ဖုတိုဒါစံ တို့လည်း တည်းခဲ့ဖူးမှာ သေချာတယ်။ ကိုအိစုမိစံက ဒီအခန်းက အမှတ်တရ အခန်းမို့ ဒီမှာပဲတည်းဖို့ အကြံပေးတယ်။ ပြောမယ့်သာ ပြောရတယ်၊ ဒီစကားက သိပ်စိတ်ဝင်စားဖို့တော့ မကောင်းပါဘူး။ ငါ့မောင်ရဲ့ အဖေကော ဖုတိုဒါစံပါ ကွယ်လွန်ကုန်ကြပြီဖြစ်တော့ ... အဲဒါတွေ တွေးပြီး မမဖြင့် ညကြီးသန်းခေါင် တော်တော်နဲ့ အိပ်မပျော်ခဲ့ဘူး'

ဤအကြောင်းများကို လျှာအရိုး မရှိတိုင်း လျှောက်ပြောနေသော

ကျီကကိုကသာ ပို၍ စိတ်ဝင်စားစရာ မကောင်းကြောင်း စိတ်ထဲ၌ မှတ်ချက် ချပြီး ကိကုဂျီသည် ဘာမှ မပြောဘဲ ငြိမ်နေလိုက်သည်။

'ကိကုဂျီလည်း နီးဂျိရိကိုးဘက်ကို သွားခဲ့တယ်နော်'

ကျီကကိုသည် သိလျက်နှင့်ပင် ထပ်မေးလိုက်သည်။ အိမ်ပေါက်ဝ သို့ ရောက်ကတည်းက ထိုအကြောင်းများကို အိမ်ဖော်မလေးထံမှ ကြားခဲ့ပြီး၊ အိမ်ထဲသို့ ကိုယ့်သဘောနှင့်ကိုယ် ဝင်လာခြင်းမှာ ကိကုဂျီ၏ စတိုင်ပင် ဖြစ်လေသည်။

'ဟုတ်တယ်၊ ပြန်လာကာစ ရှိသေးတယ်'

ကိကုဂျီက စိတ်မပါတပါ ဖြေလိုက်သည်။

'မမကတော့ ပြန်လာတာ သုံး လေးရက် ရှိသွားပြီ'

ကျီကကိုက စကားကိုဖြတ်၍ ဘယ်ဘက်ပခုံးကို တွန့်လိုက်ပြီး–

'ပြောရဦးမယ် ငါ့မောင်ရေ့၊ ခရီးက ပြန်လည်း ပြန်လာရော စိတ် မကောင်းစရာ သတင်းတွေ ကြားလာရတော့တာပဲ။ မမဖြင့် မယုံနိုင်လောက် အောင် အံ့ဩမိတယ်။ မမ ညံ့လို့ ဒီလို ဖြစ်ရတာပါကွယ်၊ အမှန်တော့ ငါ့မောင်နဲ့ ရင်ဆိုင်ဖို့ သတ္တိတောင် မရှိတော့ဘူး'

အိနမုရစ်၏သမီး တခြားသူနှင့် လက်ထပ်သွားပြီ ဖြစ်ကြောင်း ကျီကကိုက ပြောပြလေသည်။ ကိကုဂျီ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ သို့ပါသော်လည်း ဝရန်တာတွင် အမှောင်ထုက စိုးမိုးနေသောကြောင့် ကံ ကောင်းသည်ဟု ဆိုရပေမည်။ သို့နှင့် စိတ်ထဲ မည်သို့မျှ မခံစားရသည့် ပုံစံမျိုးဖြင့် ကိကုဂျီက မေးလိုက်သည်။

'ဟုတ်လား၊ ဘယ်တုန်းကလဲ'

'သြော် ... ငါ့မောင်က ကိုယ်နဲ့ ဘာမှ မဆိုင်သလို စိတ်အေးအေး နေနိုင်သားပဲနော်'

'ဒီလိုပဲ နေရမှာပေါ့၊ ယူကိကိုနဲ့ ပတ်သက်ပြီး ခင်ဗျားကို အကြိမ် ကြိမ် ငြင်းပြခဲ့တာပဲ မဟုတ်ဘူးလား'

'အလွယ် မပြောပါနဲ့ကွယ်၊ ငါ့မောင်အနေနဲ့ အဲဒီလို မျက်နှာထား တင်းမပြပါနဲ့။ ကိုယ်က စိတ်မပါပေမဲ့ ဒီအဒေါ်ကြီး ဝင်ရှုပ်လို့ ဒီလိုဖြစ်ရ တာ ဆိုပြီး အပြစ်တင်မယ် ဆိုရင်လည်း ခံရမှာပဲ။ တစ်ဖက်က မိန်းကလေး က သိပ်ချောနေတော့...'

'ဘာတွေ လျှောက်ပြောနေတာလဲဗျာ'

ကိကုဂျိက ရယ်ချလိုက်သည်။

'ဒါဆို အဲဒီ မိန်းကလေးက မချောဘူးလား၊ မယဉ်ဘူးလား'

'အွန်း ... မဆိုးပါဘူး၊ အတော် လှသားပဲ'

'အဲဒီအချက်ကို မမက သတိထားမိလို့ပေါ့ကွယ်'

'ဒါပေမဲ့ မိန်းကလေး လှတယ်ဆိုရုံနဲ့ လက်ထပ်ချင်စိတ် ဖြစ်လာ ရမယ်လို့တော့ ဘယ်ကန့်သတ်ထားလို့ ရမှာလဲ'

အမှန်စင်စစ် အိနမုရစ်၏ သမီးကလေး ယောက်ျားရသွားပြီဟု ကြား ရ ကတည်းက ကိကုဂျိ၏ ရင်ထဲတွင် စူးခနဲ နာကျင်ကာ တစ်ကိုယ်လုံး နွမ်းနယ်သွားကာ အာရုံထဲတွင် ယူကိကို ရုပ်သွင်ကလေး တရေးရေး ပေါ်နေ ခဲ့လေသည်။

လက်ဖက်ရည်ပွဲ ညှော်ခံခဲ့စဉ်က ထိုကလေးမသည် လွန်စွာ ယဉ်ကျေး လိမ္မာလှသည်။ ရွက်နုရိပ်များ ထိုးကျနေသော လျှောတံခါးမှ ဖျော့တော့သော အလင်းရောင်များသည် သူမ၏ ပခုံးပေါ်၊ လက်မောင်းအိုးကလေးပေါ်သို့ ထိုးကျနေပုံတို့အပြင် သူမ၏ ဆံစကလေးများပေါ်သို့ ထိုးကျ၍ ရွှေရောင် တောက်နေပုံများကို မျက်စိထဲက မထွက်နိုင်အောင် စွဲထင်ကျန်ရစ်သော် လည်း ယူကိကို၏ မျက်နှာကိုမူ ကောင်းကောင်းမမှတ်မိတော့။ ထိုစဉ်က အသုံးပြုခဲ့သော အဝတ်စ နီနီကလေးကို လည်းကောင်း၊ ဘုရားကျောင်း အတွင်းရှိ လက်ဖက်ရည်ဆိုင်သို့ လျှောက်သွားကြစဉ် သူမ ကိုင်လာသော ပန်းနုရောင် အောက်ခံပိတ်ပါးပေါ်ရှိ အဖြူရောင် ကြိုးကြာတစ်ထောင် ပုံသန်း

နေသည့် သဘက်စကလေးကိုမူ ထင်ထင်ရှားရှား ပီပီပြင်ပြင် မှတ်မိနေဆဲပင် ဖြစ်သည်။

ထို့နောက်ပိုင်း တစ်ကြိမ် ကိုကုဂျီ၏ အိမ်သို့ လာလည်ခဲ့သည့် နေ့က လည်း ကျီကကိုပင် လက်ဖက်ရည်ပွဲ တည်ခင်းခဲ့ပေသည်။ ကိုကုဂျီသည် နောက်တစ်နေ့ ရောက်သည့်အခါ ကိုယ်သင်းနံ့ကလေး အခန်းထဲတွင် စွဲထင် ကျန်ရစ်ခဲ့သည်အထိ၊ ယူကိကို၏ ပန်းခက်ပန်းနွယ်ကလေးများပါသော ခါးစည်းကြိုးကလေးကို မျက်စိထဲတွင် မြင်ယောင်နေသည်အထိ ဖြစ်ခဲ့သော် လည်း ယူကိကို၏ မျက်နှာပုံပန်းကိုမူ မမှတ်မိတော့ပေ။ လွန်ခဲ့သောသုံး လေးနှစ်က ဆုံးပါးသွားခဲ့ကြသည့် အမေနှင့်အဖေ၏ မျက်နှာကိုပင် ကိုကုဂျီ ကောင်းကောင်းမမှတ်မိတော့။ ဓာတ်ပုံများကို ပြန်ကြည့်မှသာလျှင် ဩော် ... အဖေပါလား၊ အမေပါလားဟု သတိရလာတတ်ပေသည်။ ခင်လျှင် ခင်သလောက်၊ ချစ်လျှင် ချစ်သလောက် ထိုပုဂ္ဂိုလ်များ၏ ရုပ်သွင်က ပို၍ပို၍ မှေးပျောက်လွယ်ကြသည်လား မပြောတတ်တော့ပေ။ တစ်နည်းအားဖြင့် မုန်း လျှင် မုန်းသလောက်၊ အရုပ်ဆိုး အကျည်းတန်လျှင် တန်သလောက် ကိုကုဂျီ ၏ မျက်စိထဲတွင် အချိန်ကြာမြင့်စွာ စွဲထင်ကျန်ရစ် နေတတ်ပြန်သည်။

ယူကိကို၏ မျက်ဝန်းနှင့် ပါးပြင်တို့မှာ အလင်းရောင်ကဲ့သို့ စိတ်ကူး ပုံရိပ်သဖွယ် လျင်မြန်စွာ လွင့်ပါးပျောက်ကွယ် သွားတတ်ကြသော်လည်း၊ ကျီကကို၏ ရင်သားထက်ဝက်ကျော်ကို ဖုံးလွှမ်းလျက် ရင်ညွန့်ရိုးအထိ ဆက်နေသည့် အမည်းရောင် အမှတ်ကြီးမှာကား အလွန်အကြည့်ရဆိုးသော ဖားပြုပ်ကြီး တစ်ကောင်အလား မျက်စိထဲတွင် အမှတ်ထင်ထင် စွဲနေဆဲပင် ရှိလေသည်။

ဝရန်တာမှာ မှောင်ဆဲပင် ရှိသေးသည့်တိုင် ကျီကကိုက အဖြူရောင် အတွင်းခံ ကိုယ်ကျပ်အင်္ကျီကို ဝတ်လာ၍လား မပြောတတ်။ ထိုအဖြူရောင် နေရာတစ်ဝိုက်ဆီသို့ ထိုးဖောက်၍ အမည်းရောင်အမှတ်ကြီးက ထိုးထွက် မလာသည့်တိုင် စိတ်ထဲ၌ မှန်းဆ၍ မြင်ယောင်နေမိသည်။ အမှောင်အောက်

တွင် မမြင်နိုင်သော အရာကိုမှ ကိကုဂျီ၏ မျက်လုံးများက မြင်နေဘိတော့သည်။

'ရုပ်ချော သဘောကောင်းကလေးမို့ မမက ကိုယ့်လက်က လွတ်မသွားစေချင်ဘူး။ အိနမုရ ယူကိကိုစံကလေးကို ဒီတစ်ခါ လွတ်သွားမယ်ဆိုရင်တော့ ဒီလိုမိန်းကလေးမျိုးကို ဘယ်လောက်ပဲ ကြိုးစားပြီးရှာရှာ၊ တွေ့နိုင်တော့မှာ မဟုတ်ဘူး။ အင်း ... ဒီကိစ္စမျိုးကို ငါ့မောင် နားလည်သေးမှာ မဟုတ်ပါဘူးလေ'

ကျိကကိုက တစ်ဖက်သတ် ပြောလိုက်သည်။

'အင်း ... အတွေ့အကြုံ မရှိတာဘဲ ကောင်းပါတယ်လေ၊ သက်သာတာပေါ့။ ခုတော့ ကိကုဂျီစံနဲ့ ယူကိကိုစံတို့ဟာ တစ်ဘဝစီ ခြားကျန်ကြပြီ။ ကလေးမ ခမျာ ကိကုဂျီရဲ့စကားကို ယုံစားပြီး အမျှော်လင့်ကြီး မျှော်လင့်ခဲ့ပြီးကာမှ တခြားလူနဲ့ အိမ်ထောင်ကျသွားလို့ ဘဝမှာ အတိဒုက္ခ ရောက်ရမယ်ဆိုရင် ငါ့မောင်မှာလည်း တာဝန်မကင်းဘူးနော်'

ကိကုဂျီက ဘာမှ ပြန်မဖြေခဲ့ပေ။

'ငါ့မောင်၊ ကလေးမကလေးကို သေသေချာချာ ကြည့်ခဲ့မှာပေါ့နော်။ ဒီကလေးမကလေးက ကိကုဂျီစံနဲ့ စောစောကတည်းက အိမ်ထောင်ကျခဲ့ရင် ကောင်းလျက်သားနဲ့လို့ နောင်တရနေမယ် ဆိုရင်ကော ငါ့မောင် ဖြေသိမ့်နိုင်တယ် ဆိုပါတော့'

ကျိကကို၏ စကားတွင် အဆိပ်အတောက်များ ရောပြွမ်းပါလာကြသည်။

ယူကိကို အိမ်ထောင်ပြုသွားပြီ ဆိုပါလျက်နှင့် အဘယ်အတွက် ကျိကကိုသည် မလိုအပ်သော အပိုစကားများကို ဆက်၍ ပြောနေရသနည်း။

'ဟယ် ပိုးစုန်းကြူးသေတ္တာလေးပါလား၊ ခုထိ ရှိတုန်းပဲလား'

ကျိကကိုက ရှေ့သို့ တိုး၍ ကြည့်လိုက်သည်။

'မကြာခင် ဆောင်းဦးပေါက်လာတော့မယ်၊ ပိုးကောင်ကလေးတွေ

အသံထွက်တဲ့ သေတ္တာကို ဝယ်ရတဲ့အစား အခုအထိ ပိုးစုန်းကြူးတွေက ကျန်နေသေးတော့ တအွေခြောက်နေသလိုပဲ'

'အိမ်ဖော်မကလေး ဝယ်ခဲ့တာပါဗျာ'

'အိမ်ဖော်မများ လုပ်လိုက်ရင် ဒီအတိုင်းချည်းပဲ၊ ဘာမှ နားမလည်ဘူး။ ကိကုဂျိသာ လက်ဖက်ရည်ပွဲပညာကို လိုက်စားမယ်ဆိုရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး။ ဂျပန်ပြည်မှာ ရာသီနဲ့ လိုက်ဖက်မှုကို သိပ်ဂရုစိုက်ရတယ် ငါ့မောင်ရဲ့'

ကျီကကို၏ စကားအရ ပိုးစုန်းကြူးကလေးများ၏ အလင်းရောင်သည် တအွေသရဲတို့၏ မီးရောင်အလား မြင်လာရတော့သည်။

နိဘိကိုးအရပ်ကို သွားလည်ခဲ့စဉ်က တောင်ကမ်းပါးတွင် ပုရစ်ကလေးများ အော်မြည်နေခဲ့သည်ကို ကိကုဂျိက အမှတ်ရလာလေသည်။ ထို့ကြောင့် ယခုအချိန်အထိ ကျန်နေသေးသော ပိုးစုန်းကြူးကလေးများကို အံ့သြလာမိသည်။

'ငါ့မောင်ရဲ့ အမေသာ ရှိနေရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး။ ရာသီနဲ့ မလိုက်တဲ့ ပစ္စည်းတွေကို အိမ်မှာထားတယ်ဆိုတာ သိပ်အထီးကျန်ဆန်တယ်၊ ဘယ်တော့မှ ဒီလို ထားမှာ မဟုတ်ဘူး'

ကျီကကိုက စကားပြောရင်း ဆိုရင်းမှ ငြိမ်ကျသွားသည်။

'အိနမုရစ်ရဲ့ သမီးနဲ့ အစ်မက လက်ဆက်ဖို့ စဉ်းစားခဲ့ရတာလည်း ငါ့မောင်ရဲ့ အဖေကို ကျေးဇူးဆပ်တဲ့ သဘောပါကွယ်'

'ကျေးဇူးဆပ်တယ် ... ဟုတ်စ'

'ဟုတ်တယ်လေ၊ ခုပဲကြည့်စမ်း ... ငါ့မောင်တစ်ယောက်တည်း အမှောင်ထဲမှာ ပက်လက်လှဲပြီး ပိုးစုန်းကြူးတွေကို ငေးကြည့်နေတယ် မဟုတ်လား။ ဟွန်း ... ဒီကြားထဲ ဖူတိုဒါစ်ရဲ့သမီး ဖူမိကိုကလည်း အိမ်ထောင်ကျသွားပြန်ပြီ'

'ဘယ်တုန်းကလဲ'

ယူကီကိုတစ်ယောက် အိမ်ထောင်ကျသွားပြီဟု ကြားစဉ်ကထက် ယခု ဖူမိကို အိမ်ထောင်ကျသွားပြီဟု ကြားလိုက်ရသောအခါ၊ ရုတ်တရက် ခလုတ်တိုက်၍ ဟပ်လျားထိုး လဲကျသွားသကဲ့သို့ ဟိုက်ခနဲ ခံစားလိုက်ရသည်။ ကိကုဂျိသည် မိမိ၏ ထိတ်လန့်မှုကို ဟန်ဆောင် ဖုံးကွယ်မထားနိုင်တော့ပေ။ မိမိ၏ အဖြစ်ကို ကျိကကိုပင် ရိပ်မိသွားနိုင်ပေသည်။

'မမလည်း တိုကျိုက ပြန်ရောက်ရောက်ချင်း ရင်ထဲမှာ ဟာခနဲ ဖြစ်သွားတယ်။ နှစ်ယောက်သား ချိန်ပြီး အိမ်ထောင်ပြုလိုက်ကြသလိုပဲ ငယ်ရွယ်တဲ့ သူများ အတော့်ကို စိတ်မြန်လက်မြန် နိုင်ကြတာကိုး'

ကျိကကိုက ဆက်၍ ပြောသည်။

'ဖူမိကိုစံ အိမ်ထောင်ကျသွားပြီဆိုတော့ ငါ့မောင်ကို လာမနှောင့်ယှက်နိုင်တော့ဘူးပေါ့။ အင်း ... သူက ယူကီကိုနောက်မှ အိမ်ထောင်ကျသွားတာ ထင်တယ်။ ဒါပေမဲ့ ယူကီကိုနဲ့ ပတ်သက်ပြီး မမ အတော် မျက်နှာပျက်တယ်၊ ငါ့မောင်က သိပ်ပြီး ပေါ်တီးပေါ်ဆ နေခဲ့တာကိုး'

ကိကုဂျိကမူ ဖူမိကို အိမ်ထောင်ပြုသွားသည်ကို ယုံကြည်ရ ခက်နေမိပေသည်။

'ဖူတိုဒါစံဟာ သေပြီးတဲ့ နောက်ပိုင်းမှာတောင် ငါ့မောင်ကို လိုက်ပြီး အနှောင့်အယှက် ပေးနေခဲ့သေးတယ်နော်။ အင်း ... အခု သူ့သမီး အိမ်ထောင်ကျသွားမှတော့ ဒီအိမ်ကိုလည်း မကောင်းဆိုးဝါးတွေ မကပ်နိုင်တော့ဘူးပေါ့ ကွယ်'

ကျိကကိုက ပန်းခြံထဲသို့ လှမ်းကြည့်လိုက်သည်။

'ကဲ ... ကဲ အခုမှတော့ ဘာမှမထူးတော့ပါဘူး၊ ကိုယ့်ပန်းခြံကလေး ကိုယ် သန့်ရှင်းအောင် လုပ်ထားပေါ့။ သစ်ကိုင်းသစ်ခက်တွေ အုပ်နေတော့ အမှောင်လွှမ်းပြီး နေရတာလည်း စိတ်ဘယ်ရှင်းပါ့မလဲ'

အဖေသေပြီး ၄ နှစ်တိုင်တိုင် ကိကုဂျိသည် ဥယျာဉ်မှူးကိုခေါ်၍ ပန်းခြံအား တစ်ခါမျှ မပြင်ခဲ့ပေ။ ပန်းခြံထဲ၌ ရှုပ်ထွေးနေသော သစ်ကိုင်း

သစ်ခက်များ၌ နေ့ခင်း အပူချိန်များပင် ကျန်ရစ်နေကြသယောင် ခံစားရလေသည်။

'အိမ်ဖော်မလေးကလည်း ပန်းပင်တွေ ရေမလောင်းဘူးနဲ့ တူတယ်၊ သတိလေး ဘာလေး ပေးဦးမှပေါ့ကွယ်'

'မလိုပါဘူးဗျာ'

သို့ပါသော်လည်း ကျီကကို ပြောသမျှကို ကိကုဂျီက မျက်နှာကြီး ရှုံ့လိုက် မဲ့လိုက်နှင့် အသာငြိမ်ပြီး နားထောင်နေလေသည်။ ကျီကကိုနှင့် တွေ့ရလေတိုင်း အမြဲဆိုသလို ဤပုံစံမျိုးသာ ဖြစ်လေသည်။

ကျီကကို၏ မခံမရပ်နိုင်ဖွယ်ကောင်းသော စကားများကို ကိကုဂျီသည် ငြိမ်၍နားထောင်ရင်း ထိုစကားများထဲမှာ တစ်ခုခုကို ရှာဖွေနေသည့် အလားပင် ဖြစ်လေသည်။ ဤပုံစံမျိုးသည် ကိကုဂျီအဖို့ ရိုး၍ပင် နေပေပြီ။ ထိုအချိန်မျိုးတွင် ကိကုဂျီသည် တစ်ခါတစ်ရံ ဖြောင် ထ ငြင်းတတ်သလို တစ်ခါတစ်ခါ စိတ်ထဲမှ ကျိတ်ပြီး သတိမူနေတတ်သည်။ ကျီကကိုသည် ထိုအခြေအနေကို သိလျက်နှင့် မသိဟန်ဆောင်တတ်သလို တစ်ခါတစ်ရံ၌မူ မိမိသိကြောင်း အရိပ်အမြွက်သဘောမျိုး ဖော်ပြတတ်ပေသည်။ ထိုနည်းဖြင့် ကိကုဂျီ မျှော်လင့်မထားသော စကားများ၊ သဘောမတူနိုင်သော စကားများကို တတွင်တွင် ပြောကာ ကိုယ့်ကိုယ်ကိုယ် ရွံရှာမုန်းတီးလာအောင် ပြောနေတတ်ပေသည်။

ဤညတွင်လည်း ကျီကကိုသည် ယူကိကိုနှင့် ဖူမိကိုတို့ လက်ထပ်သွားကြပြီ ဖြစ်ကြောင်းပြောကာ ကိကုဂျီ၏ တုံ့ပြန်မှုကို အကဲစမ်းပုံ ရလေသည်။ ထိုအချက်ကို ကိကုဂျီက မေ့မေ့လျော့လျော့ သဘောမထားနိုင်ခဲ့ပေ။ ကျီကကိုသည် ယူကိကိုအား ကိကုဂျီနှင့် လက်ဆက်ပေးလိုပြီး၊ ဖူမိကိုအား ခပ်ဝေးဝေး ခွဲထားလိုလျက်ပင်။ အဆိုပါ မိန်းကလေးနှစ်ယောက် တခြားလူများနှင့် အိမ်ထောင်ကျသွားပြီးနောက် ကျီကကိုအဖို့ ကိကုဂျီ၏ ဇာတ်လမ်း

တွင် ပါလာစရာ မလိုတော့ပေ။ သို့သော်လည်း ကိကုဂျီ၏ နှလုံးသားတွင် မည်သို့ ခံစားနေရသည်ကို စူးစမ်းလျက် ရှိပုံ ရလေသည်။

ကိကုဂျီက ထ၍ အခန်းနှင့် ဝရန်တာမီးများကို ဖွင့်ရန် စိတ်ကူးလိုက်သည်။ အမှောင်ကြီးထဲတွင် ဤကဲ့သို့ ကျီကကိုနှင့် နှစ်ယောက်သား ထိုင်၍ စကားပြောနေကြခြင်းမှာ သေချာစွာ စဉ်းစားကြည့်လျှင် မသင့်လှပေ။ ထိုကဲ့သို့ အမှောင်ထဲတွင် နှစ်ယောက်ထဲ ထိုင်၍ စကားပြောရလောက်အောင်လည်း ရင်းနှီးကျွမ်းဝင်မှု မရှိကြပေ။ ပန်းခြံထဲမှ အပင်များ ရှင်းလင်းသည့်ကိစ္စအထိ လျှောက်ပြောနေသည့်တိုင် ကိကုဂျီသည် ထိုကိစ္စများကို ကျီကကို၏ စရိုက်တစ်ခုအဖြစ် သဘောထားကာ၊ သည်ဘက်နားက ဝင်၍ ဟိုဘက်နားက ပြန်ထွက်သွားကြသည်သာ ဖြစ်ပေသည်။ ကိကုဂျီသည် မီးရောင်ရရန်ထ လာခဲ့ရသည့်တိုင် စိတ်အနှောင့်အယှက် ဖြစ်ဖွယ်ရာ စကားများကိုသာ ကြားနေခဲ့ရပေသည်။

ကျီကကိုလည်း အခန်းထဲသို့ လိုက်လာသည်။ မီးထွန်းရန်သာ တဖွဖွ ပြောနေသော်လည်း ကျီကကိုသည် ကိုယ်တိုင်ကိုယ်ကျ မထွန်းပေးခဲ့ပေ။ ဤကဲ့သို့ အသေးအဖွဲ ကိစ္စမျိုးကို ကျီကကိုသည် ပါဝင်လုပ်ဆောင်ပေးရိုးထုံးစံ မရှိခဲ့ပေ။ ဤသို့သော မဖြစ်စလောက် ကိစ္စမျိုးကို လုပ်ပေးလိုသည့်ဆန္ဒလည်း ရှိပုံ မရပေ။ ကျီကကိုသည် အသက်အရွယ်ကြီးသူ တစ်ယောက်အဖြစ်လည်း မာနထားခဲ့ပုံ ရလေသည်။

'တိုကျိုမြို့က လက်ဖက်ရည်ဆွဲဆရာကြီး ကိုအိစုမိက မှာလိုက်တာလည်း ရှိသေးတယ်၊ တကယ်လို့ ငါ့မောင်အိမ်က လက်ဖက်ရည်ပွဲ ပစ္စည်းတွေရောင်းဖို့ စိတ်ကူးရင် သူ့ကို အကြောင်းကြားပါတဲ့'

ဟုပြောကာ ကျီကကိုသည် စိတ်အေးသွားသည့် သဘောဖြင့်-

'အိနမုရစံရဲ့ သမီးကလေး လက်လွတ်သွားမှတော့ ငါ့မောင်လည်း ဘဝကို အသစ်က ပြန်စရတော့မှာပေါ့၊ တကယ်လို့ လက်ဖက်ရည်ပွဲပညာကို

လေ့လာချင်ရင်တော့ ပြောလေ၊ ငါ့မောင်ရဲ့ အဖေက မသုံးဘဲ စွန့်ပစ်ခဲ့ပေမဲ့ မမ ဘဝတစ်လျှောက်လုံး လက်ဖက်ရည်ပွဲ ပညာနဲ့ အသက်မွေးခဲ့တာဆိုတော့ ဘာမဆို ကူညီနိုင်ပါတယ်' ဟု ရှင်းပြနေပြန်သည်။

ကိကုဂျီက ချက်ခနဲ သဘောပေါက်သွားသည်။

ကျီကကို၏အကြံမှာ ရိုးစင်းလွန်းပေသည်။ ယူကိကိုနှင့် အောင်သွယ်ပေး၍ မရသည့်အဆုံး ကိကုဂျီအပေါ် မျှော်လင့်ချက်မထားတော့ဘဲ သူ့အိမ်မှ လက်ဖက်ရည်ပွဲ ပစ္စည်းများကို ထုတ်ယူသွားမည့်အကြံ ဖြစ်လေသည်။ ထိုအကြောင်းကို ကျိုတိုတွင် ဆရာကြီး ကိုအိစူမိနှင့် တိုင်ပင်ခဲ့ပုံ ပေါ်လေသည်။

ကိကုဂျီသည် ကျီကကိုအပေါ် စိတ်မဆိုးသည့်အပြင် ပခုံးပေါ်မှ ဝန်ထုပ်ဝန်ပိုးကြီး ပေါ့သွားသည်ဟုပင် ခံစားရလေသည်။

'အိမ်ရောင်းဖို့ စိတ်ကူးထားပါတယ်၊ အဲဒီလို ရောင်းဖြစ်တဲ့အခါကျတော့ အကူအညီ တောင်းဖြစ်မလားပဲ'

'အင်း ... မိဘရဲ့ အမွေဆိုတော့ စဉ်းစားပြီး ရောင်းရမှာပေါ့၊ ဒါပေမဲ့ စိတ်အေးရမှာပါလေ'

ကျီကကိုက ထပ်လောင်း၍ ပြောလိုက်သည်။

မိမိအိမ်မှ လက်ဖက်ရည်ပွဲ ပစ္စည်းများ အကြောင်းကို ကျီကကိုက ပိုသိလိမ့်မည်ဟု ကိကုဂျီ တွေးလိုက်မိသည်။ ကျီကကိုသည် ထိုပစ္စည်းများအပေါ်၌ မျှော်လင့်ချက်ကြီးစွာ ထားနေပုံ ရလေသည်။

ကိကုဂျီသည် ပန်းခြံဘက်ဆီသို့ လှမ်းကြည့်လိုက်သည်။ လက်ဖက်ရည်ခန်းရှေ့ တည့်တည့်ရှိ ဆယ့်နှစ်ရာသီ ပန်းပင်ကြီးတွင် အဖြူရောင်ပန်းပွင့်များ ပြည့်နှက်စွာ ပွင့်နေကြသည်။ ထိုနေရာမှ လွဲ၍ ကောင်းကင်နှင့် သစ်ပင်တို့ အကြား ခွဲခြား၍ မရနိုင်လောက်အောင် ထိုညသည် ပိန်းပိန်းပိတ် မှောင်နေခဲ့လေသည်။

[၂]

အလုပ်ပြီး၍ ရုံးခန်းမှ ထွက်တော့မည် အလုပ်တွင် ကိကုဂျီသည် တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာသောကြောင့် ကောက်ကိုင်လိုက်သည်။

'ဖူမိကိုပါ' ဟူသော အသံတိုးတိုးကို ကြားလိုက်ရသည်။

'ဟယ်လို ... မိစုထာနီပါ'

'ဖူမိကိုပါ'

'ဩော် ... ဩော် ... ဟုတ်ကဲ့ပါ'

'တယ်လီဖုန်းထဲမှာ ပြောရတာတော့ အားနာပါတယ်၊ ဒါပေမဲ့ ဒီလိုမှ ပြောပြီး မတောင်းပန်ရင် အချိန်နောက်ကျသွားမှာ စိုးလို့ပါ'

'ဗျာ'

'အမှန်တော့ ကျွန်မ မနေ့က စာတစ်စောင်ထည့်လိုက်တယ်၊ ဝယ်ထားတဲ့ တံဆိပ်ခေါင်းတွေက ၁၀ လုံးအတိုင်း တစ်လုံးမှ လျော့မနေဘူး၊ တံဆိပ်ခေါင်း မကပ်မိဘူးပေါ့။ ဒါနဲ့ ခပ်မြန်မြန် တောင်းပန်မှပဲ ဆိုပြီး...'

'ဒါလေးများဗျာ... ရပါတယ်၊ စိတ်မကောင်း မဖြစ်ပါနဲ့'

ကိကုဂျီက ထိုကဲ့သို့ဖြေရင်း ထိုစာမှာ မိမိ အိမ်ထောင်ကျပြီးကြောင်း အကြောင်းကြားသည့်စာ ဖြစ်လိမ့်မည်ဟု ခန့်မှန်းလိုက်သည်။

'မင်္ဂလာ ယူရမယ့်စာ ထင်ပါရဲ့နော်'

'စာကလည်း တစ်ခါမှ မထည့်ဘူးတော့ ထည့်ရင် ကောင်းပါ့မလား လို့ တွေဝေနေရင်း အမှတ်တမဲ့ တံဆိပ်ခေါင်းကပ်ဖို့ မေ့သွားတာပါ'

'ဖူမိကိုစံ အခု ဘယ်ကနေ ဆက်တာလဲ'

'လမ်းဘေးက အများသုံး တယ်လီဖုန်းနဲ့ ဆက်နေတာပါ၊ တိုကျို ဘူတာရုံရှေ့ကပါ။ အပြင်မှာ ဆက်ပြောမယ့် လူတွေလည်း တန်းစီ စောင့်နေတယ်'

'ဗျာ ... အများသုံး တယ်လီဖုန်း ဟုတ်လား'

ကိကုဂျီက ကောင်းကောင်းမကျေနပ်သေးဘဲ ဆက်ပြောသည်။

ရာပြည့်စာအုပ်တိုက်

'ကျေးဇူးတင်ပါတယ်၊ တကယ်ပါဗျာ'

'ဟင် ... မဟုတ်တာရှင်၊ ကိကုဂျီစံကို ကျေးဇူးတင်ရမှာပါ။ ဒါနဲ့ ဘယ်လိုလုပ် သိတာလဲ ဟင်'

'ခူရိမိုတို ကျိုကကို ပြောပြလို့ သိရတာပါ'

'ဟင် ကျိုကကိုစံက ဘယ်လို သိတာတဲ့လဲ၊ အတော် ကြောက်စရာ ပါလားနော်'

'ထားလိုက်ပါတော့လေ၊ နောင်လည်း ကျိုကကိုနဲ့ တွေ့စရာမှ မလို တော့ဘဲ၊ အလျင်တစ်ခေါက် ဖုန်းဆက်တုန်းက ဖုန်းထဲမှာ မိုးသံတွေ ကြားနေ ခဲ့ရတယ်နော်'

'ဟုတ်တယ်လေ၊ မိုးရွာတဲ့ အသံတွေ ကြားနေရတယ်လို့ ပြောခဲ့တာ ပဲ မဟုတ်လား၊ အဲဒီတုန်းက အိမ်ပြောင်းခဲ့တာကို အကြောင်းကြားရရင် ကောင်းမလား၊ မကောင်းဘူးလားလို့ တွေဝေနေခဲ့တယ်လေ။ ခုလည်း အဲဒီ လိုပဲ'

'အခုလို အသိပေးတာက ပိုကောင်းတာပေါ့၊ ဒါမှမဟုတ်ရင် ကျွန်တော့်အဖို့ ခူရိမိုတို ကျိုကကိုကို တစ်ခါပြန်မေးပြီး ဂုဏ်ပြုစကားလေး ဘာလေး လှမ်းပြောရမလားလို့ စဉ်းစားနေတာ'

'ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိတဲ့ ဘဝမျိုးက ပျင်းစရာကြီး ပါရှင်'

ထိုကဲ့သို့ တိမ်ဝင်နေသော အသံကလေးမှာ သူ့အမေနှင့် တစ်ထေရာ တည်းပင် ဖြစ်ပေသည်။

ကိကုဂျီက ခဏတစ်ဖြုတ် ငြိမ်နေလိုက်သည်။

'အခုလည်း အဲဒီလိုပါပဲရှင်'

ဖူမိကိုက ခဏ နားပြီးနောက်–

'အခန်းက အတော်စုတ်ချာတဲ့အပြင် ကျဉ်းကျဉ်းလေးပါရှင်၊ ဆယ် မေ့မတ်လည်လောက် ဆိုပါတော့။ အလုပ်နဲ့ တစ်ပြိုင်တည်း ရှာတွေ့ခဲ့တာ'

'ဗျာ'

'သိပ်ပြီးပူတဲ့ နွေရာသီဆိုတော့ အလုပ်သွားရတာ မသက်သာဘူးပေါ့ နော်'

'ဟုတ်ပါ့ဗျာ၊ ဒီကြားထဲ မင်္ဂလာပွဲကလည်း ရှိနေသေးတယ် မဟုတ်လား'

'ဟယ် ... မင်္ဂလာပွဲ၊ မင်္ဂလာပွဲ ဆိုတာ ဘာလဲဟင်'

'ဂုဏ်ယူပါတယ်ဗျာ'

'ရှင် ကျွန်မကို ပြောနေတာလား၊ နောက်မနေပါနဲ့ရှင်'

'မင်္ဂလာဆောင်ပြီးခဲ့ပြီ မဟုတ်လား'

'လုံးဝ မဟုတ်ဘူး၊ အခုလို အချိန်မျိုးမှာ မင်္ဂလာဆောင်ဖို့ စိတ်ကူး နိုင်ပါ့မလားရှင်၊ အမေ သေပြီးတာမှ မကြာသေးတာ'

'ဗျာ...'

'ခူရိုမိုတိုကျိုကကိုက အဲသည်အတိုင်း ပြောခဲ့တာလား'

'ဟုတ်တယ်၊ အဲဒီအတိုင်း ပြောခဲ့တာ'

'ဘာဖြစ်လို့များပါလိမ့်ရှင်၊ ကျွန်မဖြင့် နားမလည်နိုင်တော့ဘူး၊ သူ ပြောတာနဲ့ပဲ မိစုထာနိစံက တကယ်ပဲ ယုံသွားရောလား'

ဖူမိကို၏ စကားမှာ မိမိကိုယ်ကို ပြန်၍ မေးနေသကဲ့သို့လည်း ရှိနေပေသည်။

ကိကုဂျိက ရုတ်တရက် စဉ်းစားမိသည့်အလား-

'တယ်လီဖုန်းနဲ့ ပြောရတာ မကောင်းပါဘူး၊ တစ်နေရာရာမှာ တွေ့ ကြစို့လား'

'ကောင်းသားပဲ'

'ကျွန်တော် တိုကျိုဘူတာကို လာခဲ့မယ်၊ အဲဒီမှာ စောင့်နေပါ'

'ဒါပေမဲ့ ...'

'ဒါဆိုရင် တစ်နေရာရာမှာ တွေ့ကြစို့လား'

ရာပြည့်စာအုပ်တိုက်

'ကျွန်မ ချိန်းတွေ့တာတို့ ဘာတို့ကို မကြိုက်ဘူး၊ အိမ်ကိုပဲ လာခဲ့မယ်'

'ဒါဆို အတူတူ ပြန်ကြစို့လား'

'အတူတူ ပြန်ဖို့ဆိုတာက တစ်နေ့ရာရာမှာ တမင်စောင့်ပြီး ဆုံနေရဦးမယ်'

'ဒါဆို ကျွန်တော့်ကုမ္ပဏီကို လာခဲ့ပါလား'

'မလာတော့ပါဘူးရှင်၊ တစ်ယောက်တည်းပဲ အိမ်ကို တန်းလာခဲ့ပါ့မယ်'

'ဟုတ်လား၊ ကျွန်တော် အခုပဲ ထွက်လာခဲ့ပါ့မယ်။ ဖူမိကိုက အလျင်ရောက်နှင့်ရင်လည်း အိမ်ပေါ်တက်ပြီး စောင့်နေပါ'

ဖူမိကိုက တိုကျိုဘူတာမှ သွားမည်ဆိုလျှင် ကိကုဂျိထက်ပင် စော၍ရောက်နေပေလိမ့်မည်။ သို့ပါသော်လည်း ကိကုဂျိက ရထားတစ်စီးတည်းစီးချင်သော ဆန္ဒဖြင့် ဘူတာထဲရှိ လူအုပ်များဆီသို့ ယောင်လည်ယောင်လည်ဖြင့် ရှာကြည့်ရင်း လျှောက်လှမ်းနေမိသည်။

ထင်သည့်အတိုင်းပင် ဖူမိကိုက အလျင်ရောက်နှင့် နေသည်။ ပန်းခြံထဲတွင် ရှိသော အိမ်ဖော်မကလေးအား မေးကာ ကိကုဂျိလည်း ဆင်ဝင်ပါက် ဘေးမှ ပန်းခြံထဲသို့ လိုက်လာခဲ့သည်။

ဖူမိကိုသည် ၁၂ ရာသီပန်းပင်ကြီး၏ အရိပ်ရှိရာ ကျောက်တုံးပေါ်တွင် တင်ပျဉ်လွှဲ၍ ထိုင်နေသည်။

ကျီကကို ရောက်ပြီးနောက် လေး ငါးရက် ဆက်တိုက်ဆိုသလို ကိကုဂျိ ပြန်မရောက်မီ အိမ်ဖော်မလေးသည် ပန်းပင်များကို ရေလောင်းနေခဲ့သည်။ ပန်းခြံတွင်းရှိ ဟောင်းနွမ်းနေသော ရေပိုက်ခေါင်းပင်လျှင် အသစ်တစ်ဖန် ပြန်လည် အသုံးဝင်လာပေပြီ။

ဖူမိကို ထိုင်နေသော ကျောက်တုံး၏ အောက်ခြေ၌ ရေများ စိုရွှဲလျက် ရှိနေသည်။ ၁၂ ရာသီ ပန်းပင်ပေါ်၌ ထူထဲသော အစိမ်းရင့်ရောင်

ရာပြည့်စာအုပ်တိုက်

အရွက်များကြားတွင် အနီရောင် ပန်းပွင့်အချို့ ပွင့်နေကြသည်။ နွေ၏ အရိပ်အငွေ့များကို ပြနေကြသကဲ့သို့ အဖြူရောင် ပန်းပွင့်ကြီးများသည် အေးမြသည့် သဘောကို ဆောင်နေကြသည်။ လေယူရာသို့ ညင်သာစွာ ယိမ်းနွဲ့နေကြသော ပန်းပွင့်အုံများသည် ဖူမိကို၏ ရုပ်သွင်ကလေးအား ယုယစွာ ထွေးပိုက်ထားလျက် ရှိပေသည်။

ဆည်းဆာ၏ နေခြည်ထွေးများက ဖူမိကို၏ နောက်ဘက်ရှိ ၁၂ ရာသီ ပန်းပင်ကြီး၏ ထိပ်ဖျားမှသည် ကိကုဂျိ၏ ရှေ့နားဆီသို့ ဖြာဆင်းလျက် ရှိပေသည်။

'ကြိုဆိုပါတယ်ဗျား'

ကိကုဂျိက ရင်းရင်းနှီးနှီး ခရီးဦးကြို နှုတ်ဆက်လိုက်ပြီး အနီးသို့ ကပ်သွားသည်။

ဖူမိကိုက ကိကုဂျိ၏အလျင် တစ်ခုခုကို ပြောမည်ကြံလိုက်ပြီးမှ–

'စောစောက တယ်လီဖုန်းထဲမှာ ...'

ထို့နောက် ပခုံးကလေးကို ကျုံ့ပြီး နောက်ဘက်သို့ တစ်ပတ်လှည့်ကာ ထ လိုက်သည်။ ကိကုဂျိကသာ ခြေလှမ်းများကို မတန့်ခဲ့ပါလျှင် ဖူမိကို၏ လက်ကလေးများကို ကိုင်မိမတတ် ဖြစ်သွားပေလိမ့်မည်။

'တယ်လီဖုန်းထဲမှာ မဟုတ်မဟတ်သတင်းတွေ ကြားရလို့ မဟုတ်တဲ့ အကြောင်း ရှင်းပြဖို့ လာခဲ့တာ'

'မင်္ဂလာဆောင်တဲ့သတင်း မဟုတ်လား၊ ကျွန်တော်ဖြင့် ထိတ်ခနဲ လန့်သွားမိတယ်ဗျာ'

'ဘယ်တုန်းက ထိတ်ခနဲ ဖြစ်သွားတာလဲ'

ဖူမိကိုက မျက်လွှာချကာ မေးလိုက်သည်။

'ဘယ်တုန်းကလဲဆို ... ဟဲ ... ဟဲ ... ဖူမိကို အိမ်ထောင်ကျသွားပြီ တုန်းက တစ်ကြိမ်၊ အိမ်ထောင်မကျဘူးလို့ ကြားရတုန်းက တစ်ကြိမ်၊ နှစ်ကြိမ်တောင် ပဲ'

'ဟယ် ... နှစ်ကြိမ်တောင်'

'ဒါတော့ ဒီလိုပဲ ဖြစ်ရမှာပေါ့ဗျာ'

ကိုကုဂျီက ခြေနင်းကျောက်ပြားများကို ဖြတ်ကျော်၍ လျှောက်သွားပြီး-

'ဒီဘက်က တက်ကြစို့၊ စောစောကတည်းက အိမ်ပေါ်တက်ပြီး စောင့်နေရင် အကောင်းသားဗျာ' ဟု ပြောကာ ဝရန်တာ၌ ထိုင်ချလိုက်သည်။

'တလောက ကျွန်တော် ခရီးထွက်ပြီးအပြန် ဟောသည် နေရာမှာ အနားယူနေတုန်း ခူရိမိုတိုကျိကကို ရောက်လာတယ်၊ ညကြီးမင်းကြီးဗျာ'

အိမ်ဖော်မကလေးက အထဲမှနေ၍ ကိုကုဂျီအား လှမ်းခေါ်လိုက်သည်။ ကုမ္ပဏီမှအပြန် ညစာမှာထားရန် တယ်လီဖုန်းဖြင့် မှာခဲ့သည့်ကိစ္စပင် ဖြစ်တန်ရာသည်။ ကိုကုဂျီက ထ၍ အထဲသို့ ဝင်သွားလိုက်ပြီး ပြန်ထွက်လာသောအခါ အဖြူရောင် အပေါ်အင်္ကျီကို ဝတ်လာခဲ့သည်။

ဖူမိကိုလည်း ထိုအခိုက်အတန့်အတွင်း မိတ်ကပ် ခြယ်သလိုက်ဟန်တူသည်။ ကိုကုဂျီ အထိုင်ကို စောင့်ရင်း-

'ခူရိမိုတိုစံက ဘာတွေများ ပြောသွားသေးလဲ'

'ဖူမိကိုစံ အိမ်ထောင်ကျသွားပြီ ဆိုတဲ့ အကြောင်းလောက်ပါ'

'အဲဒီစကားကို မိစုထာနိစံက တကယ်ပဲ ယုံသွားရောတဲ့လား'

'အွန်း ... တကယ့်ကို မုသားလို့ မထင်လောက်တဲ့ မုသားစကားပါပဲဗျာ'

'နည်းနည်းကလေးမှ သံသယ မဝင်မိခဲ့ဘူးလား'

ဖူမိကို၏ ရွှန်းလဲ့သော မျက်ဝန်းနက်ကြီးများတွင် မျက်ရည်များ အိုင်ထွန်းလာကြတော့သည်။

'ကျွန်မ အခုလို အခြေအနေမျိုးမှာ အိမ်ထောင်ပြုလို့ ဖြစ်နိုင်ပါ့မလားရှင်။ မိစုထာနိစံက ကျွန်မကို အိမ်ထောင်ပြုနိုင်လိမ့်မယ်လို့ ထင်ခဲ့ရသလား

ရှင်ရယ်။ အမေကော ကျွန်မပါ ဒုက္ခတွေ ပင်လယ်ဝေပြီး အလွမ်းအဆွေး သံသရာထဲမှာ နစ်မြောနေခဲ့ကြတာ မဟုတ်လား'

ဖူမိကို၏ စကားထဲတွင် အမေ ဖြစ်သူက ရှင်သန်နေသယောင် ကိကုဂျီ ကြားလိုက်ရသည်။

'အမေကော ကျွန်မပါ လူတွေအပေါ်မှာ အားကိုးလိုစိတ် ရှိကြတယ်၊ ကျွန်မတို့ကို နားလည်ပေးတဲ့ သူကို ယုံကြည်တတ်ကြတယ်လေ။ အိပ်မက်လို ပါပဲရှင်၊ တကယ်တော့ ကိုယ့်နှလုံးသား မှန်ရေပြင်မှာ ကိုယ့်ကိုယ်ကိုယ် ထင်ဟပ်ပြီး ကြည့်နေခဲ့ကြတာပါရှင်'

ဖူမိကို၏ မျက်နှာကလေးသည် ပြိုတော့မည့် မိုးကဲ့သို့ ငိုချတော့မလို ဖြစ်နေပေသည်။

ကိကုဂျီက ခဏတစ်ဖြုတ် ငြိမ်နေပြီးမှ–

'ကျွန်တော်လည်း အခု အခြေအနေမျိုးမှာ အိမ်ထောင်ပြုနိုင်ဦးမယ်လို့ ထင်သလားလို့ ဖူမိကိုကို တလောက မေးခဲ့ဖူးတယ်နော်။ ဟို ... မိုးတွေ ဖွဲနေတဲ့ နေ့ကလေ'

'ဩော် ... ဩော် မိုးတွေ တအားခြိမ်းနေခဲ့တဲ့ နေ့ကလား'

'ဟုတ်တယ်၊ အခုတော့ အဲဒီစကားတွေနဲ့ ကျွန်တော့်ကို ပြန်ပြီး အမေးခံနေရပြီ'

'ဟင့်အင်း၊ အဲဒီသဘောမျိုး မဟုတ်ဘူး'

'အိမ်ထောင်ပြုတော့မယ် မဟုတ်လားလို့ ဖူမိကိုပဲ မကြာခဏ ကျွန်တော့်ကို မေးခဲ့တာပဲ'

'ဒါပေမဲ့ မိစုထာနိစံနဲ့ ကျွန်မ ဘဝက မိုးနဲ့မြေလို အကွာကြီး ကွာ ပါသေးတယ်ရှင်'

ဖူမိကိုက မျက်ရည်များ အိုင်ထွန်းနေသော မျက်ဝန်းကြီးများဖြင့် ကိကုဂျီကို စိုက်ကြည့်လိုက်သည်။

'မိစုထာနိစံနဲ့ ကျွန်မ ဘဝက မတူပါဘူးရှင်'

'ဘယ်လို မတူတာလဲ'

'ဘဝပေး အခြေအနေကအစ မတူပါဘူး'

'ဘဝပေး အခြေအနေ .. ဟုတ်စ'

'ဟုတ်တယ်လေ၊ ဘဝက ပေးလာတဲ့ အခြေအနေပေါ့၊ ဘဝပေး အခြေအနေလို့ မပြောချင်ရင်တောင် ကိုယ့်ရဲ့အပေါ်မှာ လွှမ်းမိုးနေတဲ့ အမှောင်ထုလို့ ပြောရမလားပဲ'

'တစ်နည်းအားဖြင့် အပြစ်ရဲ့အတိမ်အနက် ဆိုပါစို့၊ ဒါဆို အပြစ်ရဲ့ သားကောင်ဖြစ်တဲ့ ကျွန်တော်က ပိုပြီး နိမ့်ကျနေတော့မှာပေါ့'

'မဟုတ်တာရှင်'

ဖူမိကိုက ခေါင်း တွင်တွင် ခါလိုက်သည်။

မျက်လုံးအိမ်၏ အောက်ခြေဘက်ဆီမှ ချက်ရည်တစ်စက် ထွက်ကျလာသည်။ ထိုမျက်ရည်စက်သည် ဘယ်ဘက်မျက်လုံးမှ ခွာ၍ နားရွက်အောက် ပါးပြင်ထက်သို့ စီးကျသွားသည်။

'အပြစ်လို့ ပြောကြစတမ်းဆိုရင် အမေဟာ အပြစ်ကို လက်မြှောက် အရှုံးပေးပြီး သေသွားခဲ့တာပဲ မဟုတ်လား၊ ကျွန်မ ပြောချင်တာက အပြစ် အကြောင်း မဟုတ်ပါဘူးရှင်၊ အမေရဲ့ ဝမ်းနည်းကြေကွဲခဲ့ရတဲ့ အကြောင်းတွေ

ကိကုဂျိ ခေါင်းငိုက်စိုက်ကျသွားသည်။

'အပြစ် ဆိုရင်တော့ ပြေပျောက်သွားမယ့် အချိန်ဆိုတာ ရှိမှာ မဟုတ်ဘူး၊ ဝမ်းနည်းကြေကွဲမှု ဆိုတာက အချိန်ကြာလာရင် ပျက်ပြယ်သွားတတ်ပါသေးတယ်'

'ဖူမိကို ပြောတဲ့ ကိုယ်ပေါ်က အမှောင်ထုဆိုတာ အမေ သေသွားတာကို ဆိုလိုတာလား'

'တကယ်တော့ ဝမ်းနည်းကြေကွဲ မှုရဲ့ အတိမ်အနက်လို့ ပြောရင် ပိုသင့်လိမ့်မယ် ထင်ပါတယ်'

"ဝမ်းနည်းကြေကွဲမှုရဲ့ အတိမ်အနက် ဆိုတာဟာ အချစ်ရဲ့ အတိမ်အနက် မဟုတ်ဘူးလား" ဟု ပြောမည် ကြံပြီးကာမှ ကိကုဂျိက နှုတ်ဆိတ်နေလိုက်သည်။

'ဘာပဲဖြစ်ဖြစ်လေ မိစုထာနိစ်ဆီမှာက ယူကိကိုစံဆိုတဲ့ ဘဝကြင်ဖော်ရှိနေပြီးပြီ၊ ကျွန်မနဲ့ကတော့ တခြားစီပဲ'

ဖူမိကိုက စကားကို လက်တွေ့ဆန်သည့်ဘက်သို့ ဦးလှည့်လိုက်သည်။

'အမေက မိစုထာနိစ်တို့ရဲ့ အိမ်ထောင်ရေးကို အခုအထိ စွက်ဖက်နှောင့်ယှက်တုန်းပဲလို့ ခူရီမိုတိုက ထင်နေတုန်းပဲ။ ကျွန်မ အိမ်ထောင်ကျသွားပြီလို့ လိမ်ပြောတာကလည်း ကျွန်မကပါ ဝင်ပြီး နှောင့်ယှက်နေတယ်လို့ ထင်ထားတာကြောင့် ဖြစ်မှာပဲ၊ ဒီလိုပဲ တွေးရမှာပဲ'

'ဒါပေမဲ့ ယူကိကိုစံလည်း အိမ်ထောင်ကျသွားပြီတဲ့'

ဖူမိကိုသည် ရုတ်တရက် မျက်နှာပျက်သွားပြီး–

'မဟုတ်တာရှင်၊ ဒါ သက်သက်လိမ်တာပဲ ဖြစ်မယ်' ဟု ဆိုကာ ခေါင်း တွင်တွင် ယမ်းလိုက်သည်။

'ဘယ်တုန်းကတဲ့လဲ ဟင်'

'ယူကိကိုစံရဲ့ မင်္ဂလာဆောင်လား၊ သိပ်မကြာသေးဘူးလို့ ဆိုတာပဲ'

'ဒါ တမင် လိမ်ပြောတာပဲ ဖြစ်ရမယ်'

'ယူကိကိုစံကော ဖူမိကိုစံပါ နှစ်ယောက်စလုံး အိမ်ထောင်ကျသွားကြပြီလို့ ပြောမှတော့ ကျွန်တော်လည်း ဖူမိကိုစံ အိမ်ထောင်ကျသွားပြီ ပြောတာကို တကယ် ယုံသွားမိတာပေါ့'

ကိကုဂျိက အသံကိုနှိမ့်၍ ဆက်ပြောသည်။

'ဒါပေမဲ့ ယူကိကိုစံတော့ တကယ် အိမ်ထောင်ကျသွားပြီလို့ ထင်တာပဲ'

'လိမ်တာပါရှင်၊ ဒီလောက် ပူအိုက်တဲ့အထဲ ဘယ်သူက လာပြီး

မင်္ဂလာဆောင်ချင်မှာလဲ၊ အင်္ကျီတစ်ထည်တည်းတောင် ချွေးတွေ တဒီးဒီး ထွက်နေတာ'

'ဟုတ်ပါရဲ့နော်၊ နွေခေါင်ခေါင် အိမ်ထောင်ပြုတယ်ဆိုတာ ရှားတော့ အရှားသား'

'လုံးဝ မရှိဘူးလို့တော့ မဆိုလိုပါဘူး၊ ဒီကြားထဲမှာ စေ့စပ်ထားပြီး မင်္ဂလာပွဲကို ဆောင်းဦးပေါက်အထိ ရွှေ့ဆိုင်းတာမျိုးတော့ ရှိတာပေါ့'

အဘယ်ကြောင့်ရယ် မသိ၊ ဖူမိကို၏ စိုစွတ်နေသော မျက်လုံးများတွင် မျက်ရည်များ ဝိုင်းလာပြန်ကာ တတွေတွေ စီးကျလာပြန်သည်။ ထို့နောက် ဒူးပေါ်သို့ ကျနေသော မျက်ရည်စက်များကို စိုက်ကြည့်နေလေသည်။

'ဒါပေမဲ့ ဘာဖြစ်လို့များ ခူရိမိုတို ကျိုကကိုက အဲဒီလို လိမ်ပြောရတာပါလိမ့်နော်'

'ပိပိရိရိ အလိမ်ခံလိုက်ရတာပဲ'

ကိကုဂျိုက ဆိုသည်။

သို့ပါသော်လည်း မိမိ အလိမ်ခံရခြင်းအတွက် ဖူမိကို၏ မျက်ရည်များက အဘယ်ကြောင့် စီးကျလာရပါသနည်း။

အနည်းဆုံးတော့ ယူကိကိုစံမှာ အမှန်တကယ်ပင် အိမ်ထောင်ကျသွားခဲ့ပေလိမ့်မည်။ ထို့အတွက် ကျိုကကိုက မစားရတဲ့အမဲ သဲနဲ့ပက် ဆိုသကဲ့သို့ ဖူမိကိုအားလည်း မိမိထံပါးမှ ဝေးကွာသွားရန် ဉာဏ်ဆင်ခဲ့ဟန် တူပေသည်။ ကိကုဂျိုက ထိုကဲ့သို့ သံသယ ဝင်မိလိုက်သည်။

သို့ပါသော်လည်း စိတ်ထဲတွင် ကျေနပ်မှု အပြည့်အဝကိုတော့ မရသေးပေ။ ကိကုဂျိုအဖို့ ယူကိကို၏ မင်္ဂလာပွဲသည်ပင် လုပ်ဇာတ် ဖြစ်ကောင်းဖြစ်နိုင်သည်ဟု တွေးမိလိုက်သည်။

'အထူးသဖြင့် ယူကိကိုစံရဲ့ မင်္ဂလာပွဲက တကယ်လား၊ လိမ်တာလား

ဆိုတာကို အမှန်အတိုင်း မသိရသေးသရွေ့ ခူရိုမိုတိုရဲ့ မနာလို ဝန်တိုမှုကို နားလည်နိုင်ဦးမှာ မဟုတ်ဘူး'

'မနာလို ဝန်တိုမှု…'

'မနာလို ဝန်တိုမှုလို့ပဲ သဘောထားလိုက်ပါဦး'

'ဒါပေမဲ့ ဒီနေ့ ဖုန်းသာ မဆက်ခဲ့ဘူးဆိုရင် ကျွန်မအဖို့ အိမ်ထောင်ကျပြီးပြီလို့ အထင်ခံရရုံပဲ ရှိတော့မှာပေါ့နော်၊ အတော် ကြောက်စရာကောင်းတဲ့ မနာလို ဝန်တိုမှုပဲ'

အိမ်ဖော်မကလေးက နောက်တစ်ခါ ကိကုဂျီကို လှမ်းခေါ်လိုက်ပြန်သည်။

ကိကုဂျီက စာပို့သမား လာပေးသော စာကို ယူ၍ ပြန်ဝင်လာသည်။

ကိကုဂျီက စာအိတ်ကို ဖွင့်ဖောက်ဖတ်မည် အပြုတွင်–

'မဖတ်ပါနဲ့၊ မဖတ်ပါနဲ့ ရှင်'

'ဘာဖြစ်လို့လဲ'

'မဖတ်ပါနဲ့ရှင်၊ အဲဒီစာ ကျွန်မကို ပြန်ပေးပါ'

ဖူမိကိုက ကိကုဂျီ၏ အနီးသို့ ရုတ်တရက် တိုးကပ်လာပြီး စာကို ဆွဲလုဟန် ပြုလိုက်ရင်း–

'ပြန်ပေးပါရှင်'

ကိကုဂျီက ဖျတ်ခနဲ စာကို နောက်သို့ ဝှက်လိုက်သည်။

အရှိန်ဖြင့် ဖူမိကိုသည် ကိကုဂျီ၏ ဘယ်ဘက်ဒူးကို လက်ဖြင့် ထိမိလိုက်သည်။ ညာဘက်လက်ဖြင့် စာကို ပြန်လုရန် ကြိုးစားသည်။ ထိုနောက် ဘယ်တစ်လှည့် ညာတစ်လှည့် ကြိုးစားပြီး လိုက်လုရင်းမှ ကိုယ်ကို မဟန်နိုင်ဘဲ ဖြစ်သွားသည်။ ကိကုဂျီအပေါ်သို့ လဲကျသွားတော့မလို ဖြစ်ပြီးမှ ဘယ်လက်အား နောက်သို့ပစ်ပြီး ညာဘက်လက်ဖြင့် ကိကုဂျီ၏ ကျောဘက်ဆီမှ စာကို လှမ်း၍ လုယူရန် ဆန့်တန်းလိုက်သည်။

ဖူမိကိုသည် ညာဘက်သို့ ယိမ်းသွားပြီး မိမိနားထင်နှင့် ကိကုဂျီ၏

ဝမ်းဗိုက်တို့ တိုက်မိတော့မလို ရှေ့သို့ ယိမ်းသွားပြန်သည်။ ထိုအခြေအနေကို ဖူမိကိုက ပေါ့ပါးဖျတ်လတ်စွာ ခန္ဓာကိုယ် အနေအထားကို ပြောင်းလိုက်သည်။ ကိကုဂျီ၏ ဘယ်ဘက်ဒူးကို ဆီစဉ်ကလည်း ပွတ်မိရုံသာ ဖြစ်လေသည်။ ညာဘက်သို့ ယိမ်းသွားစဉ်က ရှေ့သို့ ဒိုက်သွားသော ခန္ဓာကိုယ်အား ရှောရှောရှူရှူ ပြန်၍ သိမ်းလိုက်နိုင်ခြင်းမှာ အံ့ဩဖို့ပင် ကောင်းလှပေသည်။

ဖူမိကိုက မိမိအပေါ် ယိမ်းယိုင်ကျလာခြင်းအတွက် ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားသော ကိကုဂျီသည် ဤသို့ လျင်မြန်ပေါ့ပါးစွာ ခန္ဓာကိုယ်အား ထိန်းလိုက်သောအခါ "ဟယ်" ခနဲ နှုတ်မှ ယောင်ယမ်းထွက်သွားတော့မလို ဖြစ်ရလေသည်။ ထိုတဒင်္ဂ အထိအတွေ့သည် မိန်းမသားတစ်ယောက်၏ ခန္ဓာကိုယ်အား ပြင်းပြစွာ ခံစားလိုက်ရပေသည်။ ဖူမိကို၏ အမေ ဖူတိုဒါစံတုန်းကလည်း ထိုနည်းအတိုင်းပင် ခံစားခဲ့ရပေသည်။

လျှပ်တစ်ပြက်အတွင်း ခန္ဓာကိုယ် အနေအထားကို ပြောင်းခဲ့ခြင်းဖြစ်ပေသည်။ မည်သို့ အင်အားစိုက်ထုတ်လိုက်ကြောင်း သတိမထားနိုင်အောင်ပင် မြန်ဆန်လွန်းလှသည်။ မိန်းမသားတို့၏ ပင်ကိုအတတ် ဟူ၍ ဆိုရမလား မပြောတတ်တော့ပေ။

ဖူမိကိုက မိမိကိုယ်ပေါ်သို့ ပုံကျလာလေမလားဟု မျှော်လင့်ခဲ့သော်လည်း တကယ်တမ်းကျတော့ နွေးထွေးသော ရနံ့ကိုသာ ခံစားလိုက်ရပေသည်။

ကိုယ်ရနံ့က စူးရှစွာ ရိုက်ခတ်လာခဲ့ပေသည်။ နွေရာသီ၏ နံနက်မှ ညနေခင်းအထိ လှုပ်ရှားလုပ်ကိုင်နေခဲ့သော မိန်းမသားတစ်ဦး၏ ကိုယ်နံ့သည် ပြင်းပြစူးရှလျက် ရှိနေပေတော့သည်။

ကိကုဂျီသည် ဖူမိကို၏ အနံ့ကို ရှူရှိုက်ရင်း ဖူတိုဒါစံ၏ ရနံ့ကို ခံစား လာမိသည်။ ဖူတိုဒါစံက မိမိကို ပွေ့ဖက်ထားခဲ့စဉ်က အနံ့မျိုးပင် ဖြစ်လေသည်။

'ပေးပါ ဆိုနေမှ ရှင်'

နောက်ဆုံးတွင် ကိကုဂျိ လက်လျှော့လိုက်ရသည်။

ဖူမိကိုသည် ဘေးဘက်သို့လှည့်၍ မိမိ၏စာကို တစ်စစီ ဆုတ်ဖြဲပစ်လိုက်သည်။ သူမ၏ ကြော့ရှင်းသော လည်တံကလေးနှင့် ဖြူဖွေးနုညက်သော လက်မောင်းအိုးကလေးတို့တွင် ချွေးဥကလေးများပင် စို့ထွက်လျက် ရှိနေကြလေသည်။

ဖူမိကိုသည် ရှေ့သို့ ဟပ်ထိုး လဲတော့မည့်အလား ရှိခဲ့စဉ်က ရုတ်တရက် ညှိုမည်းသွားသော မျက်နှာကလေးသည် စိတ်ပြန်ငြိမ်လို့၍ ပြင်ထိုင်လိုက်သော အချိန်တွင် ပြန်လည်၍ သွေးရောင်တို့ဖြင့် နီမြန်းလာခဲ့လေသည်။ ထိုအချိန် အတောအတွင်း ချွေးတလုံးလုံးဖြင့် ရှိနေခဲ့ပေသည်။

[၃]

ညနေစာကို အိမ်အနီးရှိ ထမင်းဆိုင်မှာ စားခဲ့ခြင်းဖြစ်သောကြောင့် ဆိုင်ဟင်းဆိုင်ထမင်းမှာ အရသာ ကောင်းလှသည်။

ကိကုဂျိက လက်ဖက်ရည်ကြမ်းသောက်ရန် ရှိနိုးပန်းကန်ကလေးကို တင်ထားသည်။ ခါတိုင်းကဲ့သို့ပင် အိမ်ဖော်မလေးက ထုတ်ပေးထားခြင်း ဖြစ်ကြောင်း ကိကုဂျိ ရုတ်တရက် သတိထားမိလိုက်သည်။ ဖူမိကိုသည် ထိုပန်းကန်ကလေးကို တွေ့သွားသောအခါ–

'ဟင် ... တကယ် ရေနွေးကြမ်းထည့်ပြီး သုံးနေတာလား'

'အင်း'

'ဒုက္ခပါပဲရှင်'

ကိကုဂျိလောက် ရှက်သွေးမဖြာဘဲ ဖူမိကိုက တည်ငြိမ်သောအသံဖြင့် ဆိုလာသည်။

'ဒီလိုပစ္စည်းမျိုး လက်ဆောင်ပေးခဲ့မိတာကို နောင်တရလို့ မဆုံးပါဘူးရှင်။ ဒီအကြောင်းတွေကို စာထဲမှာလည်း ထည့်ရေးထားခဲ့တယ်'

'ဘာကိုလဲ'

'ဘာဖြစ်ရမှာလဲရှင်၊ ဒီ အသုံးမကျတဲ့ ပစ္စည်းကို ပေးခဲ့မိလို့ တောင်းပန်တယ်ဆိုတဲ့ အကြောင်းပါ'

'အသုံးမကျတဲ့ပစ္စည်း မဟုတ်ရပါဘူးဗျာ'

'သိပ်ပြီး အဖိုးတန်တဲ့ ရှိနီး ကြွေအမျိုးအစား မဟုတ်ပါဘူးရှင်၊ အမေက ရေနွေးသောက်တဲ့အခါ အကြမ်းသဘောနဲ့ သုံးခဲ့တာပါ'

'ဒါတွေ ကျွန်တော် နားမလည်ပါဘူးဗျာ၊ ဒါပေမဲ့ ဒီပန်းကန်ကလေးကတော့ သိပ်လှတယ်'

ကိကုဂျိသည် ရှိနီး ကြွေပန်းကန်ကလေးကို လက်ပေါ်တင်၍ ငေးကြည့်နေလေသည်။

'ဒါပေမဲ့ သူ့ထက် ကောင်းတာတွေ အများကြီး ရှိပါတယ်ရှင်၊ အဲဒါတွေကို သုံးပါ'

'ကျွန်တော့်အိမ်မှာ ရှိနီး လက်ဖက်ရည်ပန်းကန် တစ်လုံးမှ မရှိဘူး'

'အိမ်မှာမရှိလဲ ဒီပန်းကန်ကိုတော့ မသုံးပါနဲ့ရှင်၊ တခြားခွက်တွေကို သုံးလည်း ရပါတယ်။ ဒီ ရှိနီး ပန်းကန်ကလေးကို သုံးတိုင်း တခြားပန်းကန်တွေကို မြင်လာပြီး နောင်တရမှာ စိုးလို့ပါ။ ဒီပန်းကန်ကိုမှ တမ်းတမ်းစွဲ သုံးချင်တယ် ဆိုရင်တော့ ကျွန်မကော အမေပါ ဝမ်းနည်းလို့ ဆုံးမှာ မဟုတ်ဘူး'

ကိကုဂျိက ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်ရင်း–

'ကျွန်တော်က လက်ဖက်ရည်ပွဲကို သိပ်ဝါသနာပါတာ မဟုတ်တော့ ပန်းကန်တွေ ဘာတွေကိုလည်း သိပ်ခွဲခြားတတ်တာ မဟုတ်ဘူး'

'ဒါပေမဲ့ ဒီထက်ကောင်းတဲ့ ပန်းကန်တွေကိုတော့ သုံးခဲ့ဖူးမှာပါပဲ'

'ဒါဆို အကောင်းစား ပန်းကန်တွေကိုပဲ အမြဲတမ်း သုံးရမယ်ဆိုတဲ့ သဘော ဖြစ်မနေဘူးလား'

'ဟုတ်တယ်လေ'

ဖူမိကိုက ပြတ်ပြတ်သားသား ပြောလိုက်ပြီးနောက် ကိကုဂျိ၏ မျက်နှာကို တည့်တည့်မတ်မတ် စိုက်ကြည့်လိုက်သည်။

'ကျွန်မကတော့ အညံ့စား ပန်းကန်တွေကို မသုံးစေချင်ဘူး၊ ဒါကြောင့် စာထဲမှာ ဒီပန်းကန်ကို ခွဲပြီး လွှင့်ပစ်လိုက်ပါလို့ ရေးခဲ့တာပေါ့'

'ဘာ ... ဒီပန်းကန်ကလေးကို ခွဲပစ်ရမယ် ဟုတ်စ'

ခဏတစ်ဖြုတ် လာလည်သော ဖူမိကိုအား အိမ်ဖော်မလေးကို ပြောသည့် လေသံမျိုးနှင့် ပြောလိုက်သည်။

'ရှိနိုး ပစ္စည်းဆိုတာ ဟိုး... နှစ်ပေါင်း သုံးလေးရာ ကတည်းက ပေါ်ပေါက်ခဲ့တဲ့ အဖိုးတန် ရှေးဟောင်းပစ္စည်း မဟုတ်လား။ အစပိုင်းတုန်း ကတော့ ထမင်းပွဲရဲ့ အစွန်မှာ ထားတဲ့ သာမန်ခွက်ငယ် ဖြစ်ခဲ့ပေမဲ့ နောက် ပိုင်းကျ တော့ လူတွေဟာ ဒီ ရှိနိုး ဖန်ခွက်ကလေးကို လက်ဖက်ရည်ပန်းကန် အဖြစ် သုံးခဲ့ကြတာ နှစ်တွေ အကြာကြီးပဲ မဟုတ်လား။ ရှေးလူတွေက ဒီခွက်ကလေးကို အလွန် တန်ဖိုးထားခဲ့ကြတဲ့အပြင် ခရီးအဝေးကြီး သွားတာ တောင် တမြတ်တနိုး သယ်သွားခဲ့ကြတယ်။ ဒါကို ဖူမိကိုစံက ငါတကော ကောပြီး ခွဲပစ်မယ်လို့ ပြောရက်လိုက်တာဗျာ'

လက်ဖက်ရည်ပန်းကန်၏ နှုတ်ခမ်းဝတွင် ဖူမိကို၏အမေ ဖူတိုဒါစံ ၏ နှုတ်ခမ်းနီများက စွန်းထင်း ကျန်နေခဲ့သေးသည် မဟုတ်ပါလော။

လက်ဖက်ရည်ပန်းကန်၏ နှုတ်ခမ်းဝတွင် နှုတ်ခမ်းနီ စွဲထင်နေပါက တော်တော်နှင့် တိုက်၍ မပြောင်တော့ဟု ဖူမိကို အမေက ပြောခဲ့သည့်အတိုင်း ပင် ကိကုဂျိသည် ဤ ရှိနိုး ပန်းကန်ကလေးကို လက်ဆောင်အဖြစ် ရပြီး နောက် ပန်းကန်နှုတ်ခမ်းဝ တစ်နေရာတွင် ညစ်ပေနေသော အကွက်ကလေး အား ဆေးကြောပွတ်တိုက် ကြည့်ခဲ့သော်လည်း လုံးဝ ပြောင်မသွားခဲ့ပေ။ ထိုအကွက်ကလေးမှာ နှုတ်ခမ်းနီကဲ့သို့ နီရဲမနေဘဲ ညိုညစ်ညစ်အရောင်တွင် နှုတ်ခမ်းနီဆေးများ ခြောက်သွားသည့်နှယ် နီရွေးရွေး အရောင်များလည်း ရောပြွမ်းလျက် ရှိနေပေသည်။ သို့ပါသော်လည်း ထိုနီရွေးရွေး အရောင်သည်

ရှိနိုး ကြွေထည်ဖုတ်သည့် အတတ်ပညာကြောင့် ဖြစ်လာခဲ့သော အရောင်လည်း ဖြစ်နိုင်ပြန်လေသည်။

ဂျပန်လက်ဖက်ရည်ပွဲများ၌ လက်ဖက်ရည်ပန်းကန်၏ နှုတ်ခမ်းတွင် သောက်ရမည့်နေရာကို သတ်မှတ်ထားတတ်ကြပေရာ၊ ဖူမိကို၏ အမေ မတိုင်မီက ပိုင်ဆိုင်သူ၏ ပါးစပ်မှ အညစ်အကြေးများလည်း ဖြစ်နိုင်ပေသည်။ သို့သော်လည်း မကြာခဏ ဆိုသလို ဤပန်းကန်ကလေးကို စွတ်ကယ်စွတ်ကယ်နှင့် အများဆုံး အသုံးပြုခဲ့သူမှာ ဖူမိကို၏အမေသာ ဖြစ်နိုင်ပေသည်။

ထိုရှိနိုး ပန်းကန်ကလေးအား ရေနွေးကြမ်းပန်းကန်အဖြစ် အသုံးပြုရန် ဖူတိုဒါ အမျိုးသမီးကြီးသည် မိမိဘာသာ အကြံပေါက်ခဲ့လေသည်လား၊ ကိကုဂျီ၏ အဖေက အကြံရ၍ အသုံးခိုင်းခဲ့သည်လား ဝေခွဲမရနိုင်တော့။ ကိကုဂျီက ထိုအကြောင်းကို လေးလေးနက်နက် စဉ်းစားကာ အဖြေရှာနေခဲ့လေသည်။ ထို့အပြင် ရယောနယူးခွက် အမည်းနှင့် အနီကို ဖူတိုဒါစံသည် ကိကုဂျီ၏ အဖေနှင့်အတူ ခွက်လင်မယားအဖြစ် လက်ဖက်ရည်သောက်ရာတွင် သုံးခဲ့ပေမည်။

ရှိနိုး ရေတကောင်းအား ပန်းအိုးအဖြစ် အသုံးခိုင်းပြီး နှင်းဆီပန်း၊ ကာနေးရှင်းပန်း စသည်တို့ကို အထိုးခိုင်းကာ၊ ရှိနိုး လက်ဖက်ရည်ပန်းကန်အား ရေနွေးကြမ်း သောက်ခိုင်းကာ ကိကုဂျီ၏ အဖေသည် ဖူတိုဒါ အမျိုးသမီးကြီး၏ ထူးခြားသော အလှကို ငေးမော ကြည့်ရှုနေခဲ့သည့် အချိန်များလည်း ရှိနိုင်ပေသည်။

သူတို့နှစ်ယောက် ဆုံးပါးသွားပြီးသည့်နောက်တွင် ထိုရေတကောင်းနှင့် ရေနွေးပန်းကန်တို့မှာ ကိကုဂျီ၏ အိမ်သို့ ရောက်ရှိလာခဲ့ပေသည်။ ယခုအခါ ဖူမိကိုပါ ရောက်လာခဲ့ပေပြီ။

'ငါတကော ကောပြီး ပြောတာတော့ မဟုတ်ပါဘူးရှင်၊ တကယ်ပဲ ခွဲပစ်စေချင်တာပါ'

ဖူမိကိုက ပြောလိုက်သည်။

ရာပြည့်စာအုပ်တိုက်

'ရေတကောင်းကလေး လက်ဆောင်ပေးပြီးတဲ့နောက် အဆစ်အနေနဲ့ ရေနွေးပန်းကန်ကလေး ပေးပြီးကာမှ နောက်ပိုင်းမှာ ရှက်သလိုလို ခံစားလာရလို့ပါ ရှင်'

'ရေနွေးပန်းကန်အနေနဲ့ သုံးဖို့တောင် မကောင်းပါဘူးဗျာ'

'ဒါပေမဲ့ ဒီလောက် ကောင်းတာတွေ တစ်ပုံကြီး ရှိပါတယ်ရှင်၊ ဒါလေးကိုသုံးရင် တခြား ရှိနိုး ပစ္စည်းတွေအကြောင်း တွေးမိတဲ့ အခါမျိုးမှာ စိတ်ထဲ မကောင်းလွန်းလို့ပါရှင်'

'အကောင်းဆုံး ပစ္စည်းကိုသာ သုံးစေချင်တဲ့ သဘောလား'

'ဒါက လူအပေါ်မှာ မူတည်နေလို့ပါ'

ထိုအသံက ကိကုဂျီ၏ နားထဲသို့ စူးခနဲ ဝင်သွားသည်။

ဖူတိုဒါ၏ အမှတ်တရပစ္စည်း၊ ထိုပစ္စည်းကလေးကြောင့် ဖူတိုဒါ အမျိုးသမီးကြီးနှင့် ဖူမိကိုတို့အား ပြန်ပြောင်း သတိရစေသောပစ္စည်း၊ တစ်နည်းအားဖြင့် ပိုမို ခင်မင်ရင်းနှီးခွင့်ကို ဖန်တီးပေးသော ထိုပစ္စည်းကလေးမှာ ကိကုဂျီအဖို့ အဖိုးအတန်ဆုံး ပစ္စည်းကလေးအဖြစ် ဖူမိကိုက အသိအမှတ် ပြုပေးစေလိုသည်။

အမေ့အတွက် အမှတ်တရ ပစ္စည်းကို အဖိုးအတန်ဆုံး ဖြစ်စေချင်သော ဖူမိကို၏ စေတနာကို ကိကုဂျီ ကောင်းကောင်းကြီး သဘောပေါက်ထားပေသည်။

ဤသည်မှာလည်း ဖူမိကိုအတွက် အကောင်းဆုံးသော ခံစားချက်သာ ဖြစ်ပေလိမ့်မည်။ ထို့အတွက် ရေတကောင်းကလေးက သက်သေပြနေခဲ့ပြီ မဟုတ်ပါလော။

ရှိနိုး ပစ္စည်းကလေးများ၏ အေးသလိုလိုနှင့် နွေးသော အထိအတွေ့များက ကိကုဂျီအဖို့ ဖူတိုဒါ အမျိုးသမီးကြီးအား အမှတ်ရစရာများ ဖြစ်စေခဲ့ပေသည်။ သို့ပါသော်လည်း ထိုပစ္စည်းတွင် အပြစ် တည်းဟူသော အမှောင်

ထုနှင့် အကျည်းတန်မှုတို့ ဒွန်တွဲ ပါမနေခြင်းမှာ ရေတကောင်းကလေး၏ အမျိုးမှန် အဖိုးတန်မှုကြောင့်ပင် ဖြစ်ပေလိမ့်မည်။

အဖိုးတန်သော ထိုအမှတ်တရ ပစ္စည်းကလေးကို ကြည့်နေရင်း ကိုကုဂျိသည် ဖူတိုဒါ အမျိုးသမီးကြီးအား မိန်းမသားတို့ထဲတွင် အမွန်မြတ်ဆုံး လူသားအဖြစ် ခံစားလာမိပြန်သည်။ အမျိုးမှန် အဖိုးတန် ပစ္စည်းများတွင် အပြစ်အနာအဆာ ကင်းရှင်းနေဘိတော့သည်။

မိုးတွေ စွေသောနေ့တွင် တယ်လီဖုန်းဆက်ခဲ့စဉ် ကိုကုဂျိသည် ရေတကောင်းကလေးကို မြင်လေတိုင်း ဖူမိကိုအား တွေ့ချင်စိတ်များ ဖြစ်လာရကြောင်း ပြောခဲ့မိပေသည်။ တယ်လီဖုန်းထဲမို့သာ ထိုစကားမျိုး ပြောထွက်ခဲ့ခြင်း ဖြစ်ပေမည်။

ထိုစကားကို ကြားခဲ့ရသောကြောင့် ဖူမိကိုက နောက်ထပ် အမှတ်တရ ပစ္စည်းကလေးတစ်ခု ရှိသေးကြောင်း ပြောကာ၊ ဤရေနွေးကြမ်း ပန်းကန်ကလေးကို ကိုကုဂျိ၏ အိမ်သို့ ယူလာခဲ့ခြင်း ဖြစ်ပေသည်။

သို့ပါသော်လည်း ဤရေနွေးကြမ်း ပန်းကန်ကလေးသည် ရေတကောင်းလောက် အဖိုးမတန်မှန်း နောက်မှ သိခဲ့ရတော့သည်။

"အဖေလည်း ခရီးထွက်ရင် လက်ဖက်ရည်ခွက် သေတ္တာကို အမြဲဆောင်သွားမယ် ထင်တယ်"

ကိုကုဂျိက ထိုသို့ တွေးလိုက်သည်။

'အင်း ဒီရေနွေးကြမ်းပန်းကန်လေးလောက် အဖိုးမတန်တဲ့ ပန်းကန်မျိုးတွေကိုလည်း ယူသွားခဲ့မှာပဲ'

'ဘယ်လို ပန်းကန်မျိုးလဲ'

'အယ် ... ကျွန်တော်က မြင်မှ မမြင်ဖူးတာ'

'သေသေချာချာ ကြည့်ခဲ့ပါလားရှင်၊ ရှင့်အဖေကမှ ပိုပြီး ဘယ်ဟာ ကောင်းတယ်၊ မကောင်းဘူး ခွဲခြားတတ်မှာပေါ့'

ဖူမိကိုက ဆက်ပြောသည်။

'တကယ်လို့ အဲဒီပန်းကန်မျိုးလောက်မှ အဖိုးမတန်ရင် ဒီပန်းကန်ကို ခွဲပစ်သင့်တာပေါ့'

'မလုပ်ပါနဲ့ဗျာ'

ထမင်းစားသောက်ပြီးနောက် ဖူမိကိုသည် ဖရဲသီးစိပ်မှ အစေ့များကို ကျွမ်းကျင်စွာ ခွာထုတ်ရင်း အိမ်တွင်ရှိသော ရေနွေးပန်းကန်ကလေးများအား နောက်တစ်ဖန် ကြည့်ချင်သေးကြောင်း ပူဆာလာပြန်သည်။

ကိကုဂျိုက အိမ်ဖော်မကလေးကို လက်ဖက်ရည်ခန်းအား ဖွင့်ထားရန် မှာကြားပြီးနောက် လက်ဖက်ရည်ခွက် သေတ္တာကလေးအား ရှာဖွေရန် ပန်းခြံထဲသို့ ထွက်လာရာ ဖူမိကိုပါ နောက်မှ ကပ်ပါလာလေသည်။

'ဘယ်မှာ ရှိတယ်ဆိုတာ ကျွန်တော်လည်း မသိဘူး၊ ခူရိမိုတိုကျိုကကို က ကျွန်တော့်ထက် ပိုသိလိမ့်မယ်'

ကိကုဂျိုက ရုတ်တရက် နောက်သို့ လှည့်ကြည့်လိုက်သည်။ တစ်ပင်လုံး ဝေဝေဆာအောင် ပွင့်နေသော ၁၂ ရာသီ ပန်းပင်ကြီး၏ အရိပ်အောက်တွင် ခြေအိတ်နှင့် ခုံဖိနပ်စီးထားသော ဖူမိကို၏ ခြေထောက်ကလေးကို တွေ့လိုက်ရသည်။

လက်ဖက်ရည်သေတ္တာမှာ ရေဆေးခန်း၏ ဘေးဘက် စင်ကလေးပေါ်တွင် ရှိနေသည်။

ကိကုဂျိုက ထုပ်ပိုးထားသော အဝတ်စကို ဖြေပေးလေမလားဟု ဒူးကို ပြင်ထိုင်ရင်း စောင့်ကြည့်နေသေးသည်။ နောက်မှ မိမိကိုယ်တိုင် ပြောလိုက်သည်။

'ခဏလောက် ကြည့်ပါရစေလားရှင်'

'ဖုန်မှုန့်တွေ ကပ်နေတယ်နော်'

ဖူမိကိုက ထုပ်ထားသောအဝတ်ကို ကိုင်ထားစဉ် ကိကုဂျိုသည် ရပ်လိုက်ပြီး ပန်းခြံဘက်ဆီသို့ ဖုန်မှုန့်များကို ခါထုတ်လိုက်သည်။

'ရေဆေးခန်းထဲမှာ ပုစဉ်းရင်ကွဲ အခွံတွေချည်းပဲ၊ ပိုးကောင်တွေ အောင်းနေခဲ့သလား မပြောတတ်ဘူး'

'လက်ဖက်ရည်ခန်းကလေးကတော့ ရှင်းနေတာပဲနော်'

'ဟုတ်တယ်၊ တလောက ခူရီမိုတို လာပြီး ရှင်းသွားတာလေ၊ ဖူမိကိုစံ ကော ယူကိကိုစံပါ အိမ်ထောင်ပြုသွားကြပြီလို့ လာပြောတုန်းကပေါ့၊ ညကြီး မင်းကြီး ဆိုတော့ ပိုးကောင်တွေ ပိတ်နေခဲ့တယ်နဲ့ တူပါတယ်'

ဖူမိကိုသည် သေတ္တာထဲမှ အထုပ်ကလေးကို ဆွဲထုတ်လိုက်ပြီး ရင်ညွန့်အောက်တွင် ထားကာ စည်းထားသော ကြိုးများကို ဖြေရင်း လက် ကလေးများမှာ တုန်တုန်ယင်ယင် ဖြစ်နေကြလေသည်။

ဖူမိကိုက ဝန်းဝိုင်းသော ပခုံးကလေးကို ရှေ့သို့ ကျုံ့၍ထားသဖြင့် အားတိုက်ကြည့်နေသော ကီကုဂျီ၏ မျက်စိထဲတွင် သွယ်ပျောင်းသော လည်တံကလေးကို မြင်နေရလေသည်။

ပွင့်အာလုလု ပါးစပ်တွင် တွဲကျနေသော အောက်နှုတ်ခမ်းနှင့် ကား ထွက်နေသော နားရွက်ကလေးများဖြင့် သနားစဖွယ် ကောင်းလှပေသည်။

'ကရစု ကြွေထည်လေးပဲနော်'

ဖူမိကိုက ကီကုဂျီအား မော့ကြည့်လိုက်သည်။

ကီကုဂျီက သူမ၏ အနီး၌ ဝင်ထိုင်သည်။

ဖူမိကိုက ဖျာပေါ်သို့ ချလိုက်ရင်း-

'အတော်လှတဲ့ လက်ဖက်ရည် ပန်းကန်ကလေးပဲ'

ရေနွေးကြမ်းသောက်ရန် လွန်စွာ အဆင်ပြေလှသော ရှည်မျောမျော ခွက်ကလေးဖြစ်ပြီး ကရစုကြွေသားဖြင့် လုပ်ထားလေသည်။

'ခိုင်ကလည်း ခိုင်၊ ကျစ်ကျစ်လျစ်လျစ်လည်း ရှိတာမို့ ဟို ရှီနီး ရေတာကောင်းထက် ပိုပြီး ကောင်းတယ်နော်'

'ရှီနီးကြွေနဲ့ ကရစုကြွေကို ယှဉ်လို့ ဘယ်ဖြစ်ပါ့မလဲဗျာ'

'ဒါပေမဲ့ ယှဉ်ကြည့်လိုက်ရင် အတော်ကွာတာပဲ'

ကိကုရှိုသည် ကရစု ကြွေထည်ကလေးကို အမြတ်တနိုး ဒူးပေါ်တွင် တင်၍ စိုက်ကြည့်နေသည်။

'ဒါဆိုရင် ရှိနိုးကြွေထည်ကို ယူကြည့်ရအောင်လား'

'ကျွန်မပဲ သွားယူပါ့မယ်'

ဖူမိကိုက ပြောပြောဆိုဆိုနှင့် ထ လိုက်သည်။

ရှိနိုး ကြွေထည်နှင့် ကရစု ကြွေထည်တို့ကို ယှဉ်၍ စီထားလိုက်ပြီးနောက် ကိကုရှိုနှင့် ဖူမိကိုတို့ ဖျတ်ခနဲ မျက်လုံးချင်း ဆုံမိသွားကြသည်။ ထို့နောက် လက်ဖက်ရည် ပန်းကန်များဆီသို့ တစ်ပြိုင်နက် ကြည့်လိုက်ကြသည်။

ကိကုရှိုက ချောက်ချားစွာ ပြောလိုက်သည်။

'ယောကျ်ားပန်းကန်နဲ့ မိန်းမပန်းကန် ကျနေတာပဲနော်၊ ခုလို ယှဉ်ထားလိုက်တော့'

ဖူမိကိုက စကားပြောမထွက်သည့်အတွက် ခေါင်းညိတ်ပြလိုက်သည်။

ကိကုရှိုသည် မိမိ စကားသံကို မိမိ တအံ့တဩ ပြန်၍ ကြားယောင်လာမိသည်။

ကရစု ကြွေပန်းကန်မှာ အရုပ် ရေးမထားဘဲ ဖြောင့်ဖြစ်နေသည်။ အပြာရောင်တွင် စိမ်းဝါရောင် သမ်းနေပြီး အနီကွက်ကလေးများ ပြွန်းကာ ရှည်မျောမျော ဖြစ်နေသည်။

'ခရီးထွက်တဲ့အခါ မိစုထာနိရဲ့ အဖေက အမြဲ ဆောင်သွားလေ့ရှိတယ် ထင်တယ်၊ အဖေတူ သားပဲ'

ဖူမိကိုသည် အန္တရာယ်ရှိသော စကားကို အန္တရာယ်ကင်းသည့် အလား ပြောချလိုက်သည်။

ရှိနိုး ကြွေပန်းကန်ကလည်း ဖူမိကို၏ အမေနှင့် တူသည် ဟူ၍ကား ကိကုရှို ပြောမထွက်ခဲ့ပေ။ သို့ပါသော်လည်း လက်ဖက်ရည်ပန်းကန် နှစ်လုံး

သည် ကိကုဂျီ၏ အဖေနှင့် ဖူမိကို အမေတို့၏ အသည်းနှလုံးများ ယှဉ်ထား ဘိသကဲ့သို့ တန်းစီနေကြပေသည်။

လွန်ခဲ့သော နှစ်ပေါင်း သုံးလေးရာကတည်းက ရှိခဲ့ကြသော ပန်းကန် နှစ်လုံးသည် ယခုအထိတိုင် ခိုင်ခံ့နေကြဆဲ၊ သန်မာနေကြဆဲပင် ဖြစ်ပြီး ချွတ်ယွင်းမှု တစ်စုံတစ်ရာကိုမျှ မတွေ့ရပေ။ ထိုပန်းကန်လုံး နှစ်လုံးတွင် အသက်ဝင်နေသကဲ့သို့ ခံစားရပေသည်။ ပန်းကန်ကလေး နှစ်လုံးကို ကြည့် ရင်း ကိကုဂျီ့ အဖေနှင့် ဖူမိကို့ အမေတို့၏ ဝိညာဉ်ရုပ်သွင် နှစ်ခုကို ယှဉ်ထား ဘိသကဲ့သို့ မြင်ရလေသည်။

သို့ပါသော်လည်း လက်ဖက်ရည် ပန်းကန်ကလေးများသည် သက်မဲ့ ပစ္စည်းများ ဖြစ်ကြသလို၊ ထိုပစ္စည်းများကို ကြားတွင်ထားကာ အကြည့်ချင်း ဆုံနေကြသော ကိကုဂျိနှင့် ဖူမိကိုတို့မှာလည်း ဖြူစင်သည်ဟု ဆိုရပေ မည်။

နှစ်ယောက်သား ဆုံတွေ့မိကြခြင်းမှာ ထိတ်လန့်ဖွယ်ကောင်း ကြောင်း ဖူတိုဒါ အမျိုးသမီးကြီး ဆုံးပြီး ရက်လည်သည့် နောက်တစ်နေ့တွင် ဖူမိကိုထံ အလည်သွားစဉ်က ကိကုဂျီ ပြောခဲ့ဖူးပေသည်။ ယခုအခါ၌မူ ထိုထိတ်လန့်မှုများသည် လက်ဖက်ရည် ပန်းကန်ကလေးများ၏ အထိ အတွေ့ကြောင့် ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်ကြကုန်ပြီလား မပြော တတ်တော့ပေ။

'သိပ်လှတာပဲ'

ကိကုဂျီသည် တစ်ယောက်တည်း ကိုယ့်ကိုယ်ကိုယ် ပြန်ပြောသလို ပြောလိုက်သည်။

'အင်း ... အဖေလည်း လက်ဖက်ရည် ပန်းကန်ကလေးတွေကို ခွဲလမ်းပြီး အပြစ်နယ်ထဲ ကျွံကျခဲ့တာလား မပြောတတ်ဘူး'

'ဟုတ်ပါ့နော်'

'ဒါပေမဲ့ ဒီလက်ဖက်ရည် ပန်းကန်ကလေးတွေကို တွေ့ရတော့

ကနဦး ပိုင်ရှင်တွေရဲ့ မကောင်းတဲ့ အကြောင်းတွေကို မတွေးမိပြန်ဘူး၊ အဖေရဲ့ သက်တမ်းဟာ ဟောဒီပန်းကန်ကလေးရဲ့ ခေတ်အဆက်ဆက် ပြောင်းလာတဲ့ သက်တမ်းနဲ့ ယှဉ်လိုက်ရင် ဘာမှ မပြောပလောက်အောင် တိုခဲ့တာပဲနော်'

'သေခြင်းတရားဆိုတာ ကျွန်မတို့ရဲ့ ခြေဖျားမှာတင် ရှိတာပဲ၊ ကြောက်စရာ ကောင်းလိုက်တာ။ ဒီလောက်တောင် သေခြင်းတရားနဲ့ နီးစပ်နေပါလျက်နဲ့ ကိုယ့်အမေ သေတာကိုချည်း တွေးနေလို့ မဖြစ်တော့ဘူးဆိုပြီး ကျွန်မ အမျိုးမျိုး ဖြေဖျောက်ကြည့်ခဲ့တယ်'

'ဟုတ်ပါ့ဗျာ၊ သေတဲ့လူရဲ့ အကြောင်းကိုချည်း တွေးနေမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်တောင် ဒီလောကမှာ မရှိတော့ဘူးလို့ ထင်လာရသလိုပဲ'

ကိကုဂျိက ပြောလိုက်သည်။

ထိုစဉ် အိမ်ဖော်မလေးက ရေနွေးကရားကို ယူ၍ ဝင်လာသည်။

ကိကုဂျိတို့ နှစ်ယောက်သားမှာ လက်ဖက်ရည်ခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဝိုင်နေခဲ့ကြသောကြောင့် ရေနွေးအိုး ရောက်နှင့်နေပြီဟု ထင်ခဲ့ကြပုံရလေသည်။

ဤအခန်းထဲတွင် ရှိနေကြသော ကရရစုနှင့် ရှိနိုး ပန်းကန်ကလေးများကို ကြည့်ရင်း မိမိတို့မှာ ခရီးသွားနေသည်ဟု ခံစားရကြောင်း ကိကုဂျိက ပြောပြသည်။ ဖူမိကိုက အပြစ်ကင်းစွာ ခေါင်းညိတ်ပြလိုက်သည်။

'အမေ့ပန်းကန်ကလေးကို မခွဲပစ်ခင် အမှတ်တရအနေနဲ့ တစ်ကြိမ်လောက် လက်ဖက်ရည်သောက်မယ်နော်' ဟု ပြောကာ ဖူမိကိုက သေတ္တာထဲမှ လက်ဖက်ခြောက်မွှေတံကလေးကို ထုတ်ယူပြီး ရေဆေးခန်းထဲသို့ ဝင်သွားသည်။

နွေရာသီ၏ ပူပြင်းသော နေမင်းသည် တော်တော်နှင့်ပင် မဝင်နိုင်သေးပေ။

'ခရီး အတူတူ ထွက်ကြတယ်လို့ စိတ်ကူးပြီး သောက်ကြတာပေါ့'

ဖူမိကိုက သေးငယ်သော ကရစု လက်ဖက်ရည်ပန်းကန်ထဲတွင် သေးငယ်သော မွှေတံကလေးနှင့် မွှေရင်း ဆိုသည်။

'ခရီးထွက်တယ်ဆိုတော့ ဘယ်တည်းခိုခန်းမှာလို့ အောက်မေ့ရမှာလဲ'

'တည်းခိုခန်းမှ မဟုတ်ရပါဘူးရှင်၊ မြစ်ကမ်းပါးလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါမှမဟုတ် တောင်ထိပ်ကိုလည်း ရောက်ချင်ရောက်နေမှာ၊ လှိုမြောင်ကြားထဲ စီးသွားတဲ့ စမ်းရေလိုအေးတဲ့ တစ်နေရာရာပေါ့'

ဖူမိကိုက လက်ဖက်ရည်ပန်းကန်ကလေးမှ မွှေတံကို နှုတ်လိုက်စဉ် ဝိုင်းစက်သော မျက်ဝန်းကြီးများကို ပင့်ကာ ဖျတ်ခနဲ ကိကုဂျိကို ကြည့်လိုက်သည်။ ထို့နောက် ကရစု ကြွေပန်းကန်ကလေးကို လက်ပေါ်တင်၍ လှည့်နေစဉ် မျက်လုံးများက ထိုပန်းကန်ကလေးဆီသို့ ရောက်သွားကြသည်။

ထို့နောက် ပန်းကန်လေးနှင့်အတူ ထိုမျက်လုံးများသည် ကိကုဂျိ၏ ဒူးရှေ့ဆီသို့ ကျသွားသည်။

ဖူမိကိုသည် မိမိဆီသို့ ယိမ်းပါးလာသည့်အလား ကိကုဂျိ ခံစားလိုက်ရသည်။

နောက်တစ်ကြိမ် သူ့မိခင်၏ ရှိနိုး ပန်းကန်ကလေးကို မွှေတံနှင့် မွှေရန် ကြိုးစားသည့် အခါ၌မူ ပန်းကန်နှုတ်ခမ်းနှင့် တချွင်ချွင် ရိုက်ခတ်နေသောကြောင့် ခဏ နားလိုက်သည်။

'ပင်ပန်းလိုက်တာနော်'

'ပန်းကန်က သေးတော့ အမွှေရ ခက်မှာပေါ့'

ကိကုဂျိက ဖြေသိမ့်လိုက်သော်လည်း စင်စစ်မှာမူ ဖူမိကို၏ လက်များ တဆတ်ဆတ် တုန်နေသောကြောင့်သာ ဖြစ်ပေသည်။

ခဏတစ်ဖြုတ် နားနေသည့်တိုင် နောက်တစ်ကြိမ် မွှေတံကို ဆက်၍ မလှုပ်ရှားနိုင်တော့။

ဖူမိကိုသည် မိမိ လက်ကို စိုက်ကြည့်နေရင်း ခေါင်းကလေး ငုံ့လိုက်သည်။

'အမေက သူ့ပန်းကန်ကလေးကို မွေခွင့် မပေးဘူး'

'ဟယ်'

ကိကုဂျိက တုဏှိဘာဝေ ငေးငိုင်ကာ မလှုပ်ရှားနိုင်အောင် အညှို့ခံနေရပြီး သတိလစ်နေရှာသော ဖူမိကိုအား ကူညီဖေးမ၍ လှုပ်နှိုးပေးရန်အတွက် ဖူမိကို၏ ပခုံးသားကလေးများကို ဆုပ်ကိုင်လိုက်သည်။

ဖူမိကိုက ငြင်းဆန်ခြင်း မပြုခဲ့ပေ။

[၄]

ကိကုဂျိ တော်တော်နှင့် အိပ်မပျော်နိုင်တော့။ တရုတ်ကတ်မှန်တံခါးချပ်လွှာကြားမှ အလင်းရောင်များ ဝင်အလာကို စောင့်ရင်း လက်ဖက်ရည်ခန်းဘက်သို့ ထွက်လာမိခဲ့သည်။

ခြေဆေးကန်ရှေ့ရှိ ကျောက်ပြားပေါ်တွင် ရှိနိုး ပန်းကန်ကွဲကလေးကျနေသည်ကို တွေ့လိုက်ရသည်။

ပန်းကန်ကွဲစ အကြီးလေးချပ်ကို လက်ပေါ်တွင် ဆက်ကြည့်နေသောအခါ ပန်းကန်လုံးသဏ္ဌာန် ပေါ်လာခဲ့သော်လည်း နှုတ်ခမ်းဝ၏ တစ်နေရာမှာ လစ်ဟာလျက် ရှိပေသည်။ လက်မ သာသာလောက် လိုနေလေသည်။

ထို လိုအပ်နေသော ပန်းကန်ကွဲစကလေး တွေ့လိုတွေ့ငြား ကျောက်တုံးများ ကြားတွင် ရှာကြည့်မိသေးသည်။ ထို့နောက် ချက်ချင်း ရပ်ပစ်လိုက်သည်။

မျက်လုံးများကို အထက်သို့ မော့ကြည့်လိုက်သောအခါ အရှေ့ဆီမှာ သစ်ပင်များကြားတွင် ကြယ်တစ်လုံး ထွန်းလင်းနေသည်ကို တွေ့လိုက်ရသည်။

ကိကုဂျီအဖို့ ဤမိုးသောက်ကြယ် မတွေ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပေပြီ။ ထိုကဲ့သို့ တွေးရင်း ကောင်းကင်ထက်ဆီသို့ ငေးမောကြည့်ရှု နေစဉ် တိမ်များ ဖုံးလာသည်ကို တွေ့လိုက်ရသည်။

တိမ်များကြားတွင် ထွန်းတောက်နေသော မိုးသောက်ကြယ်သည် နဂိုအရွယ်ထက်ပင် ကြီးသယောင် မြင်နေရသည်။ အနားသတ် အလင်းများ သည် ရေစိုနေဘိသကဲ့သို့ ရှိနေသည်။

ကိကုဂျီသည် လန်းဆန်းစွာ တောက်ပနေသော မိုးသောက်ကြယ် အောက်တွင် ပန်းကန်ကွဲစများကို လိုက်ကောက်ကာ ဆက်နေသည့် မိမိ အဖြစ်ကို သနားလာမိသည်။ ထို့နောက် လက်ထဲမှ ပန်းကန်ကွဲများကို တစ်နေရာရာသို့ စွန့်ပစ်လိုက်သည်။

ဖူမိကိုသည် မနေ့ညက ကိကုဂျီ တားနေသည့် ကြားမှပင် ရှီနိုး ပန်းကန်ကလေးကို ခြေဆေးအုတ်ကန်နှင့် ရိုက်ခွဲပစ်ခဲ့သည်။ လက်ဖက် ရည် ခန်းထဲမှ လှစ်ခနဲ ပျောက်သွားသော ဖူမိကို၏ လက်ထဲတွင် ရှီနိုးပန်းကန် ကလေး ပါသွားမှန်း ကိကုဂျီ သတိမထားမိခဲ့။

'ဟာ'

ကိကုဂျီ ပါးစပ်မှ ယောင်ထွက်သွားခဲ့သည်။ ထိုစဉ်က ကိကုဂျီသည် ပန်းကန်ကွဲများကို မှောင်နေသည့် ကျောက်ပြားများကြားတွင် ရှာဖွေဖို့ အရေးထက် ဖူမိကို၏ ပခုံးကလေးကိုသာ ဖေးမ ထားခဲ့မိသည်။ ဖူမိကိုသည် ကိုယ်ကလေးကို ဝပ်တွားကာ ရှီနိုးပန်းကန်အား ခွဲပြီးသည့်နောက် ထိုရေကန် ၏ အနီးတွင် အသာ ထိုင်နေသည်။

'ဒီ့ထက်ကောင်းတဲ့ ရှီနိုးပန်းကန်တွေ ရှိပါသေးတယ်ရှင်'

ဖူမိကိုက တိုးတိုးကလေး ရေရွတ် ပြောဆိုလိုက်သည်။ ထိုပန်းကန် ကလေးထက် ကောင်းသော အခြား ရှီနိုး ပန်းကန်နှင့် ကိကုဂျီက ယှဉ်ကြည့် မည့် အရေးကို ကြို၍ ဝမ်းနည်းနေခဲ့ပုံ ရလေသည်။

ထို့နောက် ကိကုဂျီသည် အိပ်မပျော်သဖြင့် တောင်တွေးမြောက်တွေး

တွေးနေရင်း ဖူမိကို၏ စကားကို ပြန်၍ အမှတ်ရလာသည်။ ထိုစကားထဲတွင် သနားစဖွယ်ကောင်းသည့် ဖြူစင်လှသော အကြံဉာဏ်များ နက်ရှိုင်းစွာ ပါနေသည်ကို သဘောပေါက်လာမိသည်။

ပန်းခြံထဲတွင် အလင်းရောင် အလာကို စောင့်၍ ကိကုဂျိသည် ပန်းကန်ကွဲများကို သွားကြည့်ရန် ထွက်လာခဲ့သည်။ ပန်းကန်ကွဲစများကို ကောက်ပြီး ကောင်းကင်ထက်ဆီမှ ကြယ်ကလေးကို မော့ကြည့်လိုက်သည်။ ထို့နောက်မှ ပန်းကန်ကွဲများကို စွန့်ပစ်လိုက်ခြင်း ဖြစ်သည်။

မျက်လုံးများကို အထက်သို့ မော့ကြည့်မိသောအခါ "ဟင်" ဟု ကိကုဂျိ ရေရွတ်လိုက်မိသည်။

မိုးကောင်းကင်ထက်တွင် ကြယ်လေးကို မမြင်ရတော့။ ကိကုဂျိက မိမိ စွန့်ပစ်လိုက်သော ပန်းကန်ကွဲများကို ကြည့်နေစဉ် အတောအတွင်း တောက်ပ ထွန်းလင်းနေသော ကြယ်ကလေးမှာ တိမ်များ၏ ဖုံးလွှမ်းခြင်းကို ခံခဲ့ရပေသည်။

ကိကုဂျိသည် မိမိ၏ လက်ထဲမှ တစ်ခုခုကို အလုခံလိုက်ရသည့် အလား ရင်ထဲတွင် ဟာသွားကာ၊ အရှေ့ဘက် မိုးကောင်းကင်ကြီးကို မျှော်ငေး ကြည့်ရှုနေမိသည်။

တိမ်သားတို့သည် ထင်သလောက် မထူထပ်သော်လည်း ကြယ်ကလေးကိုကား မမြင်ရတော့ပေ။ ကောင်းကင်၏ အောက်ခြေသည် တိမ်များ ကင်းစင်၍ မြို့တွင်းမှ အိမ်ခေါင်မိုးတန်းတွင် ပုစွန်ဆီရောင် ခပ်ပါးပါး သမ်းလျက် ရှိပေသည်။

"ဒီနားမှာ ပစ်ထားလို့ မဖြစ်သေးပါဘူး"

ပန်းကန်ကွဲများကို ပြန်ကောက်၍ ညဝတ်အင်္ကျီ အိတ်ကပ်ထဲသို့ ထည့်လိုက်သည်။ ပန်းကန်ကလေးများအား လမ်းဘေးတွင် သည်အတိုင်း စွန့်ပစ်ထားရမည်ကို ရင်ထဲတွင် စူးနင့်စွာ နာကျင်နေခဲ့မိပေသည်။ မတော်

တဆ ခူရိမိုတိုကျိုကကိုသာ တွေ့သွားလျှင် သားပုပ်လေလွင့် ပြောနေမည်ကိုလည်း စိုးရိမ်မိလေသည်။

ဖူမိကို စိတ်ထိခိုက်လွန်းသောကြောင့် ခွဲပစ်သော ပန်းကန်ကွဲ အစကလေးများကို ကိကုဂျိက ကြာရှည် သိမ်းမထားလိုတော့ပေ။ ထို့ကြောင့် ခြေဆေးကန်၏ဘေးတွင် တွင်းတူး၍ မြှုပ်ပစ်ရန် ကြံလိုက်သေးသည်။ သို့ပါသော်လည်း မြေကြီးထဲတွင် မမြှုပ်ရက်ပြန်သောကြောင့် စက္ကူနှင့်ထုပ်ကာ ဗီရိုထဲတွင် သိမ်းထားလိုက်လေသည်။ ထို့နောက် အိပ်ရာထဲသို့ ပြန်ဝင်ခဲ့လေသည်။

ဖူမိကိုသည် ဤရှိနိုးပန်းကန်ကလေးအား မည်သည့်အချိန်တွင် မည်သည့် ပစ္စည်းနှင့် နှိုင်းယှဉ်ကြည့်မည်ကို စိုးထိတ်ခဲ့ပါသနည်း။ ထိုစိုးထိတ်မှုများသည် မည်သည့်အရာမှ ပေါက်ဖွားလာသနည်း ဟုလည်း နားမလည်နိုင်အောင် ဖြစ်ရတော့သည်။

ထို့အပြင် မနေ့က ညနှင့် ယနေ့နံနက် လင်းအားကြီးတွင် ဖူမိကို အနေဖြင့် နှိုင်းယှဉ်ကြည့်မိခဲ့သော အရာဟူ၍ တစ်ခုမျှ မရှိဟုလည်း အောက်မေ့မိခဲ့သည်။

တကယ်တော့ ဖူမိကိုသည် ကိကုဂျိအတွက် တုနှိုင်းစရာ ကင်းမဲ့လောက်သူ ဖြစ်ခဲ့ပေသည်။ ဆုံးဖြတ်ခဲ့ပြီးသော ကံကြမ္မာလည်း မည်ပေသည်။

ကိကုဂျိသည် ဖူမိကိုအား ဖူတိုဒါ အမျိုးသမီးကြီး၏ သမီးတစ်ယောက် အဖြစ် ယခုအချိန်ထိ မြင်ထားခဲ့ရာမှ ယခုအခါ ထိုအကြောင်းကို မေ့ပျောက်သွားခဲ့ပေပြီ။

မိခင်ဖြစ်သူ၏ ခန္ဓာကိုယ်သည် သိမ်မွေ့စွာပင် သမီးဖြစ်သူ၏ ခန္ဓာကိုယ်အဖြစ် ပြောင်းလဲလာခဲ့သည်။ ထိုပြောင်းလဲမှုပေါ်တွင် ထူးဆန်းစွာ မက်ခဲ့သည့် ကိကုဂျိ၏ ခေါင်းထဲမှ အိပ်မက်များသည် လွင့်ပါး ပျောက်ကွယ်ကုန်ကြရာ အစအနပင် မကျန်ရစ်တော့ပေ။

မှောင်မည်းလှသော ကန့်လန့်ကာအောက်တွင် အချိန်ကြာမြင့်စွာ နေခဲ့ရာမှ အပြင်ဘက်သို့ ကိကုဂျိ ရုန်းထွက်လာနိုင်ခဲ့ပေပြီ။

ဖူမိကိုက လုံးဝ ငြင်းဆန်ခြင်း မပြုခဲ့ပေ။ ရိုးသားဖြူစင်သော စိတ်ကသာ မိမိအား ငြင်းဆန်ခဲ့ခြင်း ဖြစ်ပေသည်။

ကိကုဂျိသည် အမှောင်တိုက်၏ ညှို့ယူဖမ်းစားခြင်း ခံရကာ နွမ်းလျနေခဲ့ရာမှ ယခုအခါ နိုးထ လွတ်မြောက်ခဲ့ပြီဟု ခံစားမိလာသည်။

အဆိပ်သောက်မိ၍ အဆိပ်တက်နေချိန်တွင် နောက်ထပ် အဆိပ်ဆေး တစ်ပုလင်းလုံး မော့ချလိုက်သည့်အခါ အံ့ဩဖွယ်ကောင်းလောက်အောင် အဆိပ်များ ပြေသွားသကဲ့သို့ပင် ဖြစ်လာရသည်။

ကိကုဂျိသည် ကုမ္ပဏီသို့ ရောက်သောအခါ ဖူမိကို၏ဆိုင်သို့ တယ်လီဖုန်း ဆက်ကြည့်သည်။ ဖူမိကိုသည် ကန်ဒါရပ်ကွက်ရှိ သိုးမွေးထည်ဆိုင် တစ်ဆိုင်တွင် အလုပ်လုပ်နေသည်ဟု သိခဲ့ရသည်။ ဆိုင်သို့ ဖူမိကို ရောက်မလာခဲ့ပေ။ အိပ်မပျော်နိုင်သော ကိကုဂျိက အလုပ်သို့ ထွက်လာခဲ့သော်လည်း ဖူမိကိုသည် မနေ့က တစ်ညလုံး အိပ်ရေးပျက်ခဲ့သောကြောင့် ယနေ့ နံနက် အိပ်ရာထ နောက်ကျ၍ ဖြစ်လိမ့်မည်ဟု တွေးလိုက်မိသည်။ ရှက်စိတ်များကြောင့် ယနေ့ ခဏတစ်ဖြုတ် အဆက်အသွယ် ဖြတ်ထားခြင်းလည်း ဖြစ်နိုင်ပေသည်။

ညနေပိုင်း ဖုန်းဆက်ကြည့်သည့်တိုင် ဖူမိကိုက ဆိုင်သို့ ရောက်မလာသေးသည့် အတွက် ကိကုဂျိသည် ဆိုင်ရှင်အား ဖူမိကို၏ အိမ်လိပ်စာကို မေးကြည့်သည်။

မနေ့က ရေးလာသော စာထဲတွင် ပြောင်းခဲ့သော လိပ်စာအသစ် ပါရှိလိမ့်မည်။ သို့သော်လည်း ထိုစာကို အစိတ်စိတ်အမြွှာမြွှာ ဆုတ်ဖြဲ၍ အင်္ကျီအိတ်ထဲ ထည့်သွားခဲ့ချေပြီ။ ညနေစာ အတူစားချိန်တွင် အလုပ် လုပ်သည့် နေရာအကြောင်း စကားစပ်မိသောကြောင့်သာ ကိကုဂျိသည် ဖူမိကို၏ ဆိုင်နေရာကို မှတ်မိခဲ့ခြင်း ဖြစ်ပေသည်။ သို့ပါသော်လည်း အိမ်လိပ်စာ

ကို မမေးမိခဲ့ပေ။ ထို့အပြင် ဖူမိကို၏ ထာဝရ လိပ်စာသည် မိမိခန္ဓာကိုယ် အတွင်း ပြောင်းရွှေ့ ဝင်ရောက်လာသည့်အလား ခံစားခဲ့ရ၍လည်း ဖြစ်ပေ သည်။

ကိကုဂျိသည် ကုမ္ပဏီမှ အပြန်တွင် ဖူမိကို ငှားနေသည်ဆိုသော အိမ်ကို ရှာဖွေခဲ့သည်။ အုအဲနိုး ပန်းခြံကြီး၏ နောက်ဘက်တွင် ရှိလေသည်။

သို့သော်လည်း ဖူမိကို အိမ်၌ မရှိပေ။

ကျောင်းမှ ပြန်ရောက်ကာစဟု ထင်ရသော အသက် ၁၂ နှစ်၊ ၁၃ နှစ် အရွယ် ဂါဝန်အပြာဝတ် ကျောင်းသူကလေးသာ အိမ်ဝသို့ ထွက်လာပြီး အိမ် ခန်းထဲ ပြန်ဝင်သွားသည်ကို တွေ့လိုက်ရသည်။ ထို့နောက် ထိုကလေးမ ပြန်ထွက်လာပြီး–

'ဖူမိကိုစံ ဒီနေ့မနက်ပဲ သူငယ်ချင်းနဲ့အတူ ခရီးထွက်မယ် ပြောပြီး ထွက်သွားတယ်ရှင့်'

'ခရီးထွက်သွားတယ် ... ဟုတ်လား'

ကိကုဂျိက ပြန်မေးလိုက်သည်။

'ခရီးထွက်သွားတယ် ဟုတ်လား၊ ဒီနေ့မနက် ဘယ်နနာရီလောက် က ထွက်သွားတာလဲ၊ ဘယ်ကို သွားမယ်လို့ကော ပြောသွားသေးလားကွယ့်'

ကလေးမသည် နောက်တစ်ကြိမ် အခန်းထဲသို့ ပြန်ဝင်သွားပြီး ထွက် လာက ခပ်လှမ်းလှမ်းမှ နေ၍ –

'ကျွန်မလည်း ကောင်းကောင်း မသိပါဘူးရှင်၊ ကျွန်မ မေမေက အပြင် ထွက်နေတယ်ရှင့်'

ကိကုဂျိသည် ခြံတံခါးဝ အရောက် နောက်သို့ ပြန်လှည့်လိုက်သော် လည်း ဖူမိကို၏ အခန်းကို မတွေ့ရပေ။ ခြံကျဉ်းကျဉ်းတွင် ဆောက်ထား သည့် နှစ်ထပ်အိမ်ကလေးပင် ဖြစ်သည်။

သေခြင်းတရားသည် ခြေဖျား၌ပင် ရှိသည် ဟူသော ဖူမိကို၏ စကား ကို ပြန်လည် အမှတ်ရလာသောအခါ ကိကုဂျိ၏ ခြေလှမ်းများ တုံ့ခနဲ

ဖြစ်သွားလေသည်။ လက်ကိုင်ပဝါကို ထုတ်၍ နဖူးပေါ်မှ ချွေးစေးများကို သုတ်လိုက်သည်။ သုတ်လိုက်လေတိုင်း သွေးများ ဆုတ်ကာ ချွေးစေးများ ထပ်ထွက်နေသဖြင့် ထပ်ပြန်တလဲလဲ သုတ်နေမိသည်။ လက်ကိုင်ပဝါ တစ်ခုလုံး ချွေးများ ရွှဲနစ်ကာ ချေးရောင်များဖြင့် စိုမည်းလာသည်။ ကျောထဲမှလည်း ချွေးအေးများဖြင့် စိမ့်ခနဲ ခံစားလိုက်ရသည်။

"သေတာတော့ မဖြစ်နိုင်ပါဘူး"

ကိကုဂျိက တစ်ယောက်တည်း တီးတိုးရေရွတ်လိုက်သည်။

သို့ပါသော်လည်း မနေ့ညကပင် ဖူမိကိုသည် သေခြင်းတရား၏ သဘာဝကို အရိုးခံအတိုင်း ဖြူစင်စွာ ပြောခဲ့သည် မဟုတ်ပါလော။ ထိုအရိုးခံ ဖြူစင်သည့် စိတ်ဓာတ်ကြောင့်ပင် မိခင်ကြီးနည်းတူ မိမိသည်လည်း အပြစ်ကြီးသော မိန်းမဟု မြင်သွားခဲ့လေသည်လား မပြောတတ်ပေ။

"ဟွန်း ... ခူရိမိုတို တစ်ယောက်ကတော့ ခုထိ အသက်ရှင်ကျန်နေဦးမယ် ထင်ပါရဲ့"

ကိကုဂျိက စိတ်ကူးဖြင့် မုန်းတီးနေသော ရန်သူကို ရည်မှန်းကာ အဆိပ်ကို အန်ထုတ်လိုက်သည့်အလား ပြောချလိုက်ချိန်တွင် ပန်းခြံတစ်ခုလုံး လျှင်မြန်စွာပင် အမှောင်ထု ဖုံးသွားလေတော့သည်။